

www.burmeseclassic.com




www.burmeseclassic.com

၈၉၅.၈၃
မြပုလဲခင်
နှလုံးသားမြို့တော်/မြပုလဲခင်။ - ရန်ကုန်။
အောင်မြင်စာပေ၊ ၂၀၁၃။
၂၆၀-စာ၊ ၁၂.၅ x ၁၈.၂ စင်တီ။
(၁) မြပုလဲခင်



ဖြန့်ချိရေး--အောင်မြင်စာပေ၊ အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်--အောင်မြင့်ပုံနှိပ်တိုက်။
ထုတ်ဝေသူ--ဦးအောင်မြင့်၊ ပထမအကြိမ်၊ နိုဝင်ဘာလ၊ ၂၀၁၃၊ တန်ဖိုး(၁၅၀၀)။

# မြပုလဲခင်



www.burmeseclassic.com

www.burmeseclassic.com








# အခန်း(၁)

တစ်ဘဝမှာ တစ်ယောက်တည်းကိုပဲ ချစ်ချင်ပါတယ်။ ချစ်မိရင်လည်း ချစ်တဲ့သူနဲ့ လက်ထပ်တဲ့သူ တစ်ယောက်တည်း ဖြစ်ချင်တယ်။

ဒါ ကျွန်မရဲ့ ခံယူချက်ပါ။

ဒီခံယူချက် မမှားဘူးလို့ထင်ပါတယ်။

မမှားရင် ဘယ်သူတွေ မှားသလဲ။

ကျွန်မရဲ့ ဆန္ဒကို လိုက်လျောခွင့်မပေးဘဲ ရှင်ကြီးနဲ့ ဗွတ်

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ပေးဖို့ စီစဉ်နေတဲ့ ကျွန်မမိဘတွေကပဲ မှားသလား။

ဒါမှမဟုတ်. . .

ရည်းစားရှိခဲ့တာ အကြောင်းမဟုတ်ပါဘူး။ ဒါ. . ဖြစ်လေ့ဖြစ်ထရှိတဲ့ သဘာဝတရားတစ်ခုပါပဲ။ ကျွန်တော် နားလည်ခွင့်လွှတ်နိုင်ပါတယ်ဆိုပြီး လေပြေကလေးထိုးပြီး သဘောထားကြီးပြတဲ့ ရှင်ကြီးကပဲ မှားတာလား။

ကျွန်မ မစဉ်းစားချင်တော့ဘူး. . .॥

ဒါပေမယ့်. . ကျွန်မ တစ်ခုတော့အတတ်ပြောရဲတယ်နော်. . .॥

ရှင်ကြီးဟာ ကျွန်မရဲ့ ချစ်သူမဟုတ်တဲ့အတွက်. . ရှင်ကြီး ကျွန်မကို လက်ထပ်လိုက်ရင် ကျွန်မထံကအချစ်ကို ဘယ်သောအခါမှ ရမှာမဟုတ်ဘူး ဆိုတာကိုပဲ. . .॥

အချစ်မရှိတဲ့ အိမ်ထောင်တစ်ခုဟာ သာယာလိမ့်မယ်လို့ ယူဆရင်တော့ ရှင်လက်ထပ်ပေါ့။

ကျွန်မကတော့ အရိုးသားဆုံးနဲ့ အရှင်းဆုံးဝန်ခံထားပြီးပြီနော်. . ; နောက်မှ ကျွန်မအဆိုးမဆိုနဲ့။

ဒါပဲ. . . .

(နိုး)

ဘယ်နှခါပြန်ဖတ်ဖတ် နှစ်မြို့က်စွာ သူပြုံးလိုက်မိသည်ချည်းပင်။

မိုးစွေ စာရွက်ကို သေချာစွာ ပြန်ခေါက်လိုက်သည်။





ပြီးတော့ သူ၏ ဒိုင်ယာရီစာအုပ်ကြား၌ ညှပ်ထားလိုက်သည်။

ဘယ်နှကြိမ် ဘယ်နှခါဖတ်ဖတ် ရိုးမသွားဘဲ အသစ်ကဲ့သို့ ခံစားရကာ သူသဘောကျစွာ ပြုံးတတ်သည်ချည်းပင်. . .

အသက်က နှစ်ဆယ်ကျော်နေပြီ. . . နိုးသည် ကလေးဆန်တုန်းပဲလား။

အငယ်ဆုံးဖြစ်၍လား. . .॥

သူလည်း အငယ်ဆုံးပဲ. . .॥

သို့သော် သူသည် ကလေးမဆန်။ မိုးစွေ စာကြည့်စားပွဲမှ ထလိုက်သည်။

လက်ထပ်ဖို့အတွက် ရက်ရွေးပြီးပြီ။

နိုးတစ်ယောက် ဗွေဖောက်ပြီး ချစ်သူနောက် လိုက်ပြေးသွားလျှင် ခက်မည်။

မိုးစွေ ဟန်းဖုန်းကို ခလုတ်ဖွင့်ကာ နိုးတို့အိမ်ဖုန်းနံပါတ်ကို နှိပ်လိုက်သည်။

"ဟဲလို"

"ကျွန်တော် မိုးစွေပါ. . . အန်တီလား"

"ဪ. . ဟုတ်တယ်သား"

"ဖိတ်စာ အပ်လိုက်ပြီ အန်တီ"

"ဘယ်တော့ ရမှာလဲ"

"လာမယ့် စနေမှာရမယ် အန်တီ"

"အတော်ပဲ၊ နယ်ကအမျိုးတွေဆီ ပို့ချိန်ရတယ်"

"ဒါထက် နိုးကော အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



"ရှိတယ် စောစောကတင် ဘော်ဘီနဲ့ ဆော့နေသေးတယ်၊ ခဏနေ့ာ် အန်တီခေါ် လိုက်ဦးမယ်"

"ဟုတ်ကဲ့"

မိုးစွေ စိတ်ရှည်စွာ စောင့်ဆိုင်းလိုက်သည်။ တစ်မိနစ် နှစ်မိနစ်. . သုံး. . လေး. . ငါး. . ခြောက်. . ခုနစ်. . .

မိုးစွေ သက်ပြင်းချလိုက်မိသည်။

တစ်ဆယ်. . ဆယ့်တစ်မိနစ်. . .

စူစူငေါက်ငေါက်သံ ထွက်လာသည်။

မိုးစွေ ပြုံးလိုက်သည်။

"အားသလား၊ ကိုယ်လာလည်ချင်လို့"

"မအားဘူး"

"ဘာကိစ္စရှိလို့လည်း"

"အိပ်ရဦးမယ်"

"မအိပ်ပါနဲ့ နေ့လယ်နေ့ခင်းအိပ်တာ ခန္ဓာကိုယ် အဆီတက်တယ်"

"ဆရာမလုပ်ပါနဲ့ ကိုယ့်မျက်လုံးနဲ့ကိုယ်အိပ်တာ ဘယ်သူ့မျက်လုံးမှ ငှားမအိပ်ဘူး ဘယ်သူမှလည်း မထိခိုက်ဘူး၊ အိမ်သားတွေကတောင် ပြောသေးတယ် အိပ်နေတဲ့အချိန်ဘဲ အသံတိတ်တယ်တဲ့"

"ဟုတ်ရဲ့လား. . အင်းလေ မကြာခင် ကိုယ်ကြုံတွေ့ရတော့မှာဘဲ"

"လုပ်မနေနဲ့ မရေရာဘူး၊ ဘာကိစ္စလဲ မြန်မြန်ပြော"



BURMESE CLASSIC .com



"မင်းအတွက် လက်ဝတ်ရတနာတွေ အပ်ပေးချင်လို့ မင်းစိတ်ကြိုက်ပေါ့လေ"

"လုပ်မနေနဲ့ ဦးမိုးစွေ ကျွန်မ မနှစ်သက်ဘူး ဒီနည်းနဲ့တော့ ချစ်ခြင်းမေတ္တာကို ဝယ်ယူလို့ရလိမ့်မယ် မထင်နဲ့. . ရှင်ကြီးကို ကျွန်မဘာကြောင့် လက်ထပ်ယူရတာလဲ ရှင်သိရဲ့လား"

"ဟင်းအင်း. . ပြောပါဦး"

"နံပါတ်တစ်. . ကျွန်မရဲ့ချစ်သူ ကျွန်မအနားမှာ ရှိမနေလို့၊ နံပါတ်နှစ်. . ကျွန်မချစ်သူက ကျွန်မကို စွန့်ခွာပြေးသွားလို့၊ နံပါတ်သုံး. . မိဘတွေက ကျွန်မကို အလစ်မပေးဘဲ စောင့်ကြည့်နေကြလို့၊ နံပါတ်လေး. . ခေါင်းညိတ်လိုက်ခြင်းအားဖြင့် ကျွန်မအတွက် ထွက်ပေါက်ရလာမလားလို့. . . ကိုယ်ကိုယ်ကိုယ် အထင်ကြီးမနေနဲ့ ဦးမိုးစွေ၊ ရှင်ကြီး ငွေတွေ အလဟဿဖြစ်သွားနိုင်တယ်၊ ကျွန်မကတော့ လစ်တာနဲ့ ချစ်သူပျောက်ရှာဖွေပြီး ချစ်ခြင်းကို သစ္စာတိုင်တည်ပြုလိုက်ဖို့ အလစ်ချောင်းနေတယ်ဆိုတာ ရှင်ကြီးသိထားလိုက်စမ်းပါတဲ့ ဒါပဲ"

"နေဦး. . မင်းပြောတာ ကိုယ်သဘောကျတယ်"

"ဘာ"

"ချစ်သူအပေါ် ထားတဲ့ သစ္စာတရားကို ကိုယ်လေးစားတယ်၊ ဒါကြောင့် မင်းကိုကိုယ်ကူညီချင်တယ်"

"ရှင်. . . ရှင်ကြီး ဉာဏ်မများနဲ့နော်"

မိုးစွေက ခပ်တိုးတိုးလေး ရယ်မောလိုက်ပြီးမှ. . .



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ရုပ်ရည်ဟာ ကောက်ကျစ်စဉ်းလဲတဲ့ရုပ်မျိုး ပေါက်နေလို့လား"

"ဟုတ်တယ်"

"ဝမ်းနည်းစရာပဲ ကိုယ့်ကို လူအတော်များများက လူကြီးလူကောင်းပုံ ပေါက်တယ်ဆိုလို့ ကျေနပ်နေခဲ့တာ"

"ရှူးပါပေ့၊ ကဲ. . အဲဒါအသာထား ရှင်ကြီး စကားထဲမှာ ကျွန်မစိတ်ဝင်စားစရာ အကောင်းဆုံးအချက် တစ်ချက်ရှိတယ်၊ ရှင်ကြီး ကျွန်မကို ကူညီမယ် ဟုတ်လား. . ဘယ်လိုကူညီမှာလဲ"

"လက်ထပ်ခါနီး တစ်ရက်အလိုအထိ မင်းကို ကို[illegible]ဘ ခေါ်ထုတ်ပေးမယ်၊ မင်းက မင်းချစ်သူနောက်လိုက် တွေ့ ညှိနှိုင်းနိုင်တယ်"

"အဟုတ်ဟား. . ရှင်ကြီးက ဟာသပြောတတ်တယ်နော်. . ရယ်ရတယ် တကယ်ပဲ"

မိုးစွေက သွားရင်းနှင့် လျှာထိတွေ့သောအသံဖြင့်. . .

"ကျွတ်. . ကိုယ်က ဟာသမပြောတတ်ဘူး၊ ချစ်တေးပဲ သီတတ်တယ်"

"အဟုတ်. . တယ်ဆိုတဲ့စာပါလား၊ လုပ်ပါဦး တစ်ပုဒ်လောက်"

"မင်းကို ကိုယ်ဆိုတဲ့ မိုးစွေ ချစ်တယ်"

"မဆိုးပါဘူး. . ဆက်ဆို"

"မင်းချစ်သူနဲ့ ယှဉ်ရဲတယ်၊ ဒါကြောင့် စိမ်ခေါ်ပြီး လိုက်ပို့ပေးရဲတယ်"





"တကယ်လား"

"တကယ်ပေါ့"

"ဒီလိုဆို. . ခု ရှင်ကြီး ကျွန်မကိုလာခေါ်လေ"

"အိုး. . ရက်စ်၊ မင်းအဆင်သင့်ပြင်ထား ဘယ်ကိုသွားမယ် ဘယ်အချိန်ပြန်ပို့ရမယ်ဆိုတာတော့ ကြိုပြောထား"

"ဒီနေ့ သွားလို့မရဘူး၊ သွားဖို့ခရီးစဉ်အတွက် ရှင်ကြီးနဲ့ တိုင်ပင်မှာဖြစ်လို့ တစ်နေရာရာမှာ နေ့လယ်စာ စားရအောင်"

"အိုကေ. . ဒါဖြင့် အခုပဲ ထွက်ခဲ့မယ် ပြင်ထားတော့"

"မပြင်ပါဘူး၊ ဒီအတိုင်းပဲ လိုက်မယ်"

"စဉ်းစားနော် တော်ကြာ ရှေ့သွားနောက်လိုက် မညီဘဲ နေဦးမယ်နော်"

"အံမယ်"

မိုးစွေက ခလုတ်ကို နှိပ်လိုက်သည်။ ပြီးတော့ လေတစ်ချက်ချွန်လိုက်သည်။

ဘဝတစ်သက်တာမှာ တစ်ချစ်တည်း ချစ်ချင်သော မိန်းမနှင့် ဘဝတစ်သက်တာမှာ ချစ်သူကို သက်စေ့အလိုက် အများကြီးထားချင်သောယောကျ်ားတို့ တွေ့ဆုံမှုကို သူစိတ်ဝင်စားသည်။ ပျော်ရွှင်လာသည်။ နိုးကို လက်ထပ်ရန် ဆုံးဖြတ်လိုက်ခြင်းအတွက် သူ့ဘဝမှာ ဘယ်သောအခါမှ "နောင်တ" ရလိမ့်မယ် မဟုတ်ဟု. . .။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂)

ယခုခေတ်မိန်းကလေးတွေသည် ပြင်တတ်ဆင်တတ်ကြ၍ပဲလား ဓါတုဗေဒအလှကုန်ပစ္စည်းများကပဲ အစွမ်းထက်၍လားမသိ. . လှကြသည်။ ဘယ်လောက်ရုပ်ဆိုးသော မိန်းကလေးဖြစ်ပါစေ ပြင်လိုက်ဆင်လိုက်သောအခါ ကြည့်၍ကောင်းလာသည်ကို မိုးစွေသတိပြုမိခဲ့သည်။

သို့သော်. . ထိုအထဲတွင် 'နိုး'မပါ။ နိုးကို ယခင်တွေ့





တုန်းက အိမ်နေရင်းကြောင့် ဘာမှမလိမ်းမကျံပဲ သနပ်ခါးရေကျဲလောက်ပဲ လူးသည်ထင်ပါရဲ့ဟု သူကောက်ချက်ချခဲ့သည်။

ယခု သူနှင့်လိုက်တော့လည်း ဒီအတိုင်းပင် ဘာမှလိမ်းကျံမထား။ သို့သော် သူသဘောကျသည် ဓါတုဗေဒ အလှကုန်ပစ္စည်းများဖြင့် လိမ်းကျံထားသော မိန်းမကလေးများထက် ပိုလှသည်။

သူနှစ်သက်သည်က ယခုခေတ်မိန်းကလေးတွေ မျက်ခုံးကို အပြောင်းရိတ်ထားပြီး ဆွဲထားခြင်းမျိုး မလုပ်ဘဲ မျက်ခုံးထူထူထဲထဲ နှစ်ဖက်က ခူနက်ကောင်တွေအလား ရှိနေခြင်းပင်

ထိုမျက်ခုံးကြောင့်ပဲ သူ့အလှက ပို၍ထင်းခနဲ ဖြစ်နေသလားဟု. . .

"ဘယ်သွားချင်တာလဲ"

"သွားချင်တာက ညောင်လေးပင်ပဲ၊ မောင် အဲဒီကို ပြန်သွားတယ်ထင်တယ်"

မိုးစွေရင်ထဲ နာကျင်သွားသည်။ 'မောင်'တဲ့လား၊ နိုးက သူ့ချစ်သူကို 'မောင်'ဟုခေါ်သည်ဆိုလျှင် မိမိအခေါ်ခံချင်သော အသုံးအနှုန်းကို မိမိစွန့်လွှတ်လိုက်ရတော့မည်ထင်. . .။

"သွားချင်ရင်သွားမယ်လေ၊ ခုမှ တစ်နာရီပဲ ရှိသေးတာ အသွားနှစ်နာရီ အပြန်နှစ်နာရီ လွန်ရောကျွံရော ည ခုနစ်နာရီလောက် ပြန်ရောက်ပါတယ်"

နိုးက မိုးစွေအား အံ့အားသင့်သကဲ့သို့ လှမ်းကြည့်လိုက်သည်။ ဒီလူကြီးက ဘယ်လိုလူကြီးလဲ သူ့၌ ဝန်တိုစိတ်မရှိဘူး



www.burmeseclassic.com

www.burmeseclassic.com



လား။

"နေပါစေ၊ မနက်ဖြန် စောစောသွားမယ် ရှင်ကြီး မအား ဘူးလား"

"မအားလည်း အားလိုက်တာပေါ့ကွာ၊ ဘ၀တစ်သက် တာအရေးအတွက် ဒီလောက်တော့ အချိန်ပေးသင့်ပါတယ်"

နိုးက ဦးမိုးစွေအား ၀င်ထိုင်လိုက်သည်။

"ကန်တော်ကြီးဟိုတယ်ပဲ သွားရအောင်"

"ကောင်းသားပဲ"

နိုးက မိုးစွေအား မသိမသာ အကဲခတ်လိုက်သည် မိမိ ၏ အိမ်ထောင်ဘက်အဖြစ် ရွေးချယ်ပေးလိုက်သော မိဘများ၏ လက်ဆောင်ကြီးက ရုပ်ရည်ကော ပကာသနကော မက်မော စရာပင်။ သို့သော် နိုးက ရုပ်အလှထက် စိတ်အလှကို မြတ်နိုး တတ်သူဖြစ်ကြောင်း မိုးစွေသိဖို့လိုသည်။

နိုးချစ်သူ 'မောင်'သည် စိတ်နှစ်လုံးသား ဖြူစင်သည်။ ချစ်သူကောင်းစားရေးအတွက် အနစ်နာခံကာ ရှောင်ထွက်သွား သည်။ နိုး မောင့်အကြောင်းကို မိုးစွေကို ပြောပြချင်သည်။

ကန်တော်ကြီး ရေပြင်နားကပ်လျက် စားပွဲတစ်လုံး၌ နေရာယူလိုက်သည်။

"ဘာစားမှာလဲ"

"ဘားမှမစားချင်ဘူး၊ ကော်ဖီတစ်ခွက်ပဲ သောက်ပြီး စကားပြောချင်တယ်"

မိုးစွေက နိုး၏ရဲတင်းမှုကို သဘောကျသည်။ နိုးအား





စတွေ့ကတည်းက လက်ထပ်ရန် ဆုံးဖြတ်လိုက်ခြင်းသည် ထို အချက်က အဓိကအချက်ပင် ဖြစ်သည်။ နိုးကိုကြည့်ရသည်မှာ သစ်လွင်လန်းဆန်းသော လေယူရာယိမ်းရင်း နေခြည်ကို အန် တု နိုးကြားနေသည့် နံနက်ခင်း ပန်းတစ်ပွင့်နှယ် အလွန် တင့် တယ်လှပလေသည်။ ဖျတ်လတ်နိုးကြားနေခြင်းကို သူ သဘော ကျသည်။

"ဒိုမီနိုစားပါလား"

"ကောင်းသားပဲ၊ ဒိုမီနိုအရင်စားမယ် ပြီးရင် ကော်ဖီ သောက်မယ်"

နိုး၏စိတ်ဓါတ်ကို သဘောကျမိပြန်ပြီ။ သူလုပ်ချင်တာ ကိုတော့ ဖြစ်အောင်လုပ်မည့်သဘောမျိုး သူသောက်ချင်သော ကော်ဖီကိုတော့ ထည့်မှာခိုင်းသည်။

မိုးစွေက စားပွဲထိုးအား မှာကြားလိုက်ပြီး နိုးအား ကြည့် ကာ. . .

"ကိုင်း ဒေါ်နိုးဘာတွေပြောချင်သလဲ စပြောပေတော့"

နိုး၏နာမည်အပြည့်အစုံမှာ နိုးနိုးပြည့်စုံဖြစ်သည်။ စိတ် ရောဂါအထူးကုဆရာ၀န်ကြီး ဒေါက်တာဦးပြည့်စုံ၌ သားသမီး သုံးယောက် ထွန်းကားသည်။

အကြီးဆုံးမှာ မိုးမိုးပြည့်စုံ၊ အလတ်သားက စိုးစိုးပြည့်စုံ၊ အငယ်ဆုံးက နိုးနိုးပြည့်စုံ ဖြစ်သည်။

အကြီးဆုံး မိုးမိုးပြည့်စုံမှာ ဆရာ၀န်အဖြစ် ဖခင်ဖြစ်ရာ ကိုနင်းကာ ဆရာ၀န်တစ်ဦးနှင့်ပင် အိမ်ထောင်ကျသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သားလတ်စိုးစိုးပြည့်စုံတော့ ဆယ်တန်းအောင်ပြီး ကတည်းက ရေကြောင်းသိပ္ပံ အင်ဂျင်နီယာဘွဲ့ကိုယူကာ နိုင်ငံကူးသင်္ဘော အင်ဂျင်နီယာအဖြစ် တာဝန်ထမ်းဆောင်ရင်း သူ၏ငယ်သူငယ် ချင်းမလေးနှင့် လက်ထပ်သွားခဲ့သည်။

ခက်နေသည်က'နိုး'၊ သူသည် ဖခင်ဖြစ်စေချင်သော ဆရာဝန်ဖြစ်ရန် ဝါသနာမပါ၊ မြန်မာစာ အဓိကယူပြီး စာရေး ဆရာမ ဖြစ်ချင်သည်တဲ့၊ ဖခင်ကြီးက စိတ်ဆင်းရဲသည်။ စိတ် ဆင်းရဲရသည်မှာ နိုး မွေးကတည်းက ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် နိုးကိုမွေးပြီးပြီးချင်း သူ၏ဇနီး သေဆုံးသွားခဲ့ခြင်းကြောင့်ပင်. . .

နွားအိုနောက်ကျသားဟုခေါ်ရမည့် နိုးအား အသက် လေးဆယ်ပြည့်ပြီးမှ မွေးဖွားပေးရင်း သေဆုံးသွားခဲ့သော ချစ် ဇနီးအတွက် ယူကျုံးမရဖြစ်ကာ နိုးအား နာနီလက်ထဲ၌ ပစ်ထားခဲ့ သည်။

နိုး အရွယ်ရောက်လာမှ နိုးကို သူသတိပြုမိလိုက်ချိန် တွင် နိုးသည် သူတို့မိသားစုနှင့် တသီးတခြားပုံစံမျိုး ဖြစ်နေခဲ့ သည်ကို သွားတွေ့လိုက်ရသည်။

နိုးအတွက် စိုးရိမ်ပူပန်မှုသည် ဘွားခနဲ ပေါ်ပေါက်လာ သဖြင့် နိုးကို လေ့လာလိုသောအခါ. . .

နိုး၌ ချစ်သူရှိနေပြီ။

နိုးချစ်သူသည် ကဗျာဆရာယောင်ယောင် စာရေးဆ ရာယောင်ယောင်နှင့် လမ်းပေါ်မှ လူတစ်ယောက်ဖြစ်နေသည်





ကို သွားတွေ့လိုက်ရသည်။

ဦးပြည့်စုံ မျက်လုံးပြူးသွားသည်။

နိုးအား နားချကြည့်သည်။ မရ။ ခေါင်းမာသည်။ ခေါင်း မာခြင်း လူကြီးမိဘ၏ စကားကို နားမထောင်တတ်ခြင်းသည် သူ၏သွေးသားမှ ဟုတ်ပါလေစဟုတောင် ဦးပြည့်စုံတွေ ဝေမိပြီး စဉ်းစားလိုက်သောအခါ သူ့အပြစ်ကို သူသွားတွေ့ခဲ့သည်။

သူသည် နိုးအား ဖခင်ရင်ငွေ့ကော မိခင်ရင်ငွေ့ပါ မ ပေးခဲ့ပဲ သူစိမ်းတစ်ရံဆံများ၏ ရင်ခွင်၌ ပစ်ထားခဲ့ခြင်း ဟူသော အမှားပါ သွားတွေ့သည်။

ထိုအမှားအတွက် သူပေးဆပ်ရမည်။ အချစ်ဆိပ်တက် နေသော သမီးအား အချစ်ဆိပ်နှင့်ပင် ပြန်ကုစားရန် သားမက် လောင်းကို ရှေ့မျက်နှာနောက်ထားပြီး ရှာဖွေခဲ့သည်။ မိုးစွေအား သွားတွေ့သည်။

မိုးစွေသည် သူ့မိတ်ဆွေ ဦးဘဦး၏ သားဖြစ်သည်။ သမီးလေးယောက် ထွန်းကားပြီးမှ လိုချင်နေသော ယောကျ်ား လေးရသဖြင့် မိခင်၏ချစ်ခြင်း၊ ဖခင်၏ချစ်ခြင်း၊ အစ်မများ၏ ချစ်ခြင်းဟူသမျှတို့ကို ရယူခံစားရသဖြင့် အဘက်ဘက်က ပြည့်စုံ ပြီး မေတ္တာပေးတတ်လွန်းသော ယောကျ်ားအဖြစ် သူသွားတွေ့ ခဲ့သည်။

ဦးပြည့်စုံ မိုးစွေကို ရွေးခဲ့သည်။

ကံကောင်းထောက်မခြင်းလား နတ်ဖူးစာဖတ်ခြင်းလား မပြောနိုင် မိန်းမချောများနဲ့တွဲသွား တွဲလာကို စိတ်ပျက်စားပြီး



www.burmeseclassic.com

www.burmeseclassic.com



မိန်းမယူရန် စိတ်မဝင်စားခဲ့သော မိုးစွေသည် နိုးအား မြင်မြင်ချင်း ခေါင်းညိတ်ခဲ့သည်။

ဒါတွေအားလုံး မိုးစွေဖခင် ဦးဘဦး ပြောပြထားသဖြင့် သိရှိပြီးဖြစ်သည်။

နိုးဘာပြောဦးမလဲ သိချင်သည်။

"နိုးပြောလေ"

"ကျွန်မ စဉ်းစားနေတာ"

"ဘာစဉ်းစားတာလဲ"

"လောကကြီးမှာ ဆင်းရဲတာဟာ အပြစ်တစ်ခုလားဟင်"

"ဆင်းရဲတာ အပြစ်တစ်ခု မဟုတ်ဘူး၊ ဒါပေမယ့် ဆင်းရဲနေတာကတော့ အပြစ်တစ်ခုပဲ"

နိုးက မိုးစွေအား မျက်မှောင်ချီ၍ ကြည့်လိုက်သည်။

"ဆင်းရဲခြင်းချမ်းသာခြင်းဆိုတာ ကံဉာဏ် ဝီရိယပေါ်မူတည်တယ် နိုး၊ ကိုယ့်ဖေဖေဆိုရင် ငယ်စဉ်က သိပ်ဆင်းရဲတာ သူရင်းငှားရဲ့သား မိခင်က ကောက်စိုက်သမ. . သားအကြီးဆုံး ဘုန်းကြီးကျောင်းသား၊ ဒါပေမယ့် ဘဝကို ရုန်းကန်တယ်၊ ဘုန်းကြီးကျောင်း ဝေယျာဝစ္စတစ်ဖက် ကျောင်းစာတစ်ဖက်နဲ့ အထက်တန်းအောင်အောင် ပညာသင်ယူခဲ့တယ်၊ အောင်တော့ ကူလီလည်းထမ်းတယ်၊ ဆိုက်ကားလည်းနင်းတယ်၊ နောက်. . အာလူးကြော် ငါးမုန့်ကြော်ထုပ်လေးတွေ ကြော်ပြီး ဆိုင်တွေမှာ လိုက်တင်ပေးတယ် အဲဒီဘဝကနေ နောက်ဆုံး အကြော်မျိုးစုံ





ကြော်နိုင်တဲ့ လုပ်ငန်းရှင်ဘဝ ရောက်သွားခဲ့တယ်၊ ဒါကြောင့် ဆင်းရဲတာ အပြစ်မဟုတ်ဘူး၊ ဆင်းရဲနေတာတော့ အပြစ်ပဲလို့ ကိုယ်က ဆိုလိုချင်တာ"

"ရှင်ကြီးပြောတာ ပုံပြင်တစ်ပုဒ် နားထောင်ရသလိုပဲ နားထောင်လို့ ကောင်းပါတယ်၊ ဒါပေမယ့် ရှင်ကြီးကို မွေးဖွားချိန်မှာ ရှင်ကြီးအဖေက သူဌေးကြီးအဆင့် ရောက်နေပြီးလေ. . ရှင်ကြီး ဆင်းရဲသားတွေရဲ့ဘဝကို ဘာသိမှာလဲ"

"ဟ. . ဘာလို့မသိရမှာလဲ နိုးရဲ့၊ အလုပ်သမားတွေ ရှိတယ်လေ၊ သူတို့ နေ့စားဘဝနဲ့ အလုပ်လာလုပ်ကြတယ် ဒီနေ့စားရရင်ပြီးရော နောက်နေ့အတွက် မပူတဲ့လူစားတွေချည်းပဲ အချို့ကလည်း အရက်ဖိုးရရင်ပြီး ရောပဲ"

"မောင်လည်း အရက်သောက်တယ်၊ ဒါပေမယ့် သူသောက်တာက သူ့အနုပညာအတွက် ဈာန်သွင်းတာလေ၊ ဒါကို အပြစ်လို့ ယူဆလို့ရမလား"

မိုးစွေက နိုးအား ကရုဏာသက်စွာ လှမ်းကြည့်လိုက်သည် နိုးသည် တကယ့်ကို အပြစ်ကင်းစင်သော မိန်းကလေးဟု သူနားလည်လိုက်ပြီ။

"နိုး"

"ဘာလဲ"

"နိုးရဲ့လူက ဘာလုပ်တာလဲ"

"ကဗျာလည်းစပ်တယ်၊ စာလည်းရေးတယ်၊ ဇာတ်ညွှန်းတွေလည်း ရေးတယ်လို့ပြောတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကဗျာတွေ နိုးဖတ်ဖူးသလား"

"မဂ္ဂဇင်းမှာ နှစ်ပုဒ်တော့ပါဖူးတယ်"

"ဝတ္ထုကော"

"ဝတ္ထုတိုတစ်ပုဒ် ပါဖူးတယ်။ သူတို့မြို့ကထုတ်တဲ့ မဂ္ဂဇင်းမှာ"

"သြော်. . ဒါဖြင့် ဇာတ်ညွှန်းကော"

"ဟင့်အင်း. . ဇာတ်ညွှန်းရေးဖို့အတွက် ကြိုးစားနေတုန်းပဲ"

"သူ့အသက် ဘယ်လောက်ရှိပြီလဲ"

"ရှင်ကြီးနဲ့ တူတူလောက်ပဲ ဖြစ်မှာပေါ့"

"သူနဲ့မင်း ဘယ်အချိန်က စတွေ့တာလဲ"

"သူက ကျွန်မနာနီရဲ့တူပဲ၊ နာနီကိုသွားတွေ့ရင်း သူနဲ့တွေ့ခဲ့တာ"

"ဘယ်တုန်းကလဲ"

"မနှစ်က"

မိုးစွေ သက်ပြင်းချလိုက်သည်။

"ရှင်ကြီး ဘာဖြစ်လို့ မောင့်အကြောင်းတွေ ဒီလောက်အထိ မေးနေရတာလဲ"

"သိချင်လို့ပေါ့"

"ဘာဖြစ်လို့ သိချင်ရတာလဲ"

"နိုးကို ကူညီချင်လို့"

"ကျွန်မကို ရှင်ကြီးတကယ်ကူညီမှာလား"





"တကယ်ပေါ့ ဒါပေမယ့် ကိုယ်ကူညီမှာက မင်း အနာဂတ်လှပမယ်ဆိုရင် ကူညီမှာ၊ မလှဘူးဆိုရင် မကူညီနိုင်ဘူး"

"နိုး နားမလည်ဘူး"

"ဟုတ်တယ် နိုးနားမလည်သေးတာတွေ ဤကမ္ဘာလောကကြီးမှာ အပြည့်အနှက်ရှိနေသေးတယ် လောကကြီးကို လေ့လာပါဦး"

"ရှုပ်တယ်. . နိုး မောင့်ကိုပဲ လက်ထပ်ချင်တယ်"

မိုးစွေရင်ထဲ အောင့်သွားရပြန်သည်။ သို့သော် ဟန်မပျက်. . .

"သူကကော ဘာပြောသလဲ"

"သူက ချစ်ခြင်းမေတ္တာဆိုတာ လက်ထပ်ခြင်းနဲ့ နှောင်ဖွဲ့လို့ မရပါဘူးလို့ ပြောတယ်"

မိုးစွေက ပြုံးလိုက်မိသည်။

"ဒါဖြင့် နိုးက ကိုယ်နဲ့လက်ထပ်လိုက်ပေမယ့် သူ့ကိုချစ်နေလို့ ရပါတယ်ဆိုတဲ့ သဘောလား"

"ဒါတွေ ကျွန်မပြောစရာမလိုဘူး ထင်တယ်၊ လူတစ်ယောက်ရဲ့ အတွင်းစိတ်ကို ဘယ်သူက ချုပ်နှောင်တားဆီးထားလို့ ရနိုင်မလဲ"

"ကောင်းပြီလေ နိုးနဲ့ကိုယ် ငြင်းခုန်နေဖို့ စကားနိုင်လုဖို့ လာတာမဟုတ်ဘူး၊ နိုးကို ကူညီဖို့လာတာ နိုးလူ ဘယ်မှာရှိသလဲ"

"ညောင်းလေးပင်မှာ သူ့အမေ နေမကောင်းလို့ ပြန်



www.burmeseclassic.com

www.burmeseclassic.com



သွားတယ်တဲ့ သတင်းရတယ်ပဲ"

"လိပ်စာသိသလား"

"သိတယ် သိလို့စာရေးပြီးပြီ သူ ရောက်မလာသေးဘူး"

"ဒါဖြင့် မနက်ဖြန် ကိုယ်လိုက်ပို့ပေးမယ်၊ နိုးတို့ခြင်း ဆွေးနွေးကြည့်ကြပါ. . ပြီးရင် ကိုယ်သူနဲ့ မင်းနဲ့ သုံးပွင့်ဆိုင် စကားပြောမယ်၊ ပြီးမှ ဆုံးဖြတ်ချက်တစ်ခုကို ယူကြမယ် ဘယ်နဲ့ လဲ"

"သိပ်ကိုကောင်းတဲ့ အစီအစဉ်ပဲ ကျွန်မဖြစ်ချင်တာလဲ အဲဒါပဲ၊ လောကကြီးမှာ ချစ်ခြင်းက အရေးကြီးသလား အိမ် ထောင်ရေးက အရေးကြီးသလား. . ."

"လောကကြီးမှာ အဖိုးတန်စွာနဲ့ အဓိပ္ပါယ်ရှိရှိ နေထိုင် သွားတတ်ဖို့က အရေးကြီးပါတယ် နိုး"

"စိတ်ချမ်းသာဖို့က အရေးမကြီးဘူးလား"

"ကိုယ့်အတွက် သူများအကျိုးပျက်စီးမှ စိတ်ချမ်းသာ မယ်ဆိုတာမျိုး ဆိုရင်ကောကွယ်"

"သူများ အကျိုးပျက်စီးခြင်းကို စိတ်ချမ်းသာတဲ့ လူမျိုး ရှိနိုင်ပါ့မလား"

"ရှိချင်လည်းရှိမှာပေါ့၊ ဒါပေမယ့် အဲ့ဒီလူစားထဲမှာ ကိုယ် မပါဘူး၊ မင်းလဲ မပါစေချင်ဘူး"

"ကျွန်မကြောင့် တစ်ဘက်သား ဒုက္ခမရောက်စေချင် ဘူး"

"နိုးစကား နိုးမြဲမြဲမှတ်ထားပါ၊ ကဲ. . စားလေ အရှည်





ပျော်ကုန်ဦးမယ်"

နိုးက ဒိုမီနိုကို ခပ်စားရင်း စဉ်းစားလိုက်သည်။ မိုးစွေ သည် ဉာဏ်များသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် 'မိုးကုမ္ပဏီ'ကို ဦးဆောင်ဦးရွက်ပြုနေနိုင်သော စီးပွားရေးလုပ်ငန်းရှင်တစ်ဦး ဖြစ်သည်။ မောင်က အနုပညာသမားသက်သက် ပန်းကလေး တွေကို ချစ်တတ်သောလူစား သဘာဝအလှကို မြတ်နိုးတတ် သောလူစား နူးညံ့လွန်းသည်။

စီးပွားရေးသမားဆိုသည်မှာ ဘယ်သူသေသေ ငတေ မာလျှင် ပြီးစတမ်းဟူသော လူစားမျိုး မိုးစွေကို ယုံစား၍ မရချေ။

မျက်ခြည်ပြတ်ခံ၍မဖြစ် မောင့်အားအန္တရာယ်မပေးဘူး ဟု ပြောနိုင်မလား။

"ရှင်ကြီး"

"ဘာလဲ နိုးဘာပြောစရာ ရှိသေးသလဲ"

"ရှင်ကြီးဆီက ကျွန်မ ကတိတစ်ခု တောင်းချင်တယ်"

"ဘာကတိလဲ"

"ရှင်ကြီး မောင့်ကို အန္တရာယ်မပြုရဘူး"

မိုးစွေက ဟက်ခနဲ ရယ်ကာ. . .

"ဧကန်တော့ မင်းလူက ကိုယ့်လောက်တောင် ဗလမ ကောင်းဘူးထင်တယ်"

နိုးက မျက်စောင်းခဲလိုက်သည် ပြီးမှ. . .

"သူက ရှင်ကြီးလို အပေါ်ယံအလှ ပြုပြင်ပြီး သနေတဲ့ လူစားမှ၊ မဟုတ်တာ စိတ်အလှပြုပြင်တဲ့ လူစားဆိုတော့ ခန္ဓာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တော့ ဘယ်လှမလဲ”

“ဩော်. . ဟော်. . ဟော်”

မိုးစွေက ရယ်ချင်စိတ်ကို ထိန်းကာ လှောင်သံပြုလိုက်မိသည်။

နှိုးက. . .

“ရှင်ကြီး မလှောင်ပါနဲ့၊ ရှင်ကြီးကို ဖေဖေမမြင်အောင်ပေးလိုက်တဲ့စာ ရပြီးပြီလား”

“ရပြီးလို့ မင်းနဲ့ ဒီအကြောင်းတွေ ဆွေးနွေးနေနိုင်တာပေါ့”

“ကောင်းပြီ၊ အဲဒီစာထဲကအတိုင်းပဲ ကျွန်မစိတ်သဘောထားဟာ ပြောင်းလဲသွားမှာ မဟုတ်ဘူး”

“အဲဒါမင်းမှားတယ်၊ စိတ်ဆိုတာ တိုးတက်ပြောင်းလဲနေသင့်တယ် ဒါမှ အကောင်းဆုံးသော စိတ်ထား အမြင့်မြတ်ဆုံးသော စိတ်ထားကို ပိုင်ဆိုင်ခွင့်ရမှာပေါ့”

“ရှင်ကြီး ဘာတွေပြောနေတာလဲ၊ ကျွန်မရဲ့ သစ္စာတရားဟာ ဆုတ်ယုတ်နေလို့လား၊ မကောင်းတဲ့စိတ်ထားလို့ ရှင်ကြီးစွပ်စွဲလို့ရမလား”

“မစွပ်စွဲပါဘူး၊ ကိုင်း မင်းနဲ့ကိုယ် မငြင်းခုန်ချင်တော့ဘူးနှိုး၊ ကိုယ်ဟာ စိတ်ကူးယဉ်သမားမဟုတ်ဘူး လက်တွေ့သမားပဲ၊ မင်းကို လက်တွေ့ဘဝနဲ့ သုံးသပ်ပြမယ်၊ ကိုင်း စားသောက်ပြီးလို့မင်း ညောင်လေးပင်ကို ဒီနေ့သွား စရာမလိုဘူးဆိုရင်. . ကိုယ်မင်းကို ပြန်ပို့ပေးမယ်၊ ကိုယ် လုပ်ငန်းတစ်ခုအတွက် ချိန်းဆို





ထားတဲ့နေရာကို ဆက်သွားမယ်”

“ကောင်းပြီ၊ ဒီလိုဆိုရင် ကျွန်မကို Junction Square ကို ပို့ပေးခဲ့”

“ဟင်. . ဘာလုပ်မလို့လဲ”

“ရုပ်ရှင်ကြည့်မယ်လေ”

“တစ်ယောက်တည်း”

“ဆန်းသလား. . လူဆိုတာ မွေးဖွားလာကတည်းကတစ်ယောက်တည်းပဲ၊ သေတော့လည်း တစ်ယောက်တည်းပဲ၊ ရုပ်ရှင်တစ်ယောက်တည်းကြည့်တာ ဆန်းသလား၊ လူအများကြားမှာ ကြည့်တာပဲ၊ တစ်ခါတစ်ရံ ကျွန်မဒီလိုပဲ အဖော်စပ်လို့မရရင် သွားကြည့်နေကြပဲ”

“မကြည့်ပါနဲ့နှိုး ကိုယ့်အလုပ် စိတ်ဝင်စားမယ်ဆိုရင်ကိုယ်နဲ့အတူ လိုက်ခဲ့ပါလား”

“လုံးဝ စိတ်မဝင်စားဘူး၊ ကျွန်မ စိတ်ဝင်စားတာ တစ်ခုပဲရှိတယ် စာဖတ်ချင်ဖတ်မယ် ဒါမှမဟုတ် ရုပ်ရှင်ကြည့်မယ် သီချင်းနားထောင်မယ်”

“ကောင်းပြီ. . ကိုယ် မင်းနဲ့ လိုက်ခဲ့ပေးမယ် နှိုး”

“ရှင်ကြီး အားလို့လား”

“မအားလည်း အားလိုက်မှာပေါ့ နှိုးအတွက်ပဲလေ”

နှိုးရင်ထဲ တစ်မျိုးဖြစ်သွားသည်။ နှိုးအတွက် အချိန်ပေးမည့်လူ ဤကမ္ဘာလောကကြီး၌ ရှိပါသေးသလားဟု. . .။

မိုးစွေက ဖုန်းထုတ်ကာ ခလုတ်နှိပ်ပြီး သူ၏မန်နေဂျာ



www.burmeseclassic.com

www.burmeseclassic.com



များကို သူ့ကိုယ်စား လုပ်ဆောင်စရာများ ပြောစရာများကို ညွှန်ကြားလိုက်သည်။

နိုးက မိုးစွေကို အကဲခတ်လိုက်သည်။

မိုးစွေ၏ မျက်နှာသည် အမြဲပြုံးယောင်သန်းကာ တတ်တက်ကြွကြွ နိုးနိုးကြားကြားရှိနေသော ပုံစံမျိုးဖြစ်သည်။

"ကိုင်း သွားကြမယ်"

နိုးသည် မိုးစွေနှင့် ယှဉ်တွဲကာ လျှောက်လိုက်လေသည်။

မိုးစွေရင်ထဲ၌ ယခင်အတွဲများနှင့် သွားလာစဉ်က မဖြစ်ပေါ်ခဲ့ဘူးသော ရင်ခုန်မှုမျိုး ဖြစ်ပေါ်လျက်ရှိသည်။







# အခန်း(၃)

ရုပ်ရှင်ရုံထဲ၌ ပြတော့လည်း ပန်းသခင် ဇာတ်ကားဖြစ်နေသည်။

ကလေးတစ်ဦးလို ငိုနေသော နိုးအား မကြည့်ရက်. . .

"နိုး"

အေးစက်နေသော နိုးလက်ကလေးကို ဆွဲဖြန့်ကာ တစ်ရှူးထုပ်ကလေးဖြေပြီး ထည့်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြန်မလား နိုး"

"ဟင့်အင်း"

နိုး၏ နှလုံးသားသည် နုနယ်သည်ကို မိုးစွေ ကောင်းစွာ တွေ့မြင်လိုက်သည်။ ကောင်းသည်။

မိန်းမသည် မိန်းမဆန်ရမည်။

နိုးသည် မျက်ရည်နှာရေသုတ်ပြီးသော တစ်ရှူးများကို သူ၏ ပိုက်ဆံအိတ်ကလေးတွင် ထည့်သည်။

ရှပ်ရှင်ပြီးသွား၍ မီးလင်းသောအခါ နိုး၏မျက်နှာလေး သည် နီရဲနေသည်။

"ဒုက္ခပါပဲ နိုးရယ် . . ဒီအတိုင်း အိမ်ပြန်ပို့ရင် အန်ကယ် က ကိုယ့်ကို သူ့သမီးကို ခေါ်နှိပ်စက်တယ်ထင်ပြီး သဘောတူ ကြောင်း ရှပ်သိမ်းလိုက်ရင် ခက်မယ်"

"ကောင်းတာပေါ့"

မိုးစွေက ကားကို စက်မနှိုးသေးပဲ. . .

"ခု တစ်နေ့လုံး မင်းနဲ့ အတူရှိနေတဲ့ ကိုယ့်အပေါ် သံ ယောဇဉ် မရှိသေးဘူးလား"

"သံယောဇဉ် သံယောဇဉ်ဆိုတာ ချစ်ခင်ခြင်းလား စွဲ လမ်းခြင်းလား ရင်းနှီးခြင်းလားဟင်"

မိုးစွေ သက်ပြင်းချကာ ကားစက်နှိုးပြီး မောင်းထွက်ခဲ့ သည်။

နိုးက မကျေနပ် . . .

"ကျွန်မ မေးတာပြန်ဖြေလေ"





"မင်း ပြောတာတွေအားလုံး ပါဝင်တဲ့ နှောင်ဖွဲ့ခြင်းပဲ"

"ဒီလိုဆိုရင် ကျွန်မမောင့်ကိုပဲ သံယောဇဉ်ရှိတယ်"

မိုးစွေ ရင်နာစွာ ပြုံးလိုက်သည်။ နိုးအပေါ်၌ သူသည် စိတ်ရှည်ရလိမ့်ဦးမည်ဟု သဘောပေါက်ထားသဖြင့် သူ့ကိုယ်သူ ခံနိုင်ရည်ရှိစေရန် လေ့ကျင့်လိုက်သည်။

"သံယောဇဉ်ဆိုတာ တစ်ဦးတစ်ယောက်တည်းအတွက် မဟုတ်ဘူး၊ အများကြီးအတွက် ထားလို့ရတယ် ပေးဆပ်လို့ရ တယ်၊ ဘယ်သောအခါမှ မကုန်ခမ်းနိုင်ဘူး တွယ်မိရင်လည်း ဖြတ်တောက်ရ သိပ်ခက်ခဲတယ်၊ ဒီသဘာဝကို ကိုယ်နားလည်လို့ မင်းနဲ့ မင်းလူအပေါ်မှာ ကိုယ်လိုက်လျောပေးတာပေါ့"

"ရှင်ကြီး တကယ်ပြောနေတာနော်"

"တကယ်ပေါ့"

"ဒီလိုဆို ရှင်ကြီးကို ကျွန်မခင်သွားပြီး"

"ကျေးဇူးတင်ပါတယ်"

"မထူးပါဘူး၊ ညနေစာ စားပြီးမှပဲ ပြန်ပို့တော့မယ်ကွာ၊ ကိုယ့်ရဲ့ ရက်စတောရင့်မှာ မင်းကိုကျွေးပါရစေ၊ အန်ကယ်ကို ခွင့်တောင်းလိုက်ဦးမယ်"

"ဖေဖေက ခုချိန် အိမ်ပြန်ရောက်ဦးမှာ မဟုတ်ဘူး"

"ဟုတ်လား ဆေးခန်းမှာလား"

"ဟုတ်မှာပေါ့"

"နိုး စကားကလည်းကွာ ဟုတ်ရင်ဟုတ်တယ်၊ မဟုတ် ရင် မဟုတ်ဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မမှ မသိတာဖေဖေ၊ မနက်ကိုးနာရီလောက်က စပြီး ထွက်သွားတယ်၊ ဘယ်သွားပြီး ဘာလုပ်တယ်ဆိုတာ ကျွန်မ မသိဘူး၊ ည ကျွန်မအိပ်ချိန်အထိ ပြန်မလာတတ်ဘူး ဒါပဲ ကျွန်မ သိတယ်၊ အဲ ဆက်စပ်တွေးကြည့်တော့ ဖေဖေဟာ ဆရာဝန် တစ်ဦးဖြစ်တဲ့အတွက် ဆေးကုတဲ့အလုပ်တော့ လုပ်နေမှာပဲ၊ ဒါပဲ ပေါ့ ရှင်ကြီးရာ. . ဖေဖေက ကျွန်မ ကိုလူရာသွင်းပြီး အသိမပေး တဲ့ကိစ္စတွေကို ကျွန်မက ဘာဖြစ်လို့ သိအောင်ကြိုးစားရမှာလဲ"

မိုးဆွေက နီး၏အခြေအနေကို နားလည်လာသည်။

"သိအောင်ကြိုးစားသင့်တယ် နီးရဲ့"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ သူဟာနီးရဲ့ဘဝမှာ အရင်းနှီး ဆုံးသော လူတစ်ဦး ဖြစ်နေလို့ပေါ့"

နီး မျက်ရည်များ ရစ်ဝဲလာသည်။

ခေါင်းကို မော့ကာ မျက်ရည်စများကို မကျစေရန် တား မြစ်လိုက်သည်။

"မဟုတ်ဘူး ကျွန်မဘဝမှာ နာနီဟာ အရင်းနှီးဆုံးဘဲ၊ နောက် ခုအိမ်မှာရှိနေတဲ့ ဘဏ္ဍာစိုး အန်တီစိမ်း၊ အန်တီစိမ်း ဟာ ဖေဖေ့ရဲ့ညီမဝမ်းကွဲ အပျိုကြီး၊ သူက ကျွန်မကို မချစ်ဘူး မမကြီးကိုပဲ ချစ်တယ်"

"သူတို့ချစ်ခြင်း မချစ်ခြင်းအတွက် မင်းအရေး စိုက်နေ သလား နီး"

"မစိုက်ပါဘူး ပြောပြတာပါ၊ ငယ်ငယ်က. . . သူတို့ကို





ကျွန်မ ကြောက်ခဲ့ရတယ်၊ ဒါပေမဲ့ ကြီးလာတော့ မကြောက်တော့ ဘူး၊ ကျွန်မကို အနိုင်ကျင့်လို့ မရတော့ဘူး၊ သူတို့အကြောင်း ကျွန်မသိတတ်လာတဲ့ အချိန်မှာ နားလည်လာတယ်၊ သူတို့ဟာ ကျွန်မကို ဖေဖေ့ရှေ့မှာတစ်မျိုး ကွယ်ရာတစ်မျိုး ဆက်ဆံတတ် ကြတယ်"

"ဘာကြောင့်လဲ နီး ဖေဖေက နီးကိုဂရုမစိုက်ဘူးဆို၊ နီး ဖေဖေရှေ့ သူတို့ဘာကြောင့် ဂရုစိုက်ပြသလဲ"

"ဖေဖေက သူတို့ကို အမိန့်ပေးထားတယ် နီးမှာ အနာ ဆိုတာ လုံးဝမရှိစေရဘူး၊ ဖျားနာခြင်းလုံးဝမရှိစေရဘူး ကိုယ်အ လေးချိန် မကျအောင် ဂရုစိုက်ရမယ်၊ ဝမ်းမပျက်စေရဘူး၊ သံ မထစေရဘူး ဘာညာပေါ့လေ၊

တစ်လတစ်ခါ သူ့တပည့် ဆရာဝန်ဆရာမတွေနဲ့ ကျန်း မာရေး ဆေးစစ်ခိုင်းလေ့ရှိတယ်၊ ဒါကြောင့် ကျွန်မကို သူတို့က လက်ဖျားနဲ့ မတို့ဝံ့ပေမယ့် ပြုံးစူစူ အော်ငေါက်မှုမျိုးတော့ အမြဲ လုပ်လေ့ရှိတယ်"

"အဲဒါ နီးဖခင်ကြောင့် နီးလုံခြုံမှုရခဲ့တာပေါ့၊ ဖခင်ဆို တာ သားသမီးအပေါ် မိခင်လို ရင်အုပ်မကွာ မစောင့်ရှောက်ပေ မယ့်၊ နီးဘဝဟာ သူများတွေထက် အများကြီး သာခဲ့တာပေါ့"

"ဖေဖေ နီးကို မချစ်ပါဘူး ဝတ္တရားအရပါ"

"ဟိတ်. . မိဘကို ဒီလိုမပြောရဘူး"

"နာနီနဲ့ အန်တီစိမ်း ပြောပြဖူးတယ်၊ ကျွန်မမွေးပြီး မေမေသေသွားလို့ဆိုပြီး ဖေဖေက ဂြိုဟ်ကောင်မလေးဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



မချစ်ဘူးတဲ့၊ ဒါကြောင့် ပစ်ထားတာလို့ ပြောတယ်"

"ပစ်မထားပါဘူး ပစ်မထားလို့ နိုးဘဝမှာ မှားယွင်းတော့မယ်သိတာနဲ့ ကိုယ်နဲ့ လက်ထပ်ဖို့ နိုးကို စီစဉ်တာပေါ့"

နိုးက မိုးစွေကို တအောင့်စိုက်ကြည့်သည်။ ပြီးတော့ ဟက်ဟက်ပက်ပက် ရယ်ချလိုက်သည်။

"ကျွန်မ မောင်နဲ့ချစ်ခြင်းဟာ မှားယွင်းခြင်းလား၊ မောင်နဲ့လက်ထပ်ဖို့ ဆုံးဖြတ်ခြင်းဟာ မှားယွင်းတော့မှာလား"

"သားသမီးကို ဆင်စီးမြင်းရံတာပဲ မြင်ချင်တာ မိဘရဲ့ စေတနာဖြစ်သလို၊ ချစ်သူရဲ့ဘဝကို မြှင့်တင်ပေးချင်တာလည်း ချစ်သူရဲ့ စေတနာပါ နိုး"

"ဟုတ်တယ်မောင် ကျွန်မကို လက်မထပ်တာလည်း မောင့်စေတနာလို့ ကျွန်မနားလည်ထားတယ်၊ ဒါကြောင့် မောင့်ကို ကျွန်မသိပ်သနားတယ်၊ မောင်နဲ့ဒုက္ခတွေ မျှဝေခံစား တိုက်ဖျက်ပေးချင်တယ် ဒီအတွက် ကျွန်မမှားလား"

မိုးစွေ သက်ပြင်းချလိုက်မိသည်။

သူတို့မမှားကြဘူး မှားတာမိမိတစ်ယောက်တည်း. . .

နိုးကို တရားသဖြင့် ရယူပိုင်ဆိုင်ချင်တယ်။

"ရှင်ကြီး ဘာစဉ်းစားနေတာလဲလို့ ပြောလေ"

ဪ. . ကိုယ် ကြားဖူးတဲ့ဆိုရိုးကလေး သတိရလိုက်လို့ပါ"

"ဘာ ဆိုရိုးလဲဟင်"

"တဲအိမ်အတွင်းသို့ ဆင်းရဲတွင်းတို့ ရောက်ရှိလာသော





အခါ အချစ်သည်ပြတင်းပေါက်က ခုန်ချထွက်ပြေး သွားသည်တဲ့လေ"

"မဖြစ်နိုင်ဘူး. . ဒါဟာ အချစ်တုပဲ ထွက်ပြေးသွားတာဖြစ်နိုင်တယ်၊ အချစ်စစ်ဟာ ဘယ်သောအခါမှ ထွက်မပြေးဘူး"

"ဪ. . နိုးရယ် ခရောင်းလမ်းကို မင်းမလျှောက်ခဲ့ဘူးသေးတော့ စိတ်ကူးယဉ်နန်းတော်ကို မင်းတည်ဆောက်ပေဦးတော့မှာပေါ့ "

"ရှင်ကြီး တစ်ဖက်သတ် မစွပ်စွဲနဲ့ ရှင်ကြီး အချစ်မရှိဘူးလား"

"ရှိတာပေါ့၊ ရှိတာမှ အများကြီးဘဲ၊ ဒါပေမယ့် အဲဒါတွေဟာ အတုတွေဖြစ်လို့ ထွက်ပြေးကုန်ပြီ အခုမှ တကယ့်အစစ်နဲ့တွေ့တာ၊ တွေ့တော့ သိပ်ခက်ခဲနေတယ်၊ အဟင်း. . နိုး မင်းကိုယ့်ကို ကတိတစ်ခု ပေးရလိမ့်မယ်"

"ဘာကတိလဲ"

"မနက်ဖြန် မင်းချစ်သူနဲ့ ညှိနှိုင်းလို့ မင်းဆန္ဒ မအောင်မြင်ဘူးဆိုရင် ကိုယ့်ကို ရှောရှောရှူရှူနဲ့ လက်ထပ်ရမယ်နော်"

နိုး မိုးစွေကို ဖျက်ခနဲ လှမ်းကြည့်လိုက်သည်။

"ရှင်ကြီး အကောက်ဉာဏ်တော့ မကြံပါဘူးနော်"

"နိုး မင်းကိုယ့်ကို စော်ကားတာ နှစ်ခါရှိပြီနော်"

"ကျွန်မ သိချင်လို့မေးတာပဲ စော်ကားလိုစိတ် လုံးဝမရှိဘူး"

"ဘာပဲဖြစ်ဖြစ်၊ မင်း နောက်ကို အဲဒီလိုစကားမျိုးမပြော



www.burmeseclassic.com

www.burmeseclassic.com



မိစေနဲ့ကွာ”

“ပြောမိရင်ကော”

“ကိုယ့်စိတ်ထိခိုက်မိမှာ အမှန်ပဲ”

“ကောင်းပြီ ကျွန်မသတိထားပါ့မယ်၊ ကျွန်မကြောင့် ဘယ်သူမှ ဒုက္ခမရောက်စေချင်ဘူး ဖြစ်လာမဲ့ဒုက္ခမှန်သမျှကို ကျွန်မတစ်ယောက်ထဲပဲ ခါးစည်းခံလိုက်ချင်ပါတယ်”

“လေးစားပါတယ် နှိုး၊ အဲဒီစကားလေးတွေဟာ မင်းရဲ့ စိတ်ရင်းအမှန်ဆိုရင် မင်းကို ကိုယ် ချီးကျူးပါတယ်”

နှိုး မနေတတ်ဘဲ ရှက်သွေး ဖြင့် မျက်နှာကလေး ရဲခနဲ ဖြစ်သွားသည်။

မိန်းကလေးများ ရှက်သည့်အခါ ပို၍အလှကြွယ်တတ် လေသည်။ ထိုအရှက်ပိုသည့် မျက်နှာလေးကိုပင် စွဲမက်စရာဟု မိုးစွေရင်ထဲ သိမ့်ခနဲ တုန်ခါသွားလျက် ။







# အခန်း(၄)

နှိုးရင်ထဲ နင့်ခနဲ ဖြစ်သွားသည်။ သစ်လုံးတိုင်၊ သစ်သား ခင်း ပျဉ်ကာမနိမ့်မိုး အိမ်ကလေးကို တဲအိမ်ဟု သတ်မှတ်ရလျှင် မောင့်အိမ်သည် တဲအိမ်သာသာပါပဲ။ ကားဝင်၍ မရသဖြင့် ကား ကို ဝင်၍ရသည့်အထိ ဝင်ပြီးရပ်ထားခဲ့သည်။

မြို့သစ်ဖြစ်သဖြင့် ခလုတ်တံသင်းကတစ်မျိုး သစ်ပင် ကြီး ရိပ်မရှိသဖြင့် ပူလောင်မှုကတစ်မျိုး လေပူတစ်ချက်အဝှေ့



www.burmeseclassic.com

www.burmeseclassic.com



ဖုန် အလိပ်လိုက် တိုးဝင်တိုက်သွားမှုကို ခံလိုက်ရသည်ကတလီ နိုး ဒုက္ခနှင့် ရင်ဆိုင်လိုက်ရသည်။

"သတိထား နိုး"

ဒေါက်ဖိနပ်ကို နှစ်နှစ်သက်သက်စီးတတ်သော နိုး အတွက် ဖုန်းဆိုးလမ်းက ဒုက္ခပေးလေတော့သည်။

ချော်လဲတော့မည်က အခါခါ ထိုအကြိမ်များ၌ သတိကြီးစွာလှမ်းဆွဲပြီး ဖေးမလိုက်သည်က မိုးစွေ။

ခြေတန်ရှည် သစ်လုံးတိုင်ကြောင့် အောက်ခြေစိုက်တွင် လူတစ်ရပ်လွတ်သည်။ ထိုနေရာ၌ ကွပ်ပျစ်တစ်လုံးရှိနေသည်။ ထိုကွပ်ပျစ်ပေါ်၌ လူတစ်ယောက် အိပ်စက်နေသည်။ ထိုသူသည် နေ့ကိုညထင် ညကိုနေ့ထင်သော မောင်ကလွဲ၍ အခြားမည်သူမှ မဖြစ်နိုင်ချေ။

နိုး အားတက်သွားသည်။

ခြေလှမ်းတို့သည် ပို၍မြန်ဆန်လာသည်။

"မောင်ရှိနေတယ်"

မိုးစွေရင်ထဲ နာကျင်မှုက တဆစ်ဆစ်နှင့် ဝေဒနာပိုတိုးလာသည်။ သို့သော် ထိုနာကျင်မှုကို သည်းခံလိုက်ပြီး နိုးနှင့်အတူ အမီလှမ်းလိုက်သည်။

နိုး၏ ချစ်သူကို အနီးကပ် မြင်တွေ့ရသောအခါ မိုးစွေ စိတ်ပျက်သွားသည်။ အိပ်မောကျနေသည့်အပြင် ခန္ဓာကိုယ်ကလည်း ကြံ့ခိုင်မှုနှင့် အသားညိုညိုနှင့် ဆွဲဆောင်မှု မရှိသော ယောက်ျားတစ်ဦး။





"မောင်. . . ဟော့လူ ထလေ၊ ဧည့်သည်လာတယ်"

နိုး သူ့အနားကပ်ကာ ကုန်းအော်လိုက်သည်။

"ဟော. . ."

အိမ်ပေါ်မှာ မြီးကောင်ပေါက်အရွယ် ကောင်လေးတစ်ယောက်နှင့် နိုးနှင့် မတိမ်းမယိမ်း အမျိုးသမီးတစ်ယောက်လည်း ဆင်းလာသည်။

"ကိုကိုကြီး. . ထ. . ထ၊ ဧည့်သည်လာတယ်"

မိန်းမပျိုက ကာလနဂါး၏ ပခုံးကို လှုပ်ကာ နှိုးလိုက်သည်။

"ဟော"

ဒုတိယံပိ ဟောနှင့်အတူ မျက်လုံးကို ပွတ်ပြီး မလှမ်းမကမ်း၌ ချွတ်ထားသော မျက်မှန်ကို စမ်းတဝါးဝါး ရှာဖွေသည်။

မိုးစွေက အထူးအဆန်းသဖွယ် ငေးကြည့်နေမိသည်။ နောက် နိုးအား မသိမသာ အကဲခတ်လိုက်သည်။ နိုးသည် စိတ်ပျက်ပုံမရ ကြည်ကြည်နူးနူးပင် ကြည့်ကာ. . .

"မောင် အိပ်မက်,မက်နေသလား"

"ဟင်. . နိုးနိုး ဘာကိစ္စ ဘယ်လိုဘယ်က"

"ကဲပါမောင်ရယ် မျက်နှာသွားသစ်ချေဦး၊ မောင်နဲ့ ဆွေးနွေးစရာရှိလို့ လိုက်လာတာ"

"ကိုကိုကြီး ဧည့်သည်တွေ အိမ်ပေါ်ခေါ်လေ"

"အိမ်ပေါ်ကြွကြပါ. . . မျက်နှာသစ်လိုက်ဦးမယ်"

မောင်က သူစိမ်းဆန်သောအပြောနှင့် နိုးတို့အား ပြော၊



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ နိုးရင်ထဲ ဘဝင်မကျနိုင်သဖြင့် နေရာက မရွေ့ရှားပဲ မောင့်အား မှုန်တေတေနှင့် ကြည့်လိုက်သည်။

မိုးစွေက နိုး၏ အတွင်းစိတ်ကို ရိပ်မိပြီး. . .

"ကိုင်း. . နိုး သူနဲ့ စကားပြောနှင့်ပါ ကိုယ်အိမ်ပေါ်က ထိုင်စောင့်နေပါ့မယ်"

မိုးစွေ အိမ်ပေါ်ထပ်သို့ တက်ခဲ့လေသည်။

"ဟင်. . မင်းတို့အမေ နေမကောင်းဘူးလား"

ဧည့်ခန်း၏ ထောင့်တစ်နေရာ၌ လူနာတစ်ဦးကို မိုးစွေ မြင်လိုက်ရသဖြင့် စိတ်ညစ်ညူးသွားသည်"

"ဟုတ်ကဲ့"

"ဘာရောဂါလဲ"

"မသိဘူး ဖျားနေတာပဲ ချောင်းလည်းဆိုးတယ်"

"ဆေးရုံ မပြဘူးလား"

"ဆေးရုံနဲ့က ဝေးတယ်"

"ဒါဖြင့် ဆေးခန်းကော"

"ဗမာဆေးနဲ့ပဲကုတယ်"

"ဖြစ်တာ ကြာပြီးလား၊ အိမ်တံခါးတွေ ဖွင့်လိုက်ပါဦး၊ လေကောင်းလေသန့် မရတော့ လူနာအတွက် ဘယ်ကောင်းမလဲ"

မိုးစွေ၏ ဆရာဝန်စိတ်က ပေါ်လာသည်။

မိန်းကလေးက "ဟုတ်ကဲ့" ဟုဆိုကာ ပြတင်းပေါက်များ ထဖွင့်သည်။ မိုးစွေထိုင်ရန် ဖျာအသစ်တစ်ချပ် ထုတ်လာပြီး





ဖျာပျာသလဲ ခင်းပေးရှာသည်။

"မင်းက ကိုသက်ဝေ ညီမလား"

"ဟုတ်ကဲ့"

ထိုစဉ် အဟွတ်ဟွတ် ဟူသော ချောင်းဆိုးခြင်း နှင့်အတူ လူနာလန့်နိုးလာသည်။

"တို့က ဆရာဝန်ပဲ၊ မင်းအမေကို နည်းနည်း စမ်းသပ်ချင်တယ် ခွင့်ပြုမလား"

မိန်းကလေးက အံ့အားသင့်သွားပုံရသည်။

"ဟုတ်. . ဟုတ်ကဲ့ဆရာ"

မိုးစွေလည်း မဆိုင်းမတွပင် လူနာ၏ လက်ကောက်ဝတ် သွေးခုန်နှုန်းနှင့်တကွ မျက်လုံးဖြဲကြည့် လျှာထုတ်ခိုင်းပြီး ကြည့်ရင်နှင့် ဝမ်းဗိုက်ကို လက်နှင့် နှိပ်စမ်းသပ်ကြည့်ခြင်းတို့ကို စိတ်ရှည်လက်ရှည် စမ်းသပ်ပြီး. . .

"မင်းတို့ ဗမာဆေး ဖြတ်လိုက်ရင် ကောင်းမယ်"

"အမေ့မှာ ဘာရောဂါရှိသလဲ"

"သေချာအောင် ဆေးရုံမှာ ဓါတ်မှန်တို့ဘာတို့ ရိုက်ရင်တော့ ကောင်းတာပေါ့ လောလောဆယ်တော့ ငါဆေးထိုးပေးခဲ့မယ်၊ ဆေးလည်းပေးမယ် နေနေငါသွားဝယ်ပေးမယ် ချာတိတ်က ငါနဲ့လိုက်ခဲ့"

"ဟုတ်ကဲ့"

မိန်းကလေးက သူ့မောင်အား ခပ်တိုးတိုးပြောကာ သူ၏ နားကပ်ကလေးကို ချွတ်ပေးဟန် မြင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ချာတိတ်မ ဘာလုပ်တာလဲ"

"ဆေးဝယ်ဖို့"

"ထားလိုက်စမ်း ဘာမှမပူနဲ့ . . ငါ ဒါနဲပြချင်လို့"

"သာခု . . သာခု . . အဟွတ် . . ဟွတ် . . သာခု"

မိုးစွေ အောက်သို့ဆင်းလာသည်။

နိုးနှင့် သက်ဝေက ကွပ်ပျစ်ပေါ်တွင်ထိုင်ကာ စကားအခြေအတင် ပြောနေကြသည်။

သူ့ကိုမြင်တော့ ပြောလက်စ စကားတွေရပ်သွားပြီး နိုးက . . .

"ဟင် . . ပြန်တော့မလို့လား"

"မဟုတ်ဘူး၊ မင်းနေခဲ့ပါ ကိုယ်ကိစ္စရှိလို့ ဒီချာတိတ်နဲ့ မြို့ထဲခဏသွားလိုက်ဦးမယ်"

"ကျွန်မ လိုက်ခဲ့မယ်လေ"

"မလိုက်ပါနဲ့ . . . မင်းကိစ္စကိုသာ မင်းပြီးပြတ်အောင် ဆောင်ရွက်ပါ၊ ကိုယ့်ကိစ္စက မင်းနဲ့မဆိုင်ပါဘူး"

မိုးစွေက ပြတ်သားစွာ ပြောဆိုပြီး ထွက်ခဲ့လေသည်။

မိုးစွေကို နိုးက အံ့အားသင့်စွာ ငေးကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

"ဘာဖြစ်သွားတာလဲ"

"မသိဘူးလေ"

မောင့် အမေးကို နိုးကဖြေလိုက်သည်။

"နိုး အမေ့ကို တက်ကြည့်ဦးမလား"





"အင်း"

"နိုး မောင့်ဘဝကို တိုးဝင်ဖို့ အရင်ကြည့်ပါ၊ ညီမလေးက ဈောင်လေးပင်ဈေးထဲက ကုန်စုံဆိုင်မှာ အငှားကူညီရောင်းတယ်၊ ညီလေးလည်း ဒီလိုပဲ တောက်တိုမယ်ရ ကျပန်း လုပ်နေရတယ်၊ မောင်လည်း အလုပ်ရှာနေတယ် အားလုံးဟာ စားနိုင်ရုံအနိုင်နိုင်ပဲ၊ အမေ့ဆေးဖိုးကိုရှာဖွေရင်း ကြွေတင်နေတယ်၊ နိုးနိုးနဲ့မောင် လက်ထပ်လိုက်ရင် နိုးနိုးဆင်းရဲမယ်၊ မောင့်ဆီက နိုးနိုး သုခမရဘူး ဒုက္ခပဲရမယ် မောင်နိုးနိုးကို ဒုက္ခမပေးချင်ဘူး သုခပဲပေးချင်တယ်၊ ဒါကြောင့် တမင်ရှောင်ခဲ့တာ နိုးနိုး နားလည်ပါ"

မောင်က အေးဆေးစွာပြောပြလေသည်။

နိုး မောင့်အား တုံ့ပြန်မပြောတော့ဘဲ အိမ်ပေါ်သို့ တက်ခဲ့သည်။ မောင့်ညီမလေးက ရေနွေးပန်းလေး လာချပေးသည်။ နိုးက ပြောင်လက်မှုမရှိသော ရေနွေးအိုးနှင့် ပန်းကန်များကို ကြည့်ကာ ရေငတ်သော်လည်း သောက်ရန် မစဉ်းစား တော့ချေ။

မောင့်မိခင်ကြီးကို ကြည့်ကာ စိတ်ပျက်လက်ပျက် ဖြစ်မိလေသည်။

အနားသို့ပင် မကပ်ချင် . . .

"သမီးလေးက တကယ်ချောတာပဲကွယ် . . ၊ အဟွတ် ဟွတ်"

နိုးက အောက်သိုးသိုး အနံ့အသက် ညှီစို့စို့အနံ့များကို မနည်းအောင့်အည်းကာ အသက်အောင့်ပြီး . . .

"အပေါ်ထပ်က ပူတယ်နော်၊ အောက်မှာပဲနေတော့



www.burmeseclassic.com

www.burmeseclassic.com



မယ်. . အန်တီအိပ်ပါစေ"

ဟုပြောပြီး အောက်ထပ်ကို ပြန်ဆင်းခဲ့လေသည်။

သက်ဝေက နှိုး၏ အပြုအမူကို အကင်းပါးစွာ ရိပ်မိလေသည်။ အောက်ထပ်သို့ လိုက်ဆင်းရင်း. . .။

"ကိုင်း. . နှိုးနှိုး မင်း မောင်နဲ့ နေခဲ့နိုင်မလား"

နှိုး တွေဝေရသည်။

"ဆင်းရဲခြင်းဟာ ကဗျာတစ်ပုဒ်လို ခံစားလို့ကောင်းတဲ့ အရာတစ်ခုမဟုတ်ဘူး၊ ကဗျာဆိုတာ ခံစားမှုရသ အနုပညာ တစ်ခု ဖြစ်ပေမယ့် ဆင်းရဲတာဟာ ခံစားလို့ကောင်းတဲ့ ရသ အနုပညာတစ်ခု မဟုတ်ဘူး နှိုးနှိုး၊ စိတ်ကူးယဉ် မဆန်ချင်ပါနဲ့"

"ချစ်တာ စိတ်ကူးယဉ်ခြင်းမှ မဟုတ်ပဲ"

"ဒါဖြင့် မင်း မောင့်ကို လက်ထပ်မှာလား"

"အင်း. . ဖေဖေက ကျွန်မကို ပစ်ထားမယ် မထင်ပါဘူး၊ မောင် ကျွန်မနဲ့ လိုက်နေပေါ့"

သက်ဝေက ရယ်လိုက်သည်။

"မောင် လူဆင်းရဲတာ ခံနိုင်တယ်၊ စိတ်ဓါတ်ဆင်းရဲတာ ခံနိုင်မှာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

"မိန်းမ ထဘီနားခိုစားတဲ့လူအဖြစ် အပြောကို မောင် ပထမဦးဆုံး ခါးသီးစွာ ရင်ဆိုင်ရမယ်၊ နောက် သိုက်တူးသမား ဘာညာပေါ့၊ မောင့်သိက္ခာကို စော်ကားစေတဲ့ စကားတွေကို မောင် ရင်မဆိုင်နိုင်ဘူး၊ မောင်က ဆင်းရဲတာကို ခံနိုင်ရည်ရှိ





တယ် နေသားကျနေပြီ"

"မောင်ဆိုလိုတာက မောင်ကတော့ ကျွန်မဘဝထဲ ဝင်မလာနိုင်ဘူး၊ ကျွန်မကသာ မောင့်ဘဝထဲ ဝင်ရမယ်ပေါ့ ဟုတ်လား"

"ဟုတ်တယ်"

"ဒါတော့ မဖြစ်နိုင်ဘူး"

နှိုးက မောင့်အား စိတ်ပျက်စွာ ငေးကြည့်လိုက်သည်။

"ရှင် တစ်ကိုယ်ကောင်းဆန်တယ်"

"ဗျာ"

"ရှင့်ကိုရှင်တော့ အချစ်သူရဲကောင်းဘွဲ့ကိုခံယူပြီး ရှင့် ကဗျာအတွက် ဘဝသရုပ်ဖော်ဝတ္ထုတွေအတွက် ကျွန်မကို ကုန်ကြမ်းတစ်ခုလို သဘောထားခဲ့တာပေါ့"

"မင်း ယူဆချက်တွေ မှားနေပြီ နှိုး၊ မင်းက မောင့်ဘဝထဲ စတင်ဝင်လာတာ မောင်က မင်းကိုမောင့်ဘဝထဲကို ဝင်နိုင်မယ်ထင်တဲ့အတွက် ရင်ဖွင့်ကြိုခဲ့တာပါ"

နှိုး မကျေမနပ် ဖြစ်နေသည်။

သက်ဝေ၏ ကဗျာများသည် ချစ်စရာ ကောင်းသလောက် သက်ဝေ၏ ဘဝသရုပ်မှန်က ချစ်စရာမကောင်းချေ။

ထိုစဉ် မလှမ်းမကမ်း၌ မိုးစွေ၏ ပရာဒိုကားရပ်ပြီး မိုးစွေ လက်၌ရော သက်ဝေ၏ညီ ချာတိတ်လက်၌ပါ အထုပ်အပိုးများအပြည့်နှင့် ပါလာသည်။

မိုးစွေက သူ့လက်ထဲမှ အထုပ်တစ်ခုအား နှိုးလက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



သို့ ထည့်ပေးရင်း . .

"နိုး ဆာရင်စားဖို့ပါ၊ ကိုယ်အန်တီကို ကူသမှုပေးလိုက်ဦးမယ် နည်းနည်းတော့ကြာမယ်နော် ကိုသက်ဝေနဲ့ စကားပြောနေပါ"

နိုးက အထုပ်ကိုလှမ်းယူလိုက်သည် အိမ်ပေါ် သို့ လိုက်တက်မည်ဟု ကြံရွယ်လိုက်ပြီးမှ အနံ့အသက်များကို ခံနိုင်ရည်မရှိသည်ကို အမှတ်ရလိုက်ပြီး ကွပ်ပျစ်၌ပင် ထိုင်နေလိုက်သည်။

"ဆောရီကွာ. . နိုးနိုးတို့ ထမင်းစားဖို့ ကျွန်တော် စီစဉ်လိုက်ဦးမယ်"

"မစီစဉ်နဲ့ မစားတော့ဘူး၊ ဦးမိုးစွေ ဝယ်လာတာပဲ စားတော့မယ်"

"မဟုတ်ဘူးလေ၊ ကျွန်တော်က အိမ်ရှင်ပဲ နိုးနိုး၊ အိမ်ရှင်ရဲ့ ဝတ္တရားကို ကျွန်တော်ကျေပြွန်ချင်တယ်"

"သဘောပဲ"

နိုးသ သက်ဝေကို မတားတော့ဘဲ ကြည့်နေလိုက်သည်။

သက်ဝေက အပေါ် တက်သွားသည်။

နိုးက မိုးစွေဝယ်လာပေးသော ငါးမုန့်ကြော်ထုပ်ကို ဖောက်ကာစားလိုက်ပြီး ဆန်းကစ်ဘူးကို ဖောက်သောက်လိုက်သည်။ ယခုမှ ရေငတ်ပြေသွားတော့သည်။

နိုး စားရင်းသောက်ရင်း တွေးတောလိုက်သည်။

ဖုန်ထူသော လေပူသော နေပူသော သဘာဝကိုကြံ့ကြံ့ခံ အန်တုနေသော ဤခြေတန်ရှည် အိမ်ကလေး၌ မိမိနေခဲ့နိုင်မည်





လား။

သက်ဝေ၏ ညီလေးနှင့် ညီမလေးက သူထိုင်နေသော ကွပ်ပျစ်ကျယ်ကြီး၌ ထမင်းစား စားပွဲဝိုင်းကို ချပြီးစားပွဲခင်းကာ ထမင်းပွဲတစ်ခုကို အသေသပ်ဆုံးနှင့် အကောင်းဆုံးပြင်ဆင်နေလေသည်။

"ဘာဖြစ်လို့ ပြင်တာလဲ တို့မစားဘူး"

"နည်းနည်းတော့ဖြစ်ဖြစ် စားပါ၊ ဆရာက စားမယ်တဲ့"

ဆရာဆိုသည်မှာ မိုးစွေကိုခေါ်ခြင်းဖြစ်ကြောင်း နိုး သိလိုက်သည်။

မိုးစွေသည် အမ်ဘီဘီအက်(စ်)ဘွဲ့ရဖြစ်သော်လည်း ဆေးကုမစားဘဲ ကုမ္ပဏီထောင်စားနေသူဖြစ်သည်။ မိုးစွေ ဆရာဝန်တစ်ဦးဖြစ်သည်ဆိုတာကို နိုးပင်မသိခဲ့ချေ။ ဖေဖေ ပြောပြခဲ့ဖူးခြင်းကိုလည်း နိုး အမှုမဲ့အမှတ်မဲ့ဖြစ်ခဲ့သည်။

မိုးစွေ၏ လူနာကိုအားပေးသံ လူနာရှင်နှင့် စကားပြောသံတို့မှာ ညံစီနေသလောက် နိုးမှာ အတွေးအိမ်၌ ချာချာလည်နေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၅)

“ငါးရံ့ခြောက်ဖုတ်နဲ့ ငါးရံ့အူချက်ကလေးနဲ့ ငါးရံ့ခေါင်းချဉ်ရည်နဲ့ဆိုတော့ ငါးရံ့ဝမ်းဆက်ပေါ့ သုံးဆောင်ပါ ဒေါက်တာ”

သက်ဝေက ဧည့်ဝတ်ကျေပွန်စွာ ကျွေးမွေးလေသည်။

မိုးစွေက လက်ကိုစင်စင်ဆေးပြီး လက်နဲ့ပင် မြိန်ရေရှက်ရည် သုံးဆောင်လေသည်။

“ညီတော်မောင် ကောင်းမှုလေ၊ ငါးဒိုင်တွေမှာ သွား





လုပ်တော့ ငါးရံ့ခြောက်ကတော့ မပြတ်ဘူး၊ ငါးဟင်းကတော့ အလျှံပယ် စားလို့ရတယ်”

“ကောင်းတယ် လတ်ဆတ်တယ်၊ ကိုသက်ဝေပါ တစ်ခါတည်း ဝင်စားပါလားဗျာ၊ ကျွန်တော်တို့ချည်းပဲဆိုတော့”

“ကျွန်တော် တကယ်မဆာသေးလို့ပါ၊ ဒေါက်တာတို့ရောက်လာလို့ မလာရင် ခုချိန်ဟာ အိပ်မက်မက်လို့ အကောင်းဆုံးဖြစ်မှာ”

ဆန်ကြမ်းထမင်းဖြစ်ခြင်းကြောင့် ဇွန်းကို ကိုင်ပြီး ငိုင်နေသော နိုးအား မိုးစွေက. . .

“စားလေ နိုး”

“မစားတော့ဘူး၊ စောစောက ငါးမုန့်ကြော်နဲ့ အအေးသောက်ထားလို့ ဗိုက်တင်းသွားပြီ”

“မဟုတ်တာ နိုးရယ်၊ အိမ်ရှင်တွေရဲ့ စေတနာကို အသိအမှတ်ပြုတဲ့အနေနဲ့ နည်းနည်းဖြစ်ဖြစ် ဝင်သလောက် စားမှပေါ့”

မိုးစွေက အားနာသဖြင့် နိုးအား တိုက်တွန်းသည်။ နိုးကခေါင်းမာစွာဖြင့် ထိုင်နေလေသည်။

သက်ဝေက ခွင့်လွှတ်ပြုံးဖြင့် ပြုံးကာ. . .

“ထမင်းမစားချင်ရင် ငါးရံ့ခြောက်လေးတော့ စားပါလား နိုးနိုး”

နိုးက သက်ဝေအား မကျေနပ်သောအကြည့်ဖြင့် ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးစွေ အခြေအနေအရပ်ရပ်ကို နားလည်လိုက်လေသည်။

သို့သော် မသိကျိုးနွံပြုကာ ထမင်းကိုသာ ဗိုက်ဆာဆာနှင့် ခေါင်းမဖော်တမ်း စားလေတော့သည်။

"ကျွန်တော်က အစ်မတွေ တစ်ယောက်တစ်လက် ထမင်းခွံတဲ့အောက်မှာ ကြီးပြင်းလာတဲ့သူဆိုတော့. . . အစုံစားသတ္တဝါ ဖြစ်နေတယ်ဗျ"

မိုးစွေသည် ငါးရံ့အူကို နှစ်သက်စွာစားသကဲ့သို့ ငါးရံ့ခေါင်းဟင်းကိုလည်း သဘောတွေ့စွာ သုံးဆောင်လေသည်။ ငါးပိနှင့် အတို့အမြှုပ်ကလေးများကိုလည်း ခုံမင်စွာ စားပြလိုက်သေးသည်။

သက်ဝေ မိုးစွေကို လေးစားပြီးရင်း လေးစားသွားသည်။

မိုးစွေ၏ ကျေးဇူးများသည် မိမိအပေါ် အကြွေးတင်သွားလေပြီ။

မိခင်အတွက် လိုအပ်သော ဆေးကို ထိုးပေးခဲ့သည်။ သောက်ဆေးများကိုလည်း တစ်လစာ ဝယ်ပေးခဲ့သည်။ ညောင်လေးပင်ပြည်သူ့ဆေးရုံရှိ သူငယ်ချင်းဆရာဝန်ထံလည်း စာရေးပေးခဲ့သည်။ လူနာအတွက်လိုအပ်သော အာဟာရဖြစ်စေမည့် ဟောလစ်၊ မုန့်၊ နို့ဆီ၊ သကြားစသည်တို့ကိုလည်း ဝယ်ပေးခဲ့သည်။ ထိုမျှမက လိုအပ်တာသုံးရန်ဆိုပြီး မိခင်ခေါင်းအုံးအောက် ငွေတစ်ထပ် ထိုးထည့်ပေးသွားသည်။

သက်ဝေတို့ တားဆီး၍ မရ။





"ကျွန်တော့်ရဲ့ ဒါနဖြစ်မြောက်အောင် ခင်ဗျားတို့ လက်ခံခြင်းနဲ့ အကူအညီပေးပါဗျာ၊ ကျွန်တော်စိတ်ချမ်းသာပါရစေ"

ဟု မိုးစွေက စကားလှလှနှင့် တောင်းဆိုလိုက်သဖြင့် သက်ဝေ စိတ်မသက်သာစွာဖြင့် လက်ခံလိုက်သည်။

"အန်တီအသက်က ငယ်ပါသေးတယ်၊ ရောဂါကလည်း နုပါသေးတယ်၊ စိတ်ဆင်းရဲစရာတွေ မတွေးပါနဲ့၊ ဆေးကောင်းဝါးကောင်း အာဟာရပြည့်ပြည့် မှီဝဲလိုက်မယ်ဆိုရင် တစ်လအတွင်း ပျောက်ကင်းသွားမှာပါ"

မိုးစွေသည် သက်ဝေ၏ မိခင်အပေါ်၌ စေတနာ အပြည့်အဝထားကာ သက်ဝေတို့ မောင်နှမကို နှစ်သိမ့်မှု ပေးလိုက်သည်။

"မောင်ရင်က သက်ဝေ၊ ချာတိတ်မကကော"

"နှင်းဝေပါ မောင်လေးက ချစ်ဝေ"

"ဩော်. . အန်တီနာမည်ကကော"

"ဒေါ်ထားထားဝေပါ ဒေါက်တာ"

နိုးသည် ထမင်းစားရင်း စကားအမျှင်မပြတ် ပြောနေသော မိုးစွေကို အံ့အားသင့်စွာ ငေးကြည့်မိသည်။ ဤလူကို စကားနည်းလိမ့်မည်ဟု ထင်ထားခြင်းသည် သူ၏အမှားဖြစ်သည်။ မိုးစွေ စကားများများ ပြောတတ်သူပါလားဟု ဒီအိမ်ရောက်မှ သိလိုက်ရသည်။

"ချာတိတ်မလေး လူနာကို လေကောင်းလေသန့်ရတဲ့ နေရာမှာထား၊ နံနက်ခင်းရဲ့နေကို ကျောလှုမ်းပေး၊ ဒီနေရာက



www.burmeseclassic.com

www.burmeseclassic.com



မြို့သစ်ဆိုတော့ လေကောင်းလေသန့်ရပါတယ်၊ ဒါပေမယ့် ဖုန်တော့မရှူမိစေနဲ့ မင်းမေမေရောဂါက သွေးရောဂါကွ သိလား ဂရုစိုက်လိုက် စားကောင်းသောက်ကောင်းရင် ဝလာမှာပဲ စိတ်ချမ်းသာအောင်တော့ ထားကြနော်"

မိုးစွေသည် မိမိအား မေ့လျော့နေပြီလားဟု နိုး တွေးလိုက်မိသည်။

သက်ဝေထံလာခဲ့သည်မှာ နိုးဖြစ်သည်။ မိုးစွေက ညှော်မြောင် ယခုတော့ မိမိက ညှော်မြောင်သဖွယ် ဘေးကို အလိုလိုရောက်ရှိသွားလေသည်။

မိုးစွေသည် ထမင်းနှစ်ပန်းကန်စားအပြီးတွင် လက်ကိုဆပ်ပြာနှင့်ဆေးပြီး လက်သုတ်ပဝါအသစ်ကို အားမနာတန်းသေချာစွာသုတ်ပြီး. . .

"ဘယ်နဲ့လဲ နိုးဆုံးဖြတ်ချက်ရပြီးလား ညှိနှိုင်းပြီးကြပြီထင်တယ်"

သက်ဝေက မိုးစွေအား. . .

"အစကတည်းက ကျွန်တော် ဆုံးဖြတ်ချက်နဲ့ သူ့ကိုကျောခိုင်းခဲ့ပြီးပါပြီ"

"ကျွန်မကလည်း ရှင့်ကိုနားလည်သွားပါပြီ ရှင်၊ ရှင်ဟာ ကျွန်မကို ကုန်ကြမ်းတစ်ခုလို့ သဘောထားခဲ့တယ်ဆိုတာ ကောင်းကောင်းကြီး သဘောပေါက်ပါပြီ"

နိုး၏ အငေါ်အထူးကို သက်ဝေက အပြုံးမပျက် နားထောင်လျက်ရှိသည်။





မိုးစွေက သက်ပြင်းချလိုက်သည်။

သက်ဝေက မိုးစွေကို လေးစားသောအကြည့် အားနာသော အကြည့်ဖြင့်ကြည့်ကာ ထမင်းစား,စားပွဲသိမ်းနေသော အပါးမှ ညီမနှင့်ညီငယ် မရှိတော့သည်နှင့်. . .

"ကျွန်တော်နဲ့ နိုးနိုး ချစ်သူဖြစ်ခဲ့ပေမယ့် သန့်စင်ခဲ့ပါတယ်၊ စာနဲ့တယ်လီဖုန်းနဲ့ တွေ့ဆုံဖူးမှုသာများပြီး နှစ်ယောက်ထဲ ဘယ်အခါမှ မတွေ့ခဲ့ဘူးဆိုတာကို ဒေါက်တာ ယုံကြည်ပေးပါ"

နိုးက သတ္တိနည်းသော ယောကျ်ားဟု စိတ်တွင်း၌ မှတ်ချက်ချရင်း မျက်မှောင်ချိုး၍ ကြည့်လိုက်သည်။ နောက်ချက်ချင်းပင် ထိုင်ရာမှ ဆက်ခနဲ ထလိုက်သည်။

"ပြန်ကြရအောင် ရှင်ကြီး"

မိုးစွေက သက်ဝေတို့ မိသားစုကို အားနာသွားသည်။ ဘယ်သူ့မျက်နှာကိုမှ ထောက်ထားရကောင်းမှန်း နိုးသိပုံမရ စိတ်အခန့်မသင့်လျှင် မသင့်သလို လုပ်တတ်သော မိန်းကလေးတစ်ယောက်ဖြစ်သည်။

"ခဏနေပါဦးလား နိုး စားပြီး လမ်းကြည့်ဆိုသလို ဖြစ်နေပြီ"

"ဩော် ရှင်ကြီးက စားပြီးပြီကိုး ကျွန်မမှ ထမင်းမစားရသေးတာ"

"ဟုတ် မင်းကတော့ကွာ၊ ကိုင်း သဘောပါပဲ၊ ကိုသက်ဝေ ကျွန်တော်တို့ ပြန်တော့မယ်၊ ခင်ဗျားကို ကျွန်တော်ယုံကြည်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ ကျွန်တော့်ကိုလည်း နားလည်ခွင့်လွှတ်ပေးပါ"

"ကျွန်တော် အားလုံးကို သဘောပေါက်ခွင့်လွှတ်ပြီး သားပါ၊ ဒေါက်တာလည်း အားလုံးပြီးဆုံးသွားခဲ့ပြီလို့ မှတ်ယူပြီး မေ့ပျောက်ပစ်လိုက်ပါ"

မိုးစွေက ခေါင်းညိတ်ပြီး. . .

"နိုးနဲ့ ပတ်သက်ပြီး အားလုံးကို မေ့ပျောက်နိုင်ပေမယ့် ကျွန်တော့်လူနာကိုတော့ ကျွန်တော်မေ့ပျောက်မှာ မဟုတ်ဘူး၊ လမ်းကြုံရင် လာကြည့်ပါရစေဦး"

"ဒေါက်တာရဲ့ မေတ္တာစေတနာကို အမြဲတမ်း တံခါးဖွင့်ကြိုဆိုလျက်ပါ ဒေါက်တာ"

နိုးက ခြံဝန်းထဲမှ ထွက်သွားပြီးဖြစ်သဖြင့် မိုးစွေ အမီလိုက်ရန်ခြေလှမ်းလိုက်သည်။ သက်ဝေပါ လိုက်ပါလာသည်။

ထိုစဉ် နှင်းဝေနှင့် ချစ်ဝေက ပလတ်စတစ်အိတ်ပါးနှင့် ငါးရံ့ခြောက်ကလေးငါးချပ်ကို ထည့်ကာ ဆွဲယူပြီး မိုးစွေနှင့် သက်ဝေနောက် ပြေးလိုက်လာသည်။

တစ်ဦးမေတ္တာတစ်ဦးမှာဟူသည့် စကား၏ အဓိပ္ပါယ် မိုးစွေသဘောပေါက်မိလေသည်။ ကားအထိ မောင်နှမသုံး ယောက်ပို့ပေးပြီး ငါးရံ့ခြောက်ကိုပါ နောက်ခန်းထဲ ထည့်ပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ် ကိုယ့်မေမေက သိပ်ကြိုက်တာ၊ ကိုင်း အားလုံးသွားမယ်၊ ကိုသက်ဝေ ရန်ကုန်ရောက်ရင် ဝင်ခဲ့ပါ"

"ဟုတ်ကဲ့ ကြိုးစားဝင်ပါ့မယ် ဒေါက်တာ"





မျက်နှာညိုညိုနှင့် နိုးက သက်ဝေကို မနှုတ်ဆက်ပဲ နှင်းဝေနှင့် ချစ်ဝေကိုသာ နှုတ်ဆက်သည်။

သက်ဝေက စိတ်မကောင်းဖြစ်မိသော်လည်း အားလုံး အတွက် အကောင်းဆုံးသော ဆုံးဖြတ်ချက်ဖြစ်သည်ဟု ယုံကြည်သည့်အတွက် နောင်တရခြင်း မဖြစ်မိပါချေ။

မိုးစွေတို့ကား ထွက်ခွာသွားသည်ကို မြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ ငေးမောကြည့်ရှုနေပြီးမှ မောင်နှမသုံး ယောက်သည် အတွေးကိုယ်စီနှင့် နှုတ်ဆိတ်စွာဖြင့် အိမ်ဘက် ဆီသို့ လှည့်ပြန်လာကြသည်။

တကယ်ပင် အားလုံးပြီးဆုံးသွားခဲ့လေပြီ. . .။

အိပ်မက်ကဗျာ တစ်ပုဒ်ပြီးဆုံးသွားခြင်းပါဟု သက်ဝေ နှုတ်ယုံကြည့်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၆)

"ရှင်ကြီးက အင်အားနဲ့ အနိုင်ယူပြလိုက်တာပေါ့ ဟုတ်လား"

"ဘာတွေလဲ၊ မင်း ဘာတွေ လာပြောနေတာလဲ ကိုယ် နားမလည်ဘူး"

"ရှင်ကြီး နားမလည်ချင်ဟန်ဆောင်မနေပါနဲ့၊ ရှင်ကြီးက သိပ်ကိုပါးနပ်တဲ့ လူပါ"

မိုးစွေက ဘာပဲပြောပြော သည်းခံလိုက်ပြီး ပဲခူးစားတော်ဆက်တစ်ခု၌ ရပ်လိုက်သည်။

"ထမင်းစားမလား"





"ဟင့်အင်း ဒီမှာမစားချင်ဘူး"

"ဒါဖြင့် ဘယ်မှာ စားမလဲ"

"ဆယ်မိုင်ကုန်းရောက်မှ"

"သဘောပဲ"

မိုးစွေ နှီးကို အများကြီး စိတ်ရှည်ရလိမ့်မည်ဟု နားလည်ထားသည်။

"ကိုင်း ပြောပါဦး ကိုယ်ဘယ်လို ပါးနပ်သလဲဆိုတာ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူချင်လို့"

"မပြောဘူးကွာ၊ ဒီပွဲမှာ ရှင်နိုင်တယ် ပြိုင်ဖက်မရှိ ပန်းဝင်သွားပြီ"

"ကုသိုလ်ကံဆိုတာ ယှဉ်လို့ရကောင်းတဲ့ အရာမဟုတ်ဘူးလေနှီး"

"ကုသိုလ်ကံကို ငွေနဲ့ဖန်တီးလို့ ရတယ်နော်"

မိုးစွေက ယခုမှ နှီး၏ မကျေနပ်မှုကို ရိပ်မိလိုက်လေသည်။

"လက်စသတ်တော့ မင်းက ကိုယ်က သက်ဝေကို ငွေနဲ့ပေါက်ပြီး နောက်ဆုတ်ခိုင်းလိုက်တယ်လို့ မင်းဆိုလိုတာလား"

"အသိသာကြီးလေ"

"ထားပါတော့ မင်းကို ကိုယ်အနိုင်မယူပါဘူး၊ ကိုယ်ပြောခဲ့တယ် မဟုတ်လား၊ အချစ်သည် ဆင်းရဲခြင်း ရောက်လာတဲ့အခါ ပြတင်းပေါက်က ခုန်ချထွက်ပြေးသွားလေသည် ဆိုတာလေ၊ ရွှေဘုံစံမင်းသမီးလေးက ဆင်းရဲခြင်းကို ထိတ်လန့်သွား



www.burmeseclassic.com

www.burmeseclassic.com



ပြီဆိုတဲ့ အချက်ကို ကိုယ်မေ့ထားလိုက်ပါ့မယ်"

နိုး၏ အားနည်းချက်ကို မိုးစွေ သိသွားပြီဟု နိုးက နားလည်လိုက်ရာ မကျေနပ် မျက်စောင်းထိုးလိုက်လေသည်။

"ရှင်ကြီး ဆရာဝန်ဖြစ်ပြီး ဘာဖြစ်လို့ ဆေးကုမစားပဲ ငွေရတဲ့အလုပ်ပဲ လုပ်နေရတာလဲ"

"မြန်မာပြည်မှာ ဆရာဝန်ဖြစ်ပြီး ဆေးမကုတဲ့ ဆရာဝန်တွေအများကြီးပဲ၊ အဲဒီအထဲမှာ မိုးစွေတစ်ယောက် အပါအဝင်ဖြစ်ခဲ့တယ်၊ ဒါပေမယ့် ကိုယ် ဒေါ်ထားထားဝေကို ကုသပေးရင်း ကိုယ့်ပညာကို လူသားတွေအတွက် တတ်နိုင်သမျှ အသုံးချတော့မယ်လို့ ဆုံးဖြတ်လိုက်ပြီး နိုး"

"ကောင်းပါတယ် ဒါမှ အတတ်ပညာတွေ မှိုမတတ်မှာပေါ့"

"မင်းကော ဘာလုပ်မှာလဲ"

"ဘာမှမလုပ်ဘူး၊ ရှင်ကြီးလုပ်စာကိုပဲ ထိုင်စားတဲ့ အလုပ်ပဲ လုပ်တော့မယ်"

မိုးစွေက နိုးအပြောကို သဘောကျသဖြင့် ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

"ဟင် ဘာရယ်တာလဲ ကျွန်မစကားမှာ ရယ်စရာလည်း မပါပဲနဲ့"

"ရယ်စရာမပါတာကိုက ရယ်စရာဖြစ်နေလို့ပဲ နိုး၊ ကဲ ကိုယ်မေးမယ်၊ မင်းကိုယ်နဲ့ လက်ထပ်ဖို့ ရှောရှောရှူရှူ လက်ခံပြီးပေါ့ ဟုတ်လား"





"အစကတည်းက လက်ခံထားတာပဲ ရှင်ကသာ သူတော်ကောင်းဟန်ဆောင်ပြီး ကျွန်မကို သက်သက်သူ့ဆီလိုက်ပို့ပေးတဲ့ဟာ ကျွန်မက ပို့ခိုင်းတာမှ မဟုတ်တာ"

မိုးစွေက အလျှော့ပေးလိုက်သည်။

"ကိုသက်ဝေတို့ မိသားစုက ခင်မင်စရာကောင်းပါတယ်၊ ကိုယ်နှစ်ဘက်မိဘစကား မလွန်ခင်မှာ မင်းတို့အကြောင်းသိခဲ့ရင် အခြေအနေက တစ်မျိုးပြောင်းသွားနိုင်တယ်"

"တော်ပြီတော်ပြီ၊ ဘာမှထပ်မပြောနဲ့တော့ ဗိုက်ဆာပြီ၊ မြန်မြန်မောင်း မနက်စာနဲ့ ညစာ ပေါင်းစားရတော့မယ်"

"ဘယ်သူမပြု မိမိမှုတဲ့ စေတနာနဲ့ကျွေးတဲ့ထမင်းဝိုင်းက သန့်စင်ပါတယ်၊ မင်းရဲ့ထမင်းဟင်းတွေကမှ နောက်ကွယ်မှာ ဘယ်လိုချက်ပြုတ်နေမလဲဆိုတာ မင်းမြင်ရလို့လား တံထွေးပါချင်ပါမယ်၊ အချိုမှုန့်တွေ ဗလပွဖြစ်ချင်ဖြစ်မယ်၊ ရေစင်စင် ဆေးရဲ့လား၊ ဆံပင်ချည်ကွေးကော မပါဘူး ပြောနိုင်မလား"

"တော်ပါတော့ ဘာမှမစားတော့ဘူး။ အိမ်ပဲပြန်တော့"

မိုးစွေက ပြုံးလိုက်မိသည်။

"အိမ်ပဲ ပြန်မောင်းမှဖြစ်မယ်နိုး ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်အိတ်ကတ်ထဲမှာ တစ်ပြားတစ်ချပ်မှ မကျန်အောင် ဒေါ်ထားထားဝေကို ပေးခဲ့လိုက်ပြီဖြစ်လို့ပဲ"

ဟူသော စကားကို ရင်တွင်း၌သာ ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၇)

"လက်ထပ်ခြင်းဟာ တကယ့်မင်္ဂလာဖြစ်လို့ ကျွန်တော်တော့ ဧည့်သည်တွေကို စားချိန်စောင့်ခိုင်း၊ အချိန်ကုန်ခံရတဲ့ အလုပ်မျိုး ငွေကုန်ခံရတဲ့အလုပ်မျိုး မလုပ်ချင်ဘူး၊ ဘုန်းကြီးကျောင်းမှာ သံဃာကုန် ဆွမ်းသွားကပ်မယ်၊ နောက်နေ့ အိမ်မှာ မင်္ဂလာဆွမ်းထပ်ကျွေးမယ်၊ ဘိုးဘွားရိပ်သာ မိဘမဲ့ဂေဟာတွေ လှူ့ပျော်လှူမယ်"

ဟု မိုးစွေ၏ဆန္ဒကို နှစ်ဘက်မိဘက လိုက်လျောခဲ့သ





ဖြင့် ထိုကိစ္စများအားလုံး လုပ်ဆောင်ပြီးစီးသွားလေသည်။

မိုးစွေတို့အတွက် နီးလေး ဖခင်ဦးပြည့်စုံ လက်ဖွဲ့သော ခြောက်မိုင်ခွဲမှတိုက်သို့ နှစ်ယောက်သား ပြောင်းနေရသည်။

"ဒီအိမ်ကိုပဲ တန်းသွားရမှာလား ပေလီတို့ဘာတို့ မသွားဘူးလား"

အိမ်ရှေ့အရောက်တွင် နီးက ဗွေဖောက်လာသည်။

မိုးစွေက စိတ်ရှည်စွာဖြင့်. . .

"သွားတာပေါ့ကွာ၊ ဒါပေမယ့် သုံးလေးရက်တော့ အချိန်ပေးပါဦး၊ နိုင်ငံခြားကုမ္ပဏီကလူတွေ မနက်ဖြန် ရောက်လာသိမ့်မယ် သူတို့နဲ့ လုပ်ငန်းကိစ္စပြီးရင် သွားကြမယ်"

"သူ့အလုပ်ကြီးပဲ ပြီးမပြီးနိုင်ဘူး"

နီးက အိမ်ထဲသို့ ခြေဆောင့်ဝင်သွားလေသည်။ မိုးစွေက သက်ပြင်းချလိုက်သည်။

အသက်အားဖြင့်လည်းငယ် ပတ်ဝန်းကျင် ဗဟုသုတအလည်းနည်းပါး အတတ်ပညာကလည်း ဆယ်တန်းအောင်ရုံသာရှိသော မိန်းကလေးကို ဇနီးလုပ်မိခြင်းအတွက် သူစိတ်ရှည်ရမည်။ ဆံပင်ကတော့ စောစီးစွာ ဖြူနိုင်သည်။

နီးအတွက် အဖော်ရစေရန် နီး၏ဝေယျာဝစ္စကို လုပ်ပေးနေကျ အဖော်မိန်းကလေး ညိုချောကိုလည်းကောင်း၊ ခြံစောင့်ဦးဘကိုလည်းကောင်း ဦးပြည့်စုံ ထည့်ပေးလိုက်သည်။ မိုးစွေက အိမ်ကြီး၏ ခမ်းနားမှုကြောင့် ညိုချောတစ်ယောက်တည်း နိုင်နင်းမည်မထင်သဖြင့် အမိုးနှင့် ဖိုးခွားကိုပါ ခေါ်ခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အမိုးက မိုးစွေ၏ အထိန်းတော်ကြီး ဖြစ်သည်။ ဖိုးခွားက အမိုး၏တူဖြစ်ပြီး မိုးစွေက တောက်တိုမယ်ရ ခိုင်းရသည့် အဖော် ဖြစ်သည်။

"နိုး. . နေဦး အိမ်သားတွေနဲ့ မိတ်ဆက်ပေးဦးမယ်"

အပေါ်ထပ်သို့ တက်ဟန်ပြင်လိုက်သော နိုး၏ခြေလှမ်း သည် တုံ့ဆိုင်းသွားသည်။ စိတ်ရှုပ်ထွေးမှုဖြင့် နောက်သို့လှည့် ကာ မိုးစွေအား ဘုကြည့်ကြည့်သည်။

မိုးစွေက သည်းခံပြီး. . .

"လာပါဦး နိုးရယ်၊ နိုးရဲ့ အိမ်ကပါလာတဲ့ သူတွေကို နိုးသိပေမယ့် အမိုးတို့ကို နိုးမသိသေးဘူး မဟုတ်လား၊ အမိုးက နိုးအတွက် သံပုရာရည် ဖျော်ထားပေးတာ သောက်လိုက်ပါဦး"

နိုးက အမိုးဆိုသော အမျိုးသမီးကြီးအား လှမ်းကြည့် လိုက်သည်။ လာပြန်ပြီတစ်ယောက် မိမိဘဝကို အဲ့ဒီအိမ်တော် ပါ အမျိုးသမီးကြီးများ၏ လွှမ်းမိုးမှုအောက်ကိုကပဲ မလွတ်ကင်း နိုင်တော့ဘူးလား။

"တော်ပြီ မသောက်ချင်တော့ဘူး၊ ခုပဲ ကော်ဖီသောက် လာတာ သံပရာရည်သောက်လို့ ဖြစ်မလား အိပ်တော့မယ်"

နာနီ၏လက်၊ အဒေါ်၏လက်က လွတ်မယ်ကြံကာရှိ သေးသည် လာပြန်ပြီ. . အမိုးတဲ့၊ တော်ပြီ မိမိက အိမ်ကြီး၏ အရှင်သခင်မပဲ မိမိဘာသာမိမိသဘောနှင့် လုပ်ဆောင်မည်။ အားလုံးက မိမိအမိန့် နာခံရမည်။

မိုးစွေ နိုးကို ထပ်မံမတားဆီးတော့ဘဲ အမိုးအား အား





နာပြုံးလေး ပြုံးပြကာ. . .

"ကျွန်တော့်ကို သူစိတ်ကောက်နေလို့ပါ အမိုး၊ သူ့ကို ခွင့်လွှတ်လိုက်ပါနော် အမိုး"

"အမိုး နားလည်ပါတယ် သား၊ အသက်က ငယ်သေး တာကိုး အသိဘယ်ကြွယ်ဦးမလဲကွယ်"

"ဟုတ်တယ်အမိုးရယ်၊ အမိုးလက်ကိုပဲ အပ်ထားရမှာပဲ၊ တတ်နိုင်သမျှ ဖေးဖေးမမနဲ့ သွန်သင်ပေးသွားပါ အမိုး၊ သူဘယ် လောက်ဆိုးဆိုး ကျွန်တော့်မျက်နှာကို ထောက်ထားပြီး အမိုး သည်းခံပေးပါ"

"သားရယ် အမိုးကို ဒီလောက်အထိ ရှင်းပြနေဖို့ မလိုပါ ဘူး၊ အမိုးနားလည်ပါတယ်"

"ကျေးဇူးတင်ပါတယ် အမိုး"

မိုးစွေက သံပရာရည်ကို နှစ်ခြိုက်စွာ သောက်လိုက် သည်။

နိုးနှင့် ပတ်သက်၍ သူ စိတ်ရှုပ်မှု စတင်လာသည်။ နိုး သည် ရုပ်လှသလောက် မနော‌လေးပါလှမည်ဆိုလျှင် အဘယ်မျှ ကောင်းလိမ့်မည်နည်း။

"ညိုချောနဲ့ ဦးဘကလည်း အမိုးနဲ့ ဖိုးခွားကို သားချင်း သို့ သဘောထားပြီး အစစအရာရာ တိုင်တိုင်ပင်ပင်နဲ့ စည်းစည်း လုံးလုံးနေကြပါ၊ ကျွန်တော်ကတော့ သိတဲ့အတိုင်း မိုးလင်းကနေ မိုးချုပ်အထိ အိမ်ပြန်ကပ်နိုင်မယ့်သူ မဟုတ်ဘူး၊ နိုးကို အစစ အရာရာ လိုလေသေးမရှိ ဂရုစိုက်ပေးကြပါ၊ အမြင်မတော်တာ



www.burmeseclassic.com

www.burmeseclassic.com



ရှိလည်း လူကြီးဖြစ်တဲ့ ဦးလေးဘနဲ့ အမိုးက ပြောဆိုဆုံးမနိုင်ပါတယ်"

"စိတ်ချပါဆရာ ကျွန်တော်. . ."

"မဟုတ်တာ ဦးလေးသူ့ရယ် ကျွန်တော့်ကို မောင်မိုးစွေလို့ပဲ ခေါ်နိုင်ပါတယ်၊ ဦးလေးအသက်က ဖေဖေ့လောက်ရှိတာပဲ"

မိုးစွေ၏ လိမ္မာယဉ်ကျေးခြင်းကြောင့် ဦးဘကော ညိုချောပါ ချစ်ခင်လေးစားသွားလေသည်။ နှိုးအတွက်တော့ မျက်နှာပူရလေသည်။ နှိုးအကြောင်းက အတွင်းသိအစင်းသိ ဘယ်သောအခါမှ အလိုမပြည့်တတ် ဒေါသကလည်း ကြီးသေးသည်။

မိုးစွေက အားလုံးကိုနှုတ်ဆက်ပြီး အပေါ်ထပ်သို့ တက်ခဲ့လေသည်။

နှစ်ယောက်အိပ် ခုတင်ကြီး၏ ညာဘက်တွင် နှစ်ခြိုက်စွာ အိပ်မောကျသော နှိုးကို တွေ့လိုက်ရသည်။

အပြင်အဝတ်အစားပင် မလဲဘဲ အိပ်မောကျနေသည်။

ညာဘက်တွက် ခင်ပွန်းဖြစ်သူက အိပ်ရပြီး မယားဖြစ်သူက ဘယ်ဘက်တွက် အိပ်ရမည်ဟူသော မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံကိုလည်း သိပုံမရချေ။

မိုးစွေအတွက် စိတ်ပျက်ခြင်းက စတင်လာသည်။

မိုးစွေအလုပ်ဖိုင်တွဲကို ခဏကြည့် လုပ်ဆောင်စရာရှိသည်များကို နေ့စဉ်မှတ်တမ်း၌ အစီအစဉ်တကျ ရေးမှတ်ပြီးနောက် ရေချိုးလိုက်သည်။ ပြီးသည်အထိ နှိုးကားမနိုးသေး ဖိုင်





တွဲကို လက်ဆွဲအိတ်ထဲထည့်ပြီး အောက်ထပ်သို့ ဆင်းခဲ့သည်။

"အမိုး ကျွန်တော် ကုမ္ပဏီကို သွားလိုက်ဦးမယ်၊ ညနေစာအမီ ပြန်လာခဲ့မယ်လို့ နှိုးကိုပြောလိုက်နော်"

"အေးအေး. ."

မိုးမှစွကားကို ကိုယ်တိုင်မောင်းပြီး ထွက်ခဲ့လေသည်။

နှိုးကိုပြုပြင်ဖို့အတွက် သူစိတ်ရှည်ဖို့ လိုသည်။

နှိုးကိုမြင်ကတည်းက နှိုး၏အလှအပကြောင့်နှင့် သွက်လက်ချက်ချာမှုကြောင့် သူလက်ထပ်ရန် ဆုံးဖြတ်လိုက်ပြီးမှနောင်တရခြင်းတော့ အဖြစ်မခံနိုင်ပါ။ သူကြိုးစားရမည် နည်းပရိယာယ်တွေ ဘယ်လိုသုံးရမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၈)

"ညိုချော ထမင်းပွဲပြင်တော့ဟေ့"

"သမီး ထမင်းစားတော့မလို့လား"

"ဟုတ်တယ်လေ ခြောက်နာရီတောင် ထိုးနေပြီ"

အမိုးအား နိုးက မကျေမနပ် ပြန်ပြောလိုက်သည်။

"သားက အလုပ်များလို့ပါ။ သူက သမီးနဲ့လက်ဆုံစား ချင်လို့ သူအမြဲ ပြန်လာမယ်လို့ ပြောသွားတာ စောင့်လိုက်ပါလား





သမီးလေးရယ်၊ ဆာရင်တစ်ခုခု စားထားလိုက်လေ အမိုးလုပ် ပေးမယ်"

နိုးက အမိုး၏ လေးထောင့်ကျကျမျက်နှာကို စေ့စေ့ ကြည့်လိုက်ပြီး. . . ။

"မစောင့်နိုင်ဘူးအမိုး၊ ကျွန်မ အခုပဲစားချင်တယ်၊ ကျွန် မကို ဆရာမလုပ်နဲ့"

နိုးကပြောပြောဆိုဆို အမိုးကို ကျောခိုင်းကာ ထမင်းစား ခန်းဘက်သို့ လှမ်းလိုက်သည်။ အမိုးက သက်ပြင်းချကာ နောက် မှပြေးလိုက်ပြီး ထမင်းပွဲကို ညိုချောနဲ့အတူ ဝိုင်းပြင်ပေးလေ သည်။

နိုးက စားပွဲထိပ်မှာပင် ထိုင်စားလေသည်။ ဇွန်းခရင်း နှင့်စားသည်။

အမိုးက နိုးအား ဘာမှမပြောတော့ဘဲ လိုလေသေးမရှိ ပြင်ဆင်ပေးလေသည်။

နိုးက ထမင်းကိုစားကောင်းကောင်းနှင့် နှစ်ပန်းကန် အောက်မောက်စားလိုက်သည်။

"စားလို့ကောင်းတယ် ညိုချော နင့်လက်ရာ တိုးတက် လာပြီ"

"ကျွန်မချက်တာမဟုတ်ဘူး မမလေး၊ အမိုးချက်တာ"

"ဪ လူကြီးကချက်ရသလား၊ နင် ချက်ပါလား"

"ကျွန်မ ကူလုပ်ပေးပါတယ်"

"ဟုတ်ပါတယ် သမီးရယ်၊ အမိုးမှာလည်း အခြားအလုပ်



www.burmeseclassic.com

www.burmeseclassic.com



မှ မယ်မယ်ရရမရှိတာ ညိုချောကို သင်ပေးရင်း ချက်လိုက်တာပါ"

"ဒါဖြင့် လည်းပြီးရော"

နိုး ထမင်းစားခန်းက ထွက်သွားသည်နှင့် ရှေ့ဆင့်နောက်ဆင့်ပင် မိုးစွေရောက်ရှိလာသည်။

မိုးစွေက "နိုးကော အမိုး" ဟုမေးရင်း ထမင်းစားခန်းကို ဝင်လာသည်။

အမိုးက. . .

"ဧည့်ခန်းများ မရှိဘူးလား"

"မရှိဘူး"

"ခြံထဲမှာကော"

"မရှိဘူး"

"ညိုချော အပေါ်တက်ကြည့်လိုက်ပါဦး"

"သူ ထမင်းစားပြီးသွားပြီလား"

"အေးကွယ်သူ ထမင်းဆာနေတယ်ဆိုတာနဲ့ အမိုးပဲစားနှင့်ပါဆိုပြီး ပြင်ကျွေးလိုက်မိတယ် သားရယ်"

ထိုစကားကို ညိုချောလည်း ကြားလိုက်ရသဖြင့် အံ့အားသင့်သွားသည်။

"သားက သူနဲ့စားချင်လို့"

"နောက်ဆိုရင် သားက စောစောပြန်လာလေကွယ်၊ သူက ခြောက်နာရီလောက်ဆိုရင် ဆာတတ်ပြီ"

"အင်း မရွှေနိုးတို့ကတော့ တဇွတ်ထိုး လုပ်ပြပါလိမ့်မယ်၊ တဲ. . အမိုး ထမင်းပွဲပြင်ပေးတော့ဗျာ"





မိုးစွေကို ပြောပြောဆိုဆို ထမင်းစားခန်းမှ ထွက်သွားပြီး ဧည့်ခန်း၌ ထိုင်စောင့်နေလေသည်။

"ဆရာ အပေါ်ထပ်မှာလည်းမရှိဘူး"

"ဟင်. . ဘယ်သွားပါလိမ့်"

ထိုအချိန်တွင် ဦးဘဝင်လာပြီး. . .

"အင်း စာအုပ်ဆိုင်ထွက်သွားတယ် မောင်မိုးစွေ၊ မင်းအားဝင်လာတော့ သူ ပန်းချီဘောပုန်းနေပြီး လစ်ထွက်သွားတာ၊ ဦးလေးကို မပြောရဘူးလို့ မှာသွားသေးတယ်"

မိုးစွေက ပြုံးမိလေသည်။ နိုးက သွက်လက်တာထက် ကလေးဆန်တာက ပိုနေသည်ဟု မိုးစွေနားလည်လိုက်ပြီး. . .

"ကိုင်း ဒါဖြင့် ဦးလေးဘပဲ မလှမ်းမကမ်းက လိုက်စောင့်ကြည့်ပေးလိုက်ပါ၊ လမ်းတွေဘာတွေ မှားနေဦးမယ်"

မိုးစွေက အမိုးအား မော့ကြည့်ကာ. . .

"ပြင်ပြီးပြီလားအမိုး"

"ပြင်တော့ ပြင်ပြီးပြီ၊ ဒါပေမယ့် သားရယ် သားကိုယ်တိုင်ပဲ ကားလေးနဲ့လိုက်သွားပြီး သူလိုချင်တဲ့စာအုပ်တွေ ငှားပေးပြီး ခေါ်လိုက်ရင် မကောင်းဘူးလား"

"ကျွန်တော် ထမင်းဆာနေပြီအမိုး စားပြီးမှပဲ လိုက်ခေါ်ပေးတော့မယ်နော်၊ ဦးလေးဘပဲ လိုက်သွားလိုက်ပါ"

အမိုးက သက်ပြင်းချလိုက်သည်။

မိုးစွေလည်းအငယ်ဆုံးဖြစ်၍ အားလုံး၏ ချစ်ခင်အလို



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခြင်းခံရသူဖြစ်သည်။

ဒီအိမ်ထောင်ရေးအတွက် အမိုးရင်မောမိလေသည်။

မိုးစွေက အေးအေးဆေးဆေးပင် ထမင်းဝင်စားနေလေသည်။

မိုးစွေ ထမင်းစားပြီးခါနီးတွင် နိုးရောက်လာသည်။ မိုးစွေ ဆီမလာဘဲ ဒရင်းဘက်တစ်လုံး၌ထိုင်ကာ ငှားလာသော စာအုပ်များကို စတင်လှန်လှောလေတော့သည်။ မိုးစွေကသာ ထမင်းစားပြီး ဧည့်ခန်းသို့ ထွက်လာကာ. . .

"ဘာစာအုပ်တွေ ငှားလာသလဲနိုး"

"သိချင်ရင် ကြည့်ပေါ့"

နိုးက မာဆတ်ဆတ်. . .

မိုးစွေက. .

"နိုးနဲ့ကိုယ် ရန်သူမဟုတ်ဘူးနော် နိုးစကားပြောတာ သိပ်မာတာပဲ"

"ဟင်"

နိုးက မိုးစွေ၏ အသံမာမာကြောင့် အံ့အားသင့်သွားသည်။ သို့သော် ချက်ချင်းပင်. . .

"နိုး ဒီလိုပဲပြောတတ်တယ်၊ မကြိုက်လဲ မတတ်နိုင်ဘူး"

"မဟုတ်သေးဘူးနိုး မင်းစာအုပ်တွေဘေးကို ခဏချထားဦး ကိုယ်ပြောပြတာကို နားထောင်ဦး"

နိုးက မိုးစွေအား မျက်မှောင်ချိ၍ ကြည့်လိုက်သည်။

"နိုး မိသားစုဆိုတဲ့ သဘာဝကို နိုးသိသလား"





"ဟာ. . ဘာတွေလာမေးနေတာလဲ"

မိုးစွေ သည်းခံစိတ်ကို မွေးမြူလိုက်ရသည်။ စိတ်ရှည်ပါယ်ဆိုသော သူ့အတွက် နိုးသည် ကောင်းကောင်း ပညာပြနေပြီသား။

"နိုး ထမင်းစားတာ ကိုယ့်ကို မစောင့်ဘူး"

"ဆာနေတာကို အောင့်အည်းပြီး နေရမလား၊ ဝမ်းချင်းဆုံတာလိုက်လို့. . လူ့အခွင့်အရေးကို ပိတ်ပင်ချင်လို့ ရမလား၊ သက်သက် ရှင်ကြီး ကျွန်မကို ညှင်းပန်းနှိပ်စက်ချင်နေတာ"

"ဟိုးဟိုး. . တော်ပါပြီ နိုး၊ မင်းရဲ့ စွပ်စွဲချက်တွေဟာ င်းထန်လွန်းပါတယ်၊ ကိုယ်ဆိုလိုတာကက အငတ်ခံ အဆာခံ ကိုယ့်ကို စောင့်နေရမယ်လို့ မဆိုလိုပါဘူး၊ ဆာရင် တစ်ခုခု းလိုက်ပြီး ကိုယ့်ကို စောင့်နေဖို့ ပြောတာ၊ ဒါမှ ထမင်းစား င်းသောက်ရင်း တစ်ယောက်ရဲ့ တစ်နေ့တာမှာ ဆုံတွေ့လာရတဲ့ သနာလေးတွေကို ရင်ဖွင့်လို့ရမယ်၊ တစ်ယောက်အခက်အခဲ ကို တစ်ယောက်က ဖြေရှင်းပေးနိုင်တယ်၊ ကိုယ့်ဖေဖေနဲ့ မေမေ ဆိုရင် ညနေထမင်းစားဝိုင်းမှာ မိသားစု လက်ဆုံစားစေပြီး သွန် သင်စရာရှိလည်း သွန်သင်တယ်၊ လမ်းညွှန်စရာရှိလည်း လမ်း ညွှန်ပေးခဲ့တယ် အားလုံး အိမ်ထောင်မခွဲခင်အထိ ဆိုပါတော့၊ မေမေနဲ့ဖေဖေ နှစ်ယောက်ထဲ ကျွန်တော်လည်း ဒီအတိုင်းပဲ"

နိုးငြိမ်သက်စွာဖြင့် မိုးစွေမျက်နှာကို ငေးကြည့်ကာ နားထောင်နေသည်။ တစ်ခွန်းမှမပြော. . .

"ဖေဖေတို့ အိမ်ထောင်ရေးဟာ သိပ်ကို သာယာခဲ့တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ ခွန်းကြီးခွန်းငယ်စကားများတမျိုး မတွေ့ခဲ့ရဘူး ဖေဖေကလည်း ဘယ်လောက်အလုပ်များများ ညနေခြောက် နာရီဆိုတာနဲ့ ထမင်းစားချိန်ကို တာဝန်တစ်ရပ်လို သဘောထား ပြီး ထမ်းဆောင်ခဲ့တယ်၊ အရေးကြီးရင်လည်း ဖုန်းဆက်ပြီး အကြောင်းကြားလေ့ရှိတယ်၊ မေမေကတော့ နောက်ကျမယ်ဆို လည်း စောင့်စားတယ်"

"ဟုတ်လား ကျွန်မကတော့ မစောင့်နိုင်ဘူးထင်တယ် ရှင်ကြီး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မဟာ ဦးမိုးစွေတို့ မိသားစုဝင် မဟုတ်ခဲ့ဘူး၊ မုဆိုးဖို ဦးပြည့်စုံရဲ့ သမီးဖြစ်နေတော့ စားချင်တဲ့ အချိန် စားတယ်၊ အချိန်ကာလ သတ်မှတ်ချက်တွေ ဇယားတွေ မရှိဘူး"

"လောကကြီးမှာ စနစ်ဇယားရှိတဲ့လူနဲ့ စနစ်ဇယားမရှိတဲ့ လူ အောင်မြင်တိုးတက်ပုံချင်းမတူဘူး"

"အောင်မြင်ခြင်းဆိုတာဘာလဲ"

မိုးစွေ သက်ပြင်းချလိုက်သည်။ နိုးသည် လက်ပေါက် ကတ်သော မိန်းကလေးတစ်ဦးဖြစ်လိမ့်မည်ဟု သူ မထင်မှတ်ခဲ့။

"အောင်မြင်ခြင်းဆိုတာ. . . လူတိုင်းရယူခံစားလိုတဲ့ ကောင်းသော ရလဒ်ပန်းတိုင်တစ်ခုပဲ မင်းကျောင်းသူဘဝက စာမေးပွဲအောင်မြင်ခြင်းဆိုတဲ့ ပန်းတိုင်အတွက် ကြိုးစားခဲ့တာ မဟုတ်ဘူးလား"

"အတတ်ပညာလိုချင်လို့ ကြိုးစားတာ"

"အသိပညာကော မလိုချင်ဘူးလား"





"လိုချင်လို့ စာတွေဖတ်နေတာလေ"

"ဖတ်ပါ ဖတ်ပါ၊ အလိမ္မာစာမှာရှိတဲ့ ကောင်းတဲ့အသိ ပညာတွေလည်း ယူတတ်အောင် ယူဦး"

"သိပါတယ် ရှင်ကြီးက သိပ်ဆရာလုပ်တာပဲ အိမ်မှာ သူအငယ်ဆုံးဖြစ်လို့ ဆရာမလုပ်ရတိုင်း သူများကို ဆရာလိုက် လုပ်နေပုံရတယ် ကိုင်းပြောစရာတွေကုန်ပြီးလား. . ကုန်ရင် စာ ဖတ်တော့မယ်"

"နေဦးလေ၊ ပြောစရာတစ်ခု ကျန်သေးတယ်"

နိုးက စာအုပ်များကို ပွေ့ပိုက်ပြီး ထလိုက်ရာမှ မိုးစွေ၏ တားမြစ်လိုက်မှုကြောင့် မကျေမနပ်ကြည့်ကာ ရပ်လျက် အနေ အထားမှ. . .

"ပြောစရာတွေက ကုန်ပဲ မကုန်နိုင်ဘူး ပြောပြော မြန်မြန်ပြော"

"ဘယ်ကိုသွားသွား လာလာ အိမ်မှာရှိတဲ့ သူတွေထဲက တစ်ယောက်ယောက်ကို ဘယ်သွားမယ် ဘယ်လာမယ်ဆိုတာ အသိပေးသင့်တယ်"

"မြတ်စွာဘုရားအခုမှ အိမ်ထောင်ဆိုတာ တကယ့်ကို ထောင်ပါလားလို့ သိတော့တယ်၊ ဟုတ်ကဲ့ပါရှင် ရှင်ကြီးစိတ်တိုင်း ကျ ဖြစ်စေရပါမယ်"

နိုးက အငေါ်အတူးပြောလိုက်ပြီး ချက်ချင်းပင် အပေါ် ထပ်သို့ ပြေးတက်သွားလေသည်။

နိုးစိတ်ထဲ မကျေနပ်နိုင် မိုးစွေသည် သူ့အား ငွေမိုး



www.burmeseclassic.com

www.burmeseclassic.com



ချုပ်ကိုင်စပြုနေပြီ။ ဒါကို နိုး လက်ခံသင့်သလား မိမိ၌ ရည်းစားရှိခဲ့ခြင်းသိ၍ အနိုင်ကျင့်ချင်တာလား။ နိုး စာအုပ်ထဲ စိတ်မဝင်စားဘဲ မိုးစွေ၏ စကားများကို ပြန်လည်သုံးသပ်နေမိသည်။

အပေါ်ထပ်အိပ်ခန်းတွင်း၌လည်း တီဗီ၊ အောက်စက်၊ ရေခဲသေတ္တာ ဆက်တီအစုံအလင်ရှိလေသည်။

ကားသံကြားလိုက်ရသည်။

နိုး ခုတင်ပေါ်မှ ခုန်ဆင်းကာ အိမ်ရှေ့လသာဆောင်သို့ပြေးထွက်လိုက်သည်။

မိုးစွေကား အပြင်ပြန်ထွက်သွားသည်။

"ဟင်"

နိုး အံ့အားသင့်သွားသည်။ သူဘယ်သွားတာလဲ။

မိမိကိုကျတော့ အပြင်သွားလျှင် ပြောသွားရမည်တဲ့ သူကျတော့မပြောသွားပါလား။

နေပါစေဦး လာမှတွေ့ကြသေးတာပေါ့ဟု နိုး စိတ်တွင်းတေးမှတ်ထားလိုက်သည်။







# အခန်း(၄)

နိုးအိပ်ရာမှ နိုးနိုးခြင်း မိမိနံဘေးသို့ကြည့်လိုက်သည်။

မိုးစွေ ရှိမနေတော့။

မိုးသောက်ယံတေးကို သီဆိုတက်သော ငှက်ကလေးများနှင့်အတူ မိုးစွေထွက်သွားပြီလား။

နိုး အိပ်ယာထက်မှ မထသေးဘဲ စဉ်းစားခန်း ဝင်လိုက်သည်။ ညက အဖြစ်အပျက်က အတော်ခံပြင်းစရာကောင်းသည်



www.burmeseclassic.com

www.burmeseclassic.com



ဟု နိုးထင်သည်။

ညကိုးနာရီခွဲခန့်တွင် မိုးစွေပြန်လာသည်။ နိုးက နိုင်ကွက်ရပြီဟူသော သဘောဖြင့်. . .

"ရှင်ကြီးကတော့ ကိုယ်ချမှတ်ထားတဲ့ စည်းကမ်းကို ကိုယ်လိုက်နာဖို့ စိတ်ကူးမရှိဘူးလား"

ဟု မေးခွန်းထုတ်ခဲ့သည်။

ထိုအခါ မိုးစွေက အံ့အားသင့်သော မျက်လုံးဖြင့် ကြည့်ကာ. . .

"ဘာစည်းကမ်းလဲ"

"အပြင်ထွက်ရင်. . အဲ. . ဘယ်ကိုသွားသွား လာလာ အိမ်မှာရှိတဲ့သူတစ်ယောက်ယောက်ကို ပြောခဲ့ရမယ် ဆိုတာလေ"

"သြော်. . ဒါလားကိုယ်ပြောခဲ့တာပဲ"

"ဘာပြောခဲ့လို့လဲ ကျွန်မ မသိပါလား၊ ရှင် ဖြောင်မညာနဲ့နော်"

"ဘာကိစ္စညာရမှာလဲ အမိုးကို ပြောခဲ့တယ်၊ ကျွန်တော်ဘက်ချလာနိုက်အတွက် သူငယ်ချင်းတွေကို ညစာသွားကျွေးလိုက်ဦးမယ်၊ ဆယ်နာရီထက် နောက်မကျစေပဲ ပြန်လာမယ် နိုး မေးရင် ပြောပြလိုက်ပါလို့ ပြောပြီး ထွက်သွားတာ မင်းအမိုးကို မေးမကြည့်ဘူးလား"

"မကြည့်ပါဘူး၊ ဘာကိစ္စ မေးကြည့်ရမှာလဲ. . အမိုးက ရှင်ကြီးမိန်းမမို့လို့လား"





"ဘာ"

မိုးစွေသည် ရုတ်တရက်အံ့အားသင့်သွားပြီး သူ့ဘက်သို့လှည့်ကာ ပြူးကျယ်သော မျက်လုံးအစုံဖြင့် ကြည့်လိုက်လေသည်။

"ရှင်ကြီးမိန်းမက အမိုးမို့လို့ အမိုးကို ပြောသွားတာလားလို့"

"မင်း. . မင်း မိုက်ရိုင်းလှချီလားနိုး၊ ငါ့မိန်းမ ဘယ်သူလဲဆိုတာမင်းမသိသေးရင် ခုပဲ သိစေရမယ်"

မိုးစွေ၏ ဒေါသတကြီးနှင့် တိုက်ခိုက်လာသော အနမ်းမုန်တိုင်းများကြားဝယ် သူရုန်းထွက်၍မရဘဲ ခြောက်လှန့်တတ်သော အိပ်မက်ဆိုးတစ်ခု မက်လိုက်သကဲ့သို့ ခံစားနေခဲ့ရသည်။

တကယ့်အိပ်မက်ပေပဲလား။

မဟုတ်ဘူးထင်တယ်။ မိုးစွေ၏ မနေ့ကဝတ်ထားသော အင်္ကျီနှင့်ဘောင်းဘီက တန်းပေါ်၌ တင်ကျန်နေသကဲ့သို့ ညအိပ်အင်္ကျီကလည်း တင်လျက်ရှိနေသည်။

နိုး ခုတင်ပေါ်မှ အသာအယာ ဆင်းလိုက်သည် ကိုယ်သုတ်ပဝါကြီး၌ ရေငွေ့လေးတွေ ရှိနေသည်။

သြော် အခုမှမြင်သည်။ မှန်တင်ခုံဘေးနံရံ၌ ပို့က်ဘုတ်တစ်ခုရှိနေသည်။ ထို ပို့က်ဘုတ်၌ စာရေးသွားသည်။

**ချစ်သောမိန်းမ**

**မင်္ဂလာနံနက်ခင်းပါ။ ကိုယ် Site ထဲသွားပြီ၊ ညနေခြောက်နာရီ ထမင်းစားအမီ ကိုယ်ပြန်ဘော်ခဲ့ပါ့**



www.burmeseclassic.com

www.burmeseclassic.com



**မယ်။ ဆက်ဆက်စောင့်နေပါ။**

**မိုးစွေ**

နိုးဘာလုပ်သင့်သလဲ။

နိုးလိုချင်တာက အိမ်ထောင်ရေးက ဒီပုံစံမဟုတ်ပါဘူး

နိုး အနားမှာ နိုးခင်ပွန်းက ရှိနေရမည်။

နိုးနဲ့အတူ ငှက်ကလေးတွေကို ထိုင်ကြည့်ရင်း ငှက်ကလေးတွေရဲ့ သဘာဝအကြောင်း ပြောကြမည်။ ငြင်းခုန်ကြမည်။

ပန်းကလေးတွေအကြောင်း ပြောမည်။ နိုးအတွက် ပန်းကလေးတွေကို နိုး၏ခင်ပွန်းက သီကုံးပေးမည်။ ပြီးတော့ နိုးအား တယုတယ ပန်ဆင်ပေးမည်။

နိုးနဲ့အတူ သီချင်းနားထောင်ကြမည်။ နိုးနားထောင်လိုသောသီချင်းကို ခင်ပွန်းလုပ်သူက သီဆိုပေးမည်။ ဂီတာတီးပြမည်။

နိုးနဲ့အတူ အပန်းဖြေထွက်ရင်း အသီးအနှံလေးတွေ စားကြမည်။

ညဘက်လည်း လသာသောညဆိုလျှင် လရောင်ရိပ်မှာ ခံစားရင်း လမ်းလျှောက်ကြမည်။ နိုးလိုချင်တာ ဒါတွေ. . .

ဒါတွေကို မိုးစွေဆိုသော လူကြီးကဘာဖြစ်လို့ မသိရတာလဲ။ မပေးနိုင်ရတာလဲ။

"သက်ဝေ" ဆိုလျှင် ပေးနိုင်မှာလား. . .။

အိုး ဒီလိုလည်း မစဉ်းစားသင့်ဘူးထင်တယ်။

သက်ဝေက နိုးနှင့် ဘာမှမဆိုင်တော့။





နိုးနှင့် အဆိုင်ဆုံးလူက မိုးစွေ ဖြစ်နေပြီပဲ။

ထိုအချိန် တယ်လီဖုန်းမြည်လာသဖြင့် နိုးကခုတင်ဘေးသို့ပြေးကာ ဖုန်းကို ကောက်ကိုင်လိုက်သည်။

"ဟဲလို"

"မိနိုးမ နေကောင်းလား"

"ရောဂါသည် မဟုတ်ဘူး ဘာလို့နေမကောင်းရမှာလဲ ကောင်းတယ်"

"မနက်စာ စားပြီးပြီးလား"

"ဟင့်အင်း"

"အိုး ခုမှနိုးတာလား"

"မဟုတ်ပါဘူး ကြာပြီ"

"ကြာပြီ၊ ဒီလောက်ကြာတာ မစားရသေးဘူးလား ဘာလုပ်နေသလဲ"

"စဉ်းစားနေတာ"

"ဘယ်သူ့အကြောင်းလဲ"

"ဘယ်သူ့အကြောင်းဖြစ်ဖြစ် ရှင်ကြီးသိဖို့မလိုဘူး"

"ဟာ ဘာဖြစ်လို့ သိဖို့မလိုရမှာလဲ သိဖို့လိုတယ်ကွ၊ ငါတာ မင်းရဲ့ယောကျာ်းလေ"

"သြော်. . သြော်ရှင်ကြီးဟာ ကျွန်မယောကျာ်း ဆိုရင် ကျွန်မစိတ်ထဲ ဘာတွေရှိနေတယ်ဆိုတာ၊ ရှင်ကြီး သိသင့်တယ် ဆိုရင် ကျွန်မကို ရှင်ကြီးမချစ်လို့ပဲလို့ ယူဆတယ်"

"ခက်ပါလား နိုးရယ်၊ ကိုယ်လေ. . . ဒါပဲ နိုး နောက်မှ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဆက်မယ် ဧည့်သည်တွေလာပြီ. . ဘိုင့်"

ကြည့်. . . နိုးဘာမှ ပြန်ပြောခွင့်မရှိတော့ဘူး။ ဒါကိုက နိုးဘက်က အခွင့်အရေးတွေ ဆုံးရှုံးနေတာ။

"တောက်"

သူ့အတွက် မိုးစွေသည် အချိန်မပေးနိုင်ဘူးလား အလုပ်တွေ ဘာဖြစ်လို့ ဒီလောက်တောင် များနေရတာလဲ။

သူနဲ့ စိတ်သဘောထားခြင်းတူညီတဲ့ သက်ဝေကို ဖေဖေက ဘာကိစ္စ မရွေးချယ်ရတာလဲ။

ထိုစဉ် တံခါးခေါက်သံ ပေါ်လာသည်။

"ဘယ်သူလဲ"

"အမိုးပါ နိုးပြီလား၊ ဘာစားချင်သလဲလို့ လာမေးတာပါ"

"ကျွန်မ စားချင်တာကို အမိုး တကယ်ဖန်တီးပေးမှာလား"

"ပေးမှာပေ့ါ"

"တကယ်"

အမိုးက တံခါးလေးဟပြီး ရပ်စကားပြောနေရှာသည်။ အမိုးကတော့ နာနီလိုတော့ ဟုတ်ဟန်မတူပါဘူး။ မိုးစွေရဲ့ နာနီပဲ မိုးစွေက ခုထက်ထိ အမိုးကို လက်စွဲဖြစ်နေတာကိုတော့ အမိုးမှာ အရည်အချင်းတွေ ရှိနေပေလိမ့်မည်။

"ဒါဖြင့် ကျွန်မလေ လက်သုပ်စုံနဲ့ ကြာဇံဟင်းခါး စားချင်တယ်"





"ရမယ် တစ်နာရီတော့စောင့်ပါနော်ကလေး ရေချိုးပြီးတာနဲ့ အတော်ပဲဖြစ်မှာ"

ပြောပြောဆိုဆိုနှင့် အမိုးထွက်သွားသည်။

ညိုချော ရောက်လာသည်။

"ဘာလုပ်မလို့လဲ"

"သနပ်ခါးသွေးပေးဖို့ အမိုးက လွှတ်လိုက်လို့"

"ငါမှ သနပ်ခါး မလိမ်းတတ်တာ နင်မပြောပြဘူးလား"

"ပြောပြပါတယ်၊ ဒါပေမယ့် အမိုးက မလိမ်းတတ်တာ အကျင့်မရှိခဲ့လို့ပါ၊ ခု သွေးပေးလိုက်ပါ၊ နေ့တိုင်းသွေးပေးရမယ်၊ မရဲ့ ဝေယျာဝစ္စကို လုံးဝမလစ်ဟင်းစေရဘူးလို့ မှာလိုက်တယ်"

အမိုး. . အမိုးသည် နာနီနှင့်မတူတာတော့ ကျိန်းသေသည်။ သူရေချိုးခန်းဝင်ခဲ့သည်။

ညိုချောက သနပ်ခါးသွေးပေးပြီး အိပ်ရာသိမ်းသည်။ အဝတ်ဟောင်းများကို စုဆောင်းပြီး ခြင်းထဲထည့်ကာ ထွက်ဟန်ပြင်သည်။

"မနေ့က ငါထမင်းစား မစောင့်တာကို အမိုးကသူ့ကို အပြောသေးသလဲ"

ညိုချောက အမိုးပြောသောစကားများကို ပြန်ပြောပြသည်။

နိုး အံ့အားသင့်သွားသည်။

နာနီဆိုလျှင် အပြစ်လွှတ်အောင် သူ့ကိုသာအပြစ် ပုံပြီး အမေ့အားပြောလေ့ရှိသည်။ အမိုးက ထိုသို့မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



“အေး. . အေး. . သွားတော့ အမိုးကို သွားကူလိုက်”

အမိုး ဒါကြောင့် မိုးစွေ အသည်းစွဲဖြစ်တာ ထင်ပါရဲ့။

မိမိကတော့ အရွယ်ရောက်လာသည်နှင့် နာနီကို လက်မခံတော့။ ဒီကြားထဲ နာနီ၏တူ သူငယ်ချင်း သက်ဝေနှင့် ချစ်သူတွေ ဖြစ်ခဲ့ရသေးသည်။

နိုး သက်ပြင်းချလိုက်သည်။

နာနီ အပျင်းထူမှုကြောင့် နိုး သနပ်ခါး မလိမ်းတက်ခဲ့။

ယခု နိုးက အမိုးဖန်တီးပေးသော ကျောက်ပျဉ်လေးပေါ်မှ သနပ်ခါးမွှေးမွှေးလေးကို သဘောကျစွာ လိမ်းလိုက်သည်။

မည်သူမှ သင်စရာမလိုဘဲ နိုး သနပ်ခါးကို အကျအန လိမ်းလိုက်လေသည်။ ပါးကွက်ကလေးကွက်ပြီး အသင့်ရှိနေသော ဘရတ်စ်လေးနှင့် ဆွဲကာညှိလိုက်သည်။

နိုးသည် စိမ်ပြေနပြေ ခြေဆုံးခေါင်းဆုံး လိမ်းလိုက်သည်။ နောက် ပေါ့ပါးလွတ်လပ်သော ဘလောက်အင်္ကျီနှင့် ဘောင်းဘီပွပွဝမ်းဆက်ကို ထုတ်ဝတ်လိုက်သည်။

မှန်ထဲမှ ရုပ်သွင်ကိုကြည့်ကာ နိုး သဘောကျမိသည်။ ဘာရုပ်ကလေး ပေါက်နေသလဲ သနပ်ခါး ကျားကျားနှင့်. . . နိုး အောက်ထပ်သို့ ဆင်းခဲ့သည်။

မီးဖိုဘက်သို့ ဆင်းခဲ့သည်။

မီးဖိုဘက်သို့ ဝင်လာတော့ အမိုးက နှစ်လိုဖွယ် ပြုံးပြကာ. . .

“ပြီးပြီ. . ပြီးပြီး ထမင်းစားခန်းမှာ ထိုင်နေလေ နိုး”





“ပြီးပြီ”

“အင်းလေ. . လက်သုပ်စုံက ဘာမှမခက်ဘူး၊ ကြာဇံ ခေါက်ဆွဲခြောက်တွေ အစုံရှိတာပဲ သင်္ဘောသီးကလည်း ခြံထဲက ခူးပဲ၊ ပဲပင်ပေါက် ပဲပြားက မနက်စာဈေးထဲက ဝယ်လာတော့ အစုံရှိနေတယ်၊ နိုး ကံကောင်းတယ်ဆန္ဒရှိတိုင်း ပြည့်ဝစေတယ်”

နိုးက အမိုးစကားကို ကျေနပ်သွားသည်။

အမိုးစကားအတိုင်း ထမင်းစားပွဲ၌ ထိုင်လိုက်လေသည်။

အမိုးက ပန်းကန်မျိုးစုံ၌ ဖွယ်ဖွယ်ရာရာ ပြင်ဆင်ထားသည်။

“ကလေးဘာသာ သုပ်စားမလား အမိုးသုပ်ပေးရမလား”

“ကျွန်မဘာသာ သုတ်စားမယ်”

နိုးက စိတ်တိုင်းကျ နယ်ဖတ်စားလေသည်။

နိုးကိုကြည့်ပြီး အမိုးက သဘောကျလေသည်။ ပီဘိ လေးတစ်ယောက်လိုပါပဲလား။ အသက်လည်း ငယ်သေး ကိုး. . . ။

အပြစ်ကင်းစင်သည်ကိုက ချစ်စဖွယ် ကောင်းနေသည်။

“ရှောက်သီးအများကြီး မစားနဲ့ကလေး ဗိုက်နာတတ်”

“စပ်မှ ကောင်းတာ”

“ကောင်းတော့ ကောင်းတယ်၊ ဒါပေမယ့် ဗိုက်နာတယ် တော့လျှော့စားနော်”

နာနီကတော့ မိမိအား သူစားသလိုသာ ကျွေးထားတတ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဟင်းခါး ကောင်းရဲ့လားဟင်"

"ကောင်းတယ်တော်ပြီ"

"တော်ရင် ကော်ဖီလေးသောက်လိုက် ရေအေး

သောက်နဲ့ ‧ ဗိုက်နာမယ်၊ အစာကြေဆေးလေးလည်း တအေး

နေ စားလိုက်ဦးနော်"

အမိုး၏ ဂရုစိုက်မှုကြောင့် နိုး နွေးထွေးစွာ ခံစားလိုက်

သည်။

နိုးအား နာနီသည် ထိုကဲ့သို့ ဂရုမစိုက်ခဲ့။နိုး နေမကောင်း

မိသားစု ဆရာဝန်လာသည်။ နိုးအား ဆေးထိုးဆေးတိုက်သည်

ဆေးထိုးခြင်းကို နိုးကကြောက်သဖြင့် မဖျားအောင် ဆေးမှန်

သောက်သော အလေ့အကျင့် ရလာတော့သည်။

နိုး အပြင်ဘက်ထွက်ခဲ့သည်။ ခြံထဲလျှောက်ကြည့်သည်

နိုး၏ ဝတ်စားဆင်ယင်မှုနှင့် ပတ်သက်၍ အမိုးဘာမှ မပြော

နိုးသည် လိပ်ပြာကလေးများ ပန်းကလေးများနှင့် စိတ်တွင်းစကား

ပြောရင်း ကျေနပ်နေသည်။

အထီးကျန်သော နိုးဘဝကို မိုးစွေပြောပြထားသဖြင့်

အမိုးနားလည်ပြီး သနားကြင်နာစိတ်ဖြင့် အရိပ်တကြည့်ကြည့်

ရှိနေတတ်ကြောင်း နိုးကတော့ မသိချေ။







# အခန်း(၁၀)

မိုးစွေ ညနေခြောက်နာရီအချိန်မီရောက်အောင် ပြန်

လာသည်။

ခြံထဲ၌ ခွေးတစ်ကောင်နှင့် ဆော့ကစားနေသော ချာ

တိတ်တစ်ဦးကို လှမ်းမြင်လိုက်သည်။

သဲကွဲစွာမြင်ရတော့မှ မိမိ၏ဇနီးဖြစ်နေမှန်း သိလိုက်

ရသည်။ ယခုခေတ်ပေါ် စပန့်အင်္ကျီပွပွဘောင်းဘီပွ ဝမ်းဆက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးသည် မိမိ၏ဇနီး "နိုးနိုးပြည့်စုံ" ဖြစ်နေသည်။

မိုးစွေ ဟက်ခနဲရယ်ကာ ကားကို ပေါ်တီကိုအောက်၌ ထိုးရပ်ခဲ့ပြီး နိုးထံသို့ လျှောက်သွားလိုက်သည်။

နိုးက သူလာတာကို ကြိုရကောင်းမှန်းမသိ။ ခွေးနှင့်အတူ ဘောလုံးလုလေသည်။

"နိုး. . ခြောက်နာရီထိုးတော့မယ်လေ ရေချိုးတော့"

"ဟင်. . ဗိုက်မှ မဆာသေးတာ"

"မဆာလို့ မရဘူး စားရမယ်၊ အချိန်နဲ့စားတာ ကောင်းတယ်"

"ဟာ ရှင်ကြီးက ဘာလုပ်လုပ် အချိန်အချိန်နဲ့ ရှုပ်ကိုရှုပ်တယ်၊ ဒီလောက်တောင် အချိန်မပါဘဲ စကားပြောတတ်ရင် အချိန်ကိုပဲယူထားပါလား စိတ်ရှုပ်တယ်"

ပြောပြောဆိုဆို ဘောလုံးကို ပစ်ချပြီး အိမ်ထဲသို့ ခြေဆောင့်ဝင်သွားလေသည်။

မိုးစွေက သက်ပြင်းချကာ အိမ်ထဲသို့ ဝင်လိုက်လေသည်။

အမိုးက မိုးစွေ၏ လက်ဆွဲအိတ်ကို လှမ်းယူရင်း. . .

"စိတ်မပျက်ပါနဲ့သားရယ်၊ သူက ကလေးလို မေတ္တာနဲ့ကြီးပြင်းခဲ့ရတာ မဟုတ်ဘူး၊ တာဝန်နဲ့ စောင့်ရှောက်မှုအောက်မှာကြီးပြင်းခဲ့ရတာဆိုတော့ အစစအရာရာ သား စိတ်ရှည်ရမယ်လေ၊ သားပဲ အမိုးတို့ကို ပြောခဲ့တယ် မဟုတ်လား"

"ဒါတော့ ဒါပေါ့အမိုးရယ်၊ ဒါပေမယ့် ကျွန်တော်က





အလုပ်ပင်ပန်းလာတယ်လေ. . စိတ်မရှည်ချင်တော့ဘူး"

"သူ ကလေးဆန်တာကို အပြစ်လို့ မမြင်ပါနဲ့ သားရယ် ချစ်စရာကောင်းပါတယ်၊ ကိုယ့်ညီမလေးလို သဘောထားလိုက်ပေါ့။ ကဲ. . ကဲ. . သံပရာရည်လေး တစ်ခွက်လောက်သောက်ပြီး ရေချိုးလိုက်တော့၊ အမိုး ထမင်းပွဲ ပြင်တော့မယ်"

အမှန်တော့ အမိုးနေရာ၌ နိုးကတာဝန်ယူရတော့မည်။

"နောက်တော့ သားကို နိုးနိုးက အိမ်ရှင်မကောင်း ပီသစွာပြုစုလာမှာပါ။ စိတ်ချပါသားရယ် အမိုးပြောပြပ့ါမယ် ခုတောင် အမိုးကို သူခင်လာပြီ"

မိုးစွေ ဘာမှမပြောတော့ဘဲ သံပရာရည်ကို တစ်ငုံသောက်ပြီး ချထားလိုက်သည်။ နိုးနိုး အသက်နှစ်ဆယ်သည်ထိမှအထိတော့ ကလေးမဆန်သင့်ဘူးဟု သူထင်သည်။

အတန်ကြာမှ သူအပေါ်ထပ်သို့ တက်ခဲ့သည်။

လှေကားထိပ်၌ နိုးနိုးနှင့် ဆုံသည်။ နိုးကို သူက တားဆီးလိုက်သောအခါ နိုးက ထိတ်လန့်သော မျက်လုံးနှင့် သူ့အားကြည့်လေသည်။

"နေဦး. . နိုး"

"ဟင်"

"ကိုယ့်အတွက် အဝတ်အစားတွေ မထုတ်ပေးတော့ဘူးလား"

"ဟင်. . . အဲဒါ ကျွန်မလုပ်ပေးရမှာလား"

နိုး၏ မျက်နှာပြင်ပေါ်၌ စိတ်ပျက်ခြင်းဟူသော အရိပ်



www.burmeseclassic.com

www.burmeseclassic.com



အယောင်များကို တွေ့လိုက်ရသဖြင့် မိုးစွေက. . .

"အလကားစတာပါ ကိုယ့်ဘာသာကို ထုတ်ဝတ်ပါ့မယ်၊ ကဲ. . သွား. . သွား ထမင်းစားခန်းမှာ စောင့်နေ"

နိုးသည် ဗောင်းထဲမှ လွတ်လိုက်သော မြင်းပမာ လှစ်ခနဲ ထွက်သွားလေသည်။

မိုးစွေ သက်ပြင်းချကာ အိပ်ခန်းရှိရာသို့ လျှောက်သွားလိုက်သည်။ နိုးဖြန့်ကျဲထားသမျှကို ညှိချောက သိမ်းယူပြီး သူ မဝင်ခင် ထွက်သွားလေသည်။

နိုးထံမှအချစ်ကို သူရယူနိုင်ဖို့ အများကြီး ကြိုးစားရလိမ့်ဦးမည်ဟု မိုးစွေ တွေးလိုက်မိသည်။

ဦးပြည့်စုံကတော့ အမျှော်အမြင်ကြီးစွာဖြင့် သူ၏သမီး မနူးမနပ် စိမ်းဆတ်ဆတ်ကို သူ့လက်ထဲသို့ ယုံကြည်စိတ်ချစွာ အပ်နှံလိုက်လေပြီ။

မိမိကတော့ တာဝန်ပိုလေပြီ။

ချစ်မိသည့်ဝန်တာကို သူကျေနပ်စွာ ထမ်းဆောင်ရမည်ပင်။

ထမင်းစားတော့လည်း ခင်ပွန်းကို ဦးချရမှန်းမသိ. . .

အမိုးကိုလှမ်းကြည့်တော့ အမိုးကပြုံးကာ. . .

"ကလေး ခင်ပွန်းဖြစ်တဲ့သူကို အရင်ဦးချပြီးမှ စားရတယ်"

"ဟင်. . လာပြန်ပြီ စည်းကမ်းတစ်မျိုး"

"စည်းကမ်းမဟုတ်ပါဘူးကလေးရယ် အမိုးတို့ရဲ့ မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာအရ. . ကိုယ့်ထက် တစ်မိနစ်တစ်စက္ကန့်ကြီးတဲ့သူကို ရိုသေရတယ် ဦးစားပေးရတယ်"





"ဒါဖြင့် အမိုးကိုကော ဘာဖြစ်လို့ ဦးမချလဲ"

မိုးစွေကော အမိုးပါ ပါးစပ်ပိတ်သွားသည်။

"အမိုးအတွက် ဦးချမယ် အမိုးပါ ဝင်စားလေ"

"အမိုးက ကလေးရဲ့ အိမ်ဦးနတ်မဟုတ်ဘူးလေ၊ အိမ်ဦးနတ်ကို ဦးချရင် လုံလောက်ပါပြီ အမိုးတို့က အလုပ်သမားပဲ"

"အမိုး"

မိုးစွေက ဟန့်တားလိုက်သည်။

"ဟုတ်သားပဲ အမိုးရယ်၊ ကျွန်တော်တို့အပေါ် အလုပ်ရှင်ရယ် သဘောမထားနဲ့ အမိုးဝင်စားပါ"

အမိုးက ပြုံးပြီး. . .

"သားကလည်း လုပ်ငန်းရှင် လူကြီးတစ်ယောက်ဖြစ်ပြီး တွေဝေပြန်ပြီ၊ အမိုးတို့က ကိုယ့်နေရာကိုယ်သိတယ်၊ အမိုးကို စိတ်ကျဉ်းကျပ်အောင် မလုပ်ပါနဲ့၊ ကိုင်း. . ကိုင်း. . စားကြ. . စားကြ"

အမိုးက ရှောင်ထွက်သွာလေသည်။ မိုးစွေက နိုး၏ ပန်းကန်ထဲ ဟင်းများခပ်ထည့်ပေးရင်း. .

"နိုးရေ လောကကြီးမှာ မင်းသင်ယူစရာတွေ အများကြီး ရှိသေးတယ်၊ မင်းဘာမှမတတ်ဘဲ သားသမီးရလာရင် ဘယ်လို"

"ဟင်. . ဘာ. . သားသမီး၊ အိုး. . မရဘူး. . မရဘူး ကျွန်မ သားသမီးမယူဘူး"



www.burmeseclassic.com

www.burmeseclassic.com



နိုး ထိတ်လန့်သွားသည်။

မိုးစွေ အံ့အားသင့်သွားသည်။

နိုးသည် သူမည့်သို့မှ မတားဆီးနိုင် ငိုယိုပြီး ထွက်ပြေး သွားလေသည်။

မိုးစွေ ဇွန်းခရင်ကိုပစ်ချပြီး နိုးနောက်သို့ လိုက်ရလေ သည်။

နိုးက အပေါ်ထပ်စာကြည့်ခန်းဝယ် တံခါးပိတ်ထားပြီး ငြိမ်မိနေလေသည်။

"နိုးနိုး တံခါးဖွင့်ပါဦး"

"ဟင့်အင်း. . ဟင့်အင်း. . ကျွန်မကြောက်တယ်. . ကျွန်မတစ်ယောက်တည်းနေပါရစေ၊ ရှင်ကြီး. . သွား ရှင်ကြီးကို ကြောက်တယ်. . ဟီးဟီး"

မိုးစွေ စိတ်ရှုပ်ရလေပြီ။

ဘာတွေလဲ။

နိုးနိုးပြည့်စုံက စိတ်မှကောင်းရဲ့လား. . .

အမိုးရောက်လာသည်။

"ကိုင်း. . သား. . သွားသွား. . ထမင်းစား အမိုးစောင့် နေလိုက်ပါ့မယ်"

"မစားတော့ဘူး အမိုးရယ်၊ ကျွန်တော် စိတ်ညစ်တယ် အပြင်မှာပဲ သွားစားတော့မယ်၊ ဆယ်နာရီ မထိုးခင်တော့ ပြန် လာပါ့မယ်"

"အေးအေး သိပ်မသောက်နဲ့နော်၊ ဖိုးခွားကိုပဲ မောင်း





ခိုင်းနော်. . . သား စိတ်တွေလှုပ်ရှားနေတယ်"

"ဟုတ်ကဲ့ သွားမယ် အမိုး၊ သူ့ကို ဂရုစိုက်လိုက်ပါ"

"စိတ်ချပါ"

ဒါတွေအားလုံး နိုးကြားနေရသည်။

ရှင်ကြီးတစ်ယောက်ထဲ စိတ်ရှုပ်တာမဟုတ်ပါဘူး။ နိုးလည်းစိတ်ညစ်တယ်။ စိတ်ရှုပ်တယ်။ ယောကျ်ားယူတယ်ဆို တာ ကြောက်စရာကောင်းသော အလုပ်ကြီးတစ်ခုဟု သိခဲ့ရင် စောစောစီးစီးကတည်းက လုံးဝငြင်းဆန်ခဲ့မည်မှာ ကျိန်းသေ သည်။

ယခုတော့ မိမိဘာဆက်လုပ်ရမလဲ။

စိတ်ပျက်လက်ပျက်နှင့် အားရအောင် ငိုချလိုက်လေ သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၁)

"နိုးကော အမိုး"

"နိုး အမိုးအခန်းထဲမှာ အိပ်ပျော်နေတယ်"

"ဟင်"

"အမိုးစကားကို သေသေချာချာ နားထောင်ပါသား။ နိုးနိုးဟာ သနားစရာကောင်းပါတယ်။ မနေ့ညက သားရဲ့ အပြု အမူတွေဟာ ကြမ်းတမ်းပုံရတယ်။ နိုးနိုး ကြောက်နေရှာတယ်။





သားနဲ့အတူ အိပ်ရမှာကို သူကြောက်နေတယ်၊ ကလေးရမှာကို ကြောက်နေတယ်၊ ဒါတွေဟာ အိမ်ထောင်ကျသွားပြီးဖြစ်တဲ့ မိန်းမတွေရဲ့ ဓမ္မတာလေ အမိုးမပြောပြဖူးလား"

မိုးဇွေ စိတ်ပျက်ပြီးရင်း ပျက်ရလေပြီ။

"ပြောပြပါတယ်၊ ဒါပေမယ့် သူအားငယ် ကြောက်လန့်နေတုန်းပဲ၊ မနေ့ညကလိုမျိုး သူကြုံတွေ့မှာ စိုး ရိမ်နေတယ်၊ ဒီတော့ အမိုးကို အားကိုးပြီး အမိုးအခန်းမှာ လာပုန်းအောင်းတာ၊ အမိုးက သားကို ခွင့်ပြုလိုက်ရင်"

"ရပါတယ် သား နားလည်ပါတယ်၊ သူအိပ်ပါစေ မနေ့ညက သားနည်းနည်းမူးနေလို့၊ ဒါပေမယ့် ညစဉ်ညတိုင်း ဒီအတိုင်းသာဆိုရင်"

"ဒါက သားအပေါ်မူတည်ပါတယ်"

မိုးဇွေ နားမလည်. . .

အမိုးက

"အဟင်း. . သားလည်း လိုသေးတာပဲ၊ အချစ်ဆိုတာ ကြောက်စရာမဟုတ်ဘူး၊ ချိုမြိန်စရာကောင်းတယ်လို့ သိအောင် သားကြိုးစားရမှာပေါ့၊ အချစ်ဆိုတဲ့အရာကို ကြောက်လန့်ဖွယ်ရာ အိပ်မက်ဆိုးတစ်ခုလို့ နိုးနိုး ထင်နေတယ်၊ ဒါကိုသားက ဖျောက်ချက်ပေးရမှာ"

"ကျွန်တော်သဘောပေါက်ပြီ၊ အမိုးကို ကျေးဇူးတင်ပါတယ်၊ ကျွန်တော် အိပ်တော့မယ်"

"ဘာစားဦးမလဲ သား"



www.burmeseclassic.com

www.burmeseclassic.com



"မစားတော့ဘူး"

မိုးစွေအပေါ် ထပ်သို့ လေးကန်စွာ တက်ခဲ့လေသည်။ နိုးနိုး၌ မသိသေးတာတွေ နားမလည်တာတွေ အများကြီး ရှိနေသေးသကဲ့သို့ မိမိမှာလည်း အများကြီးရှိသေးသည်ဟု သဘောပေါက်လိုက်မိလေသည်။

နိုးအား ချစ်ခြင်းကရုဏာအပြည့်နှင့် သူခွင့်လွှတ်ပြီး သူတစ်ယောက်တည်း အိပ်စက်လိုက်လေတော့သည်။

ရုတ်တရက် အိပ်မပျော်နိုင်။

နိုး အတွက်. . .

အချစ်ဆိုတာ ခြောက်လှန့်တတ်သော အိပ်မက်ဆိုး တစ်ခုမဟုတ်ပါဘူး။

အချစ်ဆိုတာ. . .

သက်ဝေစပ်ထားတဲ့ ကဗျာတစ်ပုဒ်လိုပါပဲ ချိုမြိန်တယ်။ ခံစားလို့ကောင်းတဲ့ ရသကဗျာတစ်ပုဒ်ပါဟု လက်ခံသွားစေရန် သူမည်ကဲ့သို့ ကြိုးစားရမည်နည်း။

စိတ်ရှုပ်စရာ ကောင်းလိုက်တာ. . .

လောလောဆယ် သူ့အတွက်တော့ဖြင့် အချစ်ဆိုသည်မှာ တွက်ရခက်ခဲသော အဖြေရှာမရသည့် သင်္ချာပုစ္ဆာတစ်ပုဒ်ဟု. . .။







# အခန်း(၁၂)

"အမိုး. . သူ ကျွန်မကို မေးသေးလား"

"ဘယ်နဲ့ပြောပါလိမ့် မေးတာပေါ့။ အမိုးက အမိုးအခန်းထဲမှာ လာအိပ်နေတယ်လို့ပြောလို့ သူ အံ့အားသင့်သွားတယ်"

နိုးက အမိုးကိုကြည့်လိုက်သည်။ အမိုးသည် လိမ်ညာတတ်ပုံမရဘူးဟု နိုးလက်ခံမိသည်။

"ဒါဖြင့် သူကဘာပြောသေးသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နိုးနိုးက သားကိုကြောက်နေပုံရတယ်လို့ အမိုးပြောလိုက်တော့ သူစိတ်ထိခိုက်သွားပုံပဲ၊ ကဲပါကလေးရယ် ထတော့ သား ဆင်းမလာသေးဘူး ကလေးကိုယ့်အခန်းကိုယ် သွားတော့"

"မသွားချင်ဘူး အမိုးရာသူနဲ့ မျက်နှာချင်းဆိုင်မိတာနဲ့ စည်းကမ်းချက်တွေ တစ်ခုပြီး တစ်ခုတိုးလာတာပဲ အမိုး အိပ်ခန်းလေးမှာ အိပ်ရတာပဲ ကောင်းတယ်"

"မဟုတ်သေးပါဘူး ကလေးရယ်"

အမိုးစိတ်ရှုပ်လာပြီး ဤကလေးနှစ်ယောက်ကြား သူဘာဆက်လုပ်ပေးရမှန်းမသိအောင် ဖြစ်သွားရသည်။

"အမိုး"

မိုးစွေက အမိုးအိပ်ခန်းဝမှ အသံပြုလိုက်သည်။

"ဟော. . လာပြီ ကျွန်မအိပ်နေတုန်းလို့ ပြောလိုက်နော် အမိုး"

နိုးနိုးက ချက်ချင်း အိပ်ရာထဲပြန်လှဲကာ ကျောခိုင်း အိပ်လိုက်သည်။

အမိုးက အခန်းအပြင်သို့ လှမ်းအသံပြုလိုက်သည်။

"ဝေ့. . လာပြီ"

မိုးစွေက. .

"နိုးနိုးကော မနိုးသေးဘူးလား"

အမိုးကလက်ခါပြပြီး. .

"မနိုးသေးဘူးသားရဲ့ ကော်ဖီ သောက်တော့မလား"

"ဘာဖြစ်လို့ မနိုးရတာလဲ နေမှကောင်းရဲ့လား ကိုယ်မျှား





ပူနေသလား မစမ်းကြည့်လိုက်ဘူးလား အမိုး၊ နေ. . နေ. . ကျွန်တော်ပဲ ကြည့်လိုက်မယ်အမိုး ကျွန်တော့်ကို ဘလက်ခ် ကော်ဖီလေးပဲ ဖျော်ပေးပါ"

"အေး. . အေး. ."

နိုးနိုးမျက်လုံး ဖွတ်မှိတ်လိုက်သည်။ အသက်ပင် ရဲရဲမရှူဝံ့. . မိုးစွေက အိပ်ချင်ဟန်ဆောင်နေသော နိုးနိုးအား ငုံ့ကြည့်ပြီး ဟက်ခနဲ တစ်ချက်ရယ်ကာ နဖူးကို စမ်းလိုက်သည်။

နိုးနိုးက အလန့်တကြား လက်ကိုပုတ်ထုတ်ပြီး ထထိုင်လိုက်သည်။

"နိုး ဘာဖြစ်လို့လဲနိုး"

"သွား. . သွား. . ရှင်ကြီး ကျွန်မအနားမလာနဲ့"

မိုးစွေ တကယ်ပင် စိတ်ထိခိုက်သွားသည်။

မိမိဘာအမှား ကျူးလွန်ခဲ့မိသလဲ. . .

"ဘာဖြစ်လို့လဲနိုး၊ ကိုယ်နိုးကို ဘာလုပ်လို့လဲ"

"မသိဘူး၊ ကျွန်မနား ရှင်မလာနဲ့၊ ကျွန်မ ရှင်ကြီးကို ကြောက်တယ်"

"နိုးသွားချင်တဲ့ ဟန်းနီးမွန်း သွားရအောင်လို့ ကိုယ်လာပြောရင်း. . ခုပဲ နိုးအတွက် လိုအပ်တာတွေ ကိုယ်လိုက်ဝယ်ပေးမလို့၊ အဲဒါ နိုးနေမကောင်းဘူးလားလို့ စိုးရိမ်ပြီ"

နိုးက မိုးစွေ၏ရှင်းပြမှုကြောင့် တွေဝေသွားသည်။

"ဘယ်ကိုသွားမှာလဲ"

"နိုး ဘယ်သွားချင်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



နိုးက မျက်တောင်ပုတ်ခတ်ပုတ်ခတ် စဉ်းစားလိုက်သည်။

"ငပလီ"

"ကောင်းပြီး လေယာဉ်လက်မှတ် စီစဉ်ပြီး ဟိုတယ်ကို ဘွတ်ကင်လုပ်လိုက်မယ်၊ နိုးရေချိုးတော့ မနက်စာ စားရအောင် ကိုယ်စောင့်နေမယ်နော်"

"အင်း"

နိုးသည် ချက်ချင်းပင် အလန့်ပြေသွားသည်။

"နေဦး ရှင်ကြီး"

အခန်းအပြင်ရောက်မှ ဘာစိတ်ကူးပေါက်သည်မသိ မိုးစွေအား လှမ်းခေါ်လိုက်သည်။

မိုးစွေက

"ဘာလဲနိုး"

"အမိုးကိုကော ခေါ်မှာလား"

"ခေါ်လို့မရဘူး၊ လေယာဉ်လက်မှတ် မလွယ်ဘူး၊ တည်းခိုဖို့တောင် နှစ်ယောက်စာ မနည်းဘွတ်ကင်လုပ်ရမှာ"

နိုး တွေဝေပြီး စဉ်းစားရသည်။

မိုးစွေက နိုးအား သနားသွားသည်။

"စိတ်ချပါနိုးရယ်၊ နိုးမကြိုက်တာကို ကိုယ်ဘာမှ မလုပ်ပါဘူး"

ဟု အာမခံပြီး ဧည့်ခန်းဘက် ထွက်သွားသည်။

နိုးက အမိုးအား လှမ်းကြည့်ကာ. . .





"အမိုး သူပြောတာ ယုံရမှာလား"

"ယုံလိုက်ပါ မောင်မိုးစွေက လူရမ်းကား မဟုတ်ပါဘူး ကလေးရယ်၊ သူ ကလေးအလိုကို လိုက်လျောမှာပါ"

"သေချာရဲ့လားဟင်"

"သေချာပါတယ်"

"ဒါဖြင့် နိုး လိုက်သွားမယ်၊ ရေသွားချိုးတော့မယ်နော်"

"ဒါထက် ဒီနေ့ ဘာစားမလဲ"

"သူကော"

"ထမင်းကြော်နဲ့ ဘလက်ခ်ကော်ဖီ"

"ထမင်းကြော်တော့ စားမယ် ဘလက်ခ်ကော်ဖီတော့ သောက်တော့ဘူး"

"အေးအေး အဆင်သင့်ပဲ"

နိုးအပေါ်တက်သွားမှ အမိုးလည်း သက်ပြင်းချနိုင်လေသည်။

မိုးစွေသည် နိုး၏အပြောအဆို အပြုအမူများကို မသိသာခိုးကြည့်ပြီး သက်ပြင်းချလိုက်မိသည်။

နိုးအတွက် သူ လေးငါးရက် တစ်ပတ်လောက်တော့ အချိန်ပေးလိုက်မည်။

ဒီကြားထဲ ညောင်လေးပင်လည်း သွားချင်သေးသည်။ ...ကြောင့်ရယ်မသိသက်ဝေတို့ကို ဖိတ်စာပို့လျှင် ဇော်ကားရာ ...တ်မလားဟူသော စိတ်ဖြင့် မပို့ခဲ့ချေ။ သို့သော် စိတ်... ...တ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟန်းနီးမွန်းက ပြန်လာမှပဲ သွားရရင် ကောင်းမလား

ယခုမှ သတိရသည်။ အမိုးလည်း ညောင်လေးပင်

ဇာတိပဲ အမိုးကိုခွင့်ပေးရင်း သက်ဝေတို့ အိမ်လိပ်စာပေးကာ
လက်ဆောင်ပစ္စည်းများကို ပို့ခိုင်းလိုက်မည်ဟု မိုးစွေ ဆုံးဖြ
လိုက်သည်။







# အခန်း(၁၃)

"နိုး ပျော်ရဲ့လားဟင်"

"အင်း"

"ဘာလိုသေးသလဲ"

"ဘာမှမလိုတော့ဘူး"

"ဒါဖြင့် ခဏနေဦး"

ကြိမ်ခြင်းတောင်း၌ အိုဗာတင်း၊ အအေး၊ နို့မှုန့်၊ နို့ဆီ၊



www.burmeseclassic.com

www.burmeseclassic.com



မုန့်ဘူး၊ အစုံအလင်ထည့်ထားပြီး ပလပ်စတစ်အုပ်ထားသော တောင်းတစ်တောင်းကို မိုးစွေ ဝယ်လိုက်သည်။

"ဘာလုပ်ဖို့လဲ အိမ်မှာလဲ ရှိသားနဲ့"

"လက်ဆောင်ပေးဖို့လေ"

"ဘယ်သူ့ကိုလဲ"

"ကိုသက်ဝေတို့ အမေအတွက်"

"ဟင်"

နိုးက အံ့အားသင့်သွားသည်။

မိုးစွေအား နားမလည်နိုင်သကဲ့သို့ ငေးကြည့်လိုက်ရာ. .

"အဆုတ်ရောဂါသည်မျိုးက အာဟာရရှိတဲ့ အစားအစာတွေ စားပေးရတယ်၊ ဒါကြောင့်ပါ ကိုယ်သတိရတာနဲ့ အမိုးကို သွားပို့ခိုင်းလိုက်မယ်"

မိုးစွေက ထွေထွေထူးထူး ထပ်မပြောတော့ဘဲ ငွေရှင်းပြီး ရှေ့မှထွက်သွားသဖြင့် နိုးက အမီလိုက်ရင်း. . .

"ရှင်ကြီးကို ကျွန်မတကယ်ပဲ အံ့သြရပြီ"

"နောက်ကို မင်းဒီထက်မက အံ့သြရဦးမှာ"

"ဘာဖြစ်လို့လဲဟင်"

"မင်းကို ကိုယ်အလိုလိုက်မှာမို့လို့ပေါ့"

နိုးကရယ်သည်။

"စည်းကမ်းချက်တွေ လိုက်နာစရာမလိုတော့ဘူးပေါ့"

"မင်းကကောလိုက်နာမှာလား"





နိုးဘာမှမပြောဘဲ ကားနောက်ခန်းထဲသို့ အထုပ်များ ပစ်ထည့်လိုက်သည်။

"ဟော. . ဟော. . ညင်ညင်သာသာနဲ့ စီစီညီညီ ထည့်ရင် မကောင်းဘူးလား နိုး"

"ခဏပဲဟာ အိမ်ရောက်တော့လည်း သူတို့ကို နေရာ ပြန်ချပေးဦးမှာပဲ မဟုတ်ဘူးလား"

"ကဲ. . သဘောသဘော မယ်မင်းသဘောပါပဲ"

မိုးစွေ နောက်ဖုံးထဲသို့ ဝယ်လာသော ပစ္စည်းများကို စနစ်တကျထည့်ပြီး နိုး ပစ္စည်းများကိုပါ ယူလိုက်သဖြင့် နိုးက နေသာဘဲ ယူပေးလိုက်သည်။

"ရှင်ကြီးကလေ အဘိုးကြီးကျနေတာပဲ အားကြီး ပစိစပ်များတာပဲ"

"စနစ်ဇယားရှိတာကို ပစိပစပ်များတယ်လို့ နိုး ယူဆသသား၊ ထားပါတော့ ထားပါတော့လေ၊ ကိုယ်က မင်းထက်ရှစ်နှစ်သောက်ကြီးတော့ အဘိုးကြီးပေါ့ဟုတ်လား"

"စိတ်ညစ်တဲ့အထဲမှာ အဲဒါလည်းပါတယ်၊ နေရာတကာ စည်းကမ်းကြီးက စည်းကမ်းရှိပြနေတော့ ကျွန်မမှာ ဘယ်လိုနေရမှန်းမသိ ထိုင်ရမှန်းမသိနဲ့ စိတ်ရှုပ်လာတယ်"

မိုးစွေက ဟက်ခနဲ တစ်ချက်ရယ်ကာ

"ဒါက သဘာဝပဲလေ၊ နောက်တော့လည်း မင်း ကိုယ်တိုင်စည်းကမ်းရှိလာတော့ စည်းကမ်းဆိုတာ တာဝန်တစ်ရပ်လို အတိုထမ်းဆောင်စရာမလိုဘဲ ထမင်းစားရေသောက် နေရာပါ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းတစ်ခု ဖြစ်သွားမှာပါ နိုး"

မိုးစွေက ကားမောင်းရင်း. . .

"ရုပ်ရှင်ကြည့်ဦးမလား"

"အင်း"

မိုးစွေက ရုပ်ရှင်ရုံရှိရာသို့ ကားကိုတောက်လျှောက်မောင်းတက်ခဲ့သည်။

"ဘာကားလဲ"

"တာဇံ"

"ဟင် ဗမာကားလည်း မဟုတ်ဘူး"

"ကောင်းပါတယ် ကိုယ့်တိုင်းပြည်မှာမရှိတဲ့ ရှုခင်းတွေကြည့်ရတော့ တစ်မျိုးခံစားလို့ရတာပေါ့ မဟုတ်ဘူးလား"

ရုံထဲဝင်ခဲ့တော့ ခုံက နောက်ဆုံးတန်း ဖြစ်နေသည်။

နိုးက နေကြာစေ့များကို တဖောက်ဖောက်စားပြီး အခွံကို ပစ်လိုက်ရာ. . .

"ဟာ. . နိုး မချန့်လေ၊ ရော့ ဒီကျွတ်ကျွတ်အိတ်ထဲ ပြန်ထည့်ထား နောက်တော့မှ အမှိုက်ပုံးထဲပစ်မယ်"

"ဟင်. . စည်းကမ်းက အိမ်မှာတင်မကဘူး၊ လမ်းမှာလဲထုတ် ရုပ်ရှင်ရုံမှာလည်း လိုက်ထုတ်ပါလား၊ နေစရာကို မရှိတော့ဘူး"

"နိုးရယ် အောက်ချတာလဲ ဒီလက်ပဲ၊ အိတ်ထဲ ထည့်လိုက်တာလည်း ဒီလက်ပဲ၊ ဘာမှအပို ပင်ပန်းသွားတဲ့ ကိစ္စမဟုတ်ဘူး၊ ရုပ်ရှင်ရုံထဲ ဝင်လာတော့လည်း မုန့်ထုပ်ကိုင် ဝင်





လာတယ်၊ ထွက်တော့ အမှိုက်အိတ်လေးကိုင်ထွက်တယ်၊ အဝမှာရှိတဲ့ အမှိုက်ပုံးထဲကို ထည့်လိုက်မယ်၊ ကိုယ့်အတွက် ဘာတာဝန်များ ပိုသွားသလဲ၊ ကိုယ့်အတွက် တာဝန်မပို မပင်ပန်းဘဲ လူမျိုးကြီးဝါဒနဲ့ စည်းကမ်းတကျဆောင် ရွက်လိုက်ရင် ကိုယ့်နိုင်ငံ သန့်ရှင်းပြီး ကိုယ့်လူမျိုးတွေ ကျန်းမာမယ်၊ ကမ္ဘာ့အဆင့်အတန်းမီ နိုင်ငံဖြစ်မယ် မဟုတ်ဘူးလား၊ နိုးမျက်စိတစ်ဆုံးကို ကြည့်လိုက်တဲ့အောင် ကြည့်ပါနိုးရယ်"

နိုးက ဘာမှပြောချင်စိတ် မရှိတော့။ သူပြောတာ ဟုတ်နေတော့လည်း နိုး လက်ခံရသည်။ သူပြောသည့်အတိုင်း. . နေကြာစေ့အခွံများကို ကျွတ်ကျွတ်အိတ်ကလေးထဲ ထည့်သည်။

မိုးစွေက ကျေနပ်စွာ ပြုံးလိုက်သည်။ မိုးစွေတို့ ပတ်ဝန်းကျင်များတွင် အတွဲများသာရှိသည်။

တစ်ယောက်ကိုတစ်ယောက် ယုယကြင်နာနေကြသည်၊ နိုးမြင်တော့. . .

"ဟင် ဘယ်လိုနေရာကြီး ဝယ်လာတာလဲ"

"ဒါတော့ ကိုယ်လည်းမသိဘူး၊ လက်မှတ်ရောင်းတဲ့လူပေးတဲ့လက်မှတ် ယူလာတာပဲ"

မိုးစွေက ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။ ကြီးကြီးငယ်ငယ် အတွဲများ သက်တူရွယ်တူများ အချင်းချင်းလည်းရှိသည်၊ သက်ကြီးနှင့် သက်ငယ်အတွဲများလည်း တွေ့ရသည်။ အရွယ်စုံ အလွှာစုံ။

"အင်းလေ ဒါလည်း သဘာဝတစ်ခုပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်စပြသည့် အမှောင်ချိန်ရောက်သည်နှင့် အချို့ အတွဲများ ကဲကြသည်။

နိုးရင်ထဲ လှုပ်ရှားလာသည်။

အတွဲများဆီသို့ မျက်လုံးရောက်သွားသည်။ ရှက်စိတ်ဖြင့် ချက်ချင်းပင် ပိတ်ကားပေါ်သို့ မျက်လုံးပြန်ပို့သည်။

ဘာတွေလဲ။

နိုး မိုးစွေကို လှမ်းကြည့်လိုက်သည်။

မိုးစွေက ရုပ်ရှင်ကိုသာ စိတ်ဝင်စားစွာကြည့်နေသည်။

"ရှင်ကြီး"

"အင်"

"ကျွန်မ ပြန်ချင်ပြီ"

"ဟင်. . ဘာဖြစ်လို့လဲ"

"ခေါင်းကိုက်လာပြီ"

မိုးစွေက နိုး၏လက်ကိုစမ်းလိုက်သည် လက်ဖျားများ အေးစက်နေသည်။ မိုးစွေသက်ပြင်းချကာ. . .

"ဒါဖြင့်ထ. . ပြန်မယ်၊ ပေး. . ပေး. . အမှိုက်ထုပ် ကိုယ်ယူခဲ့မယ်"

မိုးစွေက နိုးလက်ကိုဆွဲပြီး ရှေ့မှထွက်ခဲ့လေသည်။

နိုး၏ နူးညံ့သောစိတ်ကို မိုးစွေရိပ်မိလေပြီ။ သနား ကရုဏာဖြင့် ပို၍အကြင်နာတိုးကာ ချစ်မိသွားလေသည်။

အစကတော့ လှသော တပ်မက်ချင်စရာကောင်းသဖြင့် လက်ထပ်ခြင်းဖြင့် ပိုင်ဆိုင်လိုခဲ့သည်။

☺ အောင်မြင်စာပေ ☺



ယခုတော့ နိုး၏ဘဝကိုသိလာရသည်နှင့်အမျှ ကရုဏာနှင့်ယှဉ်သော ချစ်ခြင်းဖြစ်လာသည်။

ကားပေါ်ရောက်တော့ နောက်မှီကိုမှီချပြီး မျက်လုံးမှိတ်ထားသော နိုးအားကြည့်ကာ. . .

"အိမ်ပဲပြန်တော့မယ်နော် နိုး၊ အိမ်ရောက်မှ စမ်းသပ်ပေးမယ်"

နိုးစိတ်ထဲ၌ အိမ်ထောင်ပြုမိခြင်းအတွက် အကြီးအကျယ် နောင်တရပြီး ကြောက်ရွံ့ခြင်းမဖြစ်အောင်တော့ သူ ကြိုးစားရမည်ဟု နားလည်ကာ. . .

"သန်ဘက်ခါ လေယာဉ်လက်မှတ်ရတယ် နိုး၊ ငပလီက ကိုယ့်သူငယ်ချင်း ဆရာဝန်ဆီ ကိုယ်ဖုန်းဆက်ထားတယ်. . ဟိုတယ်စာတွေ ငြီးငွေ့ရင် ရခိုင်စာတွေ စားရအောင်လို့လေ၊ ဟိုတယ်မှာ နှစ်ညပဲတည်းပြီး လုံးချင်း ဘန်ဂလိုတစ်လုံးကိုလည်း စီစဉ်ထားခိုင်းတယ်၊ ဟိုမှာ တစ်ပတ်လောက်နေမယ်လို့ စိတ်ကူးထားတယ် ကျေနပ်ရဲ့လား နိုး"

"မသိဘူး ကျွန်မဘာမှမသိဘူး၊ ရှင်ကြီး သဘောပဲ"

နိုးက ပြောလိုက်သည်။

မိုးစွေ သက်ပြင်းချလိုက်သည်။

နိုးအား လူ့သဘာဝနှင့် လောကအကြောင်း သိအောင် သူမည်ကဲ့သို့ ကြိုးပမ်းပေးရဦးမည်နည်း။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com








# အခန်း(၁၄)

ခုတင်က တစ်ယောက်အိပ် ခုတင်နှစ်လုံးဖြစ်နေသည်။ [illegible]ြား၌ တယ်လီဖုန်းတင်သော စားပွဲလေးက ခြားနေသည်။

နိုး သက်ပြင်းချလိုက်သည်။

မနေ့ညကလည်း အမိုးအခန်း၌ပင် နိုးအိပ်ခဲ့သည်။ [illegible]စွေက ဘာမှမပြောသဖြင့် နိုးအနေချောင်ခဲ့သည်။

ယခုတော့ သွားအိပ်စရာ အမိုးအခန်း ရှိမနေတော့။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



နိုး၏ ဖြူဖပ်ဖြူရော် မျက်နှာကို မိုးစွေ မသိမသာ အကဲခတ်လိုက်သည်။

"နိုး ကမ်းခြေလျှောက်မလား၊ ပေလီရွာထဲ အရင်သွားမလား"

"ကမ်းခြေကို ညနေရောက်မှ လျှောက်မယ်လေ၊ ရွာထဲအရင်သွားမယ်"

"ဒါဖြင့် ကိုယ်ကားပြောလိုက်ဦးမယ်"

"ဟင် ကမ်းခြေဘက်က လျှောက်သွားလို့ မရဘူးလား"

"မရဘူး ဒီဟိုတယ်က ရွှေဝါချိုင့်မှာ ရွာက ဟိုဘက်မှာ"

"ခြော်"

မိုးစွေက တယ်လီဖုန်းဖြင့် ကားငှားလိုက်သည်။

"ရတော့ရမယ်၊ ဒါပေမယ့် သံတွဲကို ငှားသွားတဲ့ ကားက နောက်တစ်နာရီမှ ရောက်မယ်ဆိုတော့ ထမင်းစားချိန် ရောက်သွားလိမ့်မယ်၊ နေ့လည်မှပဲ သွားတော့မယ်နော်"

မိုးစွေက စကားပြောခွက်ကို လက်နှင့်အုပ်ပြီး နိုးအား လှမ်း၍ တိုင်ပင်လိုက်သည်။ နိုးက. . .

"သဘောပဲလေ" ဟုပြောလိုက်ပြီး အခန်း၏ အပြင်ဘက်သို့ ထွက်ခဲ့သည်။ အပြင်ဘက်၌ ရှိနေသော ကြိမ်ကုလားထိုင်၌ ထိုင်လိုက်ပြီး ပြင်ပကိုငေးကြည့်လိုက်သည်။ အပြောကျယ်သော ပင်လယ်ကြီးအတွင် လှိုင်းခေါင်းဖြူတို့က တဖွေဖွေး. . . ထိုလှိုင်းများအကြားဝယ် လူတွေက အများအပြား သဲသောင်ပြင်ကျယ်ကြီး၌ ကစားသူကစား အပမ်းဖြေသူဖြေ လမ်းလျှောက်





သူလျှောက်နှင့် ပျော်စရာကြီးပင်။

ဗီဒီယို၊ ရုပ်ရှင်နှင့် စာတွေ့အရသာ မြင်ဖူးခဲ့သော ပေလီကို ယခုမှ နိုး ရောက်ဖူးလေပြီ။

ဖေဖေ့ကို သွားချင်သည်ဟု ပြောခဲ့သော်လည်း မအားဘူးဟူသော အကြောင်းပြချက်ဖြင့် မရောက်ခဲ့။ ငယ်စဉ် အစ်ကို၊ အစ်မများ သွားစဉ်ကလည်း သူ့အား "ကလေးရှုပ်သည်" ဟု ခေါ်မသွားခဲ့။ အစ်မဟန်းနီးမွန်း အစ်ကိုဟန်းနီးမွန်း ခရီးစဉ်ကြ [illegible]တော့လည်း "နင်နဲ့ဘာဆိုင်သလဲ" ဟုဆိုကာ ဝေးခဲ့ရပြန်သည်။

ယခု မိမိအလှည့်ပါလား။

မိုးစွေကို ကျေးဇူးတင်ရမည်။

"ရော့. . နိုး အုန်းစိမ်းရေသောက်လိုက်"

အုန်းသီးတစ်လုံး ပိုက်တံလေးနှင့် တပ်ပြီးလာပေးသည်။

ထိုစဉ် ဂျစ်ကားတစ်စီး ရောက်လာသည်။ ကားပေါ်မှ ဆင်းလာသူကို မိုးစွေလှမ်းမြင်လိုက်သည်နှင့် ဝမ်းသာအားရ [illegible]

"ဟေ့. . ကျော်ဇံဦး"

"ဟား. . မိုးစွေ ကွန်ရက်ကျူးလေးရှင်း၊ မိုးစွေ မင်းဝဲလ်ကမ်းလာဖြစ်တဲ့အတွက် တောင်းပန်ရင်း မင်းတို့အတွက် ရည်စူးထားတဲ လက်ဖွဲ့ပါလာတယ်ကွ၊ လေယာဉ်ကွင်းကို လာကြိုမယ်ဆို၊ ဒါပေမယ့်ကွာ. . လူနာတွေကများနေလို့ ငါမလာနိုင်"



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်မှာ ဆင်းဆင်းချင်း စကားဖောင်ဖွဲ့ရင်း အနား ရောက်လာသော ကျော်ဇံဦးကို မိုးစွေက ပခုံးဖက်ကာ ကြိုလိုက်သည်။

"ရပါတယ်ကွ၊ ငါလည်း ရောက်ရောက်ချင်း လာမလို့ ကားမရတာနဲ့ စောင့်နေတာ လာထိုင် သူငယ်ချင်း"

"မထိုင်တော့ဘူးလေကွာ၊ အခုပဲ မင်းတို့ကို လာခေါ်တာ အိမ်မှာ မနက်စာ ညစာစားပြီး ညနေပြန်မှ ပြန်ပို့မယ်"

"ဒီလိုတော့မလုပ်နဲ့ သူငယ်ချင်း ခု မနက်စာ စားဆိုရင် စားမယ်၊ ပြီးရင်ပြန်မယ်၊ ညစာ ဒီမှာပဲစားမယ် နှစ်ရက်တော့ ဒီမှာပဲ၊ လုံးချင်းဘန်ကလိုအတွက်. . ."

"ဒီအတွက် ဘာမှမပူနဲ့ စီစဉ်ပြီးသား၊ စားသောက်ရေး ကအစ စီစဉ်ပြီးပြီ၊ ရော့ မနိုးနိုး ကျွန်တော်တို့ ရက်ကန်းစက်ထွက် ရခိုင်လုံးကွင်းတွေ မင်္ဂလာလက်ဖွဲ့ပေ့ါဗျာ"

နိုးက ခေါင်းခါလိုက်သည်။

"ကျွန်မတို့ လက်ဖွဲ့မယူပါဘူး"

နိုး၏ ရိုးသားမှုကို မိုးစွေပို၍ တွေ့မြင်လာသည်။

"ဘယ်ဟုတ်မလဲ အခြားသူတွေဆီက မယူပေမယ့် ကျွန်တော်တို့ဆီက ယူရမယ်"

"ယူလိုက်ပါ နိုး၊ ဒီကောင်ကြီးနဲ့ကြတော့ ငြင်းလို့ မရဘူး၊ မင်းတို့အတွက်ရော မင်းရဲ့ဘေဘီလေးအတွက် ငါယူလာတဲ့ပစ္စည်းတွေကိုလည်း မင်းမငြင်းရဘူးနော်၊ နိုးနဲ့ စကားပြောနှင့်ဦး"





မိုးစွေက ကျော်ဇံဦးပေးသော လက်ဆောင်အိတ်ကို အခန်းတွင်းသို့သွားထားပြီး ကျော်ဇံဦးတို့ မိသားစုအတွက် ရည်စူးပြီး ယူလာသော လက်ဆောင်ခြင်းကို ဆွဲထွက်လာသည်။

ကျော်ဇံဦးက ဘာပြောလိုက်သည်မသိ။ နိုး မျက်နှာနီရဲပြီး သူ့အား လှမ်းကြည့်လေသည်။

"နိုးကို မင်းအရမ်းမစနဲ့နော်၊ နိုးက အားငယ်တတ်တယ်ကွ"

"ငါက ဘာမှမစပါဘူးကွာ၊ ကျောင်းတုန်းက မင်း ရည်းစားများခဲ့တဲ့ အကြောင်း၊ ဒါကြောင့် မင်းကို စိတ်ချလက်ချ မလွှတ်ထားပဲ သွားလေရာရာကို ပုဆိုးစဆွဲပြီးလိုက်၊ အဲ. . . ဘောင်းဘီစဆွဲပြီး လိုက်နေဖို့ အကြောင်းပါ"

"မင်းကလဲကွာ၊ မဟုတ်တာတွေ လျှောက်မပြောနဲ့. . နိုး အလကား ကိုကို့မှာ ရည်းစားဆိုလို့ တစ်ယောက်မှ မရှိဘူး သူသာ"

"သူသာ မလုပ်နဲ့မောင်ရေ မင်းရောက်လာတုန်း အဆော်ပဲ၊ ငါ့ဆေးခန်းကို မင်းနဲ့ထားခဲ့မယ်၊ ကျောက်ဖြူကို သုံးလေးရက်လောက်တော့ ပြေးလိုက်ဦးမှ. . မနက်ဖြန် ကျွန်းပတ် လေယာဉ်ရှိတယ်၊ ယောက္ခထီး နေမကောင်းဖြစ်နေလို့ နှင်းဆီက သွားချင်နေတယ်၊ လိုက်ပို့ရဦးမယ်"

"မင်းကတော့ လုပ်ချလိုက်ပြန်ပြီ၊ ငါက ဟန်းနီးမွန်း သွားတာလေ"

"ညဘက်တို့ နေ့ခင်းဘက်တို့ အားပါတယ်ကွ၊ မင်းအ



www.burmeseclassic.com

www.burmeseclassic.com



တွက် အချိန်ရပါတယ်၊ မင်းတို့ ဒီလောက်တောင်ပဲလား နိုးနိုး ခများ. . ."

"ဟာ. . ဒီကောင်"

မိုးစွေသည် ကျော်ဇံဦး ပါးစပ်ကို လှမ်းပိတ်ပြီး. . .

"သွားမယ်ကွာ သွားမယ်၊ နိုး တံခါးပိတ်လိုက်တော့ မင်း ဆေးခန်း ငါကူမယ်၊ သွားစရာရှိတာ အေးအေးဆေးဆေးသွား ပြန်ချိန်ရောက်မလာရင်တော့ မတတ်နိုင်ဘူး"

"အေးပါကွာ မင်းသဘောပဲ ကျေးဇူးတင်တယ်၊ မင်းဆီက ဖုန်းရကတည်းက ငါလည်း ကောက်စီစဉ်ရတာ၊ မနက်ဖြန် ရောက်ရင်သာ ငါ ပေလီနဲ့ အနီးဆုံး လုံးချင်းဘန်ဂလိုတစ်လုံး ငှားပေးထားတယ်၊ ငါ့အိမ်မှာ နေချင်လည်း ရတယ်၊ မင်းတို့စားဖို့ သောက်ဖို့ကို ရွာထဲက ဟင်းချက်အကောင်းဆုံးအိမ်က ချိုင့်လာပို့ ပေးလိမ့်မယ်၊ ငါ အားလုံးရှင်းပြီးသား မင်းတို့လိုတာ စားချင်တာ သာ မှာစား"

ဂျစ်ကားဖြင့်ဖြစ်၍ ရှေ့၌သုံးသောက်ထိုင်သည် နိုးကို အလယ်၌ပင်ထားလိုက်သည် နိုးကျသွားမှာစိုးရိမ်၍ ဖြစ်သည်။

နိုးကငြိမ်သက်နေသည်။

ပတ်ဝန်းကျင်အသစ်အဆန်းများက နိုးအား ငြိမ်သက် စေသည်ထင်ပါသည်။ မိုးစွေနှင့် ကျော်ဇံဦးမှာ စကားတွေ ဖောင် ဖွဲ့လျက်။







# အခန်း(၁၅)

ညနေ လေးနာရီခွဲလောက်၌ ကမ်းခြေသို့ ရေချိုးဆင်း

နိုးကို ဂျင်းဘောင်းဘီနှင့် ဂျင်းရှပ်လက်ရှည်လေးဝတ်စေ

"ဒါနဲ့ ရေချိုးရမှာလား" ဟု နိုးကမေးမိသည်ကို မိုးစွေ

"အင်းလေ. . လေနဲ့ရေက မင်းအသားတွေကိုတိုက်



www.burmeseclassic.com

www.burmeseclassic.com



စားသွားမှာ အသားမည်းသွားလိမ့်မယ်”

“ရှင်ကြီးကျတော့ ဘောင်းဘီတိုနဲ့လား”

“ရှင်ကြီးက ယောက်ျားပဲ အသားမည်းမှာလည်း မ
ရိမ်ရဘူး၊ သူများကြည့်မှာလည်း မပူရဘူး၊ မင်းကိုသာ. . .”

နိုး၏လက်ကိုမိုးစွေက ဆွဲလိုက်သည်နိုးက ဆက်
ရှန်းကာ. . .

“ကလေးမဟုတ်ဘူး ကိုယ့်ဘာသာကို လျှောက်တ
တယ်”

မိုးစွေက ဟတ်ခနဲရယ်ကာ. . .

“ကလေးမဟုတ်မှန်း ကိုယ့်ကိုယ်ကိုယ် သိတယ်လ
ဒါဆိုတော်ပါသေးရဲ့”

“ဘာလဲ ရှင်ကြီးနော် ရှင်ကြီး စကားက ဘာစကား
ကိုယ့်ကိုယ်ကိုယ် ဘာမှန်းမသိရအောင် ကျွန်မက အရူးမဟု
ဘူး”

“နိုးရယ် ကိုယ်က အဲဒီလို မဆိုလိုပါဘူး ဒါထက်
ရေကူးတက်သလား”

“ဟင့်အင်း. . ရေတိမ်မှာပဲ နေမယ်”

“ရေတိမ်မှာနေတာ ပျော်စရာမကောင်းဘူး၊ လာ ကို
ရှိတာပဲမကြောက်နဲ့ လှိုင်းစီးမယ် ဒီဘောကွင်းကို လျှို၀င် အလိ
သင့်နေလိုက်”

“ဟင့်အင်း. . . ဟင့်အင်း. . ကျွန်မ ကြောက်တယ်”

“မကြောက်ပါနဲ့နိုးရယ် ကိုယ်ရှိပါတယ်”





ရေလှိုင်းတို့က အရှိန်နှင့်အဆောင့် နိုးအား ဆွဲခေါ်သွား
သည်။ နိုး မျက်လုံးများ ပြာဝေသွားရာကာမှ စပ်သွားသည်။
ရေမွန်းသွားသည်။ သို့သော် တခဏပင် နိုးအား တစ်စုံတစ်
ယောက်က ဆွဲယူထားသည်။

“အဟွတ်. . ဟွတ်”

“နိုး ဒီအတိုင်းဆို ဘယ်လောက်ပျော်စရာကောင်းလဲ
ကိုယ်ရှိပါတယ်၊ အလိုက်သင့်နေ လှိုင်းလာပြီ”

နိုး လှိုင်းကို ကန့်လန့်ခံနေလိုက်သည်။ ငြိမ့်ခနဲ မျော
သွားသည်။

မိုးစွေ၏လက်ကို မလွှတ်တန်းဆွဲထားသည်။

“ခြေထောက်လွတ်နေပြီး သဲနဲ့ မထိတော့ဘူး ရှင်ကြီး၊
ကျွန်မကြောက်တယ်”

“မကြောက်နဲ့. . မကြောက်နဲ့၊ လာ. . ကိုကိုရှိတယ်”

မိုးစွေ နိုးအား အားပေးပြီး ကူးခတ်လိုက်သည်။ နိုးအား
ရေတိမ်၌ထားခဲ့ပြီး ခပ်နက်နက်၌ သွားကူးသည်။

“ရှင်ကြီး အဝေးကြီးမသွားနဲ့”

လှိုင်းသံ လေသံကြား မိုးစွေမကြား၊ သို့သော် နိုးသည်
သူ့အား စိုးရိမ်တကြီးကြည့်နေလိမ့်မည်ဟု သူအလိုလို သိနေ
သည်။ နိုးထံပြန်လာတော့ နိုးက သူ့အားထုရိုက်ကာ ငိုလေသည်။

“ရှင်ကြီး မကောင်းဘူး ကျွန်မတစ်ယောက်ထဲ ပစ်ထား
သည်၊ ရှင်ကြီး အဝေးကြီးသွားပြီး ရေနစ်သွားရင် ဘယ်နှယ့်လုပ်
မလဲ”



www.burmeseclassic.com

www.burmeseclassic.com



နိုး၏ လက်သီးဆုပ်ကလေးများကို ဖမ်းကာ ရယ်မော
ရင်း. . .

"ရေထဲမှာ ထိုင်နေတာတောင် မမြုပ်တာ ဘယ်လိုလုပ်
ရေနစ်မှာလဲ"

"ရှင်ကြီး နစ်မှာကိုပြောတာ"

"ကိုယ်နစ်တော့ မင်းလွတ်လပ်သွားတာပေါ့ ပိုမကောင်း
ဘူးလား"

"ဘာ"

နိုးက မိုးစွေအား ဒေါသတကြီး လှမ်းကြည့်လိုက်သည်။

"ရှင်ကြီး ဘာစကားပြောတာလဲ"

"မင်းကို စည်းကမ်းပေးတဲ့ ငါ့ကို မင်းမုန်းနေတယ် မ
ဟုတ်လား၊ မင်းမုန်းတဲ့လူ သေသွားတော့ မကောင်းဘူးလား"

"ဟင့် မဟုတ်ဘူး၊ ကျွန်မမှာ အဲ့ဒီစိတ်မရှိဘူး၊ ရှင်ကြီး
ကျွန်မကို စိတ်ရှုပ်အောင် သိပ်လုပ်တယ်"

နိုးကပြောရင်း ငိုလေရာ မိုးစွေမှာ ရင်ခွင်တွင်း သွင်း
ကာ ချော့လိုက်သည်။

"နိုး. . ကိုယ့်ကို မုန်းလား"

"မုန်းတယ်မုန်းတယ်"

"ဒီလိုဆို သေပါစေတော့ သွားကူးမယ်"

မိုးစွေက ပြောပြောဆို နိုးအား ရင်ခွင်ထဲမှခွာပြီး ပင်
လယ်ပြင်ဘက်သို့ မျက်နှာမူကာ လက်ပစ်ကူးလိုက်သည်။

"ရှင်ကြီး မသွားနဲ့"





မိုးစွေ မကြားချင်ဟန်ဆောင်သည် မိုးစွေရင်ထဲ ကြည်
နူးမှုများ လှိုင်းတံပိုးထန်နေပြီ။ နိုးကို လက်ထပ်ခဲ့ခြင်းအတွက်
ချောင်သော နောင်တတို့သည် ပျောက်ဆုံးစပြုလေပြီ။

နိုး သူနောက် ပြေးလိုက်လာသည်။

"ရှင်ကြီး"

သူခြေထောက်ကို လှမ်းဆွဲသည်။ သူရပ်ကာ နိုးအား
လှည့်ကြည့်လိုက်သည်။ မျက်ရည်တွေနှင့် ပင်လယ်ရေ ရောပြွန်း
နေသော မျက်နှာလေး။

"နိုး"

နိုးထံ ပြန်ပြေးကာ ရင်ခွင်ထဲ ဆွဲသွင်းပြီး ပါးချင်းအပ်
ထားလိုက်သည်။

"နိုး ဘာဖြစ်လို့ ငိုတာလဲ၊ ကိုကိုမင်းကို ထားမသွားပါ
ဘူး"

နိုး. . ဘာဖြစ်လို့ ငိုသလဲ နိုးကိုယ်နိုး မသိ။ နိုး တစ်
ယောက်တည်း ကျန်ရစ်ခဲ့မှာကို စိုးရိမ်တာလား၊ မိုးစွေ ရေနစ်
သွားမှာကို စိုးရိမ်တာလားတစ်ခုခုတော့ တစ်ခုခုပဲ။

"ကဲ. . တိတ်တိတ် ကိုကို နိုးနားက ဘယ်မှမသွားတော့
ဘူး၊ ရော့ ဘောလုံးပစ်တမ်း ကစားမယ် ဝါတာပိုလိုပေါ့"

လူချင်းခွါကာ ပူဘောင်းကို လေမှုတ်ပြီး ပစ်ကစားကြ
သည်။

လှိုင်းအတက် ဘောလုံးမျောပါသွားခြင်းကို ကောက်
သူကောက်ကြနှင့် နိုးပျော်ရွှင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်က ခွေးလေးကို သတိရတယ်"

"ကိုယ့်ကို ခွေးလေးလို့ မှတ်ယူထားသလား"

"ကြံ့ကြံ့ဖန်ဖန် ငရဲကြီးမှာပေါ့"

"ဒါတော့ မင်းသိသားပဲ"

"မသိရအောင် ကျွန်မက အရူးမှမဟုတ်ပဲ"

"တော်ပြီ နိုးမင်းနှုတ်ခမ်းတွေပြာလာပြီး နေတောင်ဝင်တော့မယ်"

"ဟင့်အင်း နေဝင်တာကြည့်ချင်တယ်၊ လှလိုက်တာနော် ပင်လယ်အောက် ငုတ်လျှိုသွားတာ၊ ဟောဟော ဝင်တော့မယ်"

ပင်လယ်ပြင်ကို မျက်နှာမူကာ ရပ်ကြည့်ကြသည်။ နေဝင်ရီသရော ပင်လယ်လေအေးက ရေစိမ်ထားသော သူတို့အား ခိုက်ခိုက်တုန်အေးစေသည်။

"ပြန်ရအောင်နော်"

"နေဝင်သွားပြီ"

နိုးက မိုးစွေ၏ လက်မောင်းကို ဖက်တွဲပြီး လိုက်ပါလာသည်။

"ဗိုက်ဆာလာပြီ"

"ရေချိုးချိုးပြီးရင် စားကြမယ်၊ ပြီးရင်လမ်းလျှောက်မယ်"

"ကောင်းတယ်"

"နိုး အရင်ချိုး မြန်မြန်ချိုးနော် အအေးမိမယ်"

နိုးရေချိုးပြီး မိုးစွေရေချိုးသည်။ ပြီးတော့ ဟိုတယ်၌





ညစာစားပြီး လမ်းလျှောက်သည်။ နိုးရင်ခုန် ကြည်နူးသည်။ ပျော်ရွှင်သည်။

မိုးစွေက နိုးအား အရိပ်တကြည့်ကြည့်နှင့် ရှိသည်။

ညအိမ်ရာဝင်တော့ စာဖတ်နေသော နိုးအား. . .

"နိုး ကိုကို အိပ်တော့မယ်၊ နိုးလည်းပင်ပန်းတယ် စောစောအိပ်နော် ညဉ့်နက်ခံမနေနဲ့"

ဟုပြောကာ အိပ်ခန်းထဲသို့ ဝင်သွားလေသည်။

နိုးရင်ထဲ လစ်ဟာကျန်ရစ်ခဲ့သည်။ ဝရန်တာ၌နိုး မနေရဲ၍ တအောင့်ကြာတော့ လိုက်ဝင်သည်။

မိုးစွေက ညာဘက်ခုတင်တွင် အိပ်ပျော်လျက်ရှိသည်။

နိုး တံခါးကိုညင်သာစွာ ပိတ်လိုက်သည်။

အမိုးပြောသော မယားဝတ္တရား ငါးပါးတို့ဘာတို့ကို နိုး သတိရလိုက်မိသည်။

သို့သော် နိုးလက်ဝဲဘက် ခုတင်ကိုလျှောက်သွားပြီး အိပ်ရာဝင်လိုက်သည်။

ရုတ်တရက် အိပ်မပျော်မိုးစွေနှင့် အတူသွား အတူလာခဲ့သည့်များကို မြင်ယောင်လာသည်။ ထိုစဉ်က ပျော်ရွှင်ကြည်နူးခဲ့သလောက် ယခုခြောက်ကပ်သွားသည်။ အားငယ်သလိုလို ကြောက်ရွံ့သလိုလို တရှိုက်ရှိုက် တရှုံ့ရှုံ့ အုန်းပင်ကြီးများကို လေတိုးခတ်မှုန်းသိလျက်နှင့် ခြောက်လှန့်နေသလိုလို. . .

ခွေးအအူသံကို ကြက်သီးထမိသည်။

လှိုင်းပုတ်သံ တဝုန်းဝုန်းက မိမိတို့အိပ်နေသော ဟိုတယ်



www.burmeseclassic.com

www.burmeseclassic.com



အထိ ပုတ်ခတ်နေသယောင်ယောင်။

နိုး ထလိုက်သည်။

"ရှင်ကြီး"

ခေါင်းအုံးကိုပိုက်ပြီး မိုးစွေခုတင်သို့ ကူးလိုက်သည်။

"ရှင်ကြီး"

"ဟင်. . ဘာလဲ နိုး"

"ကြောက်တယ်"

"ဟင် ဘာကြောက်စရာရှိလို့လဲ"

မိုးစွေ အစကတည်းက မအိပ်။ အိပ်ချင်ဟန်ဆောင်ကာ နိုးအား မသိမသာ ကြည့်နေခြင်းဖြစ်သည်။

မိုးစွေက ထထိုင်လိုက်သည်။

"နိုး အိပ်ချင်အိပ်လေ ကိုကိုစောင့်ပေးမယ်"

"ဟင့်အင်း ရှင်ကြီးလည်း အိပ်တော့။ နိုး ရှင်ကြီး နားမှာ အိပ်မယ်"

မိုးစွေ ဟက်ခနဲရယ်ကာ နိုးအား လှမ်းဖက်လိုက်ရင်း. .

"အိပ်ချင်လည်းရတယ်. . ၊ ဒါပေမယ့်. . ကိုကိုက မင်း ယောက်ျားနော်၊ ဒါကို မင်းသဘောပေါက်ရင် ရပါတယ် ချစ်မိန်း မလေးရယ်"

ဟု. . . နိုး ဘာမှပြောခွင့်မသာတော့ချေ။







# အခန်း(၁၆)

"နိုး"

"ဘာလဲ ရှင်ကြီး"

"လုပ်ပြန်ပြီး ရှင်ကြီး၊ ကိုကိုလို့ခေါ်လေ"

"ဟာ မခေါ်ချင်ဘူး"

နိုး အခြေအနေသည် များစွာတိုးတက်လာပြီဟု မိုးစွေ သဘောပေါက်လိုက်သည်။ စတော်ဗယ်ရီရောင် ပါးမို့မို့လေးအား ကြည့်ခြင်းအားဖြင့် နိုးသည် ရှက်တတ်လာပြီဟု မိုးစွေ နားလည်



www.burmeseclassic.com

www.burmeseclassic.com



လာပြီ။

"နိုး"

"ခရုကောက်ပေးလေ"

"ကောက်ပေးလို့ မဖြစ်သေးဘူး၊ ကိုကိုတို့ကို ကျော်ဇံဦးက မိုးပြာဘန်ကလိုကို ပြောင်းခိုင်းထားတယ်လေ"

"ဆေးခန်းမှာ ရှင်ကြီး သွားထိုင်ပေးမှာလား"

"မထိုင်ပါဘူး၊ မွေးလူနာနှစ်ဦး လစေ့နေတာရယ် အရေးကြီးလူနာရယ် ခေါ်ရင်သွားကြည့်ပေးဖို့ပါပဲ၊ ရွာထဲနဲ့အနီးဆုံးမှာရှိတော့ အရေးပေါ်တဲ့လူနာတွေ ကြည့်ပေးရင် ပြီးတာပါပဲ"

"ဒါဖြင့် ညနေမှ ပြောင်းရအောင်လေ ရှင်ကြီးကလဲ"

"ငပလီရွာဘက် ကမ်းခြေကလည်း သာယာတာပဲ ဘန်ဂလိုတွေအများကြီးနဲ့၊ ကဲ. . ကဲ. . ဒီဘက်မှာ ဓါတ်ပုံတွေ ၀ အောင်ရိုက်လိုက်ဦး"

နိုးတစ်ယောက်တည်းပုံများကို မိုးစွေက ရိုက်ပေးပြီး နှစ်ယောက်တွဲပုံကိုတော့ ကမ်းခြေမှ ဓါတ်ပုံဆရာကို အကူအညီတောင်းကာ ရိုက်ခိုင်းရသည်။

နိုး၏ မျက်နှာလေးသည် သက်ဝင်လှုပလာပြီဟု မိုးစွေ ယုံကြည်ကာ ကျေနပ်နေလေသည်။

နိုးအားလုံးကို မေ့လျော့နေသည်။ နိုး၏လောကကြီး၌ မိုးစွေနှင့် မိမိတို့နှစ်ယောက်ထဲ ရှိသည်ဟု ထင်နေသည်။

နိုးတို့ ငပလီရွာကမ်းခြေရှိ ဘန်ဂလိုသို့ ကျော်ဇံဦးအိမ်မှ ကားရောက်လာသောအခါ ရွှေ့ပြောင်းလိုက်ကြသည်။





နောက်နေ့ နေ့လည်ဘက်သံတွဲမြို့ထဲ ဘုရားများနှင့် လုံးသာကင်းမော်ဆိပ်ကမ်းတို့ကို သွားရောက်လည်ပတ်သည်။

နောက်နေက စက်လှေဖြင့် ပုလဲကျွန်းကြားထဲ ရွာထဲမှ အရေးတကြီး လာခေါ်သော လူနာများကို မိုးစွေ လိုက်ကုပေးသည်။ ထိုအချိန်တွင် နိုးက မပျင်းမရိလိုက်ကာ စောင့်ပေးတတ်သည်။

မီးဖွားရခက်သည်ဟူသော မွေးလူနာကို မိုးစွေလိုက်ကုပေးသောအခါ နိုးမှာ အပြင်မှာ စောင့်ရင်းမျက်ရည် တရွဲရွဲနှင့် ဖြစ်နေလေသည်။

မိုးစွေက မွေးလူနာကို မိခင်ကော ကလေးပါ အောင်မြင်စွာ ကယ်တင်နိုင်အပြီးတွင် နိုးအားချော့ရသည်။

နိုး၏ အစွဲတစ်ခုကို သွားတွေ့သည်။

"ကျွန်မကို မွေးပြီးပြီးချင်းပဲ မေမေကသေသွားခဲ့တယ်လေ၊ အဲဒါ မျိုးရိုးလိုက်တတ်သလားဟင်"

"နိုးရယ် အဲဒါ မျိုးရိုးနဲ့မဆိုင်ပါဘူးကွယ်၊ ဘာမှ အားငယ်နဲ့ တစ်ရာမှာတစ်ယောက်လောက် မပြောနဲ့ တစ်ထောင်မှာတစ်ယောက်တောင် ဖြစ်နိုင်ခဲ့တဲ့ကိစ္စပါ၊ ကိုကို တစ်ယောက်လုံးရှိပါတယ်"

"ဖေဖေကလည်း ဆရာဝန်ပဲ ကိုကို၊ မေမေ့အသက်ကို ဘာဖြစ်လို့ မကယ်နိုင်သလဲ"

"သေခြင်းတရားက ဆရာဝန်ဖနီး ဆရာဝန်တွေမှ ကာကွယ်နိုင်ခဲ့တာ မဟုတ်ပါဘူး၊ သေနေ့စေ့တဲ့လူကို ခေါ်မှာပဲ ဒီကံ



www.burmeseclassic.com

www.burmeseclassic.com



ဒီဝင်္ကနာ ဝင်္ကကြွေး၊ ဒီရောဂါနဲ့ သေဖို့ကံပါလာရင် ဒီရောဂါနဲ့သေမှာပဲ ကလေးရဲ့ ကဲ. . လာ. . လာ ပြန်ကြရအောင် ဒါကိုကိုတို့ရဲ့ ငပလီ နောက်ဆုံးညပဲ မင်းကိုလေ ဒီတစ်သက် မမေ့ရအောင် ကိုကို အမှတ်တရပွဲလေး လုပ်ပေးဖို့ စီစဉ်ထားတယ်"

နိုးပခုံးကို အသာသိုင်းဖက်ငင်ကာ ငပလီရွာထဲမှာ ထွက်ခဲ့လေသည်။

နေဝင်သွားပြီးဖြစ်သော်လည်း လပြည့်ည၏ လရောင်က အေးမြစွာဖြင့် ငပလီကမ်းခြေ၏ ညချမ်းကို အလှဆမ်းထားပေးလေသည်။

သူတို့တည်းခိုသော ဘန်ဂလိုရှေ့ဝယ် ကျော်ဇံဦးအိမ်မှ အိမ်စောင့်လင်မယားနှင့် ဘန်ဂလိုအစောင့် လင်မယားတို့က သူတို့အတွက် မီးပုံပွဲလေး လုပ်ထားပေးသည်။

ကင်စားရန် ကဏန်းများ၊ ငါးများနှင့် ပင်လယ်စာများကို အသင့်ခင်းပေးထားသည်။

"ဆရာတို့ အေးအေးဆေးဆေးသာ စားသောက်ပြီး နေကြပြီးမှ ကျွန်တော်တို့ လာသိမ်းမယ် လွတ်လွတ်လပ်လပ်သာနေ"

ဟုပြောပြီးရှောင်ထွက်သွားသည်။

မိုးစွေက အုန်းပင်စည်တွင် ထောင်ထားသော ဂီတာကို သွားယူလိုက်သည်။

"ငါးကင်မယ်နော်"

"ကင်တတ်လို့လား"





"ကင်တတ်တယ်၊ ဒီမှာလေ မတွေ့ဘူးလား၊ ဖိုခနောက်နှစ်ခုလှမ်းတင်လိုက်လို့ ရတာပဲ"

နိုး၏သောကများ ပျောက်လွင့်သွားပြီး အသစ်အဆန်းတစ်ခုထံ အာရုံပြောင်းသွားသော ကလေးတစ်ဦးသဖွယ်. . .

"ကိုကိုက ဂီတာတီးတတ်လို့လား"

"နည်းနည်းပါးပါးပါ. . မကဲ့ရဲ့နဲ့နော်"

ဂီတာကြိုးများကို ညှိကာ သံစဉ်ရှာလိုက်သည်။

"သိတယ် မောင့်လပြည့်ဝန်း"

နိုးကချစ်စဖွယ် အမူအရာနှင့် လှမ်းအော်လိုက်သည်။

မိုးစွေက မြတ်နိုးစွာကြည့်ပြီး ညင်သာစွာ တီးခတ်လိုက်သည်။

"အရင်ညက မြင်ရခဲ့တဲ့ မောင့်လပြည့်ဝန်း. . . "

နိုးက မိုးစွေအား အံ့အားသင့်စွာ ငေးကြည့်မိသည်။

နိုး၏ စိတ်ကူးယဉ်အိပ်မက်ထဲမှာ မင်းသားကို နိုးတွေ့ပြီ။

နိုးနှင့်အတူ လရောင်ကို ခံစားရင်း လွတ်လပ်ခြင်း၏အရသာကို အပြည့်အဝ ခံစားနေသည်။

မိုးစွေကို ဂီတကိုခံစားတတ်လိမ့်မည်ဟုလည်း သူ မထင်မှတ်ခဲ့။

ခုတော့ ဂီတကို ကိုယ်တိုင်ခံစား သီဆိုပြနေလေပြီ။

ဒီသီချင်းကို သက်ဝေလည်း သီဆိုခဲ့သည်။ နာနီတို့အိမ်၌ဘွင်းပသော ခရစ်စမတ်ညှ၌ သက်ဝေကို စတွေ့ခဲ့သည်။ ထိုည



www.burmeseclassic.com

www.burmeseclassic.com



က မောင့်လပြည့်ဝန်းသီချင်းပဲ သီဆိုခဲ့သည်ကို အမှတ်ရနေသည်။

ကြည့်စမ်း သူ့အာရုံတွေ ဘယ်လိုဖြစ်နေတာလဲ။

မိုးစွေဆိုနေအသံကို သက်ဝေ၏အသံသာ ကြားယောင်နေသလား။

သက်ဝေနှင့် အသံတူနေလို့လား။ မိုးစွေက အသားဖြူဖြူ ကျားကျားလျားလျား စမတ်ကျကျ။

သက်ဝေက ညိုညိုပိန်ပိန်ရှည်ရှည် လက်ပြင်က ကိုင်းချင်သေး။

အသံချင်းလည်း တခြားစီဖြစ်မှာပါ။ သို့သော် မိမိအာရုံက ဘာလို့များ တူညီနေသည်ဟု ထင်ရပါလိမ့်။

မိုးစွေ သီချင်းဆုံးသွားသည်။ ဂီတာကိုချပြီး ငါးကင်များကို တစ်ဖက်ဆီ လှန်ပေးလိုက်သည်။

"နိုး ဘာတွေစဉ်းပေးနေတာလဲ"

"စိုင်းထီးဆိုင် အသံအတိုင်းပဲလို့"

"ငါးကင်ကျက်ပြီး တစ်ကောင်စားတော့မလား"

"ဟင့်အင်း"

"ပူတုန်းလေး စားလိုက်ပါ၊ နေ. . နေ ကိုကို အရိုးထွင်ပေးမယ်"

"ဟင့်အင်း. . ကိုကို သီချင်းဆိုပြဦး"

"ဆိုတာပေါ့ကွာ ခုကလေးမောနေတာ ကိုကိုသိတယ် ကိုကိုလည်း မွေးလူနာနဲ့ အပြိုင်အဆိုင်ကျဲထားရလို့ ဗိုက်ဟာ





နေပြီး စားလိုက်ဦးမယ်"

"ဟုတ်သားပဲ ဆောရီးကိုကို၊ ကျွန်မ မေ့သွားလို့ စားလေ ထမင်းထည့်ဦးမလား"

"ထည့်. . မြန်မာလူမျိုးဆိုတော့ ထမင်းလေး တစ်ဆုတ်တစ်လုတ်လောက်တော့ ထည့်စားလိုက်မှ ဗိုက်ဝတယ်ထင်တယ် ဒီမှာ ရေခူသုတ်တဲ့"

"ကဏန်းကင်လည်း စားဦး"

"ဟော့ပေါ့လုပ်လိုက်ဦးလေ၊ ဒီမှာ အသီးအရွက် ဒီမှာ ငါး၊ ပုစွန်၊ အသားထွင်ထားတာတွေ"

မိုးစွေက ရေနွေးအိုးတည်လိုက်သည်။ နိုးက မိုးစွေ ခိုင်းသမျှ လုပ်ပေးရင်း ကျေနပ်နေသည်။

စောစောက ကြောက်လန့်စိတ်တို့သည် ဘယ်ဆီသို့ ပြေးထွက်သွားသည်ပင် မသိလိုက်ချေ။

တစ်ခါတစ်ရံ သူ့ကိုယ်သူ အိပ်မက်ကမ္ဘာ တစ်ခုထဲ ရောက်နေသကဲ့သို့ပင် ထင်ယောင်ထင်မှား ဖြစ်မိလေသည်။

"နိုး ဟော့ပေါ့ရပြီ၊ ငွတ်ရှယ်ပဲ၊ ဆဲဗင်းအပ် ထက်လည်း ကောင်းတယ်၊ ကိုကာဆူကီထက်လည်း သာတယ်၊ ဘာနာမည် ပေးရရင် ကောင်းမလဲဟင်"

"ဘာကိုလဲ ကိုကိုရဲ့"

"တို့ရဲ့ ခုစားသောက်ဆိုင်လေးကိုလေ"

"ကိုကိုကလည်း ကြံကြံဖန်ဖန်"

မိုးစွေ အလွန်ပျော်မြူးနေသည်။ နိုးထံမှ သူလိုချင်သော



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားမှုတွေ အပြုအမူတွေ တုံ့ပြန်မှုတွေ အများကြီး သူရခဲ့လေပြီ။

"ကိုကို ဆာတယ်ဆို စားလေ၊ ဒီမှာ ဟင်းချို ခပ်ထားပေးပြီးပြီ"

"ခုလိုလွတ်လပ်မှုမျိုးကို ကိုကို သိပ်တောင့်တခဲ့တာ. . နိုးကို ကိုကိုကျေးဇူးတင်တယ် သိလား"

မိုးစွေက နိုးကမ်းပေးသော ဟော့ပေါ့ပန်းကန်ကို လှမ်းယူကာ မှုတ်သောက်လိုက်သည်။ ပြီးတော့မှ စကားကိုဆက်သည်။

"ကိုကိုလည်း လူသားပဲ ခံစားတတ်တယ်၊ လွတ်လပ်ပျော်ရွှင်ချင်တယ်၊ ဒါပေမယ့် မိုးရွာတိုန်းရေခံရတာ သဘာဝပဲ မဟုတ်လား၊ ခုကိုကို နိုးအတွက် ဆုံးရှုံးမှုတွေ မကြည့်ပဲထွက်လာတယ်၊ အဲဒါ နိုးကို ချစ်လို့ သိလား"

"ကိုကိုကလည်း စားလေ. . ကျွန်မသိနေတာပဲ"

"မဟုတ်ဘူး သိရုံနဲ့မရဘူး ကိုကိုရဲ့အချစ်ကို မင်းရင်ထဲကိုထည့်ရမယ် ထိရှခံစားရမယ် တုံ့ပြန်မှုပေးရမယ်"

နိုး နားမလည်။ မိမိကိုယ်မိမိ စိတ်ကူးယဉ်ဆန်လှပြီဟု ထင်ထားခဲ့သည်။ ယခုမှ မိမိထက်ပိုပြီး အိပ်မက်ဆန်နေသူကို အံ့အားသင့်စွာ တွေ့လိုက်ရပြီ။

"ကိုကို ဘာတွေပြောနေတာလဲ"

"နိုး ကိုကို့ကိုချစ်သလား"

နိုး လက်မှ ငါးကင်ကလေး ပန်းကန်ထဲသို့ ပြန်ပြုတ်ကျ





သွားသည်။ နိုးကိုနိုး တစ်ခါမှ မေးမကြည့်မိသော မေးခွန်းပါသား။

နိုး မျက်တောင်ကော့ကြီး တဖျတ်ဖျတ်ခတ်ပြီး မိုးစွေအား ကြည့်လိုက်သည်။

မိုးစွေက ပြုံးကာ နိုးအား ပုဇွန်ဖတ်လေးပါသော ဟင်းန်းတစ်ဇွန်း လှမ်းခွံ့လိုက်သည်။

နိုးက ခေါင်းခါ ငြင်းပယ်လိုက်သည်။

"မဖြေချင်မဖြေနဲ့ဦး. . သောက်လိုက်၊ စားရင်းသောက်း နိုးနှလုံးသားကို နိုးပြန်မေးကြည့်၊ ညည်း ကိုကို့ကို ချစ်နေသား မချစ်သေးဘူးလားလို့လေ သောက်ပါကွာ"

နိုးက နှင်းဆီငုံနှုတ်ခမ်းလေးကို ဖွင့်ဟပေးလိုက်သည်။ စွေက တိုက်လိုက်သည်။ နှစ်ဦးသား ပြုံးလိုက်မိကြသည်။

"ကိုကိုတို့ ရက်စ်စတောရင့်ကို နာမည်ပေးလိုက်ပြီ"

"ဘာလဲ ကိုကို"

"Sweet Dream ဆွိဒရင်းလို့လေ"

"ကောင်းတယ် ကိုကို. . ကောင်းတယ်"

နိုးရဲ့လိုလားချက်တွေကို ကိုကိုတကယ်ပဲ သိနေပါလား နိုးတွေးရင်း ကျေနပ်နေသည်။

နိုး၏လိုလားချက်ကို ကိုကိုကဖြည့်စွမ်းပြီဆိုတော့လည်း ကိုကို့လိုလားချက်တွေ ဖြည့်စွမ်းချင်လာသည်။

ကိုကို့အတွက် ကဏန်းအသား ထွင်ပေးလိုက်သည်။ ခွင်တတ်တော့ ကိုကိုကရယ်ကာ နိုးကိုပြန်ထွင်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



နိုးက ငါးအရိုးထွင်တက်သဖြင့် ကိုကို့အတွက် ထွင်ပေး
လိုက်နိုင်သည်။

ဒါကို နိုးကျေနပ်သွားသည်။

ဒါတွေက အချစ်လားဟု နိုးတွေးတောသည်။

"နိုး ကိုကို့ကိုလည်း ခွံ့ကျွေးလေကွာ"

နိုး ဘေးဘီကိုကြည့်လိုက်သည်။ ဘယ်သူတွေ ရှိရှိမ
နိုးရှက်ရမှာလား နိုးခင်ပွန်းကို နိုး ခွံ့ကျွေးတာပဲ။

နိုးက ငါးဖတ်ကလေးကို ခရမ်းချဉ်သီးဆော့စ်နှင့် တို့
မိုးစွေအား ခွံ့ကျွေးလိုက်သည်။

မိုးစွေက. . .

"ကျေးဇူးတင်တယ် နိုး၊ နိုးကို ကိုကို လက်ထပ်ခဲ့
အတွက်ဘယ်တော့မှ နောင်တရမှာ မဟုတ်တော့ဘူး အမြဲ
ယူနေမှာ"

မိုးစွေကို နိုးတစ်ခုခုပြန်ပြောချင်ပုံနှင့် ကြည့်လိုက်သ

သို့သော် နိုး မပြောတတ်။

"နိုး ဖြေနိုင်ပြီလား"

နိုးမညာချင်။ ခေါင်းခါလိုက်သည်။

မိုးစွေ ဟင်ခနဲဖြစ်သွားသည်။

မိမိ၏အချစ်ကို နိုးတကယ်ပဲ အသိအမှတ်မပြု
သေးဘူးလား လက်မခံတတ်သေးဘူးလား။

ချစ်ခြင်းမေတ္တာဆိုတာ အလျားအနံမရှိပေမယ့် အ
အပြန်ရှိသည်ဆို။ ယခုတော့. .





မိုးစွေမျက်နှာပျက်သွားသည်ကို နိုးသတိပြုမိလိုက်
သည်။

"ကျွန်မ ကိုကို့ကို မညာချင်ဘူး၊ ကျွန်မနားမလည်သေး
ဘူး၊ ဒါပေမယ့် ကျွန်မသိတာက ကျွန်မအချစ်ဆုံးလူဟာ ကိုကို
ဖြစ်ရမယ်ဆိုတာကိုပဲ"

"ဖြစ်ရမယ်၊ ဖြစ်သင့်ဖြစ်ထိုက်လို့ ဖြစ်ရတဲ့အဖြစ်မျိုး
ကိုကို မလိုချင်ဘူး နိုး၊ ကိုကိုပြောပြီးပြီးလေ မင်းရင်ထဲက ခံစားပြီး
ချစ်ကြည့်စမ်းပါလို့"

"ကိုကို အမှန်တရားကို မလိုချင်ဘူးလား"

မိုးစွေ နိုးအား စူးစူးစိုက်စိုက်ကြည့်လိုက်သည်။ နိုးက
အပြစ်ကင်းစင်သော မျက်ဝန်းဝိုင်းဝိုင်းဖြင့် ပြန်ကြည့်လေသည်။
ဒီကလေးငယ်ရဲ့ မျက်ဝန်းလိုပါပဲလား ကိုယ်တော့ ရူးတော့
ဘယ်ထင်ပါရဲ့ နိုးရယ်ဟု စိတ်တွင်းကြုံးဝါးကာ ထွက်ပေါက်ရှာ
သည့် အနေဖြင့် ဂီတာကို ကောက်ကိုင်ကာ သံစဉ်များကို ရှာ
ဖွေလိုက် ပြီး သီဆိုလိုက်သည်။

"စွဲလမ်းမိခဲ့ပြီကွယ်. . ကလေးရယ်. .
သိပ်ချစ်မိခဲ့ပြီကွယ်. . ကလေးရယ်. . "

နိုးကကြည်လဲ့သော မျက်လုံးဝိုင်းကလေးဖြင့် ငေးကြည့်
သတ်. . .။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၇)

နိုး၏အိပ်မက်သည် ရန်ကုန်သို့ပြန်ရောက်သည်နှင့် လွင့်ပြယ်သွားလေသည်။

ပစ္စည်းများကို ဖိုးခွားနှင့် ညိုချောက လာရောက်သည် ယူစဉ်. . .

"ဖိုးခွား အမိုးကို ညောင်လေးပင် လိုက်ပို့ပြီးပြီလား"

"ပြီးပါပြီ"





အမိုးက မျက်စိမျက်နှာ ပျက်သွားသည်။

မိုးခွားက အမိုးကို လှမ်းကြည့်သည်။

ဒါတွေကို မိုးစွေက အကင်းပါးစွာ ရိပ်မိလိုက်သည်။

"လူမမာ နေကောင်းသွားပြီလား"

"ကောင်းသွားပါပြီ သားကို ကျေးဇူးတင်ကြောင်း ပြောတယ်၊ နောက်မပို့ဖို့လည်း မှာလိုက်တယ်"

နိုးက အိမ်ထဲသို့ ဝင်သွားသည်။

"ဩော် ကုမ္ပဏီက မင်းရဲ့မန်နေဂျာ ခဏခဏဖုန်းဆက်တယ်၊ အရေးကြီးလို့တဲ့ မင်းရောက်တာနဲ့ ဆက်သွယ်ဖို့ပြောတယ်"

"ဟုတ်လား"

မိုးစွေ ဖုန်းရှိရာသို့ လျှောက်သွားလိုက်သည်။

ချက်ချင်းပင် တာဝန်ဝတ္တရားက စတင်လေပြီ။

အရေးကြီးသော ကိစ္စတစ်ခုအတွက် သူ စင်ကာပူကို သွားမှဖြစ်တော့မည်။ ဟိုမှာ သူ့လက်မှတ်လိုနေပြီး သူ၏စကားများကို စောင့်ဆိုင်းနေသည်။

"ကောင်းပြီလေ လက်မှတ်ရရင် ရတဲ့နေ့ လာခဲ့မယ်လို့"

"သူတို့ပို့ထားတယ် ဆရာ"

"ကောင်းပြီး ဒီလိုဆို ဒီညဖလိုက်နဲ့ အဆင်ပြေရင် ဒီညပဲ သွားလိုက်မယ်"

မိုးစွေ ဖုန်းချလိုက်သည်။

နိုးအား လှမ်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နိုးက သူထံမှစကားသံကို ငံ့လင့်နေသည်။

"ကိုကို စင်ကာပူကို ဒီညလေယာဉ်နဲ့ သွားရမယ် အခုရုံးခဏသွားလိုက်ဦးမယ်"

"ဟင်"

"မဟင်နဲ့၊ နောက်ဆိုရင် နိုးအတွက်ပါ ပတ်စ်ပို့ လုပ်ပေးမယ်၊ ကိုကို ကိစ္စရှိလို့သွားတာနဲ့ နိုးကိုပါခေါ်သွားမယ် သိလား၊ ခုတော့ သွားလိုက်ဦးမယ်၊ ဖိုးခွား မင်းပဲမောင်းကွာ ငါနားလက်စ အကျင့်ပါနေပြီ"

မိုးစွေက ရယ်စရာအဖြစ်ပြောပြီး နိုးခေါင်းကို တစ်ချက်ပုတ်ပြီး အိမ်ထဲမှ ထွက်သွားလေသည်။

နိုး မိုးစွေ၏အလုပ်ကို နားမလည်။ သို့သော် အလုပ်များသည်ဟုတော့ နားလည်သည်။ အလုပ်များသလောက် ဝင်ငွေလည်း အလွန်ကောင်းပုံရသည်။ ဒါကြောင့် ဆရာဝန်အလုပ်ကို သူ မလုပ်ခြင်းဖြစ်မည်။ ဒါကိုလည်း နိုးမကြိုက်ပေ၊ ဆရာဝန်လုပ်စေချင်သည်။ နိုး မျက်စေ့ထဲတွင် မိုးစွေ နားကြပ်ကိုင်ပြီး လူနာတွေကို စမ်းသပ်နေသည့် အသွင်သဏ္ဍာန်ကို ပိုနှစ်ခြိုက်လာသည်။

မိုးစွေထွက်သွားသည်ကို မျက်စိတစ်ဆုံးကြည့်မိသည်။

"ကလေး ဘာစားမလဲ"

"ဘာမှ မစားတော့ပါဘူး အမိုးရယ်"

"ကလေးတို့ အဆင်ပြေရဲ့လား"

နိုး၏မျက်နှာလေး စတော်ဗယ်ရီရောင်ပြေးသွားသည်။





"အမိုးနဲ့ ဒီညအိပ်ဦးမှာလား"

"အင်း. . အိပ်မယ်"

"ဟင်"

နိုးက ခစ်ကနဲ ရယ်ကာ. . .

"ဒီည ကိုကို စင်ကာပူသွားမှာလေ၊ ကျွန်မတစ်ယောက် မအိပ်ရဲဘူး အမိုးရဲ့"

"ဩော်"

အမိုးက ခုမှ ဟင်းချနိုင်တော့သည်။

အမိုးရင်ထဲ ထိခိုက်မှုတွေ အများကြီးရှိနေသည်။ ရင်မှာ ကျင်လျက် ဖုံးကွယ်ထားရတာတွေ ရှိနေလေပြီ။ ဘယ်အထိ ဖုံးကွယ်ထားနိုင်မှာလဲ။

စောစောကတင် မိုးစွေက သူ၏ပျက်ယွင်းသွားသော နှာအနေအထားကို ရိပ်မိသွားပြီး ဉီဘကသာ အလုပ်ကိစ္စ ကြောင်းမပြောလိုက်ပါက သူဘယ်လိုလိမ်ညာရမည်မှန်း မသိ င်ဖြစ်သွားသည်။

ညောင်လေးပင်ကိစ္စ ဒီတွင်ပဲ တစ်ခန်းရပ်စေချင်ပြီ. . စေတော့ဟု သူ ဆုတောင်းလိုကသ်ည်။

"အမိုးကို မေးရဦးမယ်"

"ဘာများလဲ"

"ကိုကို့မှာ ရည်းစားရှိခဲ့ဖူးသလား"

"ကြုံကြုံဖန်ဖန် မကြားမိပါဘူး၊ မသက်ာစရာ ကောင်း တ်အောင်လည်း တစ်ခါမှ မတွေ့ခဲ့မိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ရဲ့လား"

"ဟုတ်တယ်"

နိုးက ခေတ္တငြိမ်သက်ပြီး စဉ်းစားလိုက်သည်။ အမိုး
ကို မေးသင့်မမေးသင့်. . . .။

မေးသင့်ပါသည်။ မိန်းမသားအချင်းချင်းပဲ သိက္ခာထ
စရာမရှိပါဘူးဟု နိုးယူဆလိုက်သည်။

"အမိုး"

"သူမှာ ရည်းစားတကယ်မရှိခဲ့ဖူးနော်"

"အင်းပါ ဘုရားစူး၊ မိုးကြိုးပစ် အမိုးလိမ်မပြောတတ်
ဘူး"

"ဒါဖြင့်ရင် သူကျွန်မကို ချစ်တယ်ဆိုတာ ရည်းစားမ
ခဲ့လိုလားဟင်"

"ဗုဒ္ဓေါ လက်စသတ်တော့ ကလေးက အချစ်ကို ခွဲခြ
စိတ်ဖြာကြည့်နေတာပါလား"

"ဒါလည်း မဖြစ်နိုင်ဘူးလား"

"ဖြစ်နိုင်တယ်"

"ရှိခဲ့ရင် ကျွန်မကို ချစ်နိုင်ပါ့မလား"

"ချစ်နိုင်ပါတယ် ကလေးကို လက်ထပ်ဖို့ဟာ ဘယ်သူ
တိုက်တွန်းချက်မှာ မပါဘဲ သူ့သဘောနဲ့သူ ဆုံးဖြတ်ပြီးမှ မိ
တွေ လက်ခံတာ"

"ဒီလိုဆို ကိုကိုပြောတဲ့ နိုးကိုမြင်မြင်ချင်း ချစ်တယ်
တာ ဟုတ်မှာပေါ့နော်"





အမိုးတော့ ဒုက္ခရောက်နေပြီ၊ ငယ်ငယ်ရွယ်ရွယ်နှင့်
မုဆိုးမ ဖြစ်ခဲ့ရသည်။ သွားလေသူ ငယ်ချစ်ဦးခင်ပွန်းကို မေ့မရ၊
သားသမီးကလည်း မကျန်ခဲ့၊ ထိုမှ မိုးစွေသံယောဇဉ်ဖြင့် မိုးစွေ၏
တစ်သက် မိုးစွေအိမ်မှာ လူယုံတော် ဖြစ်ရလေတော့သည်။

ယခုမှ အချစ်အကြောင်းတို့ကို စဉ်းစားပေးရ အကြံ
ဉာဏ်ပေးရန်နှင့်ဆိုတော့ သွားလေသူကိုပင် သတိရလာလေပြီ။

"ဟင်. . . ပြောလေအမိုး"

"ဟုတ်မယ် ကလေးက ချစ်စရာကောင်းတာကိုး"

"ဟုတ်ပဲနဲ့"

"တကယ် သားက မြင်မြင်ချင်းချစ်တယ်ဆိုတာ မှန်နိုင်
တယ်၊ ကဲ. . ကဲ. . ယောက္ခမတွေရယ် ကလေးအဖေရယ်ကို
ကန်တော့ဖို့ လက်ဆောင်ပစ္စည်းတွေ ဘယ်မှာလဲ၊ အမိုး ဖယ်ထား
ပေး ပြင်ဆင်ပေးထားမယ် သားပြန်လာတာနဲ့ သွားကန်တော့
လိုက်ဦးနော် ကလေး"

"ဟုတ်"

နိုးသည် အပေါ်ထပ်သို့ တက်ခဲ့လေသည်။ နိုး၏ အိပ်
မက်တို့ လွင့်ပြယ်သွားလေပြီလား။

မဟုတ်နိုင်ပါဘူး နိုးကို ကိုကိုက ဂစိုက်မှာပါ။ ကိုကိုအ
လုပ်ကြိုးစားနေတာကလည်း နိုးတို့ နောင်ရေးအတွက်ပေပဲ။

နိုး နှစ်ခြိုက်စွာ အိပ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၈)

"အမိုး ကျွန်တော့်ကို အမိုးဘယ်တော့မှ မညာခဲ့ဘူး၊ အမိုးဟာဖြောင့်မတ်သော ရိုးသားဖြူစင်သော မိန်းမကြီးအဖြစ် ကျွန်တော်ချစ်ခင်လေးစား အားထားခဲ့တာပါ၊ ဒါပေမယ့် အခု ကိစ္စကို ကျွန်တော်ဘဝင်မကျဘူး၊ အမိုးဟာ ဘာဖြစ်လို့ ကျွန် တော်ပေးလိုက်တဲ့ လက်ဆောင်ကို ကိုယ်တိုင်သွားမပေးရတာလဲ ဒေါ်ထားထားဝေနဲ့ အာလာပသလ္လာပပြောရမယ်၊ လိုအပ်တဲ့အ





ခြေအနေကို မေးမြန်းတီးခေါက်ခဲ့ရမယ်၊ ခုတော့ ဖိုးခွားကိုပဲ လွှတ်ပြီး ပေးခိုင်းပြီးပြန်ခိုင်းခဲ့တာ ဘာသဘောလဲ အမိုး၊ ကျွန် တော့်ရဲလူနာဟာ ဆင်းရဲလို့ စော်ကားပြလိုက်တာလား"

မိုးစွေ၏ လေသံမာမာကို တစ်ခါမှ အသုံးပြုခြင်းကို ခံ ခဲ့ရသဖြင့် အမိုးမှာ အံ့အားသင့်သွားရာမှ ကြေကွဲဝမ်းနည်း မှုကြောင့် မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျလာသည်။

နိုးမှာ အိပ်ရာမှ လန့်နိုးလာပြီး အထိတ်တလန့် ဖြစ် သွားသည်။

အပေါ်ထပ်ဧည့်ခန်းတွင် မိုးစွေက အမိုးကို မကျေမနပ် ပြောဆိုနေခြင်းဖြစ်သည်။

နိုး သိစေချင်သလား၊ မသိစေချင်သလား မသိသဖြင့် နိုး ငြိမ်သက်နေလိုက်ပြီး နားစွင့်လိုက်သည်။

"မဟုတ်ပါဘူး သားရယ်၊ အမိုး. . အမိုးက သားအ တွက် ဒီလောက်အရေးပါတဲ့ လူနာမှန်း မသိလို့ပါ"

"အရေးပါပါ မပါပါ၊ အမိုးကို ကျွန်တော် သေသေချာ ချာ မှာခဲ့တယ် မဟုတ်လား၊ ခု ဖိုးခွားကိုမေးတော့ ဘာမှ ရေရေ ရာရာမသိဘူး လက်ဆောင်ပေးတော့ အဒေါ်ကြီးတစ်ယောက် ငိုတယ်ပဲ သိခဲ့တယ်၊ မဖြစ်ဘူး ကျွန်တော် အခုသွားမယ်"

"နေပါဦး သား"

"ကျွန်တော့်ကိုမတားနဲ့ည ဆယ်နာရီဖလိုက်နဲ့ စင်ကာပူ သွားမယ်၊ အဲဒါနိုးကို လိုက်ပို့ပေးဖို့သာ အဆင်သင့် ပြင်ထား လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



အမိုး မတားဆီးနိုင်မီ လှေကားပေါ်မှ ဖိနပ်သံတစ် ဒေါက်ဒေါက်နှင့် ပြေးဆင်းသွားသံကို နိုးကြားလိုက်ရသည်။

နိုး နာရီလှမ်းကြည့်လိုက်တော့ ဆယ့်နှစ်နာရီ မနက်စာ ထမင်းပင်မစား ခရီးထွက်ခါနီးဆဲဆဲတောင် အရေးမပါသော အလုပ်ကို ဘာဖြစ်၍အချိန်ဖြုန်းရသနည်း။

နိုး ကမန်းကတန်း ပြေးထွက်လိုက်သည်။

"ကိုကို. . ကိုကို"

အမိုးက အပေါ်ထပ်ဧည့်ခန်းမှာ ငိုရှိုက်နေသည်။

မိုးစွေ ပေါ်တီကို အောက်ရောက်သွားပြီး ဖြစ်သဖြင့် နိုးခေါ်သံကိုမကြား။

နိုး လှေကားပေါ်မှ ပြေးဆင်းခဲ့သည်။ သို့သော်. . မ လိုက်၊ ကားမောင်းထွက်သွားလေပြီ။ ဖိုးခွားကလည်း ခေါင်းငိုက် စိုက်နှင့် ကျန်ရစ်ခဲ့သည်။ ဘာတွေ ဘယ်လိုဖြစ်တာလဲ။

ဒေါ်ထားထားဝေဆိုသည်မှာ သက်ဝေနှင့် ပတ်သ ပြီးမှ သူကုသခဲ့သောလူနာ၊ သက်ဝေဆိုတာကလည်း မိမိနှ ပတ်သက်ပြီးမှ သူတစ်ခါပဲ မြင်ဖူးခဲ့တာ။

ဒီလောက်အထိ အလေးထားတာ ဘာသဘောလဲ

မိုးစွေကို သူနားမလည်နိုင်တော့ချေ။

အမိုးသည် နိုး နောက်ပါးမှရပ်၍ မိုးစွေ၏ ကား မျက်စေ့တဆုံး မျှော်ကြည့်လိုက်လေသည်။

အမိုး၏ ဖြူသောမျက်နှာပြင်မှာ နီရဲလျက်ရှိသည် အမိုးမျက်လုံးများက မျက်မှောက်အနေအထားကို မြင်ပုံမရ





တိတ်ကာလသို့ ပြန်လည်ကြည့်နေပုံရသည်။

နိုး သက်ပြင်းချလိုက်သည်။ နောက်. . .

"အမိုး"

ခပ်တိုးတိုးလေး ခေါ်လိုက်သည်။

အမိုး ကြားပုံမရ။

"အမိုး"

". . . . . . . ."

"အမိုး"

"ဟင်"

အမိုးသည် အိပ်ရာမှ ပုတ်နှိုးခံလိုက်ရသူပမာ အလန့် တကြားထူးလိုက်သည်။

"ကိုကို ဘာဖြစ်သွားတာလဲ"

"အမိုးကို စိတ်ဆိုးသွားတာ"

"ဒါ စိတ်ဆိုးစရာမှ မဟုတ်တာ"

"အမိုး စိတ်မကောင်းဘူးကွယ် အမိုးရဲ့ စေတနာတွေ ဟာ ဝေဒနာဖြစ်တော့မယ်"

"စိတ်ထဲမထားပါနဲ့ အမိုးရယ် ကိုကိုက ဒီလိုပဲ၊ ဆင်းရဲ သူဆိုရင် သိပ်သနားတတ်တာပဲ ထင်တယ်၊ ပေလီရွာထဲမှာ ဆေးလိုက်ကုပေးတယ်၊ ဆေးကုခမယူတဲ့အပြင် အိတ် ယ်ပေးသေးတယ်၊ နိုးလေ ကိုကို့ကို နားလည်လာတော့ လာတယ်၊ ကိုကိုဟာ စိတ်ထားဖြူစင်တဲ့သူပါ၊ လူကြောင့် တော့ စိတ်တိုတာပေါ့နော် ကိုကို့ကို စိတ်မဆိုးပါနဲ့"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"စိတ်မဆိုးပါဘူး၊ စိတ်မကောင်းဖြစ်တာပါ သူပြန်လာရင် နိုးအတွက် အံ့ဩစရာတွေ ကြားရလိမ့်မယ်ထင်တယ်၊ ဒီ မိသားစုနဲ့ သားဘယ်လိုများ ဆက်စပ်မိသွားပါလိမ့်"

"အဲ့ဒါ နိုးနိုးကြောင့် ဒီလို အမိုးရဲ့" ဟု အစချီကာ နိုးက အဖြစ်မှန်ကို မချွင်းမချန် ပြောပြလေသည်။

အမိုးမှာ အံ့အားသင့်ကာ သူ့ရင်ဘတ်သူ ဖိမိလေသည်။

လောကကြီး၏ ဆန်းကြယ်ပုံများသည် တစ်ခါတစ်ခ ပုံပြင်၊ ဝတ္ထု၊ ဒဏ္ဍာရီများထက်ပိုလေသည်ဟု ယုံကြည်ရတော့မ လို ဖြစ်နေသည်။

"အဲဒါပဲ အမိုးရေ၊ နိုးက ကိုသက်ဝေကို ကျောခိုင်းလိုက် နိုင်ပေမယ့် ကိုကိုက ကျောမခိုင်းတဲ့အပြင် ဆုံတွေ့ဖို့ ကြိုးစား တယ်၊ သိပ်အံ့ဩဖို့ ကောင်းတာပဲ၊ မင်္ဂလာဆွမ်းကျွေးဖိတ်စာ တောင် ပို့ချင်သေးတာ၊ နိုးက တားလိုက်လို့၊ တော်ပြီ အမိုးရေ နိုးဆာပြီ၊ ကိုကို့ကိုစောင့်ရင် အိပ်ပျော်သွားတာ ခုတော့ စား တော့မယ်"

"အဆင်သင့်ပဲ ကလေး"

"အမိုးကော တစ်ခါတည်းဝင်စားပါလား"

အမိုးဘယ်စားနိုင်မည်နည်း။ အမိုးနောက်ကြောင်း အေး. . . အမိုးရင်ထဲ သောက အပူလုံးများ ဆို့နင့်နေသည်

"အမိုးရင်ပြည့်နေလို့ပါ၊ ကလေးပဲစား အမိုး ဘေးက ထိုင်ပေးမယ်"

နိုးက သက်ပြင်းချလိုက်သည်။





သံယောဇဉ်မီးသည်လည်း ကြောက်စရာအလွန် ကောင်းသည့်ဟု သတိပြုမိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၉)

"ဟဲလို ဟုတ်ပါတယ်"

"......"

"ဘုရား. . ဘုရား. . ခု. . ခု အခြေအနေ"

"ဟုတ်. . ဟုတ်ကဲ့ ကျွန်မတို့ အခုပဲလာခဲ့ပါ့မယ်၊ စောင့်ရှောက်ထားကြပါရှင် ကျေးဇူးမမေ့ပါဘူး"

အမိုးမှာ မျက်စိပျက် မျက်နှာပျက်ကာ တယ်လီဖုန်းကို





ချင်မြန်စွာချလိုက်ပြီး နိုးဘက်သို့ လှည့်လိုက်သည်။

"ကလေး သားကားမှောက်လို့"

"ဘာ"

နိုးက အလန့်တကြားဖြစ်သွားပြီး လက်ထဲမှ မဂ္ဂဇင်းစာအုပ် လွတ်ကျသွားလေသည်။

"အဲဒါ မစိုးရိမ်ရတော့ဘူး ပြောတယ်၊ ပဲခူးဆေးရုံကဆက်တာ ဆရာကြီးတို့ကို အကြောင်းကြားလိုက်ဦးမယ်"

နိုးမှာ ခပ်ကြောင်ကြောင်လေး ငေးနေလေသည်။

အမိုးက မိုးစွေ၏ မိဘများကို အကြောင်းကြားလိုက်သည်။ အမိုးဖုန်းဆက်ပြီးသည်အထိ နိုးမှာ ခပ်ကြောင်ကြောင်ကလေး ရပ်နေဆဲ ဖြစ်လေသည်။

"နိုး. . ကလေး သွားရအောင်၊ လိုရမယ်ရ ငွေများများယူခဲ့ကွယ်၊ အမိုး သားအတွက် လိုအပ်တာလေးတွေ သွားယူလိုက်ဦးမယ်၊ ညီချော ဦးအဘနဲ့ အိမ်ကို သေသေချာချာ စောင့်ရှောက်လိုက်၊ ဖိုးခွားကို ကားထုတ်ခိုင်းလိုက်"

ကားနှစ်စီးရှိသဖြင့် တော်သေးသည်။

အမိုးရှိနေသဖြင့်လည်း တော်သေးသည်ဟု နိုးက တွေးသက်ပြင်းချလိုက်သည်။ သူ ဘာမှ မလုပ်တတ်ချေ။ လောကမှာ နိုး လုပ်တတ်စရာတွေ အများကြီးရှိပါသေးလားဟု နိုးညည်းလိုက်သည်။

နောက် သူ့ရင်ထဲ၌ မိုးစွေ ဘာမှမဖြစ်စေချင်ပါ၊ မဖြစ်နဲ့ဟု ကြိတ်၍ ဆုတောင်းလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်၌ သုံးဦးစလုံး ငြိမ်သက်လေသည်။

ဖိုးခွား ကလည်း ကားကိုသာ ဂရုစိုက်မောင်းသည်။ အမိုး စကားမပြော။ အမိုးကလည်း ဘုရားစာများ နှုတ်ခမ်းလှုပ်ရုံ ရွတ် ဖတ်နေသည်။

နှိုးမှာ အတွေးဖြင့် ငြိမ်သက်နေသည်။ ထိုအတွေးတွင် မိုးစွေ ဘာမှမဖြစ်စေရဘူး။ မိုးစွေသည် စိတ်ရင်းကောင်းသော လူတစ်ယောက်ဖြစ်သည်။ မိုးစွေသည် ဆရာဝန်အလုပ်ဖြင့် အ သက်မွေးဝမ်းကြောင်း မပြုသော ဆရာဝန်ဖြစ်ပေမယ့် ကြုံကြိုက် လျှင် ကြုံကြိုက်သကဲ့သို့ လူနာများအား ကုသပေးခဲ့သည်။ အ သက်ကယ်တင်ပေးခဲ့သည် သို့အတွက် မိုးစွေ အသက်ကိုလည်း ကယ်ပေးမယ့်သူ ရှိမှာပါဟု. . .။

ပဲခူးဆေးရုံသို့ ရှေ့ဆင့်နောက်ဆင့် ဆိုသလို မိုးစွေ၏ မိဘများဖြစ်သော ဦးဘမိုးနှင့်ဒေါ်အေးအေးဆွေတို့ ရောက်ရှိ လာသည်။

"လူနာက ခွဲခန်းရောက်နေတယ် လိုအပ်တဲ့သွေး၏ ချက်ချင်းရလိုက်လို့ တော်သေးတယ်၊ လူနာသွေးက သိပ်ရှား တယ် အောဘီလေ၊ အဖေနဲ့အမေဆီကလည်း လိုအပ်ရင် ယူ လိမ့်မယ်"

တာဝန်ကျဆရာဝန်က ဆီးပြောသည်။

ဦးဘမိုးက မျက်နှာပျက်သွားသည် ဒေါ်အေးအေးဆွေ က ငို၍သာနေသည်။

"ဘယ်ကဘယ်လိုဖြစ်တာလဲ ကျွန်တော်က သူ့ဖခင်





သိခွင့်ရှိရင်. . ."

"ပျဉ်ပုံကြီးမှာ ခရီးသည်တင်လိုင်းကားနဲ့ တိုက်မိမလို ဖြစ်ပြီး ရှောင်လိုက်ရာက တိမ်းမှောက်သွားတာပဲ"

"အဲဒီက လူတွေရဲ့ အကူအညီနဲ့ ဒီကိုအမြန်ဆုံးရောက် လာတယ်၊ ပါလာတဲ့လူတွေထဲက သူ့အသိပါလာလို့ သူပဲ အ ကြောင်းကြားပေးတယ်၊ လိုတဲ့သွေးကိုလည်း သူ့ဆီကပဲ ရလိုက် တယ်"

"ဟုတ်လား ကျေးဇူးတင်စရာကောင်းလိုက်တာ အဲဒီ သူငယ်က ဘယ်သူများပါလိမ့်"

"ကိုသက်ဝေတဲ့၊ လိုတဲ့သွေးရအောင် သူ့ညီ ညီမက လည်း အောဘီပဲဆိုတော့ သူတို့ကိုပါ အကြောင်းကြားပြီး ခေါ် ခိုင်းထားတယ်"

ဦးဘမိုး မျက်စိမျက်နှာပျက်သွားသည်။

နှိုး အံ့အားသင့်သွားသည်။

ဦးဘမိုးသည် ဘာကြောင့်များ. . 'ကျွန်တော့်သွေးယူ ပါ၊ ကျွန်တော့်သားအတွက် ကျွန်တော်သွေးပေးပါရစေ'ဟု မပြောသလဲ၊ ဒေါ်အေးအေးဆွေကကော ဘာကြောင့်ငိုရင်း နှုတ် ဆိတ်နေရသလဲ။

"ကိုင်း. . ဧည့်ခန်းမှာပဲ စောင့်ဆိုင်းနေကြပါ၊ လူနာ စိတ်ချရတဲ့အနေအထားရောက်လို့ ရန်ကုန်ကို ပြောင်းရွှေ့ချင် တယ် ဆိုရင်လည်း ဆေးရုံကားနဲ့ အားလုံးစီစဉ်ပေးပါ့မယ်"

ဦးဘမိုးက နှိုးအား လှမ်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နီးက အမိုးကို ကြည့်လိုက်သည်။

အမိုးမှာ စိတ်ထိခိုက်မှုကြောင့် မျက်နှာ အတော်ဖျတ်ယွင်းနေရှာသည်။

"ဘယ်နေရာ ထိသွားသလဲဟင်"

"ခေါင်းနဲ့ခြေထောက်မှာ ဒဏ်ရာအပြင်းအထန်ဆုံးပဲ"

အထက်တန်းသူနာပြု ဆရာမလေးက ဝင်ပြောလိုက်သည်။

နီးအတွက် အိပ်မက်တစ်ခု မက်နေတာလား။ နီးသည် ငယ်စဉ်က သူများပြောသလိုများ စနေဂြိုဟ်မွေ့သလား နီး… မွေး၍ နီးအမေ သေဆုံးသွားသည်။ ခု နီးကို လက်ထပ်၍ ကို… ကားအက်ဆီးဒင့်ဖြစ်သွားခြင်းလား ထိခိုက်သွားခြင်းလား။

နီး မျက်ရည်များ ကျလာသည်

"သွေးပေးတဲ့သူက သူပါပဲ"

သက်ဝေက ဧည့်ခန်းသို့ဝင်လာသည်။ ဦးဘမိုးက သ… ဝေကို လက်ဆွဲကာ နေရာပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ် မောင်ရင်၊ အန်ကယ့်သား… မောင်ရင်ပေးတဲ့အသက်ပဲ ရှိပါတော့တယ်၊ မောင်ရင့်ကို ဘ… လိုကျေးဇူးဆပ်ရမှန်းတောင် မသိတော့ဘူး"

"ရပါတယ်ခင်ဗျာ၊ ဒုက္ခရောက်သူကို ကူညီရမှာ လူ… အချင်းချင်း ကူညီရမယ့် ဝတ္တရားပါ။ အန်ကယ်တို့ နားကြပါ… သွေးက နှစ်ပုလင်းတောင် ထပ်လိုနေသေးတယ်တဲ့၊ ကျွန်တေ… ညီနဲ့ညီမ လိုက်လာဖို့အကြောင်းကြားထားတာ ရောက်မ…





…သေးလို့ ထွက်ကြည့်လိုက်ဦးမယ်"

"နေ. . နေပါ မောင်ရင် ထိုင်နေပါ သွေးလှူထားတာ ဝင်ပန်းနေမှာပေါ့၊ ဖိုးခွားကိုပဲ ကြည့်ခိုင်းလိုက်ပါ့မယ်"

အမိုးက ဝင်ပြောလိုက်သည်။

"ဖိုးခွားက ကလေးတွေကို ဘယ်လိုလုပ်သိမှာလဲ"

"ဂိတ်မှာ စောင့်နေရင် ရမှာပါ သူတို့က မေးမှာပဲလေ"

နီး ဘာမှမပြောဘဲ မျက်ရည်ကိုသုတ်ပြီး ငြိမ်သက်နေလိုက်သည်။

"ကိုသက်ဝေ တစ်ခုခုစားပြီး နားလိုက်ပါလား"

ဖြူဖပ်ဖြူရော်ဖြစ်နေသော သက်ဝေကို နီး မကြည့်…၊ မိမိခင်ပွန်းအတွက် လိုအပ်သောသွေးတွေကို ခန္ဓာကိုယ်…လှိုလှိုကြားက ရအောင်ထုတ်ပေးထားသည်။ ကျေးဇူးတင်ခြင်း…ကာသက်ခြင်းနှင့်အတူ နီးက ပြောလိုက်သည်။

အမိုးက. . .

"ဟုတ်သားပဲ၊ လာ လူလေး အမိုးလည်း ဘာမှမစားရ…လို့ ဆေးရုံကင်တင်းမှာပဲ တစ်ခုခုထွက်စားရအောင်"

"ဟုတ်ကဲ့ ကျွန်တော်လည်း စိတ်ချရရင် ပြန်တော့မှာ၊ …ညီမထွက်လာရင် အိမ်မှာ အမေတစ်ယောက်ထဲဖြစ်မှာ"

"မောင်ရင်ပြန်ရင် နော်ဖော့ရေ ဖိုးခွားကို ကားနဲ့ ပို့ခိုင်း… ကျန်တဲ့ကလေးတွေအတွက်လည်း စိတ်ချလက်ချ ထားပါ။ …ကယ်တို့ စောင့်ရှောက်ပြီး ပြန်ပို့ပေးပါ့မယ်"

ဦးဘမိုးကိုကြည့်ပြီး အမိုးတစ်စုံတစ်ရာ ပြောချင်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် အခြေအနေအရပ်ရပ်ကို မသိရသေးပဲ ဘာမှ မပြောချင် သက်ဝေကို မေးကြည့်လျှင် သိနိုင်သည်။

"နွားနို့တစ်ခွက် ကော်ဖီတစ်ခွက်နဲ့ ပေါင်မုန့်ကြက်ဥ ကြော်ရမလား"

"ရပါတယ်"

အမိုးက သက်ဝေအား ကြည့်လိုက်သည်။

"လူလေးနဲ့ သားမိုးစွေ ဘယ်မှာဆုံတာလဲ"

"ကျွန်တော် ပဲခူးကပြန်လာတာ လိုင်းကားနဲ့လေ ကျွန် တော်တို့ကားနဲ့ တိုက်မိမလိုဖြစ်ပြီး ဒေါက်တာ့ကား မှောက်သွား တာ အဲဒါနဲ့ ကျွန်တော်တို့ကားက အကူအညီပြန်ပေးရတာ"

"ဟုတ်လား တော်တော်အခြေအနေ ဆိုးသလား"

"သွေးတွေကတော့ မြင်မကောင်းအောင် ထွက်တ တတ်နိုင်သမျှတော့ စည်းနှောင်ပြီး ဒီကိုပို့ခဲ့တယ်၊ ဒေါက်တ ကားမောင်းတာ တော်တော်ကြမ်းတယ်၊ သတိလက်လွတ်ပုံ မောင်းလာတာ ကျွန်တော်တို့ကားက ရှောင်ပေးလျက်နဲ့ ဖြစ်သွ တာ ဘယ်ကပြန်လာတာလဲ"

"ညောင်လေးပင်ကလေ လူလေးတို့အိမ်က ဖြစ် ပေါ့"

"ဟင် . . ဒေါက်တာကလည်းဗျာ၊ အကူအညီတွေ ပေးတာပဲ အားနာစရာ၊ ဟိုတစ်ခါ လက်ဆောင်တွေလာပေး သေးတယ်၊ ကျွန်တော်မလိုချင်ဘူး"

"လူလေးတို့ချင်း မတွေ့သေးဘူးပေါ့"





"မတွေ့ရသေးဘူး"

မိုးစွေ ညောင်လေးပင်အိမ်၌ ဘာတွေဖြစ်ခဲ့သည်ကို သက်ဝေပြောနိုင်တော့မည်မဟုတ် အမိုးသက်ပြင်းချလိုက်သည်။

ဇာတ်ဆရာ စီမံသည့်အတိုင်း နာခံရန်သာ ရှိတော့ သည်။

သက်ဝေသည်လည်း မိဘ၏ အတိတ်ဇာတ်လမ်းကို ဘာမှသိပုံမပေါ် အမိုး ရေငုံနှုတ်ပိတ်နေလိုက်သည်။

"ကျွန်တော့်အမေရဲ့ရောဂါကို ကုသပေးတဲ့ ဒေါက်တာရဲ့ အသက်ကို တုံ့ပြန်ကယ်ဆယ်ခွင့်ရခဲ့တဲ့အတွက် ကျေးဇူးတင်လှ ပါပြီ၊ လိုက်မပို့ပါနဲ့ လိုင်းကားနဲ့ပဲပြန်မယ်"

"မဟုတ်တာလူလေးရယ်၊ ဖိုးခွားကားလည်း အားနေ တာပဲ၊ ရတယ် . . ကဲ . . ကဲ သောက်လိုက်ပါဦး"

အမိုးသည် သက်ဝေမျက်နှာကို ငေးကြည့်မိသည်။ င်း . . အမေတူသား လူချောလေးတွေပဲဟုတွေးကာ သက် ပြင်းတစ်ချက် ထပ်မံချမိလေသည်။

နိုး ထွက်လိုက်လာသည်။

နိုး၏ မျက်နှာလေးသည် ယခင်ကလိုမဟုတ် အနည်း ငယ် တည်ငြိမ်ရင့်ကျက်လာသည်ဟု သက်ဝေ ထင်မိလေသည်။

ဤမိန်းကလေးကို လက်လွတ်ဆုံးရှုံးရခြင်းအတွက် နှမြောတာသ သူမဖြစ်မိချေ။ မိန်းကလေးအတွက် သူဝမ်းသာ သည်။ သူနှင့်ဆိုလျှင် မိန်းကလေးဆင်းရဲသည်။ ကိုမိုးစွေလို စိတ် ကောင်းနှလုံးကောင်းရှိသောသူနှင့် ရသွားခြင်းအတွက် မိန်းက



www.burmeseclassic.com

www.burmeseclassic.com



လေးဘဝ ကံကောင်းသွားသည်။ မြင့်တက်သွားသည်ဟု သူ ယုံကြည်ကာ ကျေနပ်နေမိသည်။

"ကိုသက်ဝေ ညီနဲ့ညီမရောက်လာပြီ"

"ဟုတ်လား၊ ဒါဆိုရင်ပြန်မှ အမေတစ်ယောက်တည်း"

အမိုးက ဂနာမငြိမ် ချက်ချင်းပင် ထကာငွေရှင်းပြီး. .

"ဖိုးခွားကော"

"ညီလေးနဲ့ညီမလေးကို ပဲခူးက အဒေါ်အိမ်မှာပဲ အိပ် လိုက်ပြီး မနက်စောစောမှ ပြန်လာခဲ့ဖို့ ပြောလိုက်ပါ။ ကျွန်တော် အမေ့ကို စိတ်ပူလို့ ပြန်တော့မယ်"

"ကိုသက်ဝေအမေ နေကောင်းသွားပြီးလား"

"ကောင်းသွားပြီ. . အနာနဲ့ဆေး တွေ့သွားတယ်ထင် တယ်၊ အတော်ကို ပြည့်ဖြိုးလာတယ် မနိုးနိုး"

ဖိုးခွားက ကားကို သူတို့အနား ထိုးရပ်လိုက်သည်။

"အားနာစရာကြီးဗျာ၊ အမေကြောင့်သာ ကားနဲ့ လိုက် ပို့တာကို လက်ခံရတာ၊ သွားတော့မယ်နော် မနက်ဖြန် ကလေး တွေ ပြန်ရောက်မှ ကျွန်တော် တစ်ခေါက်လာကြည့်ဦးမယ်"

"ကျေးဇူးအများကြီးကို တင်ပါတယ် ကိုသက်ဝေ"

"မလိုပါဘူးဗျာ ကျေးဇူးရှင်ကို ကျေးဇူးဆပ်ခွင့်ရတာ ကိုပဲ ကျေနပ်လှပါပြီ သွားပြီနော်"

သက်ဝေသည် ဖိုးခွားဘေးဝင်ထိုင်ကာ နှုတ်ဆက်လိုက် သည်နှင့် ဖိုးခွားကမောင်းထွက်သွားလေသည်။

နိုးက အမိုးနှင့်အတူဆေးရုံထဲသို့ ပြန်ဝင်လိုက်သည်။





နှင်းဝေဆီမှ သွေးထုတ်ယူသည်။ ချစ်ဝေမှာ အသက် ဆယ့်ရှစ်နှစ်မပြည့်သေးသူဖြစ်သဖြင့် ချစ်ဝေဆီမှာ သွေးကိုမယူ ချေ။

ဦးဘမိုးနှင့် ဒေါ်အေးအေးဆွေသည် နှင်းဝေနှင့်ချစ်ဝေ ကိုကြည့်ပြီး အံ့အားသင့်နေသည်။

သူတို့နှစ်ဦးက အေးသည်။ စကားကို မေးမှပြောသည်။

"သားအမေနာမည်က ဘယ်လိုခေါ်သလဲ"

"ဒေါ်ထားထားဝေပါ"

"ဟင်"

ဦးဘမိုးမျက်နှာ အကြီးအကျယ် ပျက်သွားသည်။

ဒေါ်အေးအေးဆွေက မျက်ရည်သုတ်ကာ မောင်ချစ် ဝေကို ငေးကြည့်နေသည်။

"သားတို့နဲ့ ဘဘကြီးသားနဲ့ဘယ်လိုတွေ့ကြတာလဲကွ"

နိုး မနေသာတော့. . .

"ကျွန်မနဲ့ ပတ်သက်ပြီးတွေ့ကြတာပါ အဖေ"

ဦးဘမိုးက နိုးကိုကြည့်လိုက်သည်။

"ကိုသက်ဝေက ကျွန်မမိတ်ဆွေပါ၊ ကျွန်မနဲ့ပတ်သက် ပြီး ကိုကိုက ကိုသက်ဝေရဲ့အမေကို ဆေးကုပေးရင်း ခင်သွားတာ ပါ ကိုသက်ဝေတို့က ကိုကို့ကို အရမ်းကျေးဇူးတင်နေတာ"

"ဩော်. . ဒါလား အေးကွယ်၊ ကျေးဇူးတရား ဆိုတာ အပြန်အလှန်ဆပ်ခွင့်ကြုံတဲ့အခါမျိုးလည်း ရှိတတ်ကြတာပါကွ သား"



www.burmeseclassic.com

www.burmeseclassic.com



ဦးဘမိုးက စိတ်အေးသွားသည့် ပုံစံနှင့် ခပ်အေးအေးပင် မှတ်ချက်ချလိုက်သည်။

ထိုစဉ် တာဝန်ကျဆရာက. . .

"ကိုင်း. . အန်ကယ်တို့လည်း ပင်ပန်းပါတယ်။ လူနာကလည်း တော်ရုံနဲ့သတိရဦးမှာ မဟုတ်တော့ လူနာစောင့်တစ်ယောက်နှစ်ယောက်လောက်ပဲနေပြီး ပြန်နားကြပါလားခင်ဗျာ"

"ကျွန်မနဲ့အမိုး နေခဲ့မယ်လေ ဖေဖေ"

"ဒီက ကလေးမလေး သွေးထုတ်ပြီးရင် သူတို့မောင်နှမကိုပါခေါ်သွားပြီ။ ပဲခူးက ရွှေဝါထွန်းဟိုတယ်မှာပဲ တည်းကြတာပေါ့၊ ကျွန်တော်တို့ကို ခဏနေခွင့်ပြုပါလား ဒေါက်တာ"

"အား. . ရပါတယ်၊ အန်ကယ်တို့နေရထိုင်ရတာ ကျဉ်းကျပ်တော့ ပင်ပန်းမှာစိုးလို့ပါ၊ နေတာက နေလို့ရပါတယ်၊ လူနာက အသက်အန္တရာယ်စိုးရိမ်စရာ အနေအထား လုံးဝမရှိတော့လို့ပါ"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ ဘာတွေလိုအပ်သလဲ၊ သွေးထပ်ဝယ်ဖို့ လိုသေးသလား ဆေးကော"

"စရိတ်မျှပေး ကျန်းမာရေးအစီအစဉ်အရ လိုအပ်တဲ့ဆေးဝါးနဲ့ အသုံးအဆောင်ကို ဆေးရုံဝန်ထမ်းသက်သာ ချောင်ချိရေးဆိုင်မှာအကုန်ဝယ်ယူလို့ရပါတယ်၊ အဲ. . တတ်နိုင်တဲ့လူက ဝယ်ယူခြင်းအားဖြင့် ရလာတဲ့အမြတ်ကို ဆင်းရဲပြီး မတတ်နိုင်တဲ့ လူနာတွေကို အခမဲ့ကူသပေးခြင်းဖြင့် ကူညီရာရောက်တာပေါ့ဗျာ၊ အန်ကယ်တို့လည်း နားလည်မှာပါ"





"ဟုတ်ကဲ့ နားလည်ပါတယ်၊ ခုလည်း ကျွန်တော်တို့ ဘီလ်ရှင်းဖို့ စစ္စတာကို ပြောနေတာ"

"လူနာဟာ ရွှေ့ပြောင်းလို့ရတဲ့ အနေအထားရောက်တာနဲ့ ပြောင်းခွင့်ပေးမှာပါ"

"ကျေးဇူးကြီးလှပါတယ် ဒေါက်တာရယ်"

နိုးက ဦးဘမိုးတို့ ရောက်လာပေမဲ့သာပဲ မိမိသာဆိုလျှင် မပြောတတ်မဆိုတတ်နှင့် မျက်စိသူငယ်နားသူငယ်နှင့် ဘာမှပြောတတ်ဆိုတတ်မည် မဟုတ်ချေ။

"ဒီမှာ ပေးရှင့်ရဲသူငယ်ချင်း ဆရာဝန်တွေလည်း ရှိပါတယ်၊ သူတို့လည်း ခွဲခန်း လိုက်ဝင်သွားတယ်"

"ကြာနေပြီနော်"

"ဟုတ်ကဲ့ ကားမှန်စတွေက အသားစတွေထဲ တော်တော်စိုက်ဝင်ထားတာတွေလည်း ရှိနေတော့ တစ်ခါထဲ ထုတ်နေရတယ်၊ ခြေထောက်ကိုလည်း ပြုပြင်နေတာဆိုတော့ နည်းနည်းတော့ကြာမယ်၊ စိတ်ပူစရာ မရှိတော့ပါဘူး၊ လူကြီးတွေက ပြန်နားလိုက်တာ ကောင်းပါတယ်"

ဦးဘမိုးနှင့် ဒေါ်အေးအေးဆွေလည်း သားကိုမတွေ့ရသေးသဖြင့် စိတ်မချသော်လည်း နှင်းဝေထံမှာ သွေးယူပြီး ချိန်တွင် နှင်းဝေကိုလည်း အနားယူနိုင်စေရန် သူတို့ မောင်နှမကို ခေါ်၍ ရွှေဝါထွန်းဟိုတယ်သို့ ထွက်သွားလေသည်။

အစောကြီး ထလာခဲ့မယ်ဟု နောက်ဆံတင်းစွာ ထွက်သွားသည်။ အရေးအကြောင်းဆိုလျှင် ဟိုတယ်ဖုန်းနံပါတ်အား



www.burmeseclassic.com

www.burmeseclassic.com



ဆက်ရန် ဖုန်းနံပါတ်ပေးသွားသည်။ ဖိုးခွားလာလျှင်လည်း ကားကို ဆေးရုံဝန်း၌သာထားပြီး အဆင်သင့်ရှိနေမည်ဟုလည်း ဦးဘမိုးက စီစဉ်သွားသည်။

နိုးမှာ ကလေးတစ်ဦးလို ခေါင်းညိတ်ခြင်းမှအပ ဘာမှ မပြောနိုင်။

နိုး သိချင်နေသည်က မိုးစွေ၏အခြေအနေ၊ မိုးစွေ၏ မျက်နှာ ရုပ်ပျက်ဆင်းပျက် ဖြစ်သွားသေလား၊ မိမိအပေါ်၌ မိမိ၏ဆွေမျိုးအသိုင်းအဝိုင်း စွပ်စွဲသကဲ့သို့ ဂြိုဟ်ကောင်မနှင့် လက်ထပ်မိ၍ ဟူ၍များ သူစွပ်စွဲဦးမှာလား။

နိုးရင်ထဲ တထိတ်ထိတ်နှင့် သောကတွေ ဝေနေသည်။







# အခန်း(၂၀)

ခေါင်းမျက်နှာပြင်ကစ၍ ခြေဖျားအထိ ပတ်တီးများနှင့် ဖြည့်နှက်နေသော လူနာကိုကြည့်ပြီး နိုးမှာ လန့်မအော်မိစေရန် ကိုယ့်ပါးစပ်ကိုကိုယ် လျှင်မြန်စွာပိတ်လိုက်ရသည်။

ကိုကို ရုပ်ဆိုးသွားတော့မည်။

အလှအပနှင့် အနုအရွကလေးများကို နှစ်သက်သော နိုးသည် ကိုကို့မျက်နှာကို တစိမ့်စိမ့်ကြည့်ရဲပါတော့မလား. . . ။



www.burmeseclassic.com

www.burmeseclassic.com



ပလတ်စတစ်ဆာဂျီရီနည်းဖြင့် ပြုပြင်လိုက်လျှင်. . ကောင်းသွားနိုင်သည်။ ပြုပြင်ခိုင်းရမည်။

ပတ်တီးလွတ်နေသော ကိုကို့၏ဘယ်လက်ကလေး များက လှုပ်ရှားနေသည်။ တစ်စုံတစ်ဦး၏ လက်ကို ရှာဖွေနေသည်ဟုထင်သည်။

"သား. . ဖေဖေ၊ မေမေ၊ နိုးနိုး၊ အမိုးတို့ရှိတယ်၊ ဟောဒီမှာ သားရဲ့ညီလေး ညီမလေးနှင်းဝေနဲ့ ချစ်ဝေလည်း ရှိတယ်"

ဦးဘမိုးက အသံကို မတုန်ခါစေရန် ထိမ်းပြီးပြောလိုက်သည်။ ဒေါ်အေးအေးဆွေကတော့ ငိုသံပါနေမှာစိုးသဖြင့် အသံမထွက်။

မျက်လုံးနှစ်ဖက်စလုံး ဖုံးအုပ်ထားပြီး ပါးစပ်ဇေါက်ကလေးသာ လွတ်နေသောသူသည် စကားကောပြောနိုင်ပါ့မလား။ ဒဏ်ရာတွေက တင်းပြီး နာကျင်နေရှာမည်။

"သား အားလုံးသိပြီးပြီနော်၊ ဖေဖေတို့ကို ခွင့်လွှတ်ပါသား၊ ဒေါ်ထားထားဝေနဲ့ မောင်သက်ဝေကိုလည်း ခေါ်ခိုင်းထားတယ်၊ မကြာခင် ရောက်လာလိမ့်မယ်၊ ရောက်လာပြီးရင် သားကိုပန်းလှိုင်ကို ရွှေ့ပြောင်းလိုက်မယ်"

နိုးမှာ ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။

အခန်းထဲရှိ လူအားလုံး၏မျက်နှာကို လိုက်ကြည့်သည်။

ဘာတွေဖြစ်ကုန်တာလဲ။

အိပ်မက်ဆိုးတစ်ခု မက်နေတာလား။

ဒေါ်အေးအေးဆွေက မိုးစွေ၏ လှုပ်ရှားနေသော ဘယ်





လက်ကလေးကို ဆုပ်ကိုင်လိုက်သည်။

"မေမေရှိတယ်သား၊ နိုးနိုးလည်းရှိတယ် နိုးနိုး"

နိုးအား မိုးစွေ၏လက်ကို ကိုင်စေချင်ပုံနှင့် ဒေါ်အေးအေးဆွေက ဖယ်ရှားပေးလိုက်သည်။

နိုး. . နိုး မကိုင်ရဲချေ။

နိုးဘဝမှာ ရုပ်ပျက်ဆင်းပျက် လူနာမျိုးကို တစ်ခါမှ မတွေ့ဘူး။ နိုး တုန်လှုပ်နေသည်။

အမိုး၏ လက်မောင်းကိုသာ ဖက်တွယ်ထားပြီး မျက်ရည်ဝိုင်းလျက်ရှိသော မျက်လုံးအစုံဖြင့် ဒေါ်အေးအေးဆွေကို ကြည့်လိုက်သည်။

ဒေါ်အေးအေးဆွေ၏ရင်ထဲ နင့်ခနဲ ဖြစ်သွားသည်။ ချစ်၍ယူခဲ့ခြင်း မဟုတ်သော အိမ်ထောင်ရေး၏ သက်တမ်းကနုသေးတော့ သံယောဇဉ် မမြဲမြံသေးဘူးထင်ပါရဲ့၊ ကလေးမလေးကလည်း ငယ်သေးတာကိုးဟု တွေးကာ ဖြေသိမ့်လိုက်သည်။

အမိုးက အေးစက်နေသော နိုး၏ လက်ဖျားကလေးကို ပြန်လည်ဆုပ်ကိုင်ကာ နှစ်သိမ့်လိုက်သည်။

"စိတ်တင်းထားကလေး၊ ကလေးအသံကြားရမှ သားက အားရှိမှာပေါ့"ဟု ခပ်တိုးတိုးလေး အားပေးရင်း တိုက်တွန်းလိုက်သည်။ နိုး. . ခေါင်းညိတ်လိုက်သည်။

ယခုနေ မိုးဆွေနှင့် အသက်ဆိုင်ဆုံး လူနာရှင်မှာ မိမိဖြစ်သည်။ သို့သော် မိုးစွေ အတွေ့ချင်ဆုံး အသံအကြားချင်ဆုံးသူမှာ မိမိဖြစ်နိုင်ပါ့မလားဟု. . .



www.burmeseclassic.com

www.burmeseclassic.com



နိုးကုတင်နား အသာကပ်ပြီး တုန်ယင်အေးစက်သော လက်ဖြင့် မိုးဆွေ၏လက်ကို ဆုပ်ကိုင်လိုက်သည်။ ရင်ထဲ၌ ထူးဆန်းသော ခံစားချက်က ခံရခက်စွာဖြင့် ပေါ်လာရာ. . .

"ကိုကို"ဟုအသံထွက်ပြီး မျက်ရည်များက အတားအဆီးမဲ့စွာ ကျလာသည်။

"ကလေးကလည်းကွယ်"

အမိုးက ဘေးမှဖက်ကာ အားပေးသည်။

"လာ. . လာ. . အပြင်ဘက်မှာ သွားထိုင်နေရအောင်"

အမိုးက တွဲခေါ်ထုတ်ခဲ့သည်။

အမိုးရှိနေ၍ တော်သေးသည်။

အပြင်ဘက် ခုံတန်းလျားများ၌ ထိုင်မိလိုက်သည်နှင့် နိုး အသက်ရှူရ ချောင်သွားလေသည်။

အနီဌာရုံမြင်ကွင်းများကို နိုးကြောက်လန့်သည်။ နိုး အပေါ် ယောကျ္ာမများက အမြင်ကြည်လင်ပါ့မလား. . .

"အမိုး"

"ဘာလဲ ကလေး"

"ကျွန်မတော့ နားမလည်နိုင်တော့ဘူး"

"ဘာကိုလဲ ကလေးရဲ့"

"ခုနကိုကို့ကို ဖေဖေပြောနေတဲ့စကားတွေလေ၊ နှင်းဝေနဲ့ချစ်ဝေကို မင်းညီလေး ညီမလေးတွေလည်းရှိတယ်၊ ဖေဖေတို့ကို ခွင့်လွှတ်ပါလည်း ပြောတယ်၊ အဲဒါဘာတွေလဲ ကျွန်မကို ရှင်းပြပါလား"

☺ အောင်မြင်စာပေ ☺



အမိုးက သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်ပြီး. . .

"ဒီလိုကလေးရဲ့ ဆရာနဲ့မမတို့က သမီးကြီးပဲမွေးတယ်၊ သားကိုအရမ်းလိုချင်တယ်၊ အဲဒီမှာပဲ သမီးလေးယောက်မွေးပြီးနောက်ကိုယ်ဝန်ဆောင်တော့ မမဟာ သမီးပဲမွေးပြီး ကလေးကဆုံးသွားတယ်၊ ဒီမှာပဲ ဆေးရုံမှာ အင်မတန်ဆင်းဆင်းရဲရဲနဲ့ လာမွေးတဲ့ ဒေါ်ထားထားဝေက သားလေးမွေးတယ်၊ အမိုးနဲ့ ရပ်ဆွေရပ်မျိုးပဲ၊ ဒေါ်ထားထားဝေရဲ့ယောကျ်ားက သာမန်စာရေးလေးပဲ ငွေစာရင်းကွာတယ် လိမ်တယ်ဆိုလား အဲဒါနဲ့ အချုပ်ကျနေတယ်၊ အဲဒီမှာပဲ အမိုးက ထားထားဝေကို ဖျောင်းဖျပြီး လိုတဲ့ငွေကိုပေးလိုက်ရင် အချုပ်ကလွတ်မယ် ကိုယ့်သားဘဝလည်း ကောင်းစားမယ်၊ နောက် ကိုယ့်မှာလည်း သားသမီးတွေက အများကြီးမွေးနိုင်တယ်၊ ဒါ့အပြင် အိပ်ယာထဲလဲနေတဲ့ နာတာရှည် ခင်ကြီးကိုလည်း ဆေးကုနိုင်မယ်လို့ ဖျောင်းဖျပြီး ဟိုခေတ်ကာလက ငွေငါးသောင်းနဲ့ မိုးစွေကို တစ်ခါတည်း မွေးစားပြီး ဒေါ်အေးအေးဆွေရဲ့ သားအဖြစ် ဖန်တီးခဲ့တယ်"

"ဒေါ်အေးအေးဆွေကတော့ ဘာမှမသိခဲ့ဘူး၊ ဦးဘမိုးရယ်. . အမိုးရယ်. . ကြားကအသိသက်သေ စစ္စတာရယ်ပဲ သိခဲ့တယ်"

"ဒါပေမယ့် မနေ့က ဟိုတယ်မှာ အားလုံးကို ဦးဘမိုးက ရှင်းပြလိုက်ပြီ၊ မရှင်းလို့လည်း မရဘူးလေ၊ မိုးစွေ့ရဲသွေးက အေဖြစ်နေတယ် သူတို့ တစ်အိမ်သာလုံးရဲ့သွေးက အိုပဲ အဲဒီမှာ ပြဿနာ စတော့တာပဲ"

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



အမိုးစကားများကို နှိုးသည် အသက်ရှူရန်ပင် မေ့လျော့ရက်သားဖြင့် နားထောင်နေမိသည်။

"နှင်းဝေနဲ့ မောင်ချစ်ဝေလေးကို ဦးဘမိုး ဟိုတယ် ခေါ်သွားပြီး မေးမြန်းပါလိမ့်မယ်၊ ကလေးတွေဆိုတော့ ပြောပြလိုက်မှာပေါ့"

"ကိုကိုက ဒီအကြောင်းတွေ ဘယ်လိုလုပ် သိသွားတာလဲ"

"မနေ့က အမိုးကို လက်ဆောင်ကိုယ်တိုင်သွားမပေးရကောင်းလားဆိုပြီး တစ်ခါမှ စိတ်မဆိုးစဖူးဆိုးတယ်၊ ပြီးတော့ အမိုးကော ကလေးကော တားမရဘဲ ထွက်သွားတယ်မဟုတ်လား"

"ဟုတ်တယ် ကျွန်မတောင် အရမ်းအံ့ဩခဲ့တာ"

"ဒေါ်ထားထားဝေက သတင်းစာထဲမှာပါတဲ့ ကလေးတို့မင်္ဂလာသတင်းတွေကတည်းက သူသားမှန်း သိလိုက်မှာပဲ ငွင်းထွက်ကုန်ကြမှာပေါ့"

"အင်း . . အံ့ဩစရာ ကောင်းလိုက်တာနော်၊ ကျွန်မ ဖေဖေသာသိရင်အရမ်းအံ့ဩမှာ ဖေဖေသဘောမတူခဲ့တဲ့ ကိုသက်ဝေရဲ့ အစ်ကိုအရင်းနဲ့ ကျွန်မရခဲ့တဲ့အကြောင်းကိုသာ သိရင် . . အဟင်း ဖေဖေ ဘယ်လိုနေမလဲ"

အမိုးက နှိုး၏ မရင့်ကျက်သေးသော စိတ်သဘောထားကို သတိထားမိပြီး သက်ပြင်းချလိုက်လေသည်။

"လူကံကြမ္မာဆိုတာ မြင်နိုင်လို့ရတဲ့ အရာမှမဟုတ်ဘဲ





မိုးစွေကို ဝမ်းနဲ့လွယ်မွေးခဲ့တာ ဒေါ်ထားထားဝေ၊ နို့ချိုတိုက်ကျွေးခဲ့တာ ဒေါ်အေးအေးဆွေ၊ နို့ချိုမတိုက်ကျွေးရုံကလွဲပြီး နို့ဘူးတိုက် ကရိုကထခံ အတူအိပ်ပြီး ရင်ငွေ့ပေးခဲ့ရတာက အမိုး၊ သား မိုးစွေဟာ မေတ္တာတရားတွေ အများကြီးပိုင်ဆိုင်ခွင့်ရခဲ့တဲ့ ကံကောင်းတဲ့သူပါ။ ဒါပေမယ် ခုကြည့် သူဘယ်လောက် စိတ်ဆင်းရဲနေရှာမလဲ"

အမိုးကိုကြည့်ပြီး နှိုးသနားလာသည်။

အမိုးသည် မိုးစွေအပေါ် အတော်ချစ်ခင်သည်။ လိုလေသေးမရှိ အရိပ်တကြည့်ကြည့်နှင့် ပြုစုစောင့်ရှောက်ပေးတတ်သည်။ သို့သော် အမေနှစ်ယောက်နှင့် ယှဉ်လိုက်တော့ အမိုးသည် အညတြဖြစ်သွားရသည်။

"အမိုး . . ကိုကို ဘာတွေဖြစ်နိုင်သလဲ"

"အင်း အမိုး ဘာမှမပြောချင်တော့ပါဘူး ကလေးရယ် ကံအတိုင်းပဲပေါ့ကွယ်"

"ကိုကို ခြေထောက်ပြန်ကောင်းနိုင်းပါ့မလား"

"ဆရာဝန်ကြီးတောင် ဘာမှမပြောနိုင်သေးဘူး"

နှိုး သက်ပြင်းချလိုက်သည်။

နှိုး ကိုကို့ကို ပြုစုရမှာလား။ ဘယ်လိုပြုစုမလဲ။

နှိုး စိတ်ရှုပ်ထွေးလာသည်။ အိပ်မက်ဆိုးမက်ခြင်းသာ ဖြစ်လိုက်ပါတော့။



www.burmeseclassic.com

www.burmeseclassic.com








# အခန်း(၂၁)

"သမီးလေးနိုး"

ဖခင်ထံမှ ကြင်နာသော ကရုဏာသံကို မကြားရစဖူး ကြားလိုက်ရသဖြင့် နိုး အံ့သြသင့်သွားသည်။

နိုး ဖခင်ဆရာဝန်ကြီးက ဦးပြည့်စုံသည် ဆာကူရာဆေး[illegible] ရွှေပြောင်းတင်ထား၍ ဆေးကုသမှု ခံယူနေသော သားမက်[illegible]တွေအား လာကြည့်ပြီးနောက် သမီးအားခေါ်ကာ အိမ်သို့ ပြန်[illegible]ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရောက်တော့မှ ညှော့ခန်းသို့လိုက်ထိုင်ကာ သမီး အား စကားပြောရန် အားယူလိုက်သည်။

"ရှင် ဖေဖေ"

"မောင်မိုးစွေ ခုလိုဖြစ်သွားတော့ သမီးစိတ်ထဲ ဘယ် လိုခံစားရမလဲ"

"စိတ်ညစ်တယ် ဖေဖေ"

"ဟင်"

ဦးပြည့်စုံက နီး၏မျက်နှာလေးကို ငေးကြည့်ရင်း နှောင် တရမိလေသည်။

သမီးသည် အသက်နှစ်ဆယ်ဆိုသော်လည်း အတွေး အခေါ် ရင့်ကျက်မှု မရှိသေး။ စိတ်ထား နုနယ်သေးသည်။

စိတ်ကူးယဉ်လေးနှင့် အတွေးနုနုထားကာ အနုကလ ရေးဖွဲ့တတ်သောကဗျာဆရာ စာရေးဆရာကိုအထင်ကြီးကာ ချစ်သူဖြစ်ခဲ့သည်။ဒါကို သူအစိုးရိမ်ကြီးခဲ့ပြီး အိမ်ထောင်ချ ခဲ့မိသည်။

အမှန်တော့ သမီးလိုအပ်နေတာ မေတ္တာဖြစ်သည်။

သမီးလိုအပ်သောမေတ္တာကို သူမပေးခဲ့မိ. . . သမီး၏ အကိုအစ်မများကလည်း မပေးခဲ့။

ကြည့်. . . ယခုသမီး၏ ကံကြမ္မာက ဆိုးရွားလိုက်သည် ဖြစ်ခြင်း. . .

မောင်မိုးစွေ မျက်စိပြန်၍ အလင်းရမရကို မျှော်လင့်၍ မရ ခြေတစ်ဖက်က မသိမသာ နိမ့်ဝင်ကာ ခပ်ဆာဆာ ဖြစ်သွား





သိမ်မည်။ မျက်နှာပေါ်မှ ဒဏ်ရာများကတော့ ပလတ်စတစ် ဆာဂျီရီနည်းအားဖြင့် ကုသနေသည်။ မူလရုပ်သွင်မပျက် ဖြစ် သည်။ ဘာပဲပြောပြော ဒုက္ခိတ ဖြစ်သွားပြီ။

နီး ခင်ပွန်းထံမှ ချစ်ခင်ယုယမှု မရနိုင်တော့။

နီးကသာလျှင် ခင်ပွန်းကို နားလည်မှု အပြည့်အဝနှင့် ချစ်ခင်ကြင်နာစွာ သစ္စာရှိရှိ ပြုစုသွားရတော့မည်။

"သမီးဘာဖြစ်ချင်သလဲ"

"သမီး မသိဘူး ဖေဖေ၊ သမီးဘာလုပ်လို့ရနိုင်သလဲ"

"သမီး မောင်မိုးစွေကို ကွာရှင်းချင်သလား"

ဦးပြည့်စုံသည် သားသမီးဇောဖြင့် တစ်ကိုယ်ကောင်း ဆန်လိုက်လေသည်။ တရားမဲ့တယ်ပြောပြော သမီးရေရှည် စိတ် ဆင်းရဲရမည့်အရေးအတွက် ဂုဏ်သိက္ခာနှင့် လဲလှယ်လိုက်တော့ သည်။

"ဟင်. . . ဒါတော့ မဖြစ်ဘူးထင်တယ် ဖေဖေ"

နီးက ဒါတော့ နားလည်သည်။

အမိုးနှင့် ဖိုးခွား ရှိမနေ။ သူတို့ ဆေးရုံ၌ကျန်ရစ်ခဲ့ကြ သည်။ ဦးပြည့်စုံက တမင်စကားပြောချင်၍ ပြန်လိုက်ပို့ခြင်း ဖြစ်သည်။

ညိုချော့နှင့် ဦးဘက ဦးပြည့်စုံ၏ လူယုံများ ဖြစ်သည်။

"အင်း. . လောကကြီးများ ဆန်းကြယ်လိုက်တာ၊ ကဗျာ ဆရာယောင်ယောင် ဘာယောင်ယောင်ကောင်နဲ့ သဘောမတူ ခဲ့ပြီး တကယ့်ကို မျိုးရိုးဗီဇ ဂုဏ်သိက္ခာကိုကြည့်ပြီး ပေးသေ



www.burmeseclassic.com

www.burmeseclassic.com



ချာချာ ရွေးချယ်ပေးစားလိုက်ပါတယ် အတုအယောင်ဖြစ်နေတယ်၊ ဘဘောမတူဘူးဆိုတဲ့ လူနဲ့မှ တသွေးတည်း တစ်သားတည်း ညီအစ်ကိုအရင်းတဲ့ ဖေဖေ စိတ်မကောင်းလိုက်တာ သမီးလေးရယ်

"စိတ်မကောင်းမဖြစ်ပါနဲ့ ဖေဖေရယ် သမီးရဲ့ ကုသိုလ်ကံပဲပေါ့"

နိုးသည် ကြုံတွေ့လာရသည့် လောကဓံ၏ ရိုက်ပုတ်မှုကို နားလည်စပြုလာလေပြီ။ အမိုးက တတ်နိုင်သမျှ ရှင်းပြသည်။

"သမီးတို့မရောက်ခင်ကတည်းက ဖေဖေရောက်နေနှင့်ပြီး မောင်မိုးစွေနဲ့ စကားပြောဖြစ်ကြတယ်၊ သူက သူ့မျက်စိအလင်းပြန် မရနိုင်ဘူးဆိုတာ သေချာရင် သမီးကို သူကွာပေးမယ်တဲ့"

"ဟင်း. . ဖေဖေ ဖေဖေက အတင်းကွာခိုင်းတာလား"

"မဟုတ်ပါဘူး၊ သူ့ဘာသာသူ ပြောလာတာ"

"မဖြစ်နိုင်ဘူးထင်တယ် ဖေဖေ၊ ယောကျ်ားလုပ်သူ ဒုက္ခိတဖြစ်လို့ စွန့်ပစ်သွားတဲ့ အကြင်နာမရှိတဲ့ မိန်းမထဲမှာ သမီးပါလို့ မဖြစ်ဘူး ဖေဖေ"

ဦးပြည့်စုံ သက်ပြင်းချလိုက်သည်။

"သမီး မောင်မိုးစွေကို မေတ္တာရှိသွားပြီလား"

အဖေနှင့် သမီးကြားဖြစ်၍ မေတ္တာရှိသွားပြီလားဟု မေးလိုက်ခြင်းဖြစ်သည်။ နိုးက မိုးစွေတို သူချစ်နေပြီလား သူ့ကိုယ်သူ အဖြေရှာမရသေးသော မေးခွန်းဖြစ်သည်။ သို့သော် ဖြစ်သင့်မြဲ





ဖြစ်ထိုက်သော အနေအထားမျိုးဖြစ်၍. . .

"ဟုတ်ကဲ့"

နိုး မှုသားသုံးလိုက်သည်။

"သမီး ဒုက္ခိတတစ်ယောက်ကို ပြုစုနိုင်ပါ့မလား"

"အမိုးလည်းရှိတယ်၊ ညိုချောလည်းရှိတယ် ဖေဖေ၊ ခုဆိုရင် သူ့ညီမနှင်းဝေနဲ့အမေအရင်းတောင် လာပြုစုနေပြီပဲ၊ သမီးက ဘာလုပ်ပေးဖို့ လိုမှာလဲ"

နိုးက ရိုးသားစွာ မေးလိုက်သည်။

"ခြေတစ်ဖက်ဆာနေတဲ့ သူနဲ့ သမီးတွဲသွားရဲမလား၊ မျက်မမြင်တစ်ယောက်ကို တွဲခေါ်သွားရဲမလား"

နိုး ဒါတွေမတွေးမိချေ။

စိတ်ကူးယဉ် အနုအရွကလေးများနှင့် ပေလီဦ ပျော်ရွှင်ကြည်နူးခဲ့ရသမျှတို့ကို အိပ်မက်သဖွယ် လွင့်ပြယ်သွားခဲ့ပြီလား။

"သမီးမသိဘူး ဖေဖေ"

"မသိလို့မရဘူးသမီး သိရမယ်၊ အေးလေ သမီး ခေါင်းအေးအေးထားပြီး စဉ်းစားဦး၊ သိက္ခာကျသွားမှာစိုးလို့ ဆိုတာနဲ့ ဘဝတစ်ခုလုံးကို ရေစုန်မျှောမပစ်လိုက်နဲ့"

နိုး လောကကြီးကိုနားမလည်နိုင်အောင်ဖြစ်သွားသည်။

မိမိဖခင် ဦးပြည့်စုံသည် သူစိတ်တိုင်းကျ ရွေးချယ်ခဲ့သောသားမက်ကို ဒုက္ခိတဘဝသို့ ရောက်သွားသောအခါ ကွာရှင်းရန် ပြောလာသည်။

မိုးစွေတို့ မိဘများဘက်ကလည်း ယခင်သူ့ဘာတူ



www.burmeseclassic.com

www.burmeseclassic.com



ကာလက်ထပ်ခဲ့သော မိမိကိုသူတို့၏သား ဒုက္ခိတဘဝရောက်ရခြင်းမှာ မိမိကြောင့် စနေသမီးခိုက်သည်ဟု မိမိကွယ်ရာ၌ အယူသည်းစွာပြောကြသည်ကို မိမိက တစ်ဆင့်စကားဖြင့် ကြားသိပြီးဖြစ်သည်။

နိုး လူ့လောကကြီး၏ ရှုပ်ထွေးမှု လူတွေ၏မနောကို နားမလည်နိုင်အောင် ဖြစ်ရလေတော့သည်။

နိုးသက်ပြင်းချလိုက်သည်။

"ကိုကို ပတ်တီးဖြေမှ အခြေအနေမှန်ကို သိရမှာမဟုတ်လား ဖေဖေ"

"ဒါပေမယ့် ကိုးဆယ်ရာခိုင်နှုန်းက မျှော်လင့်ချက်မရှိဘူးသမီး"

"သမီးရဲ့ ကံတရားပေါ့ ဖေဖေရယ်"

နိုး ဘယ်လိုလုပ်ပြီး ကိုကို့ကို ကွာရှင်းရက်မလဲ။

"စဉ်းစားပါဦး သမီးရယ်"

ဒါဟာ မိဘရဲ့မေတ္တာပေပဲလား။

သားသမီးကို ဆင်စီးပြီး မြင်းရံတာမြင်ချင်၍ ရွှေသားမက်ငွေသားမက်နှင့် ရွေးချယ်လက်ထပ်ပေးခဲ့သည်။

ရွှေသားမက် ငွေသားမက်မဟုတ်နိုင်တော့သည့်အခါ သမီး ဒုက္ခရောက်မှာစိုးသည်။ ဒုက္ခိတအတွက် သမီးစိတ်ရောလူပါ ပင်ပန်းမှာစိုးရိမ်သည်။

နိုး ထိုသို့နားလည်သဘောပေါက်မိသည်။

"ဖေဖေပြန်မယ် သမီး၊ တကယ်လို့သမီး မကွာနိုင်ဘူး





ဆုံးဖြတ်ရင်တော့လည်း သူ့ရဲ့အမေရင်းနဲ့ ညီမလေးကို ဒီမှာခေါ်ထားလိုက် သူတို့ဝိုင်းပြုစုပေးလိမ့်မယ်"

"ဟုတ်ကဲ့"

နိုးသည် ဖခင်ကို ကားအထိလိုက်ပို့လိုက်သည်။ တစ်လတာဟူသော အချိန်ကာလအပိုင်းအခြားလေးတွင် မိမိဘဝ၏ပြောင်းလဲမှုများက မြန်ဆန်လွန်းလှပါတကားဟု နိုးတွေးမိကာစိတ်ထဲ မွန်းကြပ်ကြပ်ကြီးဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၂)

မိုးစွေ ယူကျုံးမရစိတ် သောကစိတ်ကို တရားသဘောလေးနှင့် ရှုမှတ်နေရသည်။

သတိတစ်ချက်လစ်လိုက်သည်နှင့် မိမိဘဝကြီး ဇောက်ထိုးမိုးမျှော်ဖြစ်သွားရပြီ။

မျက်စိနှစ်လုံးက အလင်းရဖို့ကို ပတ်တီးဖြေမှ သိရတော့မည်။ ခြေထောက်တစ်ဖက်ကတော့ ထော့ကျိုးဖြစ်ရတော့မည်။





မိုးစွေ စဉ်းစားလိုက်သည်က နိုးအတွက် ဖြစ်သည်။

နိုးသည် အစကတည်းက မိမိကိုချစ်၍ လက်ထပ်ခဲ့ခြင်း မဟုတ်။

ဖခင်ပေးစားသည့် အတွက်ကြောင့်လည်းကောင်း ချစ်သူသက်ဝေ၏ ဆင်းရဲသော ဘဝဒုက္ခတွင်းသို့ သူခုန်မဆင်းရဲသည့်အတွက်ကြောင့်လည်းကောင်း မိမိအား လက်ထပ်ခဲ့ခြင်း ဖြစ်သည်။

သူ့ထံမှ အချစ်ကိုရအောင်ကြိုးစားနေဆဲကာလမှာပင် မိမိက ဒုက္ခိတဘဝကို ရောက်သွားခဲ့လေပြီ။ သူ့ထံမှ အချစ်ကို မိမိမမျှော်လင့်တော့ပါ။

ထို့ကြောင့် သူ့ဘဝလေးအေးချမ်းသွားစေရန် မိမိ နောက်ဆုတ်ပေးလိုက်တော့မည်။

နောက်တစ်ချက်ရှိသေးသည်။

သက်ဝေနှင့်ကျတော့ မပေးစားဘဲ မိုးစွေနှင့် ပေးစားသည်။ မိုးစွေနှင့် သက်ဝေသည် ညီအစ်ကိုအရင်းဖြစ်နေပြီး မိုးစွေ၏ခန္ဓာကိုယ်ထဲ၌ သက်ဝေနှင့် နှင်းဝေတို့၏သွေးများဖြင့် အသက်ထပ်မံရှင်သန်ရခြင်းဖြစ်သည်။ မိုးစွေ၏ ဘဝမှန်ကိုလည်း ဦးပြည့်စုံအား မထိန်ချန်ပဲပြောပြစေသည်။

ဦးပြည့်စုံ စိတ်ထိခိုက်သွားပေလိမ့်မည်။

"အမိုး"

"သား"

"ကျွန်တော့်နားမှ ဘယ်သူတွေရှိနေသေးသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နှင်းဝေရှိတယ်"

"ညီမလေး အပြင်ခဏထွက်ပေးကိုယ် အမိုးနဲ့ စကားပြောချင်လို့"

"ဟုတ်ကဲ့၊ ကိုကို"

မိုးစွေ ပတ်ဝန်းကျင်၏ လိမ်ညာခြင်းကို ခံလိုက်ရသည်။

အမိုး နှင်းဝေအပြင်ရောက်လာကတည်းက တိတ်တိတ်ကလေးထိုင်ပြီး မိုးစွေ၏ မျက်နှာပြင်ပေါ်မှာ အနာရွတ်များကို ပျောက်ကင်းနိုင်မကင်းနိုင် မှန်းဆ၍ငေးကြည့်နေသော နိုးက အမိုးအား လက်ကာပြသဖြင့် အမိုးက နိုးအား ထိန်ချန်လိုက်သည်။

"အမိုး"

"ပြောလေသားအမိုး နားထောင်နေပါတယ်"

"ကျွန်တော် သိပ်ရုပ်ဆိုးသွားသလား"

"အနာရွတ်တွေ ပျောက်သွားရင်မူလရုပ်အတိုင်းပဲ ပြန်ဖြစ်မှာပါ"

"ခြေထောက်ကတော့ မူလအတိုင်း အကောင်းပကတိ ပြန်မဖြစ်တော့ဘူး မဟုတ်လား"

"နည်းနည်းလေး မသိမသာလေး နိမ့်မှာပါတဲ့"

"ထားပါတော့လေ ဒါတွေဟာ ကျွန်တော့်အပြစ်ပါ အဖြစ်မှန်ကို ဖုံးကွယ်ထားခဲ့တဲ့ဖေဖေနဲ့ အမိုးတို့ကို စိတ်ဆိုးမိတဲ့အတွက်ကြောင့် ကျွန်တော် ငရဲကြီးတာလို့ ကိုယ့်ကိုယ်ကိုယ် သတ်မှတ်ပါတယ်၊ ဒါပေမယ့် နိုးအတွက် ကျွန်တော်စဉ်းစားသင့်တယ်"

အမိုးက နိုးအားလှမ်းကြည့်လိုက်သည်။ နိုးက မျက်လုံးမှိုးပြပြီး ခေါင်းခါပြလိုက်သည်။

အမိုးကခေါင်းညိတ်ကာ. . .

"ဘာစဉ်းစားစရာရှိသလဲသား၊ ဆရာနဲ့ မမကြီးက သားတို့အတွက် လိုအပ်သလိုဆောင်ရွက်ပေးမှာပဲ၊ နိုးဖေဖေကလည်း ပစ်မထားပါဘူး"

"မဟုတ်ဘူး အမိုး၊ ငွေရေးကြေးရေးက အဓိက မဟုတ်ဘူး၊ မန်နေဂျာနဲ့ အတွင်းရေးမှူးကို ညွှန်ကြားချက်ပေးပြီး ဆောင်ရွက်လို့ရပါတယ်၊ ကျွန်တော်ဆိုလိုတာက နိုးကို ကျွန်တော် ဒုက္ခမပေးချင်ဘူး၊ သူ့ရဲ့စိတ်ကူးယဉ် အိပ်မက်လှလှလေးထဲက ကျွန်တော်ရဲ့ အကျည်းတန်ဘဝထဲ ဆွဲမနစ်ရက်ဘူး"

နိုးရင်ထဲထိရှသွားသည်။

မိုးစွေ၏အချစ်သည် သာမန်မဟုတ်။

"ဒါကတော့ သားရယ်"

"အမိုး ကျွန်တော်သူ့ကို ကွာရှင်းပေးလိုက်မယ်"

အမိုးက နိုးအားကြည့်သည်။

ပတ်တီးစည်းထားသဖြင့် မိုးစွေ၏မျက်ဝန်းကို မမြင်ရသော်လည်း သူ၏အသံတို့သည် ကြေကွဲမှုများ စွက်နေသည်။

နိုးကခေါင်းခါပြလိုက်သည်။

"နိုးက ကွာမပေးဘူးဆိုရင်ကော"

"ကွာပေးမှာပါ သူကကျွန်တော်ကိုမှမချစ်တာ"







www.burmeseclassic.com

www.burmeseclassic.com

ဒီတစ်ချီတွင်တော့ နိုး ဘာအမူအရာမှ မပြတော့ဘဲ ငြိမ်သက်နေလိုက်သည်။

"မဟုတ်တာ . . သူ သားကို ချစ်မှာပါ"

"ကျွန်တော်တော့ မထင်ပါဘူး၊ ကျွန်တော်သိပါတယ် ကျွန်တော့်ရင်ထဲမှာ သူနဲ့ပတ်သက်ပြီး ခံစားနေရတယ်"

"ဒါတွေမတွေးပါနဲ့သားရယ် ကျန်းမာပြီး အားပြည့် အောင်သာနေ၊ ဆရာကြီးကလေ မောင်သက်ဝေကို သားလုပ် ငန်းတွေမှာ သားကိုယ်စားဆောင်ရွက်ပေးဖို့ မန်နေဂျာနဲ့တွဲပြီး အလုပ်သင်ခိုင်းထားတယ်"

အမိုး လမ်းကြောင်းပြောင်းလွှဲလိုက်မှန်း မိုးစွေရိပ်မိပါ သည်။

ရှိပါစေတော့ မိမိရှုံကံကိုသာ ယိုးမယ်ဖွဲ့လိုက်သည်။ သူမှမသန်စွမ်းတော့ပေပဲ . . .။

"ကောင်းပါတယ်၊ ဒါထက် အမေတို့က ဘယ်မှာ နေသ လဲ"

"ဘယ်လိုခေါ်ခေါ် မရဘူး လှည်းတန်းက သူ့အစ်မအိမ် မှာပဲတည်းတယ်"

"အမိုး မေမေတို့က ကြည်ကြည်ဖြူဖြူ ခေါ်တာဟုတ် ရဲ့လား"

"ခေါ်ပါတယ် သားရယ်၊ ဆရာနဲ့ မမဟာ ရိုင်းစိုင်းကြ၊ သူတွေမှမဟုတ်တာ"

နိုးကအဝသို့ ခြေသံမကြားစေရန် လျှောက်သွားပြီး





အဝမှ အသံပြုပြန်နှင့် . . .

"အမိုး ကိုကို နိုးနေပြီလား"

"ဟော . . နိုး . . လာ အတော်ပဲ၊ ကလေးကိုကိုနဲ့ စကား ပြောလိုက်ဦး"

အမိုးက ရှောင်ထွက်ရန် ကြိုးပမ်းလိုက်သည်။ သို့သော် သက်ဝေတို့သားအမိနှင့် ဒေါ်အေးအေးဆွေ ဝင်လာသည်။

"သား လန်းလန်းဆန်းဆန်းပဲလား"

"ဟုတ်ကဲ့မေမေ"

"သားရေ မင်းအမေလည်းပါတယ်၊ ကြည့်ပြောပါဦး ကွယ် အမျိုးနီးစပ်တော်တဲ့အစ်မအိမ်မှာ တည်းတယ်တဲ့ မေမေ တို့နဲ့နေဖို့ ခေါ်တာမရဘူး"

"မဟုတ်တာအစ်မကြီးရယ် ကျွန်မ မနက်ဖြန်ပဲညောင် လေးပင် ပြန်တော့မှာ သားကြီးလည်း သက်သာနေပြီပဲ ပတ်တီး ဖြေတဲ့နေ့မှ တစ်ခေါက်ထပ်လာမယ်"

"မဟုတ်ဘူး အမေ၊ အဲဒါကျွန်မပြောမလို့"

နိုးက ဝင်ပြောလိုက်သဖြင့် မိုးစွေမှအပ အားလုံး၏အ ကြည့်က နိုးအပေါ်သို့ ကျရောက်လာသည်။

"အမေနဲ့ ညီမနှင်းဝေကို ကျွန်မတို့ရဲ့အိမ်မှာပဲ လိုက်နေ ပါလားလို့"

"မဖြစ်နိုင်ဘူး နိုး"

"ဘာဖြစ်လို့လဲ ကိုကို"

"ကိုကို့ရဲ့ ဒုက္ခတွေကို မင်းကစုပြုံယူချင်လို့ ရမလား"


www.burmeseclassic.com

www.burmeseclassic.com

မိုးစွေက ခပ်မာမာပြောလိုက်သည်။

"အဓိပ္ပါယ်မရှိတာတွေ မပြောနဲ့ ကိုကို၊ အမေနဲ့ နှင်းဆေဟာ ကျွန်မရဲ့ယောက္ခမနဲ့ ယောင်းမပဲ၊ သူတို့ဟာ သူ့သားအိမ်မှာ သူ့ချွေးမနဲ့လာနေပေးတယ် စောင့်ရှောက်ပေးတယ်ဆိုတာ သဘာဝကျပါတယ်၊ ဟုတ်တယ်နော် မေမေ . . နော် အမိုး"

နိုးစကားကို အမိုးကော ဒေါ်အေးအေးဆွေပါ ခေါင်းညိတ်ကာ. . .

"ဟုတ်တယ်သား"ဟု ပြိုင်တူပြောလိုက်သည်။

"ကျွန်တော်ကတော့ ကိုကိုရဲ့ရုံးခန်းဖွင့်ထားတဲ့ တိုက်ခန်းမှာပဲ နေလိုက်တယ် ကိုကို၊ ကိုကိုဘာမှ မတွေးပါနဲ့ နိုးနိုးပြောတာ သဘာဝကျပါတယ်"

"အမေ မောင်ချစ်ဝေတစ်ယောက်ထဲ ထားခဲ့တာကြာနေပြီလေ"

"သူ ကျောင်းရှိသေးတယ်လေ သား၊ စာမေးပွဲပြီးတာနဲ့ မေမေက မေမေတို့အိမ်မှာခေါ် ထားဖို့ ဆုံးဖြတ်ပြီးပါပြီသား"

မိုးစွေစိတ်ထဲ တဇက်အေးချမ်းသွားသည်။ မကြာခင်ကာလမှ မိခင်ရင်းကို တွေ့လိုက်ရသော်လည်း သူ့ရင်ထဲ မိခင်ရင်းနှင့် ညီအစ်ကိုမောင်နှမများအတွက် ပူပင်သောကများ ရှိခဲ့လေရာ သဘောထားပြည့်ဝသော မွေးစားဖခင်နှင့် မိခင်ရင်းတို့ စီစဉ်ပေးမှုကြောင့် သူစိတ်အေးရလေပြီ။

နိုးထံမှ လူကြီးဆန်လာသော စကားကြောင့် သူအံ့အားသင့်ရသည်။





ကံကြမ္မာဆိုးတစ်ခု မွှေနှောက်သွားခြင်းကပင်လျှင် နိုးအား ရင့်ကျက်စေသည်လားဟု . . .။


www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၃)

နှင်းဝေကို နိုးတို့အိမ်၌ ထားခဲ့ပြီး ဒေါ်ထားထားသော ညောင်လေးပင်သို့ ပြန်လေသည်။

သက်ဝေကို ဦးဘမိုးက အလုပ်ပေးလိုက်သဖြင့် သ ဝေအလုပ်ရသွားပြီ။ သို့သော် သက်ဝေသည် အားလပ်သော အချိန်များတွင် ကဗျာစပ်ဆဲ ဝတ္ထုရေးဆဲ ပင်ဖြစ်သည်ဟု သ သည်။ သက်ဝေ စန်းထချိန်ရောက်နေပြီဟု ဆိုနိုင်မည်ထ





သည်။ ယခုလထွက် မဂ္ဂဇင်းများတွင် သက်ဝေကဗျာများ ဝတ္ထုတို များ ပါလာသည်။

နိုးက နှင်းဝေကို ပြသည်။ နိုးမျက်နှာပြင်၌ ဝမ်းသာ ဆော့ရွှင်သောအရိပ်အယောင်များကို အမိုးတွေ့လိုက်ရသည်။

"သူကော သိရဲ့လား မသိဘူး၊ ဖုန်းဆက်ပြီး ပြောလိုက် ပါလား နှင်း"

"ဟုတ်ကဲ့"

အမိုးအနေဖြင့် နိုး၏ ဟန်ဆောင်မှုကင်းသော မျက်နှာ လေးကိုမသိမသာအကဲခတ်လိုက်သည်။ ဒါရိုးသားစွာပင် ဝမ်း သာသည်ကို ဖုံးကွယ်မထားခြင်းဟု ယုံကြည်လိုက်သည်။

တစ်လဟူသောအချိန်အတွင်း နိုးသည် ငေးငိုင်ခြင်း ငွမ်းဆွေးနေခြင်းမျိုး အလျဉ်းမရှိချေ။ ကလေးတစ်ယောက်လို င် ဘာအပူအပင်မှမရှိ။ ခင်ပွန်းအတွက် စားရေးသောက်ရေး မြူးရေးတို့အတွက် ပူပင်စရာမလိုပေ။

ဒေါ်အေးအေးဆွေ၊ အမိုး၊ နှင်းဝေနှင့် သက်ဝေတို့က ငြိုလေသေးမရှိပြုစုသည်။ တစ်ခါမှ လူနာစောင့်ရန်လည်းမပြော ချေ။

အမိုးကပြောသောအခါ. . .

"ဟာ. . ကျွန်မမှ ဘာမှမလုပ်တတ်တာ နာစ်ငှားထား တာပဲမဟုတ်လား အမိုးကလဲ" ဟုဆိုကာ ငြင်းပယ်ခဲ့လေသည်။ တွေကို အမိုးက ဘယ်သူ့ကိုမှ မပြောမပြပေ။

"ကလေးက ဘာမှမလုပ်တတ်တော့ သားစိတ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



မနပ်ဖြစ်မှာစိုးလို့ မစောင့်ခိုင်းတော့ဘူး” ဟူ၍လည်းကောင်း. .

“ကလေးက စောင့်ချင်တယ် ပြောပါတယ်၊ ဒါပေမယ့် နည်းနည်း နေမကောင်းလို့ထားခဲ့တယ်”ဟုတစ်ဖုံ. . .

နိုးယောက္ခမများ ကျေနပ်စေရေးအတွက် အမျိုးမျိုး သော မုသားစကားများဖြင့် တန်ဆာဆင်ခဲ့ရလေသည်။

“သူ့ကိုကိုအတွက်ဆိုပြီး ပူတင်းပေါင်းတော့ သူကိုယ် တိုင်မလုပ်တတ်လုပ်တတ်လုပ်တာလေ ကံကောင်းလို့ လက်ပူ လောင်တာ”

အမိုး၏ စေတနာများကို နှင်းဝေသိသည်။ ညီနော် ကလည်း သူ့မမလေးကို အားမလိုအားမရဖြစ်ပြီး မိုးဇွေအတွက် စိတ်မကောင်းဖြစ်နေသည်။

ဦးဘကလည်း ထို့အတူပင်. . .

“ကလေးရယ် ကိုယ့်ခင်ပွန်း မကျန်းမမာဖြစ်တဲ့ အခါ မှာ ကိုယ်တိုင်ကိုယ်ကျပြုစုစောင့်ရှောက်ပေးရမယ်၊ ဒါမှ မယား ဝတ္တရားကျေပြွန်တဲ့ မိန်းမမြတ်လေးအဖြစ် လူတွေရဲ့ ချီးမွမ်းခြင်း ကို ခံရမှာပေါ့”

“ဟာ ဦးလေးဘနဲ့ အမိုးကလည်း ကျွန်မမှ မပြုစုတတ် တာကို၊ ကိုကို့အပေါ် ကျွန်မသစ္စာမဖောက်ရင်ပြီးတာပဲ၊ အမှား ကဲ့ရဲ့မှာစိုးလို့ဆိုပြီး ကိုယ်မလုပ်ချင်တဲ့ အလုပ်ကို စိတ်မပါ လုပ်ရမှာလားလို့” ဟုပွင့်လင်းစွာပင် ငြင်းဆန်ပြီး တစ်နေ့တာ ခေါက်သွားကြည့်သည်မှအပ ကက်ဆက်နားထောင်လိုက် စာ ဖတ်လိုက်၊ ဗီဒီယိုအခွေများကြည့်လိုက်နှင့် သူ နေနေကျအတိုင်း





နေထိုင်လေသည်။

“ကိုကိုကလည်း သိပြီးပြီတဲ့၊ သူလည်း ဝမ်းသာနေတယ် သူရတဲ့စာမူခနဲ့ မေမေနဲ့ကိုကိုကြီးအတွက် ဘုရားမှာ သွားလှူပြီး ဆုတောင်းပေးမယ်လို့ ပြောတယ်”

“အို. . ဟုတ်သားပဲ မေ့နေလိုက်တာ အမိုးရေ ကျွန်မတို့ လည်း ရွှေတိဂုံသွားပြီး ကိုကို့အတွက် မျက်စိပြန်ကောင်းစေဖို့ ဘာလုပ်ပေးရင် ကောင်းမလဲဟင်”

“ရေသပ္ပာယ် ညောင်ကိုင်းထောက် လမ်းပြင် တံတား ပြင်ဆိုရင် သေနေ့စေ့သူတောင် မသေဘဲ အသက်ဆက်တယ် ဆိုတာ ရှေးကတည်းက ရှိခဲ့တာပဲ၊ အဲဒါတွေပဲ လုပ်ကြရအောင်”

“ကောင်းသားပဲ”

“ကျွန်မ စဉ်းစားမိတာတစ်ခုရှိတယ်”

နှင်းဝေက စဉ်းစဉ်းစားစားလေးပြောလိုက်သည်။

“ဘာလဲနှင်း”

“ဟိုလေ မျက်မမြင်ကျောင်းမှာ သွားလှူဒါန်းရင်ကောင်း မလားလို့”

နိုးက ဝမ်းသာအားရပင်. . .

“ဟုတ်တယ်ဟုတ်တယ်၊ မျက်မမြင်ကျောင်းလည်း သွား လှူမယ် မသန်မစွမ်းဂေဟာလည်း သွားလှူမယ်၊ အမိုး ပြောတာ တွေလည်း သွားလုပ်မယ် အမိုးလိုက်ခဲ့နော်”

“ဟင့်အင်း သားကိုဒီနေ့ မနက်ထမင်းပို့ပြီး ညနေ မမ ကြီး လာပို့ချိန်မှာ အမိုးရှိနေရမယ်၊ ပြီးတော့ သက်ဝေညလာ



www.burmeseclassic.com

www.burmeseclassic.com



စောင့်မှ အမိုးပြန်ခဲ့မယ်"

နိုးက အလိုမကျဟန်ဖြင့် နှုတ်ခမ်းစူလိုက်သည်။ ပြီးတော့ နှုတ်မှ ပွစိပွစိ လုပ်လိုက်သေးသည်။

"အမိုးက ဒီလိုချည်းပဲ ဘယ်တော့မဆို ကိုကိုနဲ့ ကျွန်မယှဉ်လိုက်ရင် ကိုကို့ဘက်ကိုပဲ လိုက်တတ်တယ်"

"မဟုတ်ပါဘူး ကလေးရယ် အမိုးက ကလေးလုပ်ရမယ့် ဝတ္တရားတွေကို လုပ်ပေးနေတာဆိုတော့ အမိုးကပါ ပျက်ကွက်ရင် မကောင်းဘူး မဟုတ်လား"

"ကျွန်မလုပ်ပေးရမယ့် ဝတ္တရား ဟုတ်လားအမိုး၊ ဘာလဲ အိမ်ထောင်ပြုလိုက်တာနဲ့ မိန်းမတစ်ယောက်ဟာ လင်ယောကျ်ားရဲ့ ကျေးကျွန်တစ်ယောက် ဖြစ်သွားရောလား"

"ဒီလိုမဆိုလိုပါဘူး၊ ဒါပေမယ့် ကိုယ့်ရဲ့ခင်ပွန်းနေထိုင်မကောင်းတဲ့အချိန်မှာတော့ ဂရုတစိုက်နဲ့ကို ပြုစုသင့်တယ်. . သာတဲ့အချိန်မှာ နေချင်သလိုနေလို့ရပေမယ့် နာတဲ့အချိန်မှာတော့ ဂရုစိုက်သင့်တယ်၊ ဒါဟာ စာနာထောက်ထား နားလည်မှုပဲ"

"စိတ်ရှုပ်ဖို့ကောင်းလိုက်တာ အမိုးရယ် ဒီလိုမှန်းသိရင် အစကတည်းကိုက ကိုကို့ကိုမယူဘဲ ဖွတ်ငြင်းပယ်လိုက်ပါတယ် တော်ပြီ. . နှင်း ကျွန်မနဲ့လိုက်ခဲ့"

"ဦးဘကို ခေါ်သွားကလေး"

နိုးက ဘာမှမပြောဘဲ အပေါ်ထပ်သို့ တက်သွားသည်။

ကိုကို့မီးခံသေတ္တာထဲ၌ငွေများ တဖြည်းဖြည်းလျော့





လာသည်။

နိုးစိတ်ထဲ ထင့်ခနဲ ဖြစ်သွားသည်။

ဒီငွေတွေ ကုန်သွားရင် နိုး ဘယ်သူ့ဆီက ယူရမှာလဲ။

ဖေဖေက တစ်နေ့က ဆယ်သိန်းပေးသွားသေးသည်။

အင်း. . . အိမ်ထောင်ပြုရတာ တကယ်မလွယ်သော ကိစ္စပါလား။ ကိုကို့မျက်စိနှစ်ကွင်းသာ အလင်းမရဘူးဆိုပါက ကိုကို့အလုပ်သမားတွေကကော စိတ်ချရပါ့မလား။ အင်းလေ. . ကိုသက်ဝေကို ကိုကို့ကိုယ်စား လွှဲပြောင်းပေးထားခြင်းက ဦးဘမိုး၏ အမျှော်အမြင်ကြီးမှု တစ်ခုပေပဲ။ ကိုသက်ဝေက ရိုးသားသည်။ ကိုသက်ဝေမိသားစုသည် ကိုကို့မိသားစုဖြစ်နေသည်။ အခြား ယိုဖိတ်စရာအကြောင်း မရှိတော့။

နိုး သက်ပြင်းချပြီး တစ်ထောင်တန်အုပ် သုံးအုပ်ယူလိုက်သည်။

လောကကြီးမှာ နိုး သိစရာတွေ လုပ်စရာတွေ အများကြီး ရှိနေပါသေးသလားဟု. . .။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၄)

"ကိုကို နိုးရောက်ပြီ"

"နိုးလား. . နိုးမနက်ဖြန် ပတ်တီးဖြေချိန်မှာ နိုးကိုကို့ဆီ လာမှာလား"

မိုးစွေရင်ထဲ၌ နာကျင်စိတ်များကို ဖုံးကွယ်ထားပြီး နိုးအပေါ်ယခင်က အတိုင်းပင် စိတ်ရှည်လက်ရှည် ဆက်ဆံခဲ့သည်။

"လာမှာပေါ့ ကိုကိုကလဲ"





"နိုးနဲ့ ကိုကိုအပေးအယူတစ်ခု လုပ်ရရင် ကောင်းမယ်"

မိုးစွေက ကျန်လူများကို ထွက်ခိုင်းလိုက်သည်။

"နိုးနဲ့ကျွန်တော် နှစ်ယောက်တည်း စကားပြောချင်လို့ပါ"

"ကောင်းပြီ. . သား၊ ဒါပေမယ့် ဆုံးဖြတ်ချက်ဆိုတာ နှစ်ဦးနှစ်ဘက်သဘောတူညီမှ အတည်ဖြစ်တာနော် တစ်ဖက်သက် ဆုံးဖြတ်ချက်ဆိုရင် ဘယ်သူကမှ လက်မခံဘူး အတည်မပြုဘူး"

ဦးဘမိုးကပြောပြီး ကျန်လူများကိုခေါ်ကာ ထွက်သွားလေသည်။ ကျန်လူများဆိုသည်မှာ ဒေါ်အေးအေးဆွေနှင့် အမိုးနှင်းဝေတို့သာ ပင်တိုင်လာခြင်းဖြစ်သည်။ ဒီညဖိုးခွားစောင့်အိပ်မည်။ သက်ဝေက ဒေါ်ထားထားဝေကို သွားရောက်ခေါ်မည်ဖြစ်ရာ ဒီညမစောင့်နိုင်ခြင်း ဖြစ်ပေသည်။

"နိုး အားလုံးသွားကြပြီးလား"

"သွားပါပြီ"

"ဒါဖြင့် ကိုကိုပြောမယ်နော်၊ နိုး သေသေချာချာ နားထောင်ပြီး ဆုံးဖြတ်ပါ"

"ဟုတ်"

မိုးစွေအားယူလိုက်သည်။ သူ့ရင်ထဲ မချိအောင် နာကျင်နေသည်။

"ရှင်ကြီး ပြောလေ"

မကြားရတာကြာပြီဖြစ်သော "ရှင်ကြီး" ကိုကြားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရတော့ ရင်၌တဒင်္ဂအတွင်း ရင်ထဲနာကျင်လာသည်။ သူ့အတွက် "ရှင်ကြီး" သည်လည်းကောင်း "ကိုကို" သည်လည်းကောင်း သူ့နားနှင့်ဝေးကွာရန် အကြောင်းဖန်လာသည်။

"ရှင်ကြီး ဘာစဉ်းစားနေတာလဲ ပြောစရာရှိတာ ပြောလေ"

"မနက်ဖြန် ပတ်တီးဖြေမယ့်အချိန် မင်းလာမှာလား"

"လာမှာပေါ့"

"အကယ်၍ ပတ်တီးဖြေလိုက်ရင် ကိုကို့မျက်စိပြန်ကောင်းလာမယ်လို့ ထင်သလား"

"ထင်တယ်"

"ကိုကိုက မထင်ဘူး"

"မဟုတ်တာ ကိုကိုရယ်"

"ဒီတော့ ကိုကိုပြောမယ်. . မင်းသေသေချာချာ နားထောင်ပါ"

"ဟုတ်"

"ကိုကို မျက်စိပြန်ကောင်းရင် မင်းနဲ့အတူ အိမ်ပြန်လိုက်ခဲ့ပါ့မယ်၊ ထော့ကျိုးဖြစ်နေတဲ့ ကိုကို့ဘဝကိုတော့ မင်းနားလည်ခွင့်လွှတ်ပေးပါ၊ ထော့ကျိုးဖြစ်ပေမယ့် ကိုကို မင်းဘဝကို လိုလေသေးမရှိ ထားပြီး စောင့်ရှောက်သွားနိုင်ပါတယ်"

နိုးက မိုးစွေ၏ အနာဖေးများတက်စပြုပြီဖြစ်သော မျက်နှာကို ငေးကြည့်လိုက်သည်။ အနာရွတ်တွေကို လိမ်းဆေး ပေးသည်။ လေးငါးခြောက်လလောက်ဆိုရင်တော့ ပကတိအသား





အတိုင်း ပြန်ဖြစ်သွားမှာပါဟူသော စကားကို နိုးလက်ခံချင်ပါသည်။

ယခုတော့ မိုးစွေ ရုပ်ဆိုးနေသည်။

"ကိုကို မျက်စိပြန်ကောင်းမှာပါ"

"မကောင်းခဲ့ရင်တော့ ကိုကိုမင်းကို ကွာရှင်းပေးမယ်"

"ဟာ လာပြန်ပြီဒီစကား၊ ဒါကိုကျွန်မ လက်မခံနိုင်ဘူး"

"လက်မခံနိုင်လို့ မရဘူးလေ ကိုကို့ရဲ့ စိတ်ချမ်းသာမှုကို မင်းလိုက်လျောရမှာပေါ့"

"ကိုကို ရဲ့စိတ်ချမ်းသာမှု၊ ရှင်ကြီး ဘာကိုဆိုလိုတာလဲ ကျွန်မနားမလည်တော့ဘူး"

နိုးက ရိုးသားစွာ မေးခွန်းထုတ်လိုက်သည်။ လူတွေ၏ စိတ်သဘောထားများကို လိုက်မမီလောက်အောင် သူ့အသိဉာဏ်ကပဲ နုနယ်လွန်းလှတာလား၊ သူကပဲ ဉာဏ်တုံးလွန်းတာလား မသိအောင်ဖြစ်နေသည်။

"အစစအရာရာကို ဦးဆောင်မှုပေးခဲ့တဲ့ယောကျ်ား တစ်ယောက်ဟာ မှီခိုသူဘဝ သူတစ်ပါးကို အားကိုးရမယ့် ဘဝမျိုးမှာ ဘယ်လောက်စိတ်ဆင်းရဲနေမလဲဆိုတာ မင်းနားလည် ခံစားတတ်မှာ မဟုတ်ပါဘူး"

"ကျွန်မ ရှင်ကြီးကို ပြုစုနိုင်ပါတယ်"

မိုးစွေက ခေါင်းကို ခပ်လေးလေး ခါယမ်းရင်း မချိပြုံးပြုံးလိုက်သည်။

"ကျေးဇူးတင်ပါတယ် နိုး ကိုကိုက မင်းကိုပဲ ပြုစုစောင့်



www.burmeseclassic.com

www.burmeseclassic.com



ရှောက်ချင်ပါတယ်၊ မင်းဆီက သနားကရုဏာနဲ့ ဝတ္တရားကို ကိုကိုမလိုချင်ဘူး၊ မင်းကွာမပေးချင်ရင်လည်း မင်းသဘောပါပဲ၊ ဒါပေမယ့် ကိုကိုမင်းအိမ်ကို ပြန်မလာတော့ဘူး"

"ဟင် ဒါဘယ်ဖြစ်မလဲ ကိုကို မျက်စိပြန်ကောင်းရင်ကော"

"ကောင်းရင်တော့လည်း ကိုကို့ရဲ့ရင်ခွင့်မှာ မင်းခိုလှုံချင်သရွေ့ ခိုလှုံနိုင်ပါတယ်၊ ကိုကိုက မင်းကိုအမြဲတမ်း လုံခြုံနွေးထွေးမှု ပေးသွားမှာပါ"

"ကျွန်မလေ ကိုကို့မျက်စိဘာမှမဖြစ်ပါစေနဲ့၊ ကိုကို့ မျက်နှာပေါ်ကအနာရွတ်တွေလည်း အမြန်ဆုံးပျောက်ကင်းသွားပါစေ၊ ပြီးတော့ . . ကိုကို့ခြေထောက်လေးလည်း ပကတိအတိုင်း ဖြစ်သွားပါစေလို့ ညတိုင်းဆုတောင်းတယ်၊ ကိုကို ကောင်းသွားမှာပါ"

မိုးစွေ မချိုပြုံးထပ်မံပြုံးကာ ခေါင်းညိတ်လိုက်လေသည်။

"ဆုတောင်းတိုင်းသာ ပြည့်စုံမယ်ဆိုရင် လောကကြီးမှာ လူတွေဘာမှမလုပ်ပဲ ထိုင်ပြီးတော့ပဲ ဆုတောင်းနေကြမှာပေါ့ နိုးရယ်"

"ဘာပဲပြောပြော ကိုကို့ကို ကျွန်မကွာမပေးဘူး ဒါပဲ"

မိုးစွေ အတိုက်အခံမပြောတော့ဘဲ စကားပြတ်ပြောလိုက်သည်။

"ဒါက နိုးအပိုင်းလေ ကိုကို့အပိုင်းအတွက် ကိုကို ဆုံး





ဖြတ်ချက်ချပြီးပြီ၊ ကိုကိုကလည်း ဆုံးဖြတ်ချက်ကို မပြင်တတ်ဘူး"

"ပြီးရော လိုချင်တုန်းကလည်း ရှင်ကြီးပဲ ကွာချင်တော့လည်းရှင်ကြီးပဲ၊ သိပ်စိတ်ပျက်ဖို့ ကောင်းတာပဲ ဘာလုပ်လို့ လုပ်ရမှန်းတောင် မသိတော့ဘူး သွားမယ်"

နိုးက ပြောပြောနှင့် ထွက်သွားလေသည်။

မိုးစွေရင်ထဲ နာကျင်မှုဝေဒနာ ထပ်ဆင့်၍ ကျန်ရစ်ခဲ့လေသည်။

"ကိုယ်ချစ်" ဟုလည်းခေါ်သော "တစ်ဖက်သတ်အချစ်" ဟုလည်းခေါ်သော အချစ်မျိုးကိုမှ မိမိက ပိုင်ဆိုင်ခွင့်ရခဲ့သည်။ ထိုဝေဒနာဆိုး၏ နှိပ်စက်မှုကို ခါးသီးစွာခံရပေမည်ပေါ့။

မိုးစွေ ဖြေသာအောင်ကြိုးစား၍ ဖြေလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၅)

"စိတ်ကိုငြိမ်ငြိမ်ထား၊ ဆရာက မျက်စိဖွင့်ဆိုမှ ဖွင့်နေ" ပတ်တီးဖြေပြီးသည်အထိ ပြောင်းလဲမှုမရှိသော အခေ အထားကို မိုးစွေ ကောင်းစွာနားလည်လိုက်လေသည်။

"ဆရာ ကျွန်တော့်ကို ဖြေသိမ့်မှုစကားတစ်ခုခုသာ ပြော လိုက်ပါလားဆရာ ကျွန်တော်သိပါတယ်"

"စိတ်မလှုပ်ရှားနဲ့လေ"





ဆရာ၏ အေးစက်သောလက်များက သူ့လက်ကို ဆုပ် ကိုင် ဖျစ်ညစ်လိုက်သည်။

"မင်း ဘာကိုသိနေသလဲ"

"အမြင်အာရုံ ဆုံးရှုံးသွားပြီဆိုတာ ကျွန်တော်သိနေ ဘယ် မျက်ကြည်လွှာ ထိခိုက်သွားတာလားဆရာ"

ဆရာ၏ သက်ပြင်းချသံကို သူကြားလိုက်ရသည်။

"ဆောရီးပဲ မောင်မိုးစွေ မျက်ကြည်လွှာလှူဒါန်းမယ့်သူ ရောက်မလာတော့ အော်ပရိတ်လုပ်တဲ့အချိန်မှာ မှန်စတွေပဲ ဖယ် ရှားနိုင်ခဲ့တယ်၊ စောစောစီးစီး မပြောခဲ့တာကလည်း ဒီထဲ လှူမယ့် သူရောက်လာရင် ထပ်လုပ်ပေးနိုင်တယ်ဆိုပြီး ပတ်တီးမဖြေ ခင်း မျှော်လင့်ချက်နဲ့ စိတ်ချမ်းသာစေချင်လို့ ဦးဘမိုးကိုပဲ အသိ ပေးပြီး ကျန်တဲ့လူတွေကို အသိမပေးခဲ့တာပဲ"

အားလုံး၏မျက်ဝန်းကို မမြင်ရပေမယ့် ရှိုက်သံသဲ့သဲ့ကို ကြားနေရသည်။

ဘယ်သူ့ရှိုက်သံလဲ။

မိုးစွေ မသိချင်တော့ပါ။

စိတ်တင်းထားသည် အဆုံးစွန်ထိ တွေးထားပြီးဖြစ်၍ ဤဝေဒနာကို သူခံနိုင်ရည်ရှိပြီး။

"ကိုင်း ဆရာသွားမယ် ဇနီးနဲ့ မိဘတွေနဲ့ စကားပြော ဦး"

မိုးစွေရင်ထဲ ဘာမှမရှိတော့ လစ်ဟာချက်ရှိသည်။ မျက် နှစ်ကွင်း အလင်းမရသောသူသည် ဘဝဆုံးရှုံးသောသူနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဘာထူးသေးသနည်း။

“သား”

“ဖေဖေ”

“မျက်ကြည်လွှာ အစားထိုးကုသလိုက်ရင် ကောင်းသွားမှာပါ”

“ကျွန်တော်သိပါတယ်ဖေဖေ၊ ဒါပေမယ့် မမျှော်လင့်ကောင်းတဲ့ကိစ္စပါ၊ ကျွန်တော်မမျှော်လင့်ဘူး ဆုလည်းမတောင်းဘူး ကံတရားအတိုင်းပါပဲ”

“မျက်ကြည်လွှာဆိုတာ လှူလို့ရသလား ဆရာကြီး”

မိခင်ရင်း ဒေါ်ထားထားဝေ၏ ငိုသံပါသော အသံနှင့် မေးမြန်းမှုကို မိုးစွေက ရင်နင့်စဖွယ် ကြားလိုက်ရသည်။

ဦးဘမိုး ရှင်းပြသည်။

ဒေါ်ထားထားဝေက “ဪ ဒီလိုလား” ဟု မှတ်ချက်ချလိုက်သည်။

ဒေါ်အေးအေးဆွေကတော့ မျက်ရည်သုတ်ရင်း ရင်ထဲဆို့နင့်သဖြင့် အသံမထွက်နိုင်အောင်ဖြစ်နေသည်။

နိုးကတော့ မျက်နှာလေးညှိုးနွမ်းနေသည်မှအပ အဘာမှမပြောချေ။

“ကိုင်း ဆရာဝန်က ဆင်းခွင့်ပြုလိုက်ပြီးသား၊ ခုတော့ ပိုးချဲနဲ့ပေါ့၊ နောက်တော့ ချိုင်းထောက်၊ နောက်တုတ်ကောက် နောက်လက်လွှတ်လျှောက် အဆင့်ဆင့်ပေါ့”

“ကျွန်တော် အားလုံးတွက်ဆပြီးသားပါ”





သက်ဝေနှင့် ဦးဘမိုးက တစ်ဖက်တစ်ချက်တွဲကာ ဘီးတပ်ကုလားထိုင်ပေါ် တင်ပေးလိုက်သည်။ ကုလားထိုင်ပေါ် ရောက်တော့ မိုးစွေက. . .

“သား ဖေဖေတို့ အိမ်ကိုပဲ ပြန်နေချင်တယ်၊ လက်ခံမလားဖေဖေ”

“ဘယ်ဖြစ်မလဲသား သဘာဝမကျဘူး၊ ကိုယ့်အိမ်ကိုယ့်ပြန်ရမှာပေါ့”

“ကောင်းပြီး ဖေဖေလက်မခံရင် သားညီနဲ့ ကုမ္ပဏီကတိုက်ခန်းမှာပဲ သွားနေတော့မယ်”

မိုးစွေက ပြတ်သားစွာဆိုသည်။

ဒေါ်အေးအေးဆွေက ငိုသံပါနှင့်. . .

“အဖေကြီးကလည်း သားလေးစိတ်ချမ်းသာသလို နေပါစေ၊ ကျွန်မတို့လည်း အနီးကပ်ပြုစုရတာပေါ့၊ မထားတို့ သားအမိလည်း လာနေပါ”

ဆေးရုံကအဆင်းတွင် မိုးစွေ၏ ဆန္ဒကိုလိုက်လျှောဖို့ ဆုံးဖြတ်ကြသည်။

ဦးပြည့်စုံကနောက်ကျမှာ ရောက်လာသည်။

“ဦးဘမိုးတို့ ကောင်းသလိုသာ စီစဉ်ပါတော့ဗျာ၊ ကျွန်တော်တော့ ဘာမှပြောစရာမရှိပါဘူး သမီးဆန္ဒ၊ မောင်မိုးစွေရဲ့ ဆန္ဒအတိုင်းပဲ လိုက်လျှောပေးချင်တယ်”

နိုး စဉ်းစားလိုက်သည်။

“ကိုကိုလိုက်ချင်ရင် လိုက်သွား ကျွန်မကတော့ လိုက်



www.burmeseclassic.com

www.burmeseclassic.com



နိုင်မှာမဟုတ်ဘူး”

ဒေါ်ထားထားဝေက ကားနားရောက်သည်နှင့် . .

“သား . . အမိုက သားကိုပြုစုနေကြဆိုတော့ အမိုးကို သားနာမှာထားမယ်၊ အမေက ကျန်းမာရေကလည်း မကောင်းဘူး သမီးနိုးလေးကိုလည်း စောင့်ရှောက်ပေးရင်း သမီးလေးနဲ့ပဲ လိုက်နေလိုက်မယ်နော်၊

ချစ်ဝေလည်း သားကိုပြုစုဖို့ စာမေးပွဲဖြေပြီးပြီးချင်း လာလိမ့်မယ်”

“ကောင်းပါတယ် တုတ်ကိုအသုံးပြုပြီး သွားလာနိုင်တဲ့ အချိန်ရောက်မှပဲ သမီးကိုကိုကို ဖေဖေတို့ကိုယ်တိုင် ပြန်ပို့ပေးမယ်နော် သမီး”

“ဟုတ်”

နိုးက မျက်နှာတော့ မကောင်း။ သို့သော် ဖခင်ဦးပြည့်စုံကသူ့ပခုံးကိုဖက်ထားသဖြင့် ဖခင်ဆန္ဒကိုသိပြီးဖြစ်သော နိုးမှာ ပြောခွင့်မသာသဖြင့် “ဟုတ်” လိုက်ရသည်။

“ကိုကို့ဆီ ဖုန်းဆက်မယ် နေ့တိုင်းလာမယ်နော်”

“ဒုက္ခမရှာပါနဲ့နိုး လွတ်လွတ်လပ်လပ်သာနေပါ”

“အဲ့ဒီစကားမျိုးမပြောပါနဲ့”

“ကိုယ့်ဆုံးဖြတ်ချက်ကို ပြောပြီးသားပဲ၊ နိုး လက်ခံနိုင်အောင်သာစဉ်းစားပေးပါ”

“ဟင့်အင်း . . မစဉ်းစားဘူး သွားတော့မယ်၊ လာအမေကားပေါ်တက် ပြီးမှအမိုးကိုလာပို့မယ်နော်”





နိုးကဒေါ်ထားထားဝေကို လက်ဆွဲကာနောက်ခန်းသို့ ဝင်စေပြီး သူပါဝင်ထိုင်လိုက်သည်။ ဦးပြည့်စုံက ဒရိုင်ဘာဘေးရှေ့ခန်း၌ ဝင်ထိုင်လိုက်သည်။

အမိုးနှင့် နှင်းဝေက အိမ်စောင့်ကျန်ရစ်ခဲ့သည်။

ဦးပြည့်စုံက ဒေါ်ထားထားဝေ ပါနေသဖြင့် နိုးအား ဘာမှထပ်မပြောသော်လည်း နိုးသည် ဦးပြည့်စုံ၏ မျက်လုံးများကိုကြည့်ပြီး သိနေသည်။

မိမိဖခင်က သူကိုယ်တိုင်စိတ်တိုင်းကျ ရွေးချယ်ပေးခဲ့သော ရွှေသားမက်ကြီးသည် မျက်မမြင်ဘဝ ဒုက္ခိတဘဝကို ရောက်ရှိသွားသောအခါ၌ မကြည်ဖြူချင်တော့ပေ။

ဒါဟာ အတ္တကြီးသော သူတို့၏ စိတ်သဘောထားပေပဲလား။

နိုး တွေးမိသောအခါ ရင်ထဲ ထိရှသွားသည်။ မိုးစွေအတွက် စိတ်မကောင်း။ မိုးစွေသည် မိမိအပေါ် သိပ်ကောင်းခဲ့သည်။ တကယ့်မေတ္တာစစ်နှင့် ချစ်ခဲ့ရှာတာပါ။ ဒါကိုနိုးခံစားသိရှိနေရသဖြင့် မိုးစွေကို မကွာရှင်းရက်ပေ။ မိုးစွေတို့ကားအား လှည့်ကြည့်လှည့်ကြည့်နှင့် လိုက်ပါရင်း မျက်ဝန်းမှ ကြေကွဲပွင့်တို့ သိုင်းဖွဲ့လာသည်။



www.burmeseclassic.com

www.burmeseclassic.com








# အခန်း (၂၆)

"ညီလေး သက်ဝေ၊ အခန်းထဲမှာ မင်းတစ်ယောက်ထဲ မဟုတ်လား"

"ဟုတ်ပါတယ် ကိုကြီး"

"မင်းအလုပ်ကိုပဲ ဖိဖိစီးစီးလုပ်ပါ၊ ကိုယ့်အတွက်က မပူရပါဘူး"

"ဒါတော့လည်း ဒါပေါ့၊ ဒါပေမယ့် အန်ကယ်က ကျွန်တော့်ကို ဒီမှာပဲ နေ့စဉ်စာရင်းရှင်းပြီး ညအိပ်စေချင်တယ်၊ အစ်



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးအတွက် အဖေါ်ပေါ့"

"ဒီလိုလည်း မဟုတ်သေးဘူးလေ ကိုယ့်အတွက် ဉ
လေးမှာ ပေးဆပ်မှုတွေ များလှပါပြီ"

သက်ဝေသည် မိုးစွေ၏မျက်နှာကို စိတ်ထိခိုက်စွာေ
ကြည့်ရင်း. . .

"ဘာပေးဆပ်မှုလဲ ကိုကြီး၊ ကျွန်တော် အစ်ကိုကြီး
ဘာမှ မပေးဆပ်ရသေးပါဘူး"

မိုးစွေရင်ထဲ ကြေကွဲလျက်ရှိသည်။ အဘယ်ကြောင့် ဉ
ဖြစ်သူ၏ ချစ်သူကိုမှ သူလက်ထပ်ခဲ့ရသည်။ ကံကြမ္မာ၏ လှည
ကွက်ကြောင့် ညီဖြစ်သူမှန်းမသိခဲ့၍ လက်ထပ်ခဲ့ခြင်း ဖြစ်သည
မည်သို့ဆိုစေကာမူ သူ့ရင်ထဲ မလန်းဆန်းနိုင်တော့ ကိုယ့်လိပ်ပြ
က ကိုယ့်ကိုခြောက်လှန့်လျက်ရှိသည်။

ဒီကြားထဲ မိမိဘဝကို မိမိမကျေမနပ်ဖြစ်ကာ သင
လက်လွတ်စိတ်ကြောင့် မမျှော်လင့်ဘဲ ဒုက္ခဆိုးနှင့် ရင်ဆိုင်လိုက
ရသည်။

ထိုအခါ သူ့စိတ်တို့သည် တွေဝေလာသည်။

"ညီလေး ကိုယ်စိတ်ချမ်းသာအောင် ဖြေသိမ့်မှု မပြု
နဲ့၊ ကိုယ် မင်းရဲ့ နှလုံးသားကို လုယူခဲ့မိတယ်၊ ခုလည်း ကိုယ့်
မင်းတို့ ကိုယ်ပိုင်အချိန်တွေထဲက ဖဲ့ပြီး ပြုစုစောင့်ရှောက်နေ
တယ်၊ ဒါတွေဟာ ပေးဆပ်မှုတွေပေါ့"

"ဩော်. . ဒါလား၊ ဒီအတွက် အစ်ကိုကြီးစိတ်ထဲ ဘာ
မထည့်နဲ့၊ စိတ်ကူးယဉ်အနုအရွအလှအပလေးတွေကို နှစ်သင





တတ်တဲ့ စိတ်ကူးယဉ်မိန်းကလေးတစ်ဦးနဲ့ အနုအရွ အလှအပက
လေးတွေ ရေးတတ်တဲ့ ဖွဲ့တတ်တဲ့ စာရေးဆရာနဲ့ ချစ်သူရည်း
စား ဖြစ်တယ်၊ နောက်တော့ ဆင်းရဲတွင်းကို ခုန်မဆင်းရဲတဲ့သူက
ချမ်းသာသူကို လက်ထပ်တယ်၊ ဒါဟာ အချစ်စစ် မဟုတ်တဲ့
ဇာတ်လမ်းတစ်ပုဒ် ပြီးဆုံးသွားခြင်းလို့ သဘောထားလိုက်တယ်
ကိုကြီး၊ သူဟာ ကျွန်တော့်နှလုံးသား မဟုတ်ဘူး ကျွန်တော့်နှလုံး
သားဟာ ကျွန်တော်ရည်မှန်းချက်တွေ အောင်မြင်ဖို့ပဲရှိတယ်၊
ဒီအတွက် ကိုကြီးဘာမှ ထိရှစရာ၊ ထိခိုက်စရာ မလိုဘူး၊ နောက်
တစ်ချက်က ကိုကြီးဟာ ကျွန်တော့်ရဲ့ အစ်ကိုအရင်းဖြစ်နေတယ်၊
မေမေက ဆင်းရဲခြင်းကြောင့် အစ်ကို့ကို ငွေနဲ့ရောင်းချခဲ့သလို
ဖြစ်သွားခဲ့တယ်"

"တော်. . တော်ပါတော့ ညီလေး၊ အဲ့ဒီ အကြောင်းတွေ
ကို ကိုကိုထပ်မံမကြားသိပါရစေနဲ့၊ ကိုယ် ရင်နာလွန်းလို့ပါ၊ အ
မေ့အပေါ် အပြစ်မတင်ပါဘူး၊ ကိုယ့်ဘဝ မြင့်မားစေချင်လို့ ချမ်း
သာတဲ့သူရဲ့ လက်ထဲကို ရင်အကွဲခံပြီး ထည့်ခဲ့ရတယ်လို့ ကိုယ်
နားလည်ထားစမ်းပါရစေ"

"ဟုတ်ပါတယ် ကိုကိုတို့မင်္ဂလာလက်ထပ် သတင်းကို
သတင်းစာမှာ ဖတ်လိုက်ရတဲ့အခါ မေမေက အသားတွေ တ
ဆတ်ဆတ်တုန်ပြီး မျက်ရည်တွေ စီးကျခဲ့တယ် ကျွန်တော်တို့
ဘယ်လိုပဲမေးမေး မေးလို့မရခဲ့ဘူး၊ ကျေးဇူးရှင်မင်္ဂလာသတင်းအ
တွက် ဝမ်းသာတယ်၊ ကျွန်တော့်အတွက် စိတ်မကောင်းဘူးဝမ်း
သာဝမ်းနည်းဖြစ်လို့ ငိုတာပါဆိုတဲ့ အဖြေပဲရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်နားလည်ပါတယ်၊ ဘာပဲပြောပြော အမေမွေးခဲ့လို့ ကိုယ်လူ့လောကရောက်တယ်၊ အမေမြှင့်တင်ပေးခဲ့လို့ ကိုယ့်ဘဝမြင့်မားတယ်၊ ဟော နောက်ဆုံးအမေ့ရဲ့သွေး ညီလေးနဲ့ ညီမလေးရဲ့သွေးကြောင့် ကိုယ့်ဘဝ အသက်ဆက်ခဲ့ရတယ်၊ ဒီတော့. . . လောကကြီးမှာ အချစ်ဆိုတဲ့အရာက အကြီးမားဆုံး မဟုတ်တော့ဘူးလို့ ကိုယ်သိလိုက်ပြီ၊ ကိုယ့်ကြောင့်ကိုယ်ချစ်မြတ်နိုးတဲ့နိုးကို နှောင်ဖွဲ့မထားချင်ဘူး ကိုယ်ကွာပေးချင်တယ်"

"အဓိပ္ပါယ်မရှိဘူးထင်တယ် ကိုကြီးရာ"

"ဘာဖြစ်လို့ အဓိပ္ပါယ်မရှိရမှာလဲ"

"ကိုကြီး ကွာပေးလိုက်လို့ သူအပျိုပြန်ဖြစ်သွားမှာတဲ့လား၊ တစ်ခုလပ်ဆိုတဲ့ ဂုဏ်ပုဒ်ရာထူးတစ်ခု တိုးသွားမှာပဲရှိတယ် အဲ့ဒီရာထူးက မိန်းမတစ်ယောက်ရဲ့ဘဝကို ထိခိုက်စေတဲ့ ရာထူးတစ်ခုပဲ ကျွန်တော်တော့ သဘောမတူဘူး ကိုကြီး"

မိုးစွေရင်ထဲ နင့်ခနဲဖြစ်သွားသည်။ သက်ဝေ ဘာတွေပဲပြောနေနေ သက်ဝေနှလုံးသားက နိုးနိုးပြည့်စုံအတွက် အကာအကွယ်ပြုရန် အသင့်အနေအထားရှိနေပါလား။ သူ့ စဉ်းစားချက်တွင် နိုးနိုးပြည့်စုံ၏ ဘဝတစ်ခုလုံးအတွက် အမြဲကာကွယ်ရန် အသိရှိနေပါလားဟု သိလိုက်ရသဖြင့် သက်ဝေအတွက် စိတ်ထိခိုက်သွားသည်။

"ကိုယ့်ကို ကွာရှင်းပြတ်စဲဖို့အတွက် စာချုပ်တစ်စောင် လုပ်ထားပေးပါလား"

"မလုပ်ပါနဲ့ ကိုကြီးရာ၊ နိုးနိုးအတွက် သိပ်နစ်နာသွားမှာ





ပေါ့"

"ဒုက္ခိတကို ပေါင်းဖေါ်နေရတဲ့ ဒုက္ခထက်များ ပိုနစ်နာဦးမလား"

သက်ဝေထံမှာ သက်ပြင်းချသံကို ကြားလိုက်ရသည်။

"ကိုယ့်ပြောတဲ့အတိုင်း လုပ်ပေးပါ၊ ကိုယ်လက်မှတ် ထိုးပေးလိုက်မယ်၊ သူ့ဘက်က သူကြိုက်တဲ့အချိန်မှ ရေးထိုးပါစေ၊ သူ့သဘောပေါ့၊ ဒါပေမယ့် သူလွတ်လပ်သွားပါပြီ၊ နောက်အိမ်ထောင်လည်း ပြုနိုင်တဲ့အကြောင်း ပြောပြလိုက်ပါ၊ ကိုယ့်ဆီကို တာဝန်တစ်ရပ်အနေနဲ့ လာကြည့်စရာ မလိုတော့ဘူးဆိုတဲ့ အကြောင်းလည်း ပြောပြလိုက်ပါ"

"တစ်ဖက်သတ် ဆုံးဖြတ်ချက်ဟာ အတည်မဖြစ်တတ်ပါဘူး"

"ညီလေး မင်းရဲ့စကားလုံးတွေနဲ့ ကိုယ့်ကို ချောင်ပိတ်ဖို့မကြိုးစားပါနဲ့၊ ကိုယ်သူ့ကို လွတ်လပ်ခွင့်ပေးပါရစေ၊ မင်းမသိတာတွေ အများကြီးရှိသေးတယ်၊ သူ့ရဲ့စိတ်ကို ကိုယ်နားလည်ပါတယ်၊ ဒါကြောင့် ကိုယ် ဆုံးဖြတ်လိုက်တာ"

သက်ဝေက ဒုတိယ သက်ပြင်းချကာ. . .

"ကောင်းပြီလေ ကိုကြီးက ဒီအလုပ်လုပ်ပေးမှ စိတ်ချမ်းသာမယ်ဆိုရင်လည်း ကျွန်တော် ဆောင်ရွက်ပါ့မယ်၊ ဒါပေမယ့် ကျွန်တော့်စကားတစ်ခွန်းတော့ ကိုကြီးရင်ထဲ ထည့်ပေးထားပါ၊ နိုးနိုးဘဝဟာ လွတ်လပ်သွားပေမယ့် ကျွန်တော်တို့ ရွာမှာ ယူစရာမိန်းမဆိုလို့ နိုးနိုးတစ်ယောက်ထဲ ရှိပါတော့တယ်



www.burmeseclassic.com

www.burmeseclassic.com



တော့မှ ယူမှာမဟုတ်ဘူး ဆိုတာကိုပါပဲ၊ ကိုကြီးရဲ့စိတ်ကူးယဉ် အိပ်မက်ကို မျက်ခွင့်ကျွန်တော်မပေးနိုင်ဘူး၊ ကဲ. . ကျွန်တော် ကုမ္ပဏီသွားလိုက်ဦးမယ် ကိုကြီး"

မိုးစွေရင်ထဲ လှုပ်ခတ်ကျန်ရစ်ခဲ့သည်။

မိုးစွေ မိမိစိတ်ကို မိမိနားမလည်နိုင်တော့။

နိုးကို သူချစ်သည်။

သူ့ကြောင့် နိုး၏ဘဝ နှစ်မွန်းသွားမှာစိုးရိမ်သည်။

နိုးထံမှ အချစ်ကို သူမရရှိခဲ့သေး။

နိုးက ကလေးတစ်ဦးလို အယုအယခံချင်သည်။ သူက တော့ ပြန်လည်တုန့်ပြန်မှု မပေးတတ်သေး။

အမိုးကတော့ "အချိန်နဲ့အရွယ်က စကားပြောလာပါ လိမ့်မယ် သားရယ်၊ ဘယ်အရာကိုမှ ဆန္ဒမစောပါနဲ့ စိတ်ရှည် ပါ" ဟုသာပြောခဲ့သည်။

ယခုအချိန်၌ သူဘာကိုမှ စိတ်မရှည်ချင်တော့ မျက်စိ နှစ်ကွင်းအလင်းရလိုသည့် ဆန္ဒမှလွဲ၍ ဘာမှမရှိတော့။

တော်သေးသည်။ မိဘများက ဆယ်တန်းစာမေးပွဲ ဖြေ ပြီးချိန်တွင် သူ့အားရိပ်သာ၌တရားအားထုတ်ခိုင်း၍ အမှောင် များကိုသာ အဖေါ်ပြုနေသော သောကကို ဖြေဆည်နေနိုင်ခြင်း ဖြစ်သည်။

"သား အိပ်နေသလား"

"မအိပ်ပါဘူး အမိုး"

"နွားနို့လေး သောက်လိုက်ပါဦးလား"





"ဟုတ်ကဲ့"

အမိုးကလက်ထဲထည့်ပေးသော နွားနို့ဖန်ခွက် နွေးနွေး ကို ယူကာဖြည်းဖြည်းခြင်း သောက်သုံးလိုက်သည်။

"ဖိုးခွား ပြီးရင်မင်းအစ်ကို ကိုယ်လက်သန့်စင်ပေးပြီး အိပ်ရာဝင်ဖို့ ပြင်ဆင်ပေးတော့ ညရောက်ပြီ"

"ကျွန်တော့်အတွက် နေ့ညဆိုတာခွဲခြားစရာ လိုသေး လို့လား"

"ခြေထောက်ကောင်းသွားတဲ့ အချိန်ရောက်ရင်တော့ သားသဘောပေါ့၊ အခုတော့ နေ့ညကိုခွဲခြားလှုပ်ရှားနေတဲ့သူ တွေရဲ့အကူအညီကို ယူရသေးတဲ့အတွက် သူတို့အတွက်သား ကူညီသင့်တယ်"

"ဟုတ်ကဲ့ အမိုးလည်းအိပ်တော့"

အမိုးက သားဖွားသူနာပြုဆရာမမှ နာနီလုပ်သူဖြစ် သည်။ ထိုမှသူ့သံယောဇဉ်ဖြင့် သူ၏ရာသက်ပန်အထိန်းတော် ကြီးတစ်ယောက်ဖြစ်လာသည်။ အမိုးသည် ငယ်စဉ်ကတည်းက သူ့အား လိမ္မာယဉ်ကျေးသော မေတ္တာရှင်၊ ကရုဏာရှင် ဖြစ် အောင် သွန်သင်လမ်းညွှန်ပေးခဲ့သူ ဖြစ်သည်။

ယခု ကိုယ့်အတွက် သူများဒုက္ခရောက်မှာစိုးသည် ဆို သောစိတ်ဖြင့် မိုးစွေသည် ဖိုးခွားတွဲထူပြီး လုပ်ပေးသမျှကို အလိုက်သင့်ခံယူပြီး အိပ်ပျော်အောင် ကြိုးစားအိပ်လိုက်ရလေ သည်။

သို့သော် မျက်ဝန်းအတွေးရိပ်၌ မိခင်ရင်း ခေါ်ထား



www.burmeseclassic.com

www.burmeseclassic.com



ထားဝေ၊ သားအရင်းအမှတ်ဖြင့် နို့ချိုတိုက်ကျွေး အချစ်ကြီးခဲ့ရှာသည့် ဒေါ်အေးအေးဆွေ၊ ကရိကထခံကာ ပြုစုပျိုးထောင်ခဲ့သည့်အမိုး သူ့ဘဝ၏မိခင်သုံးယောက်ဟု သူသတ်မှတ်ခဲ့သည်။ နောက် ထိုသုံးယောက်နှင့်မတူညီပဲ သူ့အား ပူလောင်မှုဖြင့် ရစ်ပတ်နှောင်ဖွဲ့နေသော နှိုး၊ ထိုလေးဦးအနက် သူ့အား မည်သူကအချစ်ဆုံးနည်း နှိုးကိုတော့ မျှော်လင့်မထားပဲ သူဖယ်ထုတ်လိုက်သည်။

တစ်ညလုံးအတွေးများဖြင့် နပန်းသတ်ရင်း အိမ်သားများ နံနက်ခင်းအိပ်ရာထချိန်ကိုမျှော်ရင်း မိုးလင်းခါနီးမှ ‹မှေးခနဲ အိပ်ပျော်သွားလေသည်။







# အခန်း(၂၇)

"အမေ နေကောင်းရဲ့လား"

နှိုး၏မေးခွန်းကြောင့် ဒေါ်ထားထားဝေရင်ထဲ အင်အားပြည့်ဖြိုးလာသကဲ့သို့ ခံစားလိုက်ရသည်။

"နေကောင်းပါတယ် သမီးလေးရယ်၊ သားကြီးဆီ ဖုန်းဆက်ပေးပါဦး အမေညက သားကို အိပ်မက်မက်တယ် သားက ချောက်ကမ်းပါးဘေး တစ်ယောက်တည်း လျှောက်သွားနေတာ၊ အမေက ကျမှာစိုးလို့ အော်လိုက်တယ်. . အဲဒီမှာ လန့်နိုးတော့



www.burmeseclassic.com

www.burmeseclassic.com



တာပဲ"

"ဟုတ် ကျွန်မအခုပဲ ဆက်လိုက်မယ်၊ အမေ စိတ်စွဲလမ်းလို့ နေမှာပါ"

နိုးကတော စိတ်စွဲလမ်းမနေဘူးလားဟူသော မေးခွန်းကို နိုးကိုယ်နိုး မေးမိလျက်သား ဖြစ်သွားသည်။ နိုး ညကနှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့သည်။ နိုးစဉ်းစားမနေတော့ဘဲ တယ်လီဖုန်းကောက်ကိုင်ကာ ခလုတ်များ နှိပ်လိုက်သည်။

"ဟဲလို"

တစ်ဖက်မှ ထူးသံသည် အမိုး၏အသံမှန်း နိုးသိလိုက်သည်။

"အမိုး ကျွန်မပါ"

"ကလေးလား"

"ကိုကို နိုးပြီးလား"

"မနိုးသေးဘူး ကလေးကိစ္စရှိလို့လား သားက ညဘက်အိပ်ပျော်ပုံမရဘူး၊ သူ့မှာ နေ့ညမှ မရှိပဲ အားလုံးက ညဖြစ်နေတာ"

"ဟုတ်တယ်နော်အမိုး ကိုကို သနားပါတယ်၊ အိပ်ပါစေတော့ ဒီကအမေက ကိုကို့ကို အိပ်မက်မက်လို့ဆိုပြီး စိုးရိမ်လို့ဆက်ခိုင်းတာ၊ ကိုကို နေကောင်းရဲ့လားဟင်၊ အမိုးကော ကိုကို့ကိုသွားကြည့်ပြီးပြီလား"

နိုး ရင်ထဲပေါက်ဖွားလာသော စိုးရိမ်စိတ်သည် အစစ်အမှန်ပင်ဖြစ်သည်။





"ကြည့်ပြီးပါပြီ သူနှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျနေတာပါ။ နေကောင်းပါတယ်. . ကလေးကော နေကောင်းရဲ့လား"

"ကောင်းပါတယ်"

အမှန်တကယ်တော့. . အခုတလော နိုး သိပ်နေမကောင်း၊ အိပ်မပျော်၊ အိပ်ရာထလျှင် မူးနောက်မူးနောက်ဖြစ်နေ...တ်သည်။ သို့သော် အရေးကြီးသော လူနာတစ်ဦးဖြစ်သည့်...းစွေအတွက် အားလုံးကစိတ်ထိခိုက် ပင်ပန်းနေကြသည့်အထဲ...င် မိမိက တစ်ပူပေါ်နှစ်ပူမဆင့်ချင်သဖြင့် မည်သူ့ကိုမှ မပြော...ဲ မိမိဘာသာငြိမ်သက်နေခြင်းဖြစ်သည်။ ဘီစစ်လေးသောက်...တ် ရှုဆေးလေးရှုလိုက်နှင့်. . .

"ကလေးတို့ အဘယ်အချိန်လာမလဲ"

"လာမယ်လေ ဒီကအမေက ကိုကို့အတွက် တစ်ခုခု...တ်ပြီးမှ သွားကြရအောင်ဆိုလို့ ချက်ပြီးရင်လာခဲ့မယ်"

"အေးအေး ဒါပဲနော်၊ သားနိုးလာရင် အမိုးပြောပြပေး...တ်မယ်"

"ဟုတ်"

နိုးရင်ထဲ ဒီနေ့မှ ထူးထူးခြားခြား ကိုကို့ကို သတိရနေ...ည်။ ကိုကိုနှင့် သူခွဲခွာနေရသည်မှာ တစ်လခွဲရှိသွားပြီး. . .

ကိုကို့အတွက် မိမိသည် လူပိုသက်သက်ဖြစ်နေသည်။ ...နေကျမရှိသော အလုပ်ကို မိမိလုပ်ရကောင်းမှန်း မသိသကဲ့...လုပ်လိုက်လျှင် အဆင်မပြေဘူးဟုလည်း ထင်သည်။ ထို့...ကြောင့် ကိုကိုနှင့်သူသည် ဝေးမှန်းမသိ ဝေးကွာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတဲ့လဲ သမီးလေး"

ဒေါ်ထားထားဝေသည် မိုးစွေတစ်ချိုကုပေးလိုက်ဗ တည်းက ရောဂါပျောက်ကင်းကာ ကျန်းမာလာသည်။ ထိုအခ မိုးစွေသည် ဒေါ်ထားထားဝေနှင့်တူကြောင်း သိသာထင်ရှားလ သည်။

"အမေ့သား မနိုးသေးဘူးတဲ့ အမိုးနဲ့ တွေ့တယ်၊ ဧ လည်း ကောင်းပါတယ်တဲ့"

"ကိုင်း. . ဒါဖြင့် သမီး အုန်းနို့ခေါက်ဆွဲ စားလိုက်ဦ လေ"

"ဟုတ်"

ယောက္ခမ စိတ်ချမ်းသာစေရန် ဟုတ်လုပ်ရသည်။ ဘ မှ မစားချင်မသောက်ချင် ဖြစ်နေသည်။

ထမင်းစားခန်းသို့ ရောက်သောအခါမှ ပိုဆိုးသွားသည် ဟင်းနံ့များကိုရကာ "ဝေါ့"ခနဲ ပျို့တက်သွားသည်။

"ဟင်"

ဒေါ်ထားထားဝေက မျက်လုံးပြူးသွားသည်။ ညိုဧ ကပြေးလာပြီး. . .

"မမလေး အစာမကြေဘူးနဲ့တူတယ်၊ မနေ့ကလည် ဒီလိုပဲ" ဟုပြောကာ နောက်ကျောကို နှိပ်ပေးလေသည်။

ဒေါ်ထားထားဝေက နိုးအား အကဲခတ်လိုက်သည်

ညှိုးနွမ်းနေသော နိုး၏မျက်နှာလေးကို ကြည့်ပြီး ကာ သက်မိလေသည်။





နိုးခံရခက်သော ဝေဒနာဆိုးကြောင့်. . .

"ကျွန်မ ဘာမှမစားချင်ဘူး"

"ခဏလှဲနေလိုက်ဦးနော် ဆေးခန်းသွားမလား သမီး"

နိုး မိုးစွေကို တမ်းတမ်းတတ သတိရလိုက်မိလေသည်။ ခင်ပွန်းဖြစ်သူက ဆရာဝန်ဖြစ်လျက်နှင့် မိမိက ဆေးခန်းသွားရ ဦးမည်လား. . မျက်ရည်များ ပိုးပိုးပေါက်ပေါက်ကျလာပြီး. . .

"အမေ ကိုကို့ကို ဒီမှာနေဖို့ ပြန်ခေါ်ပေးပါလားဟင်"

ဒေါ်ထားထားဝေ နိုးကို သနားသွားသည်။ အမှန်တော့ နိုးသည် ယုန်သူငယ်ကလေးလို အပြစ်ကင်းစင်လွန်းလှသည်။ ဟန်ဆောင်ခြင်းကင်းစွာဖြင့် နေခဲ့ခြင်းဖြစ်သည်။ ဟန်မဆောင် ဘတ်။ ဒါကို ဒေါ်အေးအေးဆွေ အထင်လွဲနေသည်။ သား ဒုက္ခ ရောက်ရခြင်းမှာ စနေသမီးဖြစ်သော နိုးနိုးကို ယူခဲ့ခြင်းကြောင့် ဟုလည်းကောင်း နိုးနိုးသည် သူ့သားကို မချစ်သဖြင့် ပြုစုယုယ ခြင်းမရှိဟူသော ထင်မြင်ချက်များဖြင့် နိုးနိုးအပေါ်၌ အမြင် ကြည်လင်။ ထို့ကြောင့် သားမိုးစွေ၏ ဆန္ဒများကို မကန့်ကွက် ဘဲ အားပေးအားမြှောက်ပြုကာ သူတို့အိမ်သို့ပင် ပြန်ခေါ်ထား ခြင်းဖြစ်သည်။

မိမိကတော့ ချွေးမကိုလည်း သမီးဟုသဘောထားကာ သားကိုယ်စား ချွေးမကို စောင့်ရှောက်သင့်သည်ဟု ယူဆကာ နှင့် လိုက်နေပေးခြင်းဖြစ်သည်။ နှင်းဝေကတော့ ညောင်လေး င် မူလတန်းကျောင်း၌ ဆရာမအလုပ်ကို ရသဖြင့် ချက်ချင်း ပြန်သွားခဲ့သည်။ မောင်ချစ်ဝေကလည်း အစ်မတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်းဟူသော အကြောင်းပြချက်ဖြင့် ဦးဘမိုးနှင့် ဒေါ်အေးအေးဆွေတို့ ကျောင်းထားပေးမည်ဆိုခြင်းကို လက်မခံဘဲ သူအလုပ်လုပ်ရာ ငါးအင်းပိုင်ရှင်၏ ယုံကြည်မှုကိုခံယူပြီး ညောင်လေးပင်၌ ပင် နေသည်။ ငါးအင်းပိုင်ရှင်ကလည်းမောင်ချစ်ဝေအား မန်နေဂျာတစ်ယောက်လို အားကိုးနေလေပြီ။ မောင်ချစ်ဝေကို သူတို့ လက်လွှတ်ဆုံးရှုံးမခံနိုင်။

ဘာတွေပဲဖြစ်ဖြစ် ဒေါ်ထားထားဝေက နှီးကို ကျေးဇူးရှင်အဖြစ် သတ်မှတ်သည်။ နှီးကြောင့် သားမိုးစွေကိုတွေ့ခွင့်ရသည်။ ဒီတစ်သက် သားကိုမြင်ဖို့မမျှော်လင့်တော့ဘဲ ကတိသစ္စာတရားနှင့် နေခဲ့ကြသည်။ သို့သော်. . သူ့ရင်ထဲ၌ စဉ်းစားတိုင်း နာကျင်နေခဲ့သည်။

"ညိုချော ဟိုအိမ်ကို ဖုန်းခေါ်ပေးစမ်းပါဟယ်"

နှီး၏ဆန္ဒကို ဖြည့်စွမ်းပေးချင်သည်။ မျက်ရည်စများနှင့် ဆိုဖာဆက်တီရှည်ကြီးပေါ်၌ လှဲလျောင်းနေသော နှီးကိုကြည့်ပြီး သူသနားကရုဏာသက်မိသည်။

"ဟုတ်ကဲ့"

ညိုချောက ဒေါ်ထားထားဝေလက်ထဲ ဖုန်းထည့်ပေးလိုက်သည်။

"ဟဲလို"

တစ်ဖက်မှ ဒေါ်အေးအေးဆွေ ဖြစ်နေသည်။

"အစ်မကြီးလား ကျွန်မထားပါ"

"သား နှီးပြီးလားအစ်မကြီး"





"နှီးပြီ. . ခုပဲ ကိုသက် မျက်နှာသစ်ပေးနေတယ်"

"ဟုတ်လား. . မနေ့က ချိုင်းထောက်နဲ့ လျှောက်တာ အဆင်ပြေရဲ့လား"

"ပြေပါတယ် ထားတို့ ဘယ်အချိန်လာမလဲ၊ ကျွန်မ အခုပဲ အပြင်ထွက်မလို့၊ သမီးကြီးရဲ့သား မြေးကြီးနေမကောင်းဘူးဆိုလို့ သွားကြည့်လိုက်ဦးမယ် ကိုသက်ကလည်း ကျွန်မတို့နဲ့ အတူထွက်မှာဆိုတော့"

"ဟုတ်ကဲ့ ကျွန်မတို့ အခုပဲလာခဲ့ပါ့မယ်"

ဒေါ်ထားထားဝေ ဆန္ဒများကို မျိုသိပ်ကာ တယ်လီဖုန်းချလိုက်သည်။

နှစ်အိမ်ကူးနေရတာထက် ဒီအိမ်မှာပဲ သားကို ပြုစုလိုက်ချင်သည်။ ဒေါ်အေးအေးဆွေကလည်း စိတ်ရင်းတော့ ကောင်းရှာပါသည်။ သားအရင်းမဟုတ်မှန်း သိလိုက်ရသော်လည်း မေတ္တာလျော့ပါးသွားပုံမရ။

ပို၍ပင် သားဖြစ်စေချင်တာကို ဖန်တီးပေးသည်။

"ဘာတဲ့လဲအမေ"

"သူတို့ အပြင်ထွက်မှာမို့လို့ အမေတို့ လာစောင့်ပေးဖို့ ခေါ်တာ"

"ဟင် ကျွန်မမလိုက်ချင်ဘူး အမေ"

"သမီး နေမကောင်းရင်လည်း နေလေ၊ မေမေသားကို ပြောလိုက်မယ်"

"ပြောလိုက်ပါအမေ ကျွန်မက ကိုကိုကုသပေးတာပဲ



www.burmeseclassic.com

www.burmeseclassic.com



ခံချင်တယ်၊ ဘယ်ဆရာဝန်ရဲ့ ကုသမှုကိုမှ မခံဘူး၊ ကိုကို မကုပေးရင် အသေခံလိုက်မယ်လို့"

"အေးအေး စိတ်ချ၊ အမေ ရအောင်ပြောပြီးခေါ်ခဲ့မယ်"

နှိုးရင်ထဲ မျှော်လင့်ချက်လေးဖြင့် ဝမ်းသာသွားသည်၊







# အခန်း(၂၈)

"သား မလိုက်တော့ဘူး အမေ၊ သားသူ့ကိုကွာဖို့ စာချုပ်မှာ လက်မှတ်ထိုးပေးလိုက်ပြီ"

"ဟင်"

"ဟုတ်တယ်အမေ၊ သူက သားကိုချစ်လို့ လက်ထပ်ခဲ့တာမှမဟုတ်ပဲ၊ သူ့အဖေစကား မလွန်ဆန်နိုင်လို့ လက်ထပ်ခဲ့တာပဲ၊ သားကွာရှင်းပေးလိုက်ရင် သူလွတ်လပ်သွားပြီး၊ သူကျ



www.burmeseclassic.com

www.burmeseclassic.com



နပ် ပျော်ရွှင်သွားမှာပါ”

“ထင်သလား သားကြီး၊ အဲဒီလို ထင်သလား”

ဒေါ်ထားထားက မိုးစွေ၏ မျက်နှာလေးကို ကရုဏာ သက်စွာဖြင့်ငေးကြည့်ရင်း ပြောလိုက်သည်။

အမိုးကလည်း

“သား ဒီလိုမလုပ်သင့်ပါဘူး”

“ဟုတ်တယ် ခုချိန်မျိုးမှာ သားပိုပြီး မလုပ်သင့်ဘူး”

“ခုချိန်မို့လို့ သားလုပ်တာပေါ့၊ သားဟာ ယခင်က မိုးရေ ဆိုရင် ဘာပြောကောင်းမလဲ နိုးအပေါ် သိကြားမင်းဖျက်တောင် မဖျက်နိုင်တဲ့အချစ်မျိုးနဲ့ စောင့်ရှောက်သွားမှာ၊ နိုးအပေါ် ဘယ် လောက်ချစ် ဘယ်လောက်လိုက်လျောခဲ့တယ်ဆိုတာ အမေ့ ထက် အမိုးပိုသိပါတယ်၊ အမေ အမိုးကိုမေးကြည့်”

အမိုးက ဒေါ်ထားထားဝေ၏ အကြည့်ကို ခေါင်းညိတ် ပြလိုက်သည်။

“ထားပါတော့ သားကြီးရယ်၊ သားကြီးက နိုးကို ချစ်လို့ နိုးဘဝကို မနစ်မွန်းစေချင်လို့ ကွာပေးတယ်၊ နိုးဝမ်းသာ သွား မယ်လို့ သားကြီးထင်လို့ ဆုံးဖြတ်လိုက်တာလား”

“ဟုတ်တယ် ဒီအတိုင်းပဲ”

“သားကြီးထင်သလို မဟုတ်ဘူးဆိုရင်ကော”

“ဘာဖြစ်လို့လဲ”

“ခု နိုးနေမကောင်းဘူး”

“ဟင်”





မိုးစွေ တုန်လှုပ်သွားသည်။

“ဆေးခန်းပို့လို့လဲ မရဘူး”

“ဘာ. . ဘာဖြစ်လို့လဲ ဆရာဝန်ပင့်လေ. . အမိုး ကျွန် တော်တို့ ဖယ်မလီဒေါက်တာကို ပင့်ပြီး”

“နေ. . နေပါဦးသား၊ အမေ့စကားဆုံးအောင် နား ထောင်ပါဦး၊ နိုးရောဂါက ဖျားတာလည်းမဟုတ်. . မူး. . မူးပြီး အော့အန်နေတဲ့ရောဂါပဲ”

မိုးစွေ ကြက်သေသေသွားသည်။

ဒေါ်ထားထားဝေက နိုးမှာသည့်အတိုင်း မချွင်းမချန် ပြောပြသည်။ မိုးစွေ ကျောက်ဆစ်ရုပ်အလား ငြိမ်သက်သွား သည်။

အမိုးက

“အားငယ်ရှာမှာ သူ့အဖေလည်း ဆရာဝန်ပဲ မခေါ်ဘူး လား”

“မခေါ်ရဘူးတဲ့ ခုချိန်မှာ သူဘယ်သူ့ကုသမှုမှ မခံချင် ဘူး၊ ကိုကို့ကုသမှုပဲခံမယ်ကိုကို ကုမပေးရင် အသေခံလိုက်မယ် လို့ ပြောတယ်”

အမိုးက တစ်စုံတစ်ရာကို စဉ်းစားမိလိုက်ကာ ဝမ်းသာ စိတ်ဖြင့် ပြုံးလိုက်သည်။ ဒေါ်ထားထားဝေက အမိုးအား တိတ် တိတ်နေရန် လက်ညှိုးထောင်ပြီး နှုတ်ခမ်း၌ ကပ်ပြလိုက်သည်။

မိုးစွေသည် ထိုင်ရာမှထရန် ချိုင်းထောက်ကို လှမ်းမ သည်။



www.burmeseclassic.com

www.burmeseclassic.com



"သားကြီး လိုက်မှာလား"

"မလိုက်တော့ဘူးအမေ၊ ကျွန်တော့်ကို အကျပ်ကိုင်ဖို့ မကြိုးစားပါနဲ့ ဦးပြည့်စုံဆီ ဖုန်းဆက်လိုက်မယ်"

"သားကြီး မင်းဆရာဝန်တစ်ယောက်အနေနဲ့ နိုးရောဂါ အခြေအနေကို ရိပ်မိမှာပါ၊ ခုလိုအချိန်မျိုးမှာ နိုးဟာ ဘယ်သူ့ ယုယမှုကို လိုချင်ရှာမလဲဆိုတာ မင်းမတွေးတတ်တော့ဘူးလား၊ မင်းပြောတော့ မင်းနိုးကို ချစ်တယ်ဆို"

"ကျွန်တော့်ယုယမှု၊ ဒုက္ခိတ ကျွန်တော်က သူ့ကို ဘယ် လိုလုပ် ယုယမှုပေးနိုင်မှာလဲအမေ"

"သားရယ် မျက်စိနှစ်ကွင်း အလင်းမရဘူး ခြေထောက် တစ်ဖက် မသန်စွမ်းဘူး၊ ဒါနဲ့ပဲ. . သားကိုယ်သား လူသေတစ် ယောက်လို တန်ဖိုးမဲ့ နေပြစ်တော့မှာလား၊ သား နားကြပ်က လေးနဲ့ သားဇနီးကို မစမ်းသပ်နိုင်ဘူးလား၊ သူ့ လက်ကောက် ဝတ်က သွေးခုန်နှုန်းလေးတွေကို သား မစမ်းသပ်နိုင်တော့ဘူး လား၊ အဲ့ဒီစမ်းသပ်ချက်လေးဟာ ခုချိန်မှာ သူ့အတွက် အ ကောင်းဆုံး ဆေးဝါးပါ"

"ဟုတ်တယ် ဒေါ်ထားပြောတာ မှန်တယ်၊ အမိုးနဲ့သား သွားကြည့်ကြရအောင်၊ ဟိုမှာ ညီမလေးနဲ့ နှစ်ယောက်တည်း ထားခဲ့ရတာဆိုတော့ ကလေး ဘယ်လောက်အားငယ်နေရှာမ လဲ"

မိုးစွေ ချိုင်းထောက်ကိုဆွဲယူကာ အားယူထလိုက်သည်။

ဒေါ်ထားထားဝေနှင့် အမိုးက အနားမှ အသင့်အနေ





အထားဖြင့် ကြည့်နေသည်။ ဘယ်သူမှ ကူညီမတွဲကြ။ အသာ လွှတ်ထားပေးလိုက်သည်။

မိုးစွေ စိတ်ရှုပ်ထွေးသွားသည်။

သူစိတ်ထဲ ထင်လိုက်သော ဝေဒနာမျိုး မဟုတ်ပါစေနဲ့ ဟု. . .

မိုးစွေသည် ချိုင်းထောက်ကို အားယူကာ သူ့ဘာသာသူ ထနိုင်ပြီး လမ်းလျှောက်နိုင်ပြီဖြစ်သည်။

"အမေ ပြန်ပါ၊ သူ့အဖေကို အမိုး ဖုန်းဆက်ပေးလိုက်ပါ၊ ကျွန်တော် စိတ်ထိခိုက်တာ မြင်ချင်ရင် ကျွန်တော့်ကို ထပ်ခေါ် ကြပါ"

မိုးစွေ ချိုင်းထောက်ကို အားပြုကာ သူ့အိပ်ခန်းထဲသို့ ဝင်သွားပြီး တံခါးကို အတွင်းမှ ချက်ချလိုက်လေသည်။

တစ်ပြိုင်နက်ဆိုသလို မိုးစွေ၏ မျက်ဝန်းဝယ် ကြေကွဲ မှုင့်တို့က လွှင့်ကျလာသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၆)

"သား ဒီစာချုပ်ကို နိုးကိုမပေးပါနဲ့"

"ကိုကြီးက နိုးကို ဖုန်းဆက်မေးမှာ"

"မေးပါစေ၊ သူတို့ကြားမှာ အခိုင်အမာချည်နှောင်ဖွဲ့မယ့် သံယောဇဉ်ကြိုးတစ်ချောင်း ရောက်လာတော့မယ်"

သက်ဝေက မိခင်၏ ကဗျာဆန်သော စကားကို ချက်ချင်းပင်သဘောပေါက်မိသည်။ သူ ဝမ်းသာသွားသည်။





အစ်ကိုကြီးမိုးစွေနှင့် သူသံယောဇဉ်ရှိခဲ့သော မိန်းကလေး နိုးနိုးတို့ အိမ်ထောင်ရေး ခိုင်မြဲစေချင်ပါသည်။

"ဘယ်သူပြောသလဲ"

"နိုးဖခင်. . နိုးကို ဆေးလာကုပေးရင်း အမေတို့ကို အသိပေးသွားတယ်"

"ကိုကြီး သိသွားပြီးလား"

"သူသိအောင် နိုးပြောပါလိမ့်မယ်၊ သားတို့ မင်းအစ်ကိုဒီကို ပြန်လာဖို့ ဝိုင်းပြောပေးပါ၊ နိုးနိုးက သိပ်အားငယ်နေရှာတယ်"

"နိုးနိုးကော"

"အိပ်နေတယ် သူ့အဖေ ဆေးတစ်လုံးထိုးပေးသွားပြီး မကြာခင် အိပ်ပျော်သွားတယ်"

သက်ဝေ နိုးနိုးအပေါ် ကရုဏာသက်မိလေသည်။ မိတ်ဟောင်းဆွေဟောင်းတစ်ယောက်လို အားပေးစကားတွေ ပြောချင်ပါသည်။ သို့သော် နိုးနိုးနှင့်သူ ဘဝခြားနားသွားပြီး. . .

"ကိုကြီးက သူကသာနိုးနိုးအပေါ် ပြုစုစောင့်ရှောက်သွားချင်တာ နိုးနိုးရဲ့ ပြုစုမှုကို သူမခံယူရက်ဘူးတဲ့"

"အမေ နားလည်ပါတယ်၊ ဒါကြောင့်အမေ့သားကြီးကို အမေသိပ်သနားနေတာပေါ့၊ ဩော် သားအမေ့ကို ဒီဆေးလေးတွေ ဝယ်ပေးပါဦး"

နိုးနိုးအဖေက အမေသောက်ဖို့ညွှန်သွားတဲ့ ဆေးတွေ။

"ဟုတ်ကဲ့ မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"ညြော် မနက်ဖြန် သားအားရင် အမေ့ကို ဆေးရုံလိုက်ပို့ပေးပါဦး မျက်စိဘက်ကိုလေ မျက်ကြည်လွှာလှူချင်လို့ "

"ဟင်"

"သေသွားမှတော့ ရုပ်ခန္ဓာဟာ ဘာအသုံးဝင်တော့မှာလဲ၊ အမေ့ဘဝဟာ ဆင်းရဲခဲ့တယ်၊ ဒါကြောင့် ဒီဘဝမှာ အမြတ်ဆုံးသော အလှူတစ်ခုတော့ အမေလုပ်သွားချင်တယ်"

သက်ဝေသည် မိခင်အား ကြေကွဲစွာ ငေးကြည့်လိုက်သည်။

ဒေါ်ထားထားဝေက သက်ဝေအား အားပေးသော အပြုံး ပြုံးပြလိုက်သည်။

သက်ဝေ သက်ပြင်းချလိုက်သည်။

"အမေကလည်းဗျာ နိမိတ်မရှိတာတွေ မပြောပါနဲ့ . . မလုပ်ပါနဲ့ သား မပို့ချင်ဘူး"

"သား မပို့ပေးချင်ရင် အမေ့ဘာသာသွားမယ် ဦးဘကိုပို့ခိုင်းလို့ရတာပဲ၊ သားမအားရင်နေလေ ဒီဆေးလေးတွေသာ ဝယ်ပေးခဲ့"

"ဟုတ်ကဲ့ ကျွန်တော် မနက်ဖြန်လာခေါ်မယ် ဆေးကိုခုချက်ချင်း ဝယ်ပေးလိုက်မယ်၊ ဒီစာချုပ်ကို ဘာလုပ်ရလဲအမေ"

"သားကြီးကိုပဲ ပြန်ပေးလိုက်ပါ၊ သူမျက်စိ ပြန်မြင်တဲ့အခါမှာ သူ့ရဲ့ အချစ်ရူးရူးသွပ်မှုကို နောင်တရမှာစိုးတဲ့အတွက် အမေက ခွင့်မပြုဘူးလို့သာ ပြောလိုက်ပါ သားရယ်၊ အမေ့ကိုစိတ်ဆိုးချင်လည်း ဆိုးပါစေ"





"အမေ့ကို သူစိတ်ဆိုးမှာ မဟုတ်ပါဘူး၊ သူစိတ်ဓါတ်ကျဆင်းနေတာပါ"

"ညဉ့်အနက်ဆုံးအချိန်ကို လွန်မြောက်ပြီးရင် အလင်းရောင်ရတတ်ပါတယ်လို့ သားရဲ့ ကဗျာတွေနဲ့ မင်းအစ်ကိုကို အားပေးလိုက်ပေါ့ကွာ"

ဒေါ်ထားထားဝေကိုကြည့်ပြီး အမိုးက စိတ်တွင်း ချီးမွမ်းနေမိသည်။ ဆင်းရဲသော်လည်း အတွေးအခေါ်ရှိသော အမျိုးသမီးဖြစ်သည်။

သက်ဝေပြန်သွားသည်နှင့် . . .

ဒေါ်ထားထားဝေက အမိုးအား

"အမိုး မပြန်သေးဘူးလား"

"ပြန်ချင်တယ်၊ ဒါပေမယ့် သားကနိုးကို စောင့်ရှောက်ဖို့လွှတ်လိုက်တာဆိုတော့ ပြန်ရင် သူ စိတ်ဆိုးသွားမှာပေါ့"

ဒေါ်ထားထားဝေက သက်ပြင်းချလိုက်သည်။

"သားကြီးက သမီးလေးကို သိပ်ချစ်ရှာတာပဲနော်၊ သူမျက်စိသာပြန်ကောင်းရင် သူ့မိန်းမကို မျက်စိအောက်က အပျောက်ခံမှာ မဟုတ်ဘူး"

"ဟုတ်ပ၊ အစစ်ပဲဒေါ်ထားရေ ဆီးဖြူဖန်ခါးဆိုရင် ငုံ့ထားမလားပဲဆိုတာ သားလိုလူမျိုးကိုပြောတာ ထင်ပါရဲ့၊ ခုတော့လည်း. . ."

"ဖြစ်လာမှာပါလေ၊ သားတို့ ဘယ်တော့မှ မကွဲကွာစေရဘူး၊ နိုးနိုးက သားကြီးကို ချစ်ရှာပါတယ်၊ အချစ်ဆိုတာကို



www.burmeseclassic.com

www.burmeseclassic.com



ခွဲခြမ်းစိတ်ဖြာ နားလည်မခံစားတတ်သေးလို့ပါ၊ ကိုင်း ကျွန်မ နိုးနိုးကို သွားကြည့်လိုက်ဦးမယ်"

ဒေါ်ထားထားဝေသည် အပေါ်ထပ်သို့ ဖြည်းညှင်းစွာ တက်ခဲ့သည်။ ခြေလှမ်းတစ်လှမ်း လှမ်းလိုက်တိုင်း မောဟိုက်လာပြီး နှလုံးခုန်သံ ကျယ်လောင်စွာ မြည်ဟီးမှုကို ကြားနေရလေသည်။

သို့သော် ဒေါ်ထားထားဝေ မမှုပဲ အတွေးများက အချိန်ပြည့် သူ့အာရုံကို စိုးမိုးထားလျက် ရှိသည်။







# အခန်း(၃၀)

"ကိုကို"

"........"

"ရှင်ကြီး ကျွန်မခေါ်တာ ဘာလို့မထူးသလဲ"

"ပြောပါ"

နိုး၏အသံကို ကြားရလေတိုင်း သူ့ရင်ထဲ၌ နာကျင်မှုဝေဒနာသည် တိုး၍တိုး၍ ဖြစ်ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ကြီး မကောင်းဘူး၊ ကျွန်မကို ပစ်ထားတယ်"

မိုးစွေ သက်ပြင်းချလိုက်သည်။ မသန်စွမ်းသူ မျက်မမြင် ဒုက္ခိတတစ်ယောက်ရဲ့ ဂရုစိုက်မှုကိုမှ ခံချင်သေးသတဲ့လား။

"ဖေဖေက ပြောတယ်"

". . . . . . . . . ."

"သမီးတို့ မိဘရာထူးကို ရကြတော့မှာတဲ့ သိလားကိုကို"

"ဟင်"

မိုးစွေ စိတ်ထဲထင့်ခနဲ ဖြစ်သွားခဲ့သော တွေးဆချက်သည် တကယ်မှန်ကန်နေပါလား. . သူ ဘာဆက်လုပ်ရမလဲ. .

"ရှင်ကြီး"

"နိုး"

"ရှင်ကြီး ဝမ်းမသာဘူးလား"

"ဟင့်အင်း. . . ကျုပ်. . ကျုပ် ဝမ်းမသာဘူး"

မိုးစွေ မျက်ရည်စီးကျမှုကို ဒေါ်အေးအေးဆွေက ရင်နင့်စွာမြင်တွေ့လိုက်ရသဖြင့် သူပါ မျက်ရည်စီးကျရင်း နားစွင့်နေသည်။

"ဘာ. . ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ မင်း နားမလည်ဘူးလား၊ မင်းက ဘာ နားလည်မှာလဲ၊ ကျုပ်နေရာမှာ မင်းမှ မဟုတ်တာ၊ ကျုပ်သားကို ကျုပ်ဒုက္ခိတက ဘယ်လိုစောင့်ရှောက်ပေးရမလဲ၊ ဘယ်လို လမ်းညွှန်ပေးနိုင်မှာလဲ မင်းကွာ စောစောစီးစီးကတည်းက ဒီကိစ္စကို တားမြစ်ထားဖို့ကောင်းတယ်"





"ဘာ. . ဘာ. . ပြောတယ်၊ ရှင်ကြီးကို ကျွန်မ မုန်းသွားပြီ၊ ရှင်ကြီး ကျွန်မရင်သွေးအပေါ် ဘာမှ မကျေမနပ်ဖြစ်စရာ မလိုဘူး၊ ဘာလို့တားမြစ်ရမှာလဲ သူဟာ လူ့အခွင့်အရေးတစ်ရပ် အနေနဲ့ လူ့လောကကို လာမှာပဲ၊ ဒီမှာ ရှင်ကြီးကိုယ်ရှင်ကြီးပဲ ကြည့်တော့ ကျွန်မကလေ ကျွန်မရင်သွေးကို ကျွန်မပဲအမေ ကျွန်မပဲအဖေလုပ်ပြီး စောင့်ရှောက်ပြမယ် သိလား"

မိုးစွေအံ့အားသင့်သွားရာမှ မိုးစွေနှလုံးသားတို့ ဆတ်ဆတ်ခါ နာကျင်လာသည်ဖြစ်ရာ မျက်ရည်များစီးကျပြီး ခန္ဓာကိုယ်မှာ ဆတ်ဆတ်တုန်ခါလျက်ရှိသည်။

"ကျွန်မလို ဘဝမျိုး၊ ကျွန်မ သားသမီးတွေ ဘယ်တော့မှ မရောက်စေရဘူး၊ ဒီတော့ ရှင်ကွာဖို့မပြောနဲ့၊ ရှင် ကျွန်မတို့ ရင်သွေးကို အသိအမှတ်ပြုရမယ်၊ ကျွန်မတော့လေ ကျွန်မတို့ ရင်သွေးကို အကောင်းဆုံး ပြုစုပျိုးထောင်စောင့်ရှောက်သွားမယ် သိလား၊ ဒါပဲ ရှင်ကြီးကို ကျွန်မမုန်းသွားပြီဆိုတာ မှတ်ထားလိုက်"

"ဂျလောက်"

မိုးစွေ ဖုန်းခွက်ကို ပစ်ချလိုက်သည်။ ရုတ်တရက် ထလိုက်သည်။ ခြေထောက်နာကျင်ကာ ပြိုလဲကျသွားသဖြင့်. . .

"သား"

ဒေါ်အေးအေးဆွေက ပြေးထူသည်။

"မေမေ. . သား. . သား ဘာလုပ်ရမလဲ၊ သား ရင်သွေးအတွက် သားဟာ တာဝန်မဲ့ဖခင် ဖြစ်ရတော့မလား"

"ဘာဖြစ်လို့ ဖြစ်ရမှာလဲသားဟာ ပညာတတ် ဆရာဝန်



www.burmeseclassic.com

တစ်ဦးဖြစ်တယ်"

"ကျွန်တော် ကျွန်တော့်ရင်သွေးရှေ့က မားမားမတ်မတ် ရပ်တည်ပေးနိုင်မယ့် ဖခင်ကောင်းတစ်ယောက် မဟုတ်တော့ဘူးလား"

"ဖြစ်လာရမှာပေါ့ သားရယ်၊ စိတ်က အဓိကပါ၊ သား စိတ်ထဲမှာ ငါဟာ မျက်စိမမြင်တာကလွဲရင် အားလုံးကို စွမ်းဆောင်နိုင်တဲ့ ယောကျ်ားတစ်ယောက်လို့သာ မှတ်ယူထားလိုက် သားလုပ်ငန်းကြီးဟာ သားညီလေး အကူအညီနဲ့ ဆက်လက်လည်ပတ်နေတယ်၊ မောင်သက်ဝေလေးဟာ တော်ရှာပါတယ် သား ဘာကိုကြောင့်ကြနေသလဲ"

မိုးဗွေ စဉ်းစားလိုက်သည်။

နှိုး အားငယ်နေရှာပေလိမ့်မည်။ ခုချိန်မျိုး၌ ကိုယ်ဝန်ဆောင် မိခင်တစ်ဦး၏ တမ်းအတဆုံး ရင်ခွင်မှာ သူ့ခင်ပွန်း၏ ရင်ခွင်သာဖြစ်ပေလိမ့်မည်ကို မိုးဗွေ ကောင်းစွာသဘောပေါက်သည်ဖြစ်ရာ. . .

"မေမေ"

"ဘာလဲ သား"

"ကျွန်တော် နှိုးဆီ ပြန်တော့မယ်"

ဒေါ်အေးအေးဆွေက မျက်ရည်ကြားက ခေါင်းညိတ်လိုက်သည်။

သားသမီးဆိုတာ ဧည့်သည်ပေပဲ. . .

ဒုက္ခိတဆိုပြီး မိမိတို့က သနားပိုကာ ထွေးပိုက်ထားချင်





လို့ကလည်း မရနိုင်ပေ။

"အေးအေး. . မေမေကိုယ်တိုင် လိုက်ပို့ပေးမယ်"

ဒေါ်အေးအေးဆွေရင်မှာ နာကျင်လျက်ရှိသည်။ မိမိဟာ တကယ်တော့ ကြက်မကြီးလိုပါပဲလား ဘဲဥကိုကိုယ့်ဥ အမှတ်နဲ့ ဝပ်ပေးခဲ့ရသည်။ ဘဲကလေးက အချိန်တန်တော့ သူ့ဘာဝမှန်အတိုင်း ရေကန်သို့ဆင်းအကူး ကြက်မကြီးမှာ ကမ်းစပ်တနေ ကတော်ကတော်အော်ရင်း သောကရောက်ရသည့် အဖြစ်မျိုးနှင့် ကြုံနေရသည်။ လောကကြီး၌ ကိုယ်ဖြစ်ချင်ရာကို ဘာမှမဖြစ်နိုင်ဘူး။ ထိုသို့ ဖြစ်မလာခြင်းအတွက် စိတ်ဆင်းရဲနေလျှင် မိမိ၌သာ ပူလောင်ခြင်းတွေ ဖြစ်ပေါ်နေလိမ့်မည်။ ငြိမ်းချမ်းခြင်းကို ရနိုင်လိမ့်မည်မဟုတ်။ ထို့ကြောင့် မိုးဗွေအလိုဆန္ဒအတိုင်း ဖြစ်စေရန် ဒေါ်အေးအေးဆွေက အကူအညီပေးလိုက်သည်။

မိုးဗွေကို ထူမပေးသည်။ သူ့လက်သို့ ချိုင်းထောက် ဆည့်ပေးလိုက်သည်။ ပြီးသည်နှင့် ဖိုးခွားကို ကားထုတ်ခိုင်းသည်။ သား၏အသုံးအဆောင်နှင့် ဆေးဝါးများကို သိမ်းဆည်းပြီး ကားပေါ်တင်ခိုင်းလိုက်သည်။

"မေမေ"

"ဘာလဲသား"

"မေမေလိုက်ခဲ့မှာလား"

"လိုက်ခဲ့မှာပေါ့သားရယ် အိမ်ပြေးသားကို မေမေကိုယ်တိုင် လိုက်ပို့ပေးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



အယူသိပ်သည်းစွာဖြင့် စနေသမီး ဂြိုဟ်မွေသည်ဟုဆိုကာ ဒေါ်ဒေးအေးဆွေသည် သားဒုက္ခရောက်စက ခါးခါးသီးသီး ဖြစ်ခဲ့သည်။ အခုတော့ သားဖြစ်သူ၏ သောကနှင့် ဝေဒနာကို တွေ့မြင်နေရတော့ အယူဝါဒတို့သည် သာမညမျှသာ ဖြစ်သွားသည်။ သား၌ ဘာဝေဒနာမှ မရှိစေချင်တော့၊ ဖြစ်နိုင်လျှင် သား၏ဝေဒနာများကို သူထံသို့ လွှဲပြောင်းယူ၍ ရလျှင် ယူချင်ပါသည်။

မိုးစွေရင်ထဲ လှုပ်ရှားနေသည်။

နိုးက သူ့အား မည်ကဲ့သို့သော ပုံစံဖြင့် ကြိုဆိုမည်နည်း။

နိုးအတွက် သူသည် ဘာတွေများ ကာကွယ်စောင့်ရှောက်မှု ပေးနိုင်မည်နည်း။







# အခန်း(၃၁)

"ကလေး. . ကလေး. . ကိုကို ပြန်လာပြီ"

"ဟင်. . တကယ်လား အမိုး မညာနဲ့နော်"

မိုးစွေနှင့် တယ်လီဖုန်းပြောပြီးကတည်းက ရှိုက်ကြီးငင်ငိုကြွေးနေခဲ့သော နိုးအား အမိုးက ချော့ရင်းမှ လက်မှိုင်ချနေချိန်ဖြစ်သည်။

ကားသံကြားလိုက်ရသည်နှင့် ဦးဘမိုးတို့အိမ်မှ ကားသံ



www.burmeseclassic.com

www.burmeseclassic.com



မှန်း အမိုးနားနှင့် ယဉ်ပါးပြီးဖြစ်ရာ အမိုးပြတင်းပေါက်မှ ငြေ
ထွက်ကြည့်သည်။

မိုးစွေကိုမြင်လိုက်ရသည်နှင့် ဝမ်းသာအားရဖြင့် နှိုးအား ပြေးပြောလေသည်။

နှိုးက ဝေါက်ခနဲ ထထိုင်ကာ မျက်ရည်များကို သုတ်ပြီး မယုံကြည်နိုင်သလို ပြန်မေးလိုက်သည်။

"မညာပါဘူး တကယ်ပါ၊ ထ. . ထ. . မျက်နှာသော ပေါင်ဒါရိုက်လိုက်ဦး ခေါင်းလေးဖီးလိုက်ပါဦး"

"ဟင်. . အမိုးကလဲ ဒါတွေလုပ်တော့ကော ကိုကို မြင်မှာမှမဟုတ်ပဲ"

"အေး ဟုတ်သားပဲ၊ အမိုးလည်း ဝမ်းသာအားရနဲ့ သ လစ်သွားတယ်၊ ကဲ. . . လာ. . လာ"

လာ. . လာ. . ဟူသော အမိုးကို နောက်ချန်ထားသော နှိုးသည် အောက်ထပ်သို့ ပြေးဆင်းခဲ့ရာ. . .

နှိုးခြေသံကို ကောင်းစွာသိနေသော မိုးစွေက အော ထပ်မှ စိုးရိမ်ပူပန်မှုဖြင့်. . .

"နှိုး. . နှိုး. . ဖြည်းဖြည်း. . ဖြည်းဖြည်းဆင်း"

ဟု လှမ်းအော်သတိပေးလိုက်မှ နှိုးသည် ကိုယ်ရှိန်သ လိုက်သည်။ ဟုတ်ပေသားပဲ နှိုးသည် လွတ်လွတ်လပ်လပ်မ ဟုတ်တာ။ နှိုးခန္ဓာကိုယ်၌ တွယ်ကပ်နေသော နှိုး၏ရင်သွေး လေး ရှိနေသည်။ သူ့အတွက် နှိုး ဆင်ခြင်ရမည်။

နှိုးအောက်ထပ်သို့ ရောက်ရောက်ခြင်း မိုးစွေအား





တွယ်လိုက်သည်။

ဒေါ်အေးအေးဆွေက သက်ပြင်းချသည်။ ရစ်ဝဲကာ ကျ ချင်ချင်ဖြစ်နေသော မျက်ရည်စများကို ကျဆင်းခွင့်မပေးဘဲ မျက်တောင်ခတ်ကာ သိမ်းဆည်းပြီး. . .

"အမိုးလာ သားတို့အတွက်အိပ်ခန်းကို အောက်မှာပဲ ပြန်ပြင်ရအောင် အပေါ်ထပ်ဆိုတော့ လှေကားအတက်အဆင်း မှာ စိုးရိမ်ရတယ်"

ဒေါ်အေးအေးဆွေနှင့် အမိုးရှောင်ထွက်သွားသည်။

နှိုးကို ပြန်လည်မဖက်တွယ်နိုင်ပဲ ချိုင်းထောက်ကို အား ပြုနေရသော မိုးစွေအတွက် ရင်ထဲမချိအောင် ခံစားလိုက်ရ သည်။

နှိုး၏ မျက်ရည်နွေးနွေးတို့က သူ့နှလုံးသားတိုင်အောင် ဝင်လျက်ရှိသည်။

"ကိုကိုမကောင်းဘူး၊ ကျွန်မကို အကြာကြီးပစ်ထား တယ်"

"ကိုကိုတို့ ထိုင်ကြရအောင်နှိုး"

"အို. . ဟုတ်သားပဲ ဆောရီး၊ အဲ. . ကန်တော့. . ကန် တော့ မေ့သွားလို့ပါ လာကိုကို"

နှိုးက မိုးစွေအားတွဲကာ ဆိုဖာဆက်တီ၌ ထိုင်စေသည်။

"ကိုကို အပြီးပြန်လာတာလား"

"အင်း"

"ဘာဖြစ်လို့လဲဟင် ကျွန်မမုန်းသွားမှာ ကြောက်လို့



www.burmeseclassic.com

www.burmeseclassic.com



လား"

"မဟုတ်ဘူး"

"ဟင်"

"ကိုကို့ ဇနီးနဲ့ ရင်သွေးကို စောင့်ရှောက်မလို့ ပြန်လာတာ"

နိုးသည် လူတွေ၏ မနောကို နားလည်စပြုနေပြီး ဖြစ်ရာ. .

"ကျေးဇူးတင်ပါတယ် ကိုကို၊ ကျွန်မက ကိုကို့ကို မပြုစုခဲ့ပေမယ့် ကိုကိုက ကျွန်မကို ပြုစုဖို့ပြန်လာတယ်၊ ကျွန်မ အရမ်းဝမ်းသာပါတယ် ကိုကို၊ အရမ်းလည်းကျေးဇူးတင်ပါတယ်၊ ကိုကိုတို့ မိသားစုကြီးဟာ ကျွန်မရဲ့ ကျဉ်းမြောင်းပြီး အမှောင်ကျနေတဲ့ ဘဝထဲကနေ ဆွဲယူကယ်တင်လိုက်တာပါ၊ ကျွန်မလောကကို နားလည်လာပါပြီ၊ အားလုံးကို ကျေးဇူးတင်ပါတယ်"

"နိုး မင်းလေး ဘာတွေပြောနေတာလဲ"

"ဟင့်အင်း နိုးပြောချင်တာတွေအများကြီးပဲ၊ ကြည့်. . ကိုကို မုတ်ဆိတ်မွေးတွေလည်း ရှည်နေပြီး ဆံပင်ကလည်း ရှည်လို့"

"ဟုတ်လား"

"တောပုန်းကြီးကျနေတာပဲ"

"ဝရမ်းပြေးပါ"

"ဟုတ်လား"

"ဟုတ်တယ် ချစ်ဝရမ်းပြေးပါ၊ ကိုယ့်ဒုက္ခန္တဲ့ထဲ မင်းကို ဆွဲမသွင်းရက်လို့ ရှောင်ပြေးရတဲ့ ဝရမ်းပြေးပါ"

ချစ်ပန်းကလေးများ ပြန်လည်ဖူးပွင့်ဝေဆာလာသည်။

"ကိုကို ပါးသိုင်းမွေးတွေ ကျွန်မရိတ်ပေးမယ်"

"ရိတ်တတ်လို့လား"

"ဟင့်အင်းကိုကို သင်ပေးပေါ့"

"ရပါတယ်ကိုကို့ဘာသာ ကိုကို ရိတ်လိုက်ပါ့မယ်"

"မဟုတ်ဘူးကိုကို ခုထဲက အလေ့အကျင့်လုပ်ထားရမယ်၊ တော်ကြာ သားသားလား မီးမီးလား မသိတဲ့ဟာလေးတွေရဲ့ ဆံပင်ကို ရိတ်တဲ့အခါ ကျင့်သားရသွားအောင်လို့လေ"

"နိုးရယ်"

မိုးစွေရင်ထဲ ထိရှသွားသည်။ မိမိတို့က ကလေးဆန်သည်။ လောကကြီးကို အလေးမထား အတွေ့အကြုံများစွာ နုနယ်သေးသည်ဆိုသော မိန်းမကလေးကတောင် မိမိရင်သွေးနှင့် ပတ်သက်လာသောအခါ ရင့်ကျက်လာတတ်ပါလား။ မိခင်သည် တကယ့်ကို သားသမီးများအတွက် စွမ်းအားရှင် ဖန်ဆင်းရှင်ပါလား. . .။

နိုးအား သူ့ရင်ခွင်ထဲ ဆွဲသွင်းကာ ပွေ့ပိုက်ထားလိုက်သည်။

"အမေကော"

"ညောင်လေးပင်ကို ခဏပြန်သွားတယ်"

"ဘာသွားလုပ်တာလဲ"

"နှင်းဝေနဲ့ ချစ်ဝေကို သွားကြည့်တာနေမှာပေါ့"





☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"ဒီကလေးတွေက ဒီမှာလာနေဆိုလည်း မနေကြဘူး"

"သူတို့ အလုပ်နဲ့သူတို့ အဆင်ပြေနေကြပြီကိုး၊ သူတို့က မာနရှိတယ် ကိုယ့်အားကိုယ်ကိုးချင်ကြတယ်၊ အမေကလည်း အစ်ကို ဒီရောက်တာနဲ့ ပြန်နေမယ့် သဘောရှိတယ်၊ ကျွန်မကတော့ မသွားပါနဲ့ဆိုပြီး အတင်းဆွဲထားမှာပဲ ကိုကို၊ လောကကြီးမှာလေ ပြည့်စုံခြင်းဆိုတာကို ဘယ်သူတွေကများ အပြည့်အဝ ရနိုင်ကြသလဲဟင်"

"နှီးပြောတာ မှန်တယ်၊ ကိုယ်စိတ်အားငယ်မှုနဲ့ တွေဝေခဲ့တယ်၊ ဒါပေမယ့် ကိုကို့မှာ လက်နှစ်ဖက် အကောင်းကြီးရှိသေးတယ်၊ ခြေတစ်ဖက်ကောင်းသေးတယ်၊ ခြေတစ်ဖက်နိမ့်သွားရုံ မျက်စိကန်းသွားရုံနဲ့ ဘဝတစ်ခုလုံးဆုံးရှုံး သွားတာမှ မဟုတ်ပဲ ကျန်တဲ့အစိတ်အပိုင်းတွေနဲ့ ကိုကိုဆက်လှုပ်ရှားလို့ ရသေးတယ် ဆိုတာ ကိုကိုနားလည်ပြီ၊ ကိုကို့ရင်သွေးအတွက် ကိုကို့ကာကွယ် စောင့်ရှောက်ပေးနိုင်မယ့် စွမ်းအားတွေ ကိုကို့မှာ ရှိနေသေးတာပဲ၊ ကိုကို့ရင်သွေးကို ကိုယ့်လို နှီးလို ကံမဆိုးစေရဘူး၊ ကံတရားကို ကိုကိုတို့ ဉာဏ်နဲ့ ဝီရိယနဲ့ တွန်းလှန်ကာကွယ်ပေးကြမယ်"

နှီးက ဝမ်းသာလွန်းသဖြင့် မျက်ရည်များလိမ့်ဆင်းလာသည်။ တကယ်တော့ နှီးသည် သူ့မှာကိုယ်ဝန်ရှိနေပြီ ဆိုကတည်းက အားငယ်ကြောက်ရွံ့ခဲ့သည်။ သူသည် မိခင်ကဲ့သို့ ရင်သွေးကို ဖွေးဖွားပြီးပြီးခြင်း သေဆုံးသွားမှာလား ရင်သွေးလေးသည် မိမိကဲ့သို့အမိမဲ့ ကြီးပြင်းရမည့်အဖြစ်ကို မလိုလားချေ။ သောကဗျာပါဒတွေများလာသည်နှင့် ခင်ပွန်းအား တမ်းတလာသည်။ အမိုး၊ ဒေါ်ထားထားဝေတို့ကလည်း သူ့အပေါ် သွန်သင်ညွှန်ပြပေးသဖြင့် သူ့အမှားသူ သိမြင်ခဲ့သည်။





သူ ကလေးမဆန်တော့ အတွေးအခေါ်ရင့်ကျက်သော အိမ်ရှင်မကောင်း မိခင်ကောင်းဖြစ်ရန် ကြိုးစားတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

"ကိုကို ကျွန်မ ကိုကို့အပေါ် ချွတ်ယွင်းချက်တွေရှိခဲ့ရင် ခွင့်လွှတ်ပါနော်"

"မရှိပါဘူးနှီးရယ်၊ ကိုကိုသာ စိတ်ဓါတ်ကျဆင်းပြီး တွေဝေခဲ့တာပါ၊ အခုကိုကိုပြန်လာပြီလေ၊ နှီးရဲ့ရင်သွေးကို ကိုကို တတ်နိုင်သမျှ နားစွင့်ပြီး စောင့်ရှောက်မှုပေးမယ်၊ ကိုကို့ကိုလည်း နှီးကခွင့်လွှတ်နော်"

"ကိုကို့မှာ ဘာအမှားအယွင်းမှ မရှိပါဘူး နှီးကသာ"

"ကဲ နှီးလည်းမမှားဘူး ကိုကိုလည်း မမှားဘူး မှားတာ အမိုးတို့၊ နဂိုကတည်းက တစ်ခါတည်း ခေါ်မလာမိတာ အမိုးတို့အမှား၊ ကဲ. . ကဲ. . လာသား ရေမချိုးရသေးဘူးဆို ရေချိုးလိုက်ဦး အမိုးချိုးပေးမယ်"

"ဟင့်အင်း. . ရတယ် ကျွန်မချိုးပေးမယ်"

"ဘယ်သူမှ မချိုးပေးနဲ့ ကိုယ့်ဘာသာကိုပဲ ချိုးမယ်၊ နှီး အအေးမခံနဲ့ ကိုယ့်အားကိုယ်ကိုးပါရစေ၊ ကျွန်တော့်မှာ လုပ်စရာတွေ အများကြီးရှိသေးတယ်"

မည်သို့ဆိုစေကာမူ နှီးက လက်မခံပဲ အတင်းပင် ဝိုင်းကူပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



လူငယ်နှစ်ဦး၏ ကြည်ကြည်နူးနူးရယ်သံများကို ကြားလိုက်ရသောအခါမှ အမိုးကော ဒေါ်အေးအေးဆွေပါ စိတ်ချမ်းသာရလေသည်။

ညဦးနက်သန်းခေါင်၏ အမှောင်ဆုံးအချိန်ပြီးလျှင် အရုဏ်၏ အလင်းရောင်ကို ရရှိခံစားရပေလိမ့်မည်။ ထိုမျှော်လင့်ချက်ကလေးဖြင့် မိုးစွေရင်ထဲ သက်သာရာရကြောင်း ရှာဖွေကာသောကကို မေ့ထားလိုက်လေတော့သည်။

"ဟယ်. . သားကြီးပြန်လာပြီ"

ဒေါ်ထားထားဝေသည် ကားပေါ်မှ ဆင်းဆင်းခြင်း မြထဲ၌ လမ်းလျှောက်နေသော သားနှင့် ချွေးမကို တွေ့လိုက်ရသဖြင့် ဝမ်းသာအားရဖြစ်သွားပြီး သားရှိရာသို့ ခပ်သွက်သွက်လှမ်းလိုက်သည်။

"အမေ. . အမေ အသံကြားလိုက်တယ် နိုး"

"ဟုတ်တယ် အမေပြန်လာပြီ ကိုကို ဒီတစ်ခါ ငါးရက်တောင်ကြာတယ်ကိုကို ပြန်လာတာ သိပုံမရဘူး ခုမှ ဝမ်းသာနေပုံရတယ်"

"အိမ်ထဲပြန်ဝင်ရအောင်နိုး၊ အမေနဲ့ စကားပြောချင်တယ်"

ဒေါ်ထားထားဝေက အသက်ကို ဖြည်းညင်းစွာ ရှုလိုက်ပြီး ဝေဒနာပျောက်ကင်းအောင် အားယူလိုက်သည်။ သားနှင့်ချွေးမကို အပြုံးမပျက် စောင့်ကြိုလိုက်သည်။

"အမေ"





မိုးစွေ ရင်ထဲမှအသံဖြင့် ခေါ်လိုက်သည်။

ဒေါ်ထားထားဝေက နှလုံးသည်းပွတ်ကြားမှ ယိုစီးထွက်လာသောအသံဖြင့်. . .

"သားကြီး"

မိုးစွေသည် နိုးကတစ်ဖက်ကျန်တစ်ဖက်က တုတ်တစ်ချောင်းကို အားပြုလျှောက်လှမ်းနေသည်။ ဒေါ်ထားထားဝေအနားရောက်တော့ နိုးက ဖယ်ပေးကာ ဒေါ်ထားထားဝေကိုတွဲစေသည်။

"အမေ ကြာတယ်၊ ကျွန်တော် ဖုန်းခွားကိုတောင် ခေါ်ခိုင်းမလို့၊ ညီလေးက ဒီနေ့ပြန်မလာရင် မနက်ဖြန်မှ သူလိုက်မယ်ဆိုလို့ စောင့်နေရတာ၊ နှင်းဝေနဲ့ ချစ်ဝေကို ဒီမှာလာနေဖို့ အမေခေါ်မလာခဲ့ဘူးလားဗျာ"

"ခေါ်မလာခဲ့ဘူး၊ ဒါပေမယ့် သူတို့ရှေ့ရေးအတွက် အမေ စီစဉ်ပေးခဲ့ပါတယ်လာသားကြီး အိမ်ထဲရောက်မှ စကားပြောကြတာပေါ့"

မိုးစွေရင်ထဲ၌ ဒေါ်ထားထားဝေကို အပြစ်မမြင် အချစ်သာမြင်ခဲ့သည်။ မိမိအား ရောင်းစားရက်သည်ဟုလည်း မငြိုငြင်ရက် သနားကရုဏာသက်၍သာ နေသည်။

"ထိုင် သားကြီး"

"အမေ ထမင်းစားပြီးပြီလား၊ သံပရာရည်လေး တစ်ခွက် အရင်သောက်ထားနှင့်နော် ညီချောရေ အမေ့ဖို့ သံပရာရည် ဖျော်ခဲ့ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ထားထားဝေက အလိမ္မာတိုးလာသော ချွေးမချော ကိုကြည်ကာ ပီတိပြုံး ပြုံးနေမိသည်။

"ပြောပါဦး အမေ"

"နှင်းဝေက ညောင်လေးပင်မြို့ထဲက မူလတန်းကျောင်း မှာ မူလတန်းပြဆရာမအလုပ်ကို ရတယ်လေ၊ အဝေးသင်နဲ့ ကျောင်းတက်ပြီးရင် အလယ်တန်း၊ အထက်တန်း၊ သူ့ကြိုးစားမှု ပေါ် မူတည်ပြီး ဖြစ်သွားမှာပဲ၊ ဆရာမဆိုတာ လူရိုသေ ရှင်ရိုသေ မဟုတ်လား၊ သူ့အတွက် အမေကျေနပ်တယ် စိတ်ချတယ်၊ ချစ်ဝေကတော့ ယောကျ်ားလေး သူဘဝကို ဒေါင်ကျကျ ပြားကျ ကျ ရုန်းကန်နိုင်ပြီး သူ့ဘဝကို ကြိုးစားသွားမယ့်လို့ အာမခံတယ်၊ နောက် သူက ကိုယ့်ထူးကိုယ်ချွန်ချင်တယ်၊ သူ့အစ်မကို သူ စောင့်ရှောက်ချင်တယ်၊ ဒါနဲ့ အမေ့အိမ်ကို သူတို့နှစ်ယောက် နာမည်နဲ့ လွှဲပြောင်းပေးခဲ့တယ်"

"အမေ နိမိတ်မရှိ နမာမရှိ ဘာတွေလျှောက်လုပ်တာ လဲဗျာ"

"လူဆိုတာ သေခြင်းကို ကြောက်လန့်နေလို့ ဘယ်ဖြစ် ပါ့မလဲ၊ သေမင်းကို အချိန်မရွေး ရင်ဆိုင်တတ်ရမယ်၊ ဒီအတွက် အမေ့မှာ စိတ်ပိုင်းဆိုင်ရာ အနှောင်အဖွဲ့ မရှိတော့ရင် အမေ စိတ်ရှင်းလင်းစွာနဲ့ သေမင်းကို ရင်ဆိုင်နိုင်မယ်"

"အမေ့ကို ကျွန်တော် နားမလည်တော့ဘူး"

"ဟုတ်သားပဲအမေရယ် သေစကားမပြောပါနဲ့"

နိုးကပါ သားအမိအားကြည့်ပြီး စိတ်ထိခိုက်စွာ ဝင်ပြော





လိုက်သည်။

ညိုချောယူလာသော သံပုရာရည်ခွက်ကို နိုးကယူကာ

"အမေသောက်လိုက်ပါဦး"

"သမီးလေးကော နေကောင်းသွားပြီလား"

"ဒီလိုပါပဲ အမေထမင်းတော့ မစားဘူး မာလကာသီး သရက်သီးတို့ပဲ စားနေတာနဲ့ ဗိုက်ပြည့်နေတယ်"

"ဘာပဲစားစား စားချင်တာစားရရင် အဟာရဖြစ်ပါ တယ် ဆရာဝန်ကောပြသလား"

"ပြတယ်လေ အချိန်ပြည့်၊ ဆရာဝန်က ကျွန်မ အနားမှာ ရှိနေပြီပဲ"

"ဝမ်းသာတယ် သမီးလေးရယ်၊ အမေအရမ်းဝမ်းသာ တာပဲ၊ သားကြီး အခြေအနေလည်း တော်တော် တိုးတက်လာပြီပဲ"

"ဟုတ်တယ် အမေနောက်လလောက်ဆိုရင် တုတ်ဖယ် သို့ရမှာ"

"အနာရွတ်တွေတောင် တော်တော်မှိန်သွားပြီပဲ"

"အမေ့သားက အမေနဲ့တူလို့ ချောတာပေါ့"

မိုးစွေက မိခင်အား အာရုံပြောင်းလွဲပေးလိုက်သည်။ အစက မိခင်အား မိမိအား ရှောင်းစားရက်လေခြင်းဟု ဒေါသ ထွက်ခဲ့သည်။ အဖြစ်မှန်ကို သိရချိန်၌ "ကျွန်တော့်ဘဝမှာ ကိုယ့် သားကို ငွေနဲ့လဲလှယ်တဲ့မိခင် ဒီတစ်ခါပဲ ကြားဖူးတယ်၊ အံ့ဩ တယ်၊ ရှက်တယ်၊ နာကြည်းတယ်၊ တော်ပြီ ကျွန်တော့်ဘဝမှာ အမေမရှိဘူး၊ မေမေတစ်ယောက်တည်းရှိတယ်" ဟု ပြောပြီး



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြေးခဲ့ကာ ကားကို တရကြမ်းမောင်းထွက်ခဲ့သည်။ အဖြစ်မှန်ကို ဖုံးကွယ်ထားသော ဖခင်ဦးဘမိုးကိုလည်း ဒေါသထွက်လေသည်။

တဒင်္ဂတွင် ကျေးဇူးရှင်များအပေါ် စော်ကားမိသဖြင့် ကားမှောက်ကာ ဒုက္ခိတဘဝကို ရောက်ရလေသည်။

နောင်တအကြီးအကျယ်ရကာ မွေးမိခင်ကော နို့ချိုတိုက်မွေးခဲ့သူ မိခင်ကော ကရိုကထခံကာ ပြုစုခဲ့သော အမိုးကော အားလုံး၏ ကျေးဇူးတရား၊ ဖခင်ဦးဘမိုး၏ ကျေးဇူးတရားများကို နားလည်သွားခဲ့ပြီ။

အထူးသဖြင့် မိမိကိုယ်တိုင်မိဘဟူသော နေရာကို ရောက်သောအခါ မျက်စိမမြင်ရသော်လည်း ကျန်အာရုံများ ကျန်ခန္ဓာအစိတ်အပိုင်းဟူသမျှတို့ သားသမီးအားအတွက် ကာကွယ်စောင့်ရှောက်ရန် အသင့်အနေအထားရှိနေလေပြီ။

ရင်သွေးအတွက် သူရဲရင့်နေပြီ။

ရင်သွေးအတွက် သူ့မှာ ပြင်ဆင်မှုတွေ ပြုလုပ်နေပြီ။

မိဘ၏ မေတ္တာတရားကို သူ ကောင်းစွာ ခံစားနားလည်သဘောပေါက်မိလေသည်။

"အမေ ကျွန်တော် ဆောက်လုပ်ရေးလုပ်ငန်းတစ်ခု အားလုံးပြီးစီးလို့ စာရင်းချုပ်ပြီးရင် ညီလေး သက်ဝေကို တစ်ခု ခွင့်ပေးပြီး ညောင်လေးပင်အိမ်ကလေးကို ဝန်းခတ် တိုက် ဆောက်ပေးလိုက်မယ်"

"ဝန်းက အုတ်နံရံတွေဘာတွေ မကာနဲ့ သားကြီး၊ သူ့ကို သဘာဝအတိုင်းပုဏ္ဏရိပ်ပင်လေးတွေနဲ့ စည်းရိုးခတ်၊ အိမ်နီးချင်းတွေရဲ့ စောင့်ရှောက်ကူညီမှုနဲ့ နေပါစေ၊ အိမ်ကလည်း သွပ်မိုးမျဉ်ကာရုံပဲ တော်ပြီ၊ ရှိရင်းစွဲပတ်ဝန်းကျင်ထက် ဘာမှထူးထူးကဲကဲ မရှိစေချင်ဘူး၊ ဒါမှ မနာလိုမှုကင်းပြီး အန္တရာယ်လည်း ကင်းတယ်"

အမြော်အမြင်ကြီးသော မိခင်၏စကားကြောင့် မိုးစွေကော နိုးပါပညာယူရလေသည်။

"သူတို့ဖြစ်ချင်တိုင်းလည်း အလိုမလိုက်နဲ့၊ အလိုလိုက်ချင်ရင်သားကြီးတို့ မျက်စိရှေ့မှာထား အလိုလိုက်၊ အမိက အမေမှာချင်တာကအမေ မရှိတောတဲ့နောက်ပိုင်းမှာ သူတို့ကလေးတွေကိုတော မျက်ခြေမပြတ် နားစွင့်ပြီး စောင့်ရှောက်ပေးဖို့ပါပဲ"

"အမေကလည်းဗျာ၊ အမေ မရှိတော့ရင်ဆိုတဲ့ စကားကြီးကို ထည့်မပြောပါနဲ့"

"သားကြီးကလည်း သေခြင်းဟာ လူတိုင်းရင်ဆိုင်ရမှာပဲ သေခြင်းကို မကြားချင်လို့ မရဘူး"

"အမေ စကားပြောရတာ မောနေပြီ၊ အမေ ထမင်းစားလေလား ကျွန်မပြင်ခိုင်းလိုက်မယ်လေ"

နိုး၏ ပြောင်းလဲလာသော သိတတ်မှုများကို ဒေါ်ထားထားဝေ ရိပ်မိသကဲ့သို့ မိုးစွေ မျက်နှာပြင်တွင် အပြုံးရိပ်များစွန်းထင်းနေသည်ကို အကဲခတ်မိပြီး ဒေါ်ထားထားဝေ သားအတွက် များစွာကျေနပ်မိလေသည်။

"ရတယ် သမီးလေး၊ အမေ အမိုးနဲ့ စကားပြောရင်း







www.burmeseclassic.com

www.burmeseclassic.com



သူနဲ့မှ အတူစားတော့မယ် သမီးတို့စကားပြောနေလေ”

“ကိုကို့ကို စာဖတ်ပြဦးမယ်၊ စီးပွားရေးအခြေအနေတွေ သတင်းတွေ၊ နောက် ကိုသက်ဝေလာပို့ပေးတဲ့ စာရင်းဇယားတွေ ဖတ်ပြရဦးမယ် မေမေ”

“အေးအေး ကောင်းတယ်၊ သားကြီးအတွက်တော့ အိမ်ရှင်မ ကောင်းရုံတင်မကဘူး အတွင်းရေးမှူးကောင်းတစ်ယောက် ပါ ရနေပြီ၊ ဒါပေမယ့် သားကြီးရေ အမေ့ဆန္ဒ တစ်ခုတော့ ပြောပါရစေဦး”

“ပြောပါ အမေ”

“သားကြီးဟာ ဆရာဝန်လေ အကယ်၍များ သားကြီး မျက်စိနှစ်ကွင်းအလင်းရခဲ့ရင် ဆရာဝန်အလုပ်ကိုလည်း ပြန်လုပ် ပါသား၊ အမေတို့လို မရှိဆင်းရဲသားတွေအတွက် အမြတ်အစွန်း ကို အဓိကမထားပဲ စေတနာကိုအဓိကထားတဲ့ ဆရာဝန်အဖြစ် အမေဂုဏ်ယူပါရစေ သားရယ်”

“ဟုတ်ပါတယ် အမေ၊ အမှောင်ထဲရောက်နေမှရော နောင်တမဟုတ်ပါဘူး အမေ၊ ကျွန်တော်ကိုယ်တိုင် ဒုက္ခဝေဒနာ ကိုခံစားလိုက်ရတဲ့အချိန်မှာ လူနာတွေအပေါ် စာနာစိတ်အ ပြည့်ရှိပြီး ဆရာဝန်အလုပ်ကို ပြန်လုပ်တော့မယ်ဆိုတဲ့ ဆန္ဒဖြစ် ခဲ့ပါတယ်။ မျက်စိနှစ်ကွင်း အလင်းရခဲ့ရင် ပထမဦးဆုံးအကောင် အထည်ဖော်မယ့် အလုပ်က ဆေးကုသတဲ့ ဆရာဝန်အလုပ်ပါ ညီလေး သက်ဝေကလည်း အားကိုးနေရပြီပဲ”

“ကျွန်မ တစ်ခုဘဝင်မကျတာ ရှိတယ် အမေ”





“ဘာလဲ သမီးလေး”

“အမေက မေ့သားကြီးကိုတော့ လူတွေရဲ့အသက် ကယ်တင်စေချင်တယ်၊ အမေ့သားငယ် မောင်ချစ်ဝေကိုကျ တော့ ငါးအင်းမှာ အလုပ်လုပ်နေတာ အကုသိုလ်အလုပ်ဆိုပြီး မကယ်တင်ခဲ့ဘူးလား”

“ဩော် ဒါလား၊ ခု မောင်ချစ်ဝေက ငါးအင်းမှာ မဟုတ် တော့ဘူးသမီးလေး၊ သူ့ သူဌေးက ငါးအင်းက စာရင်းဇယား ကြည့်ရုံနဲ့ စပါးဒိုင်မှာ စာရေးခန့်ထားလိုက်တာ လူယုံသဘော ပေါ့၊ ကျေးဇူးတင်တယ် သမီးလေးရယ်. . ခုလို သမီးလေးက အမျှော်အမြင်ရှိတာ မြင်ရတော့ အမေဝမ်းသာတယ်၊ သမီးရဲ့ ယောင်းမနဲ့ မတ်ကိုလည်း စောင့်ရှောက်ပေးပါကွယ်၊ ကဲ. . ကဲ အမေ ထမင်းသွားစားလိုက်ဦးမယ်”

ဒေါ်ထားထားဝေ ထသွားပြီး ထမင်းစားခန်းထဲ ဝင် ရောက်သွားတော့မှ နိုးက. . .

“အမေ့ကြည့်ရတာ တစ်မျိုးပဲ”

“နေကောင်းပါတယ်၊ ခုနက ကိုကို့ကိုတွဲတဲ့ အမေ့လက် တွေ သာမန်လိုပါပဲ”

“ဒါပေမယ့် အမေ့စကားတွေက တစ်မျိုးပဲ ရက်ရှည် နေ့ရှည်ထွက်မယ့် လူတစ်ယောက်က အိမ်သားတွေ သားသမီး တွေကို စိတ်မချလို့ မှာပုံမျိုးနဲ့ တူမနေဘူးလား”

“နိုး”

မိုးစွေက နိုးရှိရာသို့ မှန်းဆပြီး ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နိုးကို သူမမြင်တွေ့ရချေ။

သို့သော် သူ၏အာရုံ၌ နိုးသည် ယခင်နိုးမဟုတ်တော့ ရင့်ကျက်နေသော ရုပ်အသွင်နှင့် နိုးဖြစ်နေလေပြီ။

"ရှင် ကိုကို"

"ပြောင်းလဲတာ မြန်လှချည်လား၊ မင်းအရင်နိုး မဟုတ်တော့ဘူးနော်"

"ဟုတ်တယ် ကိုကို ကျွန်မဟာ မွေးဖွားလာကတည်းက မပြည့်စုံခြင်းကစခဲ့ရတယ်၊ ဒုက္ခကို ကျွန်မရင်ဆိုင်ခဲ့ပြီးပြီ ခုမှ ကျွန်မဘဝက ပြည့်စုံလာတော့မှာ၊ ဒါပေမယ့် ဒီပြည့်စုံတဲ့ ဘဝမှာ ကျွန်မက သားသမီးနေရာက မဟုတ်တော့ဘူး အိမ်ရှင်မ ကောင်း မိခင်ကောင်းဆိုတဲ့နေရာကပါ၊ ဒါတွေဟာ အမေ့ကျေးဇူး အမိုးကျေးဇူးတွေပါ၊ သူတို့က ကျွန်မကို သွန်သင်ပေးကြတယ် ကိုကို၊ ဝမ်းမသာဘူးလားဟင်"

"ဝမ်းသာပါတယ် နိုးလေးရယ်၊ ဒါပေမယ့်"

နိုးက မိုးစွေ၏ နှုတ်ခမ်းကို သူ၏ညာလက်ချောင်း ပျော့ပျောင်းကလေးများဖြင့် လှမ်းအုပ်လိုက်သည်။

"ဟိုး . . ဒါပေမယ့်ဆိုတဲ့ စကားမဆက်နဲ့တော့ ကိုကို ကျွန်မအတွက် ကိုကို အမြဲတမ်း ဝမ်းသာနေစေရမယ်၊ ကဲ ကိုကို ကျွန်မစာရင်းတွေ ဖတ်ပြတော့မယ်နော်"

မိုးစွေပြောခွင့်မသာတော့။

ဒုက္ခတွင်းကို ရောက်ရှိချိန်မှ အဖော်ကောင်းကို တွေ့ရှိရတတ်သည်တဲ့။





ယခင်က နိုးကို လက်ထပ်ခဲ့ခြင်းအတွက် နောင်တရသလိုဖြစ်ခဲ့သော စိတ်တို့သည် လွင့်ပါးပျောက်ကွယ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၂)

"သား"

ဒေါ်ထားထားဝေသည် သက်ဝေ၏ မျက်နှာလေးကို တစိမ့်စိမ့်ငေးကြည့်ရင်းခေါ်လိုက်သည်။

"ဗျာ. . မေမေ"

"သား အသားတွေဖြူလာတယ် နည်းနည်းလည်းဝလာတော့ သားအစ်ကိုကြီးနဲ့ ဆင်လာတယ်"





"ညီအစ်ကိုကိုး မေမေရယ်"

"သားအစ်ကိုကြီးရဲ့ ကျေးဇူးတရားတွေ ဦးဘမိုးနဲ့ ဒေါ်အေးအေးဆွေတို့ရဲ့ ကျေးဇူးတရားတွေကိုတော့ သားလုံးဝမမေ့နဲ့ သူတို့ကို မိဘအရာထားပြီး အားကိုးပါ ကိုယ့်အလှည့်ရောက်တဲ့အခါ ပြန်လည်ကျေးဇူးဆပ်"

"ဟုတ်ကဲ့မေမေ ကျွန်တော်နားလည်ပါတယ်၊ မေမေကျွန်တော့ကို တွေ့ချင်တယ်ဆိုတာ ဘာပြောမလို့လဲမေမေ"

သက်ဝေက ဒေါ်ထားထားဝေအား စူးစမ်းသော အကြည့်ဖြင့်ကြည့်ကာ မေးလိုက်သည်။

"ဘာမှမဟုတ်ပါဘူး သားနဲ့မတွေ့ရတာ လေးငါးရက်ရှိပြီဆိုတော့ မေမေ အောင်းမေ့လို့ပါ၊ သားအလုပ်လုပ်ရတာ အဆင်ပြေရဲ့လား"

"ပြေပါတယ်"

"စာရေးချိန်တော့ ရရဲ့လား"

"ရပါတယ် အမေ"

"သားရဲ့ ရည်မှန်းချက် မပျက်စေပါနဲ့"

"မပျက်စေရပါဘူး မေမေ၊ ကျွန်တော်ကြိုးစားမှာပါ"

"သားညီလေးနဲ့ ညီမလေးကိုလည်း အားတဲ့အချိန်တိုင်း သွားကြည့်ပြီး စောင့်ရှောက်ပေးပါ"

"ဟုတ်ကဲ့ မေမေ"

"သြော် အကယ်၍များ အမေတစ်စုံတစ်ရာ ဖြစ်သွားရင် ဆရာဝန်ကြီး ဦးအောင်မောင်းကို ချက်ချင်းဖုန်းဆက်ဖို့မမေ့နဲ့



www.burmeseclassic.com

www.burmeseclassic.com



နော်"

"မေမေက ဘာဖြစ်လို့ ဒီစကားတွေ ပြောနေရတာလဲ မပြောနဲ့ဗျာ"

ဒေါ်ထားထားဝေက သက်ဝေ၏ အလိုမကျမှုန်တေ သွားသောမျက်နှာကို ကြည်ကာ ပြုံးလိုက်သည်။

"လူတိုင်းမလွဲမသေရင်ဆိုင်ရမယ့် သေခြင်းတရားကို ကြောက်ရွံ့နေလို့ ရမလား သား၊ လူဆိုတာ တစ်ကြိမ်ပဲ သေရတာပဲ၊ ကဲပါလေ မေမေသေသွားရင် မေမေ့မျက်ကြည်လွှာ သားကြီးကို အစားထိုးပေးဖို့ မေမေ ဆရာကြီးကို မှာထားပြီးပြီ"

"မေမေ"

သက်ဝေက အထိတ်တလန့် ဟန့်တားလိုက်သည်။

ဒေါ်ထားထားဝေက လက်ကာကာ. . .

"မေမေ ဆက်ပြောမယ်သားကြီးမသိစေနဲ့ မေမေ့ အစီအစဉ် သားကြီးလက်ခံချင်မှ လက်ခံမှာ သားကြီးမသိအောင် စီစဉ်ပေး ကြားလားသား၊ ဆေးရုံကို အမေ့ခန္ဓာကိုယ် လှူပြီး သား"

"မေမေကလည်းဗျာ"

"လူဆိုတာ သေမျိုးကြီးပဲ၊ ဆန့်သောလက် မကွေးမီ ကွေးသောလက်မဆန့်ခင် သေသွားကြတာကြီးပဲ၊ မေမေ သားကြီးအတွက် မိခင် တာဝန်မကျေခဲ့ဘူး၊ မေမေ့မှာ သားကြီးကို ပေးဆပ်စရာ အကြွေးတင်နေတယ်"

"တော်ပါတော့ မေမေရယ်ကျွန်တော် နားမထောင်ချင်





တော့ဘူး၊ မေမေ့ကို နှလုံးရောဂါအထူးကုနဲ့ ထပ်ပြဖို့ ကိုကြီးက ကျွန်တော့ကို ပြောနေတယ်၊ အခု မေမေ အားသလား"

"ရှေ့အပတ်မှ သွားတာပေါ့သားရယ်၊ ကဲ. . ကဲ. . မိုးချုပ်ပြီး သားပြန်တော့ သားကိုကြီးကို တွေ့သွားလိုက်ဦး"

"ဟုတ်ကဲ့ မေမေ"

သက်ဝေက စာကြည့်ခန်းထဲတွင်ရှိနေသော မိုးစွေနှင့် နိုးအား ဝင်တွေ့လိုက်သည်။

"ကိုကြီး မနေ့က စာရင်းစာအုပ် ကျွန်တော် ပြန်ယူသွားလို့ရပြီးလား"

"ရပြီး ညီလေး၊ နိုး ပေးလိုက်"

"ဟုတ်"

"စာရင်းမှတ်ထားသလား၊ ဘာတွေလိုအပ်သေးသလဲ"

"ဘာမှမလိုဘူး ညီလေးက သိပ်တော်တာပဲ၊ ဒါထက် အမေကဘာတွေပြောနေတာလဲ"

"ဘာရယ်မဟုတ်ပါဘူး ကိုကြီးရာ၊ ကျွန်တော့်ကိုအလုပ် အကိုင်အဆင်ပြေရဲ့လား ဘာ့လား၊ ညီလေး ညီမလေးကို စောင့် ရှောက်ဖို့နဲ့ ကိုကြီးစကား နားထောင်ဖို့ အာလာပသလ္လာပ ပြောနေတာ"

"ဟုတ်လား"

"ကျွန်တော် ပြန်တော့မယ်နော်"

"အေးအေး"

သက်ဝေခြေသံပျောက်သွားခြင်းကို မိုးစွေနားစွင့်နေ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ပျောက်ကွယ်သွားမှ. . .

"နိုး"

"ရှင် ကိုကို"

"သက်ဝေကို ဘယ်လိုမြင်သလဲ"

"ဘာကို ဘယ်လိုမြင်ရမှာလဲ"

"သက်ဝေဟာ အရင်ကသက်ဝေ ဟုတ်ရဲ့လား"

"မဟုတ်တော့ဘူး အသားဖြူလာတယ် အရင်ကလို ပိန်ကပ်ကပ်လည်း မဟုတ်တော့ဘူး၊ ကိုကိုနဲ့ဆင်လာတယ် ကဗျာဆရာရုပ်သိပ်မပေါက်တော့ဘူး သူဌေးရုပ်ပေါက်လာပြီး"

မိုးစွေက သဘောကျစွာ ရယ်မောလိုက်သည်။

နိုးက နှုတ်ခမ်းစူကာ. . .

"ဘာရယ်တာလဲ"

"သဘောကျလို့"

"သူဌေးရုပ်ပေါက်လာပြီဆိုလို့ ကိုကိုတို့ ညီအစ်ကိုတွေက ဘဝမှန်ကို နားလည်ကြပါတယ်၊ ခုကြည့်လေ သက်ဝေဟာ ကိုကို့အတွက်ကြောင့် သူပိုင်းလုပ်နေပေမယ့် သူ့ရည်မှန်းချက်ကို သူအရောက်ချီတက်မှာ၊ ကိုကိုလည်း ဒီလိုပါပဲ ကိုကိုသာ မျက်စိပြန်ကောင်းခဲ့ရင် မွေးစားမိဘတွေရဲ့ အကျိုးကျေးဇူးကိုလည်း တစ်ဖက်တစ်လမ်းကဆပ်မယ်၊ ပြီးရင် ဘဝတူ ဆင်းရဲသားတွေရဲ့ ကျန်းမာရေးကို တတ်နိုင်သမျှ ပေးဆပ်ကယ်တင်ဖို့ ဆုံးဖြတ်ပြီးသား"

"ကိုကို့ စေတနာမှန်ရင် ကိုကို မျက်စိအမြန်ဆုံး ပြန်မြင်





ရမှာပါ၊ ကျွန်မဆုတောင်းပေးပါတယ်"


နိုးက မိုးစွေ၏ ရင်ခွင်ထဲ တိုးဝင်ကာ နှလုံးသည်းပွတ်ထဲမှ ထွက်ပေါ်လာသော စကားကိုဆက်ပြောလိုက်လေသည်။

"အခုလေ ကျွန်မနှလုံးသားကို ကျွန်မကြည့်တတ်လာပြီ ကိုကို ကျွန်မကိုကို့ကို သိပ်ချစ်တာပဲ သိလား" ဟူ၍. . .။



www.burmeseclassic.com

www.burmeseclassic.com








# အခန်း(၃၃)

မိုးစွေ ထူးခြားလာသော မျက်စိအနေအထားတို့ ရိုပ်မိလာသည်။

"မိုး"

"ရှင် ကိုကို"

"ပတ်တီး အထူနည်းသွားသလား"

"ဟုတ်ကဲ့ကိုကို ဘာဖြစ်လို့လဲ ဟင်"

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"တစ်မျိုးပဲလို့ ကိုကို ခံစားရလို့"

"ဩော် ကိုကိုရယ်"

နိုးက မျက်ရည်များဆို့တက်လာသည်။ ဝမ်းသာဝမ်းနည်းမှုက နှလုံးသားကို တစ်ဆတ်ဆတ်ခါ နာကျင်စေသည်။

"နိုးရယ် နေ့တိုင်းလာမစောင့်ပါနဲ့ ကိုယ်ဝန်ဆောင်မိခင်ဆိုတာ အညောင်းထိုင်လို့ မကောင်းဘူး သက်တောင့်သက်သာ နေရတယ် အမိုးပဲစောင့်ပါစေ"

"ပတ်တီးဖြေဖို့ တစ်ပတ်ပဲလိုတော့တာပဲ ရပါတယ် ကိုကိုရယ်"

"နိုးဟာလေ အရင်နိုးနဲ့ မတူတော့ဘူး"

"ဒါကတော့ ကိုကိုရယ်နိုးကိုလေ ဘဝကသင်ခန်းစာတွေ အများကြီးပေးလိုက်ပြီပဲ၊ နိုးလေနိုး မိခင်ကောင်းတစ်ယောက်ဖြစ်ဖို့ အများကြီးကြိုးစားဦးမှာ"

"နိုးရယ် ကိုကိုမျက်စိပြန်မြင်ရတော့မှာပဲ၊ နိုးကို ကိုကို အများကြီး စောင့်ရှောက်ပေးမှာပေါ့၊ နိုး တစ်ယောက်တည်း တာဝန် မဟုတ်ပါဘူး၊ ကိုကိုလည်း တာဝန်ယူမှာပဲ. . ဆင်းရဲတဲ့ အမေတို့တောင် သားသမီးသုံးယောက်ကို ပြုစုပျိုးထောင်နိုင်သေးတာပဲ ကိုကိုတို့က ဘာဖြစ်လို့ မိဘကောင်းတွေ မဖြစ်ရမှာလဲ"

"ဟုတ်ပါတယ်ကိုကိုရယ်၊ ကဲ. . ကဲ. . နိုး စာဖတ်ပြမယ်နော်"

"နိုး. . . ဒရင်းဘတ်ဘေး သက်တောင့်သက်သာ လဲလျောင်းနော်"

"ဟုတ်ကဲ့ပါ ကိုကိုရယ်"

နိုးက ဂျာနယ်တစ်စောင်ဖတ်ဟန်ပြင်လိုက်သည်။ သို့သော်မိုးစွေက သူသိလိုသောအကြောင်းအရာကို မေးခွန်းထုတ်လိုက်သည်။

"နေဦးနိုး အမေ ခုထက်ထိ ညောင်လေးပင်က ပြန်မလာသေးဘူးလား"

"ဟုတ်တယ်ကိုကို မောင်ချစ်ဝေလေးက ခရီးထွက်နေရတော့ နှင်းဝေတစ်ယောက်ထဲ စိတ်မချရလို့ဆိုပြီး ပြန်မလာသေးတာ၊ အမေမရှိပေမယ့် ဖေဖေနဲ့ မေမေလည်းရှိတယ်. . ညွှန်မတို့လည်း ရှိတာပဲ"

နိုးသည် ကျင့်သားရနေပြီဖြစ်သော စကားကို ထပ်မံပြောကြားလိုက်သည်။

မိုးစွေက သက်ပြင်းချလိုက်သည်။

"အမေ နေကောင်းရဲ့လားကိုကို အမေ့ကို အိပ်မက်မက်တယ်"

"ကိုသက်ဝေကို သွားကြည့်ခိုင်းလိုက်မယ်လေ"

"ကိုကို ပတ်တီးဖြေတဲ့နေ့မှာ လူစုံတက်စုံဖြစ်ချင်တယ်"

"အင်း. . . မြင်ရမှာပေါ့ ကိုကိုရယ်"

နိုးရင်ထဲမှာ နာကျင်မှုကို အောင့်အည်းသည်းခံကာ ဟန်မပျက်ပြောလိုက်သည်။ မိုးစွေသာမြင်ရမည်ဆိုပါက နိုး၏ ပါးပြင် နှစ်ဖက်ဝယ် မျက်ရည်ချောင်းလေး တသွင်သွင်ဖြစ်[illegible]







www.burmeseclassic.com

www.burmeseclassic.com



စီးဆင်းမှုကို မြင်ရပေလိမ့်မည်။

“အမေ့ကို ဖြစ်အောင်ခေါ်ပေးထားပါ”

“ဟုတ်. . ဟုတ်ကဲ့ပါ ကိုကို”

“နိုး စာမဖတ်နဲ့တော့ ကိုကိုအိပ်လိုက်ဦးမယ်”

“ဟုတ်”

နိုးရင်ထဲ၌ နာကျင်လွန်းသဖြင့် စီးကျလာသော မျက်ရည်များကို အသာသုတ်ရင်း ဒရင်းဘတ်ပေါ်၌ ငြိမ်သက်နေလိုက်သည်။

နိုးသည် မိမိအားမွေးပြီး သေဆုံးသွားရှာသော မိခင်ကို သတိရလိုက်မိသည်။ ရင်မှာနာကျင်မှုများကြောင့် မျက်ရည်စတို့က အဆက်မပြတ်။

ခင်ပွန်းဖြစ်သူ ကြားမှာစိုး၍ ကြိတ်၍ခံစားရသော သောနာကလည်း ရှိသေးသည်။

အမိုး ထမင်းချိုင့်လာပို့လျှင် အိမ်၌ခေတ္တပြန်နားရန် ဆုံးဖြတ်လိုက်သည်။







# အခန်း(၃၄)

မိုးစွေသည် အခန်းအတွင်းရှိ လူစုံတက်စုံကို ကြည့်ကာ ပြုံးပြလိုက်သည်။

သူမျက်စိနှစ်ကွင်း အလင်းပြန်ရလေပြီ။ သူ့အတွက် ဘယ်ခြေထောက်တစ်ဖက် မသိမသာလေး နိမ့်ပါးသွားသည်မှအပ သူသည် သာမန်လူသားနှင့် မခြားတော့ပေ။

“ကျွန်တော် အားလုံးကို မြင်ရပြီ”



www.burmeseclassic.com

www.burmeseclassic.com



နိုးက အမိုးကို ဖက်တွယ်ထားကာ မျက်ရည်များ စီးကျလာသည်။

မိုးစွေက မမြင်။ သူ့ရင်ထဲမှ ဆန္ဒကို ပထမဦးဆုံးထုတ်ဖော်မေးမြန်းလိုက်သည်။

"မေမေ ကျွန်တော် အမေကော"

ဒေါ်အေးအေးဆွေက သောကလုံးကို တံထွေးမျိုချကာ ရှင်းလင်းလိုက်ပြီးမှ

"လာပါလိမ့်မယ်သားရယ် မောင်ချစ်ဝေ ပြန်ရောက်လာတာနဲ့ လာမယ်လို့ပြောတယ်"

"ရော့ . သား မှန်ကြည့်လိုက်ပါဦး"

ဦးဘမိုးက မှန်တစ်ချပ် ကမ်းပေးလိုက်သည်။ အာရုံလွှဲပြောင်းပေးခြင်းဖြစ်သည်။

"ဘာမှပြောင်းလဲမှု မရှိပါလား အမာရွတ်တွေတောင်ပျောက်သွားပြီပဲ"

"သုံးလတောင်ရှိပြီကို သားရဲ့"

"သုံးလ"

မိုးစွေက နိုး အားကြည့်လိုက်သည်။ မိခင်လောင်းအကျီကလေးနှင့် နိုးသည် ကျက်သရေမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံနေသည်ဟု မြင်တွေ့လိုက်သည်။

"နိုး"

သူ ခုတင်ပေါ်မှဆင်းကာ နိုးထံသို့ လျှောက်သွား လိုက်သည်။





နိုးက မျက်ရည်ပြွန်းသော မျက်လုံးအစုံဖြင့် မိုးစွေအား ကြိုလိုက်သည်။

နိုး၏ ပခုံးလေးကို ဖက်သိုင်းကာ. . .

"ဘာဖြစ်လို့ ငိုတာလဲ၊ ကိုကိုပြန်မြင်ရပြီလေ"

နိုးက အမိုးကိုလှမ်းကြည့်လိုက်သည်။ အမိုးက ခေါင်းခါပြလိုက်သည်။

အားလုံး၏ မျက်နှာသည် မရွှင်ပြကြပေ။ ဦးဘမိုးနှင့် သက်ဝေက အခြေအနေကိုထိန်းကာ. . .

"သား ဆရာကြီးကို ကန်တော့လိုက်ပြန်ရအောင်"

မိုးစွေရင်ထဲ တစ်မျိုးဖြစ်နေသော မေးခွန်းကို မေးခွင့်မရလိုက်တော့ဘဲ။ သူ၏မျက်စိကို ခွဲစိတ်ကုသပေးသော ဆရာဝန် ကြီးအားနိုးနှင့်တော့ ထိုင်ကန်တော့လိုက်သည်။

ပြီးသည်နှင့်. . .

"ဖေဖေကျွန်တော့်ကို မျက်စိလှူဒါန်းပေးခဲ့တဲ့သူရဲ့ မိသားစုကိုကော သွားတွေ့ပြီး ကျေးဇူးပြုချင်တယ်"

"သွားရမှာပေါ့သားရယ် ဖေဖေအားလုံးစီစဉ်ထားပါတယ် သွားကြရအောင်"

မိုးစွေထံမှ ထပ်မံ၍ မေးခွန်းများကို မေမှာစိုးရိမ်သဖြင့် ဦးဘမိုးက စကားဖြတ်လိုက်သည်။ ဆရာဝန်/ဆရာမများကို နှုတ်ဆက်ပြီး ကားအသီးသီးဖြင့် အိမ်ပြန်လာကြသည်။

တစ်လမ်းလုံး မိုးစွေကသာစကားပြောပြီး ကျန်လူများက အင်းအဲမျှသာ အသံထွက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ညီလေး သက်ဝေ"

"ဟုတ်ကဲ့ ကိုကြီး"

"ကိုယ့်ကို ညောင်လေးပင်လိုက်ပို့စမ်းပါ"

"မရသေးဘူး ကိုကြီး ဆရာဝန်ကြီး မှာလိုက်တယ် သုံးလေးရက်လောက် အနားယူလိုက်ပါဦးဆိုလို့ ခုတောင် ကိုကိုတို့ ဖေဖေတို့ မေမေတို့အိမ်မှာ အနားယူရမှာ ပြီးတာနဲ့ ညောင်လေးပင်ကို ပို့ပေးမယ်"

"ဟုတ်တယ် သား"

"သား ကောင်းပါပြီ၊ ဘာမှမဖြစ်တော့ဘူး မျက်စိကလည်း အောင့်ခြင်း၊ ဝါးခြင်းဘာမှမရှိတော့ဘူး ဖေဖေ"

"ဘာပဲဖြစ်ဖြစ် ဆရာကြီးနဲ့ စကားဖေဖေတို့ရဲ့ စကားကိုနားထောင်ပါ သားစာလည်းမကြည့်ရသေးဘူး၊ အချိန်မှန်မှန်အိပ် ဆေးသောက်ဆေးထည့် နားရဦးမှာ ငဲ့ညှာရမယ့်ရင်သွေးလေးရှိတယ် သူ့အတွက် သားရဲ့ဆန္ဒတွေကို ထိန်းချုပ်ထားပါဦး"

မိုးစွေ သက်ပြင်းချလိုက်သည်။ ဖေဖေဦးဘမိုးပြောသော စကားများမှန်ကန်နေသဖြင့် သူအမေးအမြန်းမထူတော့ဘဲ သူ၏ဆန္ဒကို မျိုချလိုက်သည်။

နိုးက အရင်နိုးမဟုတ်တော့၊ စကားနည်းကာ တိတ်ဆိတ်နေလေသည်။ မျက်နှာတော့ သိပ်မကောင်း။

"နိုး"

"ရှင်"

"နေမကောင်းဘူးလား"





"ဟုတ်တယ်၊ ညကလေ ကိုကို မျက်စိပြန်မြင်ရပါ့မလားသို့ စိုးရိမ်ပြီး အိပ်မပျော်တာနဲ့"

"အိုး နိုးကလည်း မြန်မာပြည်မှာ မျက်ကြည့်လွှာ အစားထိုးကုသနည်းဟာ အောင်မြင်နေခဲ့တာ ဘယ်လောက်ကြာပြီလဲ၊ ကိုကိုတောင် ပါရဂူဘွဲ့ထပ်ဖြေတော့မယ်"

"ကောင်းပါတယ် ကိုကို"

နိုးက တက်ကြွလန်းဆန်းနေသော မိုးစွေအားကြည့်ကာ စိတ်ထိခိုက်သဖြင့် မျက်နှာကို တစ်ဖက်သို့ မသိမသာ လှည့်ကာ မျက်နှာလွှဲပစ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၅)

"ကျွန်တော် ဘာမှမလုပ်ပဲ မနေချင်တော့ဘူး ဖေဖေ"

"အေးပါကွယ်. . ဒီနေ့ပဲ မင်းကို လုပ်ရှားလည်ပတ်ခွင့် ပေးတော့မှာပါ၊ အဲ့ဒီအခါသာ မင်းလောကကြီးကို ကြံ့ကြံ့ခိုင် ရင်ဆိုင်နိုင်အောင်ကြိုးစားပြီး ကိုယ့်တာဝန်ကိုယ် ကျေပြွန်စွာ ထမ်းဆောင်ပေတော့သား"

မိုးစွေက ရယ်မောကာ. . .





"ကိုယ့်တာဝန်ကိုယ် ကျေပြွန်ရမယ်၊ ဖေဖေက သားဘဝမှာ ဒုက္ခကိုမှ ရင်မဆိုင်ခဲ့ဘူးပဲ၊ ရင်ဆိုင်ရလိုက်တဲ့အချိန်မှာ ဒုက္ခက အပေါင်းအဖော်နဲ့ဆိုတော့ ခံနိုင်ရည်မရှိခဲ့တာ သားရဲ့ အားနည်းချက်ပါ၊ ခုသားအတွက် သားခံစားရတဲ့တိုင်အောင် သားရဲ့ရင်သွေးအတွက် သားကြံ့ကြံ့ခံ ရပ်တည်သွားမှာပါ"

"အေး. . အဲဒါ မိဘတိုင်းရဲ့ ကြီးမားတဲ့စေတနာပဲ၊ အဲ့ဒီ စေတနာဟာ မိဘတိုင်းမှာ ရှိပါတယ်သား၊ သားဟာ ဖေဖေ မေမေရဲ့ မိဘစေတနာကို နားလည်ခဲ့သလို မင်းအပေါ်ကိုးလ လွယ်ဆယ်လဖွားပြီး မွေးခဲ့တဲ့ မွေးမေမေရဲ့ မေတ္တာကိုလည်း"

"သားနားလည်ပါတယ် ဖေဖေ၊ အမေဟာ ကမ္ဘာမီး လောင်သားကောင်ချနင်းခဲ့တာ မဟုတ်ပါဘူး၊ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုသလို သားဘဝကိုလည်းမြင့်မားစေချင်၊ သူတို့ဘဝ လည်းအဆင်ပြေစေဖို့ သူ့နှလုံးသားကို လှီးဖြတ်ရောင်းခဲ့တာလို့ သားမြင်ပါတယ် ဖေဖေ"

"သာဓု သာဓု သာဓု၊ မိဘတွေရဲ့ မေတ္တာ၊ စေတနာကို နားလည်တဲ့ သားသမီးဟာ ဘယ်သော အခါမှ ဘေးမတွေ့ပါဘူး၊ ကိုင်း. . သားကိုသက်ရေ ကားအဆင်သင့်ဖြစ်ရင်သွားရအောင်"

"ဘယ်သွားမှာလဲ ဖေဖေ"

ဦးဘမိုးက နေရာမှထကာမိုးစွေအားမကြည့်ဘဲ. . .

"သွားသင့်တဲ့နေရာပေါ့သားရယ်၊ ကဲ. . လာ"

မိုးစွေက အိပ်ရာမှ မထသေးသော် နိုး အားသငြိရဲ့ လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နိုးကော"

"နိုးနိုး နည်းနည်းနေမကောင်းလို့ ခေါ်မသွားတော့ဘူး ဒီနေ့ သားတို့အိမ်မှာ ပြန်နေကြပေတော့၊ ဖေဖေ မေမေတို့လည်း လိုက်နေပေးဦးမယ်"

ယခုမှ အားလုံးသည်နွေးနွေးထွေးထွေး စည်းလုံးနေကြသည်။ ဦးပြည့်စုံကလည်း နေ့စဉ်လိုလို သူနှင့်နိုးနိုးအား လာကြည့်ပြီး ခမည်းခမက်ချင်း စကားစမြည်ပြောကြသည်။

"ဘယ်သွားမှာလဲ ညီလေး"

ကားပေါ်ရောက်တော့ မနေနိုင် မထိုင်နိုင်ဘဲ ရှေ့ခန်း ဖိုးခွားဘေးတွင်ထိုင်နေသော သက်ဝေအား လှမ်းမေးလိုက်သည်။

သက်ဝေက

"ကျွန်တော်မသိဘူး ဖေဖေခေါ်ရာလိုက်တာပဲ"

သက်ဝေက ငြင်းဆန်လိုက်သည်။

သက်ဝေရင်ထဲ မချိအောင် နာကျင်နေသည်။ ဤခရီးကို ယောက်ျားရင့်မကြီးဖြစ်သောသူတို့လေးဦးသာသွားရန် ဦးဘမိုးက ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ယောက်ျားရင့်မကြီးဆိုသော်လည်း နှလုံးသားရှိသော လူသားများပေပဲ သူတို့လည်းခံစားရသည်ပင်။

နိုးသည် ပြတင်းပေါက်မှနေ၍ ငေးကြည့်လိုက်သည်။

အတားအဆီးမဲ့စွာ ကျလာသော မျက်ရည်များကြောင့် မိုးစွေတို့ကားသည် မှုန်ဝါးသွားသည်။





"သမီး"

ဒေါ်အေးအေးဆွေက နိုးအား အသာဖက်ကာ သတိပေးလိုက်သည်။

နိုး အားပါးတရ ရှိုက်ငိုလိုက်သည်။

"တိတ်ပါသမီးရယ်" ဟု အားပေးနေသော ဒေါ်အေးအေးဆွေ၏ မျက်ဝန်းတွင်လည်း ကြေကွဲပွင့်တို့ ရစ်သိုင်းလျက်။

အမိုးက ချောင်းကြည့်နေရာမှ လိုက်ကာကိုပြန်ချပြီး ကျောခိုင်းလိုက်သည်။ သူ့မျက်ဝန်းတွင်လည်း ပုလဲမိုးစက်တို့က တစ်ပေါက်ချင်း လိမ့်ဆင်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၆)

BURMESE CLASSIC .com

သစ်လွင်သော ထုံးဖြူဖွေးဖွေး အုတ်ဂူရှေ့မှ စာတန်းကို မိုးစွေ ဖတ်လိုက်သည်။

(ဒေါ်ထားထားဝေ. . . (၅၅)နှစ်)

"ဟင်. . အမေ"

မိုးစွေ အုတ်ဂူကို ပြေးဖက်လေသည်။ မျက်ရည်များက အတားအဆီးမဲ့စွာ ကျဆင်းလာသည်။ အမေဆုံးသောနေ့နှင့် မျက်စိခွဲသောနေ့ တစ်ထပ်တည်းပါလား။





"ညီလေး. . . အမေ. . အမေ. . အမေ. . ဟာ"

"ဟုတ်တယ်ကိုကြီး၊ အမေဆေးမှားသောက်မိပြီး ကွယ်လွန်သွားခဲ့တယ်"

"အို မဖြစ်နိုင်ဘူး၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး အမေ၊ အမေ ကျွန်တော့်တစ်ဘဝလုံး အနာတရဖြစ်သွားအောင် လုပ်သွားခဲ့တာလား အမေရယ်"

မိုးစွေက အုတ်ဂူအားခေါင်းနှင့်ဆောင့်ရန် လှုပ်ရှားလိုက်သည်။ သက်ဝေနှင့် ဖိုးခွားက လျင်မြန်စွာ ဆွဲယူတားဆီးလိုက်သည်။

"ကိုကြီး အမေ့အသက်နဲ့ ပေးဆပ်သွားခဲ့တဲ့ ကိုကြီးဘဝ ကိုကိုကြီး ပြန်ဆုံးရှုံးအောင် လုပ်မလို့လား၊ ကိုကြီးလည်း မိဘဖြစ်တော့မယ်လေ သတိထားမှပေါ့"

"အမေရယ်"

မိုးစွေအံကြိတ်ကာ အုတ်ဂူကို မမှိတ်မသုန်ကြည့်လိုက်သည်။

*"အမေ ကျွန်တော်ကို ငွေနဲ့ရောင်းစားခဲ့တောပေါ့ ဟုတ်လား"*

ဟု သူမေးခဲ့စဉ်က အမေသည် တစ်ခွန်းမှပြန်မဖြေပဲ သူ့အားမျက်ရည်ပွန်းသော မျက်လုံးဖြင့်သာ စိုက်ကြည့်နေခဲ့သည်။ ယခုမှ ထိုစဉ်ကစကားမပြောခဲ့သော အမေ့မျက်ဝန်းသည် ယခုစကားပေါင်းများစွာ ပြောနေတော့မည်။

"အမေရယ်"



www.burmeseclassic.com

www.burmeseclassic.com



မိုးစွေ ဖြေမဆည်နိုင်တော့ပေ။

သက်ဝေက မိုးစွေကိုဖေးမရင်း သူ့မျက်ဝန်းမှာ မျက်ရည်စက်တို့သည်လည်း အတားအဆီးမဲ့စွာ ကျဆင်းလျက် အမေ့အတွက် ရင်ထဲမှ ကဗျာတစ်ပုဒ်စပ်ကာ ကဗွည်းထိုးလိုက်ချင်သည်။

သို့သော် အမေ့မေတ္တာ၊ စေတနာများသည် ကဗျာသီခြင်း၊ စာစီခြင်းထက်များစွာ တန်ဖိုးကြီးလှသည်ဖြစ်ရာ ကဗျာမစီစာမမီနိုင်တော့သဖြင့် ကြေကွဲစွာငေးကြည့်ရင်း သူ့အစ်ကိုမိုးစွေအတွက် အကောင်းဆုံးသော နှစ်သိမ့်မှု စကားလုံးများကို ရှာဖွေလိုက်သည်။

"ကိုကြီး. . ကိုကြီးဟာ အမေပေးခဲ့တဲ့ မျက်လုံးကြောင့် လူနာအားလုံးကို မိခင်မေတ္တာမျိုးနဲ့ ကြည့်ရှုစောင့်ရှောက်ကယ်တင်တတ်တဲ့ ဆရာဝန်ကောင်းအဖြစ်နဲ့ အမေ့ကျေးဇူးကို ဆပ်လိုက်ပါတော့ဗျာ"

ဟူ၍ပြောလိုက်ရာ. . .

မိုးစွေ၏ မျက်ဝန်း၌ရှိနေသော ဒေါ်ထားထားဝေ၏ မျက်ဝန်းအကြည်လွှာသည် မျက်ရည်ဖုံးထားသည့် ကြားက ပြုံးယောင်သန်းသွားသလားဟု ကယောင်ချောက်ချား မြင်လိုက်မိလေသတည်း။

မြမှုလဲခင်

အောင်မြင်စာပေ

